
www.burmeseclassic.com

ဂမ္ဘီရဆန်း ကြယ်လုံးချင်း ဝတ္ထု

# မင်းစကြာ

## မုန်တိုင်းခေါ်သံ

BURMESE CLASSIC .com



MYATLINN

www.burmeseclassic.com

www.burmeseclassic.com

## ယခုထွက်ပြီ

**မင်းစကြာ ၏ ဆက်လက်ထွက်ရှိလာတော့မည့်ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုများ**


၂၀။ မြိုင်တောကြီးနှင့် သူယောင်မင်းသမီး (မင်းစကြာ) ထွက်ပြီး

၂၁။ သေလာဟိမသခင် ထွက်ပြီး

၂၂။ မီးပြတိုက်သရဲ (မင်းစကြာ) ထွက်ပြီး

၂၃။ စိတ္တအေဝီ ထွက်ပြီး

၂၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (ဂူနက်ကြီး) [redacted]ထွက်ပြီး

၂၅။ သံလက်ကေရီ

၂၆။ ကံရာဇာနှင့် မိုက်ခဲ(၃)ယောက်

၂၇။ မာယာအိမ်ကြီး

၂၈။ မုန်တိုင်းခေါ်သံ ယခုထွက်ပြီ

၂၉။ ရလေလိုလေ မောင်ဖိုးတေ

၃၀။ ပြောမဆုံးပေါင်တောသုံးတောင်


# အခန်းစဉ်

## မုန်တိုင်းခေါ်သံ


၁။ ကျွန်းကြီးခေါင်ခေါင်

၂။ ငါးကြီးချောင်း

၃။ ဆရာလုံ

၄။ မှောင်ထဲက အန္တရာယ်

၅။ မသက်ာစရာလူ

၆။ ငါးပါးစပ်တွင်းကြီး

၇။ ရေအောက်က အလင်းတန်း

၈။ ပုလဲနက်ထဲက သဏ္ဍာန်

၉။ မျက်နှာမည်းသုံးယောက်

၁၀။ မုန်တိုင်းထဲမှာ ပျောက်ဆုံးသွားသူ

၁၁။ ပင်လယ်ထဲက ကျွန်းတစ်ကျွန်း

၁၂။ သန္တာဆိုသော မိန်းကလေး

၁၃။ ပုလဲလက်ဆောင်

၁၄။ ခွဲကြရပြီ

၁၅။ သေရွာပြန်

၁၆။ ငိုကြွေးနေသော ရေသူမလေး

၁၇။ မုန်တိုင်းခေါ်သံ

၁၈။ လိုက်လာသူပင်လယ်သူ

၁၉။ လာပြန်ပြီ ဆရာဖြိုးတဲ့

၂၀။ ချစ်၍ခေါ်ရာ


www.burmeseclassic.com

www.burmeseclassic.com

## (၁)

# ကျွန်းကြီးခေါင်ခေါင်

အရှေ့အနောက်တောင်မြောက်။

မည်သည့်ဘက်ကိုပဲ ပတ်ချာလှည့်ကြည့်ကြည့်၊ ရေပြင်ကြီးကအတိ၊ ကျောက်သားတစ်ဝက်၊ မြေသားတစ်ဝက်ရောနေသော ကျွန်းကြီးက ရေပြင်ကြီးရဲ့ အလယ်မှာ ဆိုရလျှင် ပင်လယ်ကြီးရဲ့ အလယ်မှာ လူသူလုံးဝမရောက်သည့် ကျွန်းကြီး ခေါင်ခေါင်. .

လှိုင်းတွေက တဝုန်းဝုန်းနှင့် ပြေးတက်လာကြသည်။ လှိုင်းခေါင်းဖြူကြီးတွေက အဝေးကနေပြေးလာကြပြီး ကမ်းခြေကို ရောက်ကာမှ အရှိန်သပ်ပြီး အမောက်လှဲသွားခဲ့ကြသည်။

အချို့သော လှိုင်းကြီးများသည် ကျောက်ဆောင်ကြီးများကို ပြေး၍ ရိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျန်း. ."

"ဖျန်း. ."

ရေလုံးကြီးများက အစိတ်စိတ်အမြွှာမြွှာပင် ဖြစ်သွားခဲ့ကြသည်။ ပင်လယ်မှလာ၍ အရှိန်မသတ်နိုင်သော လှိုင်းလုံးကြီးများသည် ကျောက်ဂူကြီးများထဲသို့ တဝေါဝေါဖြင့် ပြေးဝင်သွားခဲ့ကြသည်။ ချောက်ချားစရာကောင်းသော ညအမှောင်၏ အကျည်းတန်အဖြစ်အပျက်တစ်ခု၊ ကျွန်းကြီးပေါ်မှာ ဖြစ်ပွားလျက်ရှိသည်။ လူတစ်ယောက်။

အသက်ကိုလုပြီး ပြေးနေလျက်ရှိသည်။ သူ့နောက်မှ လူတစ်စုက သဲကြီးမဲကြီးပင် လိုက်နေလျက်၊ ထိုသူသည် ပြေးနေခြင်းထက် ပုန်းခိုစရာတစ်ခုခုကို ပြေးလွှားရင်း ရှာဖွေနေခြင်းသာဖြစ်သည်။ သူ့အတွက် ပုန်းခိုစရာတစ်နေရာကိုရမှ ဖြစ်မည်။ အမှန်မှာတော့ သူ. . ဒီကျွန်းပေါ်မှ ထွက်မသွားလိုပါ။ တစ်သက်လုံးပင်နေသွားချင်သည့် ဆန္ဒကရှိသည်။ အကြောင်းကတော့ သန္တာကြောင့်ရယ်ပါ။ သန္တာကို သူခွဲပြီးတော့ မသွားချင်၊ သူမနဲ့ပဲ အတူတူနေချင်သည်။ သို့သော်. .

နေ၍မရသော အကြောင်းက ရှိလာခဲ့ရသည်။ သူ့ကို နှင်နေကြပြီ၊ ကျွန်းပေါ်က နှင်နေကြပြီ၊ သူတို့က သန္တာနှင့် ဝေးရာအရပ်ဆီကို ပို့ဖို့ကြံစည်နေကြပြီ။

"ငါ. . ငါ. . တစ်နေရာမှာ ပုန်းနေမှဖြစ်မယ်၊ ဒါမှ





သူတို့က ငါ့ကို မမြင်နိုင်ကြမှာ. ."

သူသည် တောက်လျှောက်မနားမနေ ပြေးလာခဲ့ရ၍ လွန်စွာမှ မောဟိုက်လျက်ရှိနေလေပြီ။ နောက်မှလိုက်လာကြသူတွေကလည်း သူ့ကို မျက်ခြေပြတ်ခံကြမှာ မဟုတ်ကြ၊ ကျွန်းအနှံ့မတွေ့တွေ့အောင် ရှာကြမှာမလွဲ၊ ယခုလည်း နေရာအနှံ့ဖြန့်ကာ မတွေ့မချင်း လိုက်၍ ရှာဖွေနေကြလေပြီတည်း။ သူ့နောက်က လိုက်လာကြသော သူများသည် တင်းမာသောမျက်နှာထားများရှိကြသည်။ ဝတ်စားထားပုံများကလည်း ငါးအကြေးခွံများကို အကျီချုပ်၍ ဝတ်ဆင်ထားကြ၏။ သို့မဟုတ် သူတို့၏ ကိုယ်လည်ကိုက ငါးအကြေးခွံများကဲ့သို့ အချပ်လိုက်၊ အဖတ်လိုက်ဖြစ်နေသလားမသိ၊ ပြောင်ပြောင်လက်လက်နှင့် ရှိနေကြသည်။

ကြီးမားသော မျက်နှာများရှိကြပြီး ပါးစပ်တွေကလည်း ကျယ်ပြန့်ကြသည်။ မျက်လုံးတွေသည် ရှည်မျောမျောနှင့် မျက်ခွံများမပါရှိကြ၊ သို့မဟုတ်. . တိုတောင်းသော မျက်ခွံတွေများပိုင်ရှင်ဟု ဆိုနိုင်သည်။ နားရွက်တွေကလည်း သေးငယ်၍ ထိပ်ချွန်ကြသည်။ အမနုဿများပင်လော၊ တစ္ဆေကောင်နာနာဘာဝများပင်လော၊ ထိုသူများ၏ လက်ထဲတွင် ခက်ရင်းခွများ မှိန်းများကို ကိုင်ဆောင်ထားကြသည်။

ပြေး၍ လိုက်လာကြရာတွင်လည်း တည့်တည့်မပြေးကြ



www.burmeseclassic.com

www.burmeseclassic.com



ပဲ. . ဝေ့ကာဝိုက်ကာနှင့် ပြေးကြသည်။ ညအမှောင်တွင် သူတို့၏မျက်လုံးများသည် အစိမ်းရောင်တောက်ပနေကြပြီး ပိုးစုန်းကြူးများကဲ့သို့ပင် ထူးခြားသော မျက်လုံးပိုင်ရှင်များ။

ရှေ့မှပြေးနေသော သူသည် မိမိကိုမိမိ အစိုးမရ ဖြစ်လာခဲ့ရသည်။ ထိုသူတွေ၏ လက်ထဲမှ လွတ်မြောက်နိုင်ပါ့မည်လောဟူသည့် အတွေးများက ဝင်လာခဲ့လေသည်။ ပြေးရင်းလွှားရင်းက အမှောင်ထဲမှာ မမြင်မကမ်းနှင့်မို့ တဘိုင်းဘိုင်းဖြင့် လဲကျနေမိသည်မှာလည်း အကြိမ်ကြိမ်အခါခါပင်။

“ငါအမိမခံဘူး. . ငါ့ကိုမိသွားရင် သန္တာနဲ့ ဝေးရမယ်၊ ဒီကျွန်းပေါ်ကနေ ငါပျောက်ကွယ်သွားမှာပဲ၊ ငါ. . သန္တာနဲ့ နောက်ကို ဘယ်တော့မှ ပြန်ဆုံနိုင်တော့မှာ မဟုတ်တော့ဘူး”

သူသည် ထိုသူများကို လုံးဝမကြောက်ရွံ့ပါ၊ သွေးနည်းသူတစ်ယောက်လည်း မဟုတ်ပါ၊ ထူးခြားသော ရုပ်ရည်များပိုင်ရှင်၊ ထိုသူများက မိမိကို ဖမ်းမိသွားခဲ့ကြလျှင် ညှင်းပန်းချင်လည်း ညှင်းပန်းကြပေလိမ့်မည်။ သတ်ဖြတ်ချင်လည်း သတ်ဖြတ်ကြပေလိမ့်မည်။ မိမိသေမှာကိုလည်း မကြောက်ပါ။ သန္တာသာ မိမိနှင့် မပတ်သက်ခဲ့ပါလျှင် မိမိအတွက် စွဲလန်းမြတ်နိုးဖွယ်ရာမဟုတ်ခဲ့ပါလျှင် မိမိ၏အသက် သေသည်. . ရှင်သည်က အကြောင်းမဟုတ်၊ ယခုအချိန်မှာ သေသည်ထက် ပိုပြီးတော့ ကြောက်မိသည်က သန္တာနှင့် ဝေးကွာရမည်ကိုပင်။





“ဟိုမှာဟော့. . တွေ့နေရပြီ၊ လိုက်ကြ. ! လိုက်ကြ”

နောက်မှလိုက်လာကြသူများ၏ အသံများက ထွက်ပေါ်လာခဲ့ကြသည်။ သူ့ရင်ထဲမှာ ထိတ်သွားမိခဲ့ရသည်။

“ငါ့ကိုတွေ့သွားကြပြီ၊ သူတို့မြင်သွားခဲ့ကြပြီ. . ”

နောက်ကိုလှည့်ကြည့်မိလိုက်သည်။ သဏ္ဍာန်တွေကို မြင်နေရသည်။ ပိုးစုန်းကြူးကဲ့သို့ မျက်လုံးတွေက တလက်လက်နှင့်မြင်နေရသည်။ သူတို့တလှုပ်လှုပ်နှင့် ပြေးလာနေကြသည်။ လှမ်းတော့ လှမ်းသေးသည်။ ဒါပေမယ့် အမှောင်ထဲမှာ မြင်နိုင်စွမ်းရှိကြသော မျက်လုံးတွေကို အံ့အားသင့်မိရသည်။ သူ့ဆီကို တန်းပြီးလာနေကြခြင်းပင်တည်း။

သူသည် အခွင့်အရေးရှိသမျှ ဆက်ပြီးပြေးသည်။ ခြေလှမ်းတွေက မခိုင်တော့ပါ။ လွန်စွာမှလည်း မောပန်းလှပြီ။ အမောဆို့ပြီးတော့လည်း အသက်ထွက်သွားနိုင်သည်။

ရှေ့မှာ သန္တာကျောက်တန်းများကို မြင်တွေ့လိုက်ရသည်။

“ဟာ. . ငါတောထဲကိုဝင်ပြေးတာ ကမ်းစပ်ကို ပြန်ပြီးရောက်လာခဲ့ပြန်ပြီ၊ အမှောင်ထဲမှာ မမြင်မကန်းနဲ့ လျှောက်ပြေးနေလို့ ဒီလိုဖြစ်ရတာပဲ. . ”

ကိုယ့်ကိုယ်ကို ကျိန်ဆဲမိလိုက်သည်။ ဆက်ပြီးပြေးစရာလည်းမရှိတော့၊ ရင်ထဲမှာ ပိုပြီးတော့ ထိတ်လာခဲ့ရသည်။ နောက်မှလိုက်လာကြသည့်လူတွေကလည်း နီးသထက်နီးလာ



www.burmeseclassic.com

www.burmeseclassic.com



ကြပြီ၊ ဘယ်မှာသွားပုန်းနေရပါ့၊ ဆက်ပြီး ပြေးရင်လည်း မိမှာတော့ကျိန်းသေသည်။ အမှောင်ကိုခွင်းပြီး မြင်ကြသည့် မျက်လုံးတွေ၊ အစိမ်းရောင်ပိုးစုန်းကြူးမျက်လုံးတွေကို လင်းလင်းလက်လက်နှင့်မြင်နေရသည်။ လိုက်လာကြသူတွေ၊ သူ့ကိုဖမ်းဆီးကြတော့မည့်သူတွေ။

သူ. . ဆက်မပြေးတော့ပဲ မြေပြင်ပေါ်မှာ လှိမ့်ချလိုက်သည်။ ရေစပ်အထိ လှိမ့်ချသွားသည်။ သန္တာကျောက်တန်းကြီးနှစ်ခု ကြားထဲကို တွားသွားပြီးတော့ ဝင်သွားသည်။ ရေတွေက ဒူးဆစ် လောက်ကိုနက်သည်။ ငါးပေလောက်အထိဝင်သွားပြီးမှ ဆက်၍ ဝင်မရတော့၊ နေရာက ပိုပြီးတော့ ကျဉ်းမြောင်းသွား သည်။ မတတ်နိုင်၊ ရနိုင်သလောက်ဝင်ပြီး ဒူးနှစ်ချောင်းကို ထောင်ကာ အသာငြိမ်ပြီး နေလိုက်ရသည်။

လိုက်လာကြသူများ၏ ခြေသံများကို ကြားနေရသည်။ သူ့ကို မျက်ခြေပြတ်သွားလောက်ကြပြီဟု ထင်မိသည်။ အသာငြိမ်ပြီး ထိုင်နေစဉ်မှာပင် ရင်က တဒိတ်ဒိတ်ဖြင့် ခုန်နေသည်။ မောလွန်းအားကြီး၍ ရင်ပြင်တစ်ခုလုံး တင်းကြပ်နေကာ ပေါက်ကွဲပြီး ထွက်သွားတော့မလား မှတ်ရသည်။

"ဟော့. . ဒီနားမှာ ပျောက်သွားတယ်ကွ၊ ရှာကြစမ်း၊ ဝေးဝေးကို မပြေးနိုင်တော့ဘူး၊ တစ်နေရာရာမှာ ပုန်းနေတာပဲ ဖြစ်ရမယ်. ."





"ဟုတ်တယ်၊ ဒီနားမှာပဲရှိမယ်၊ ဟော. . ဟော ဟိုမှာကြည့်စမ်း၊ ခြေရာတွေ၊ တွေ့လား. . ရှေ့ဆက်မသွားတော့ဘူး၊ ရေစပ်ကို လှိမ့်ချသွားတယ်၊ ကိုယ်လူးသွားတဲ့နေရာကြီးက ကျန်ခဲ့တယ်. ."

"ဟောဟို သန္တာကျောက်တန်းနှစ်ခုကြားထဲကို ဝင်သွားတာကွ၊ သူအဲ့ဒီထဲမှာပဲ ရှိလိမ့်မယ်၊ သွားဖမ်းလာခဲ့ကြစမ်း"

သူ. . ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားခဲ့ရသည်။ တော်တော့်ကို ပါးနပ်ကြတဲ့ သူတွေ၊ ညမျက်လုံးပိုင်ရှင်တွေ၊ သူ. . ဘယ်မှာရှိတယ်ဆိုတာ အတတ်သိနေကြပြီ၊ မကြာမီ ရောက်လာတော့မည့် အကျိုးဆက်ကို သူသိလိုက်လေပြီ။

မကြာမီ. .

ရေသံတဘွမ်းဘွမ်းကို ကြားလာခဲ့ရသည်။ သူ့ဆီကို ဦးတည်ပြီးတော့ လာနေကြသူများ၊ ထူးဆန်းသော မျက်နှာပိုင်ရှင်များခေါင်းတွေက ကျောက်တန်းနှစ်ခုကြားကို စုပြုံပြီးတော့ ရောက်လာကြသည်။ မျက်နှာတွေကိုတော့ သဲကွဲစွာ မမြင်ရ၊ ပိုးစုန်းကြူးမျက်လုံးတွေကိုသာ သူမြင်နေရသည်။ သူ့အသက်ကို အောင့်ထားမိလိုက်သည်။

"ဟော့. . ဟော့၊ ထွက်လာခဲ့တော့၊ မင်းဘာဖြစ်လို့ အပင်ပန်းခံပြီး လျှောက်ပြေးနေရတာလဲကွာ၊ ငါတို့လက်ထဲက ပြေးမလွတ်ပါဘူးကွ၊ လာ. . လာ ထွက်ခဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဖြောင့်ဖျပြီး ခေါ်လိုက်သည့်အသံကို ကြားနေရသည်။ မျက်နှာကို တစ်ဖက်သို့ လွှဲထားရာက လှည့်ကြည့်လိုက်သည်။ သက်ပြင်းတစ်ချက်ကိုလည်း လေးပင်စွာ ပင့်ချမိလိုက်လေ၏။ သူစိတ်လျှော့လိုက်လေပြီ၊ ဖြစ်လိုရာ ဖြစ်ပါစေတော့၊ အမိခံလိုက်တော့မည်ဟူ၍. .

ထို့ကြောင့်. . အပြင်ကို အေးဆေးစွာပင် ထွက်လာခဲ့ရလေတော့သည်။ လူတစ်စုသည်လည်း သူ့ကို အေးဆေးစွာပင် ရပ်ပြီး တော့ကြည့်နေကြသည်။ ထိုအကြည့်များသည် ကရုဏာသက်သောအကြည့်များပင်. .

"ကဲ. . ကျုပ်ကို မိပြီ၊ ခင်ဗျားတို့ ဘာလုပ်ကြမလဲ"

သူက အေးဆေးစွာပင် ပြန်မေးလိုက်လေသည်။

"ငါတို့မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူးကွယ်၊ သက်ဆိုင်တဲ့သူရောက်လာပါလိမ့်မယ်"

တစ်ဦးက သူ့ကို ပျော့ပျောင်းသောလေသံဖြင့် ပြောလိုက်လေသည်။ ထိုစဉ်. .

ပင်လယ်ထဲမှ လှိုင်းလုံးကြီးများက ရုတ်တရက်ထကြွလာခဲ့ကြသည်။ လှိုင်းလုံးကြီးများနှင့်အတူ လူတစ်ယောက်လည်းကမ်းပေါ်ကို တက်လာခဲ့လေသည်။





ကမ်းပေါ်ကို တက်လာသော လူကြီး၏ ခန္ဓာကိုယ်သည် ကြီးမားတုတ်ခိုင်လွန်းလှသည်။ ခန္ဓာကိုယ်အထက်ပိုင်းသည် ငါးအကြေးခွံရောင်ပေါက်နေသည်။ ကိုယ်ကြပ်အကျႌသည် ငွေရောင်ပြောင်ပြောင်လက်လက်နှင့် ရှိနေသည်။

နှာတံလည်း တိုပြီး အဖျားသည် ပိပြားကာ၊ ပါးစပ်သည် ရှည်မျောမျောသဏ္ဌာန်ရှိ၍ ငါးပါးစပ်နှင့် ဆင်ဆင်တူလေသည်။ ခေါင်းထက်မှ ဆံပင်များသည် နက်မှောင်ရှည်လျားကြပြီး ကျောပြင်မှာ ဖြန့်ဝဲပြီး ချထားသည်။ နားရွက်များကား သေးသွယ်၍ အဖျားချွန်ကြသည်။

ထိုလူကြီးသည် တင်းမာခက်ထန်သော အကြည့်နှင့် ထိုသူကို ကြည့်လိုက်ပြီး. .

"မင်း. . ဒီလိုလျှောက်ပြီး ပြေးနေလို့လည်း မလွတ်နိုင်ပါဘူးကွယ်၊ ငါတို့မှာသာ အလုပ်ရှုပ်ရတယ်၊ မင်းကို ငါတို့က အသက်အန္တရာယ်မပြုပါဘူး၊ ဒီနေရာကနေ အေးအေးဆေးဆေးပြန်လွှတ်မှာပါ၊ မင်းလည်း လက်မခံဘူးဆိုတဲ့ စကားကို မပြောပါနဲ့၊ လက်မခံလည်း ငါတို့က ပြန်ပြီးတော့ လွှတ်ရမှာပဲ"

"ကျွန်တော် ဒီမှာပဲ အခြေချပြီးတော့ နေမှာပါ ခင်ဗျာ၊ ကျွန်တော့်ရပ်ရွာကို မပြန်ပါရစေနဲ့၊ သန္တာနဲ့လည်း မခွဲပါရစေနဲ့ ခင်ဗျာ. ."

"ငါလက်မခံဘူး၊ မင်းနဲ့ ငါ့သမီးက ဘယ်လိုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ ပေါင်းဖက်လို့မရဘူးလို့ ငါပြောပြီးပြီပဲ၊ မင်း ထပ်ပြီးတော့ စျေးမဆစ်ပါနဲ့. . ”

ထိုစဉ်. .

မိန်းကလေးတစ်ယောက်က သူတို့ဆီကို အပြေးအလွှား ပင်ရောက်လာခဲ့လေသည်။

“ဟင်. . သမီး ဘာဖြစ်လို့ လိုက်လာတာလဲ”

“သမီးတို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့ အဖေရယ်၊ သမီး အစ်ကို့ကို စွဲစွဲလန်းလန်းနဲ့ ချစ်နေမိပါပြီ အဖေ. . ”

“ဟင် သမီး၊ ဘယ်လိုပြောလိုက်တာလဲ၊ မိုက်လှချည်လား၊ မျိုးမတူဇာတ်ခြားတဲ့သူကိုမှ သမီးက ချစ်ကြိုက်ရတယ်ဝဲ့လားကွယ်၊ မဖြစ်နိုင်တာကို မပြောနဲ့ သမီး၊ လူတွေနဲ့ မပတ်သက်ပါနဲ့လို့ အဖေ သမီးကို အတန်တန်သတိပေးထားခဲ့တယ်၊ သမီး. . အဖေ့စကားကို နားမထောင်ခဲ့ဘူး. . ”

“သမီး. . အဖေ့စကားကို နားမထောင်တာ မဟုတ်ပါဘူး၊ သမီး သူ့ကို ပင်လယ်ထဲက ကယ်တင်လာခဲ့တာပါ အဖေ၊ သမီး ကယ်တင်ထားလို့ အသက်ရှင်နေတဲ့ ဒုက္ခသည်တစ်ယောက်ပါ. . ”

“အေး. . သူတစ်ပါးရဲ့ အသက်ကို ကယ်တင်ပြီးရင်လည်း. . ပြန်လွှတ်လိုက်တော့ပေါ့ သမီးရယ်၊ ဘာဖြစ်လို့ သံယောဇဉ်တွယ်နေရတာလဲ၊ ကြာရင်. . သမီး ဒုက္ခလှလှကြီး





တွေ့လိမ့်မယ်. . ”

“သမီး. . သူ့ကို ပြန်မလွှတ်ရက်အောင် သံယောဇဉ်တွယ်နေမိပါပြီ အဖေ၊ သူ ပြန်သွားရင် သမီး သေရပါလိမ့်မယ်”

“မဖြစ်ဘူး သမီး၊ အခုအချိန်မှာ ဒါလောက်နဲ့ပဲ ရပ်တန့်လိုက်တာ ကောင်းတယ်၊ ကြာရင် ပိုဆိုးလာလိမ့်မယ်. . လာခဲ့ သမီး”

“ဟင့်အင်း၊ သမီး ပြန်မလိုက်ပါရစေနဲ့ သမီးကို သနားပါ အဖေ၊ တောင်းပန်ပါတယ်. . ”

သန္တာသည် သူချစ်ရသောသူကို အတင်းပင် ဖက်တွယ်ထားလေသည်။ နှစ်ယောက်စလုံး လွတ်ထွက်သွားကြမည်စိုး၍ အပြန်အလှန်ပင် ဖက်တွယ်ထားကြလေသည်။

“အင်း. . သမီးမိုက်၊ ငါ. . အလျှော့ပေးလို့ မဖြစ်ဘူး”

ဖခင်ဖြစ်သူ ထူးဆန်းသောလူကြီးသည် ခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး. .

“ဟေ့ကောင်တွေ. . သမီးကို ခေါ်သွားကြစမ်း”

ဟု အမိန့်ပေးလိုက်ရာ သူ၏တပည့်လက်ပါးစေများထဲမှ နှစ်ယောက်သည် သန္တာ့ကို ထိုသူ၏ လက်ထဲမှ အတင်းလုယက်ပြီး ဆွဲခေါ်သွားခဲ့ကြသည်။ သို့မတိုင်မီ သန္တာသည် ချစ်ရသူ၏ လက်ထဲကို ပစ္စည်းလေးတစ်ခု မရရအောင် အများအလယ်မှာ ထည့်ပေးလိုက်သည်။ ရွှေပုလဲလေးတစ်လုံးပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . အစ်ကို. . ရေ. ."

"သန္တာ့ကို ခေါ်မသွားကြပါနဲ့ဗျာ၊ ကျွန်ဟော်တို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့၊ သူ့ကို ထားခဲ့ကြပါ. ."

သန္တာသည် အကြောက်အကန်ပင် ရုန်းကန်နေရင်းက ရုတ်တရက် အနှောင်အဖွဲ့မှ လွတ်မြောက်ကာ ထွက်ပြေးလာခဲ့သည်။ ချစ်ရသူကို မရမကပင် ဖက်ထားမိလိုက်လေသည်။ မည်သို့မှ ခွဲ၍မရနိုင်သောအခါ လူကြီးက မျက်နှာရိပ်မျက်နှာကဲ ပြလိုက်သည်။

ထိုအခါ. .

တစ်ယောက်က စံထွေး၏ခေါင်းကို တစ်စုံတစ်ခုနှင့် ရိုက်ချလိုက်လေ၏။

"ခွပ်"

"အား. ."

"အမလေး၊ အစ်ကိုသေပါပြီ. . အစ်ကို အစ်ကို. ."

သန္တာက အလန့်တကြားပင် အော်ဟစ်လိုက်လေသည်။ သူသည် ခေါင်းထဲ မိုက်ကနဲဖြစ်သွားကာ ဒူးထောက်ပြီးတော့ လဲကျသွားခဲ့သည်။ သို့သော် သတိလစ်မသွားစေရန် အားတင်းထားရသည်။ သတိလစ်သွားခဲ့လျှင် သန္တာ့ကို မြင်ရတော့မှာမဟုတ်။ သန္တာသည် အော်ဟစ်ရုန်းကန်ရင်း ပါသွားခဲ့လေသည်။

သန္တာ့အော်သံကို နားထဲမှာ ကြားနေရသည်။ ထို့ကြောင့်





ခေါင်းကိုတစ်ချက်ခါရမ်းလိုက်ပြီး လဲကျနေရာမှ ရုတ်တရက် ထ,ပြေးသွားသည်။

"ဟေ့. . ဟေ့"

နောက်မှလူတွေက လှမ်းပြီးတော့ အော်လိုက်ကြသည်။

သို့သော်. .

သူသည် သန္တာ့ကို ဆွဲခေါ်သွားရာဆီကို မှန်းဆပြီး ပြေးလိုက်သွားသည်။

"သန္တာ. . သန္တာရေ"

"အစ်ကို. . အစ်ကို"

နှစ်ယောက်စလုံး၏ တကြော်ကြော်နှင့် အော်ဟစ်ကာ ခေါ်လိုက်ကြသံများသည် ညဥ့်အမှောင်ကို ထွင်းဖောက်သွားခဲ့လေတော့သည်။ ကမ်းစပ်ကျောက်ဆောင်တစ်ခုပေါ်မှ လှမ်း၍ ကြည့်မိလိုက်သောအခါ သူ၏မျက်လုံးအစုံသည် ဝိုင်းစက်သွားခဲ့ရလေတော့သည်။ [ခေါင်းထဲမှာ မူးဝေနေဆဲပင် ရှိနေသေး၍ အမြင်အာရုံကပဲ လွဲမှားနေသည်ပဲလား မသိပါ]

[သို့သော် မသဲကွဲသော ည၏အရောင်အဆင်းကြောင့် ထင်ချင်ရာကိုထင်၊ မြင်ချင်ရာကို မြင်နေမိသလား မသိပါ]

သူ. . မြင်လိုက်ရသည်ကား. .

ရေထဲတွင် ကူးခတ်သွားလာနေကြသူများမှာ လူတစ်ပိုင်း၊ ငါးတစ်ပိုင်းသတ္တဝါများဖြစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ရေသူမအချို့သည် သန္တာ့ကို ဝန်းရံပြီးတော့ ခေါ်သွားခဲ့ကြသလို ရေသူထီးများကလည်း ဘေးမှစောင့်ရှောက်ပြီးပါသွားခဲ့ကြလေသည်။

"ဘုရား. . ဘုရား၊ ငါပဲမျက်စိမှားနေသလား၊ ဒါမှမဟုတ် ငါ့ရဲ့အသိဉာဏ်တွေ ချို့ယွင်းသွားပြီး ရူးများသွားပြီလား၊ သန္တာ့ကို ခေါ်သွားကြတဲ့သူတွေဟာ ရေသူထီးတွေ၊ ရေသူမတွေပဲ. ."

"သန္တာ. . သန္တာ"

သူသည် သန္တာ့ကို တကြော်ကြော်ဖြင့် အော်ဟစ်ပြီးခေါ်နေကာ ကျောက်ဆောင်တန်းရှည်ကြီးပေါ်မှာ လျှောက်ပြေးနေသည်။ သန္တာကလည်း ထိုအော်သံကို. . ခေါ်သံကို ကြားဟန်တူသည်။

"အစ်ကို. . အစ်ကို၊ သန္တာ့ကို ပစ်မထားပါနဲ့၊ သန္တာ. . အစ်ကို့ကို မခွဲနိုင်ဘူး၊ အစ်ကို့ကို ချစ်တယ်၊ ချစ်တယ်. ."

သန္တာ၏အသံသည် ညဉ့်အမှောင်ထဲမှာ လှိုင်းပုတ်သံတွေထဲမှာ ကြေကွဲဖွယ်ရာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။ အားလုံးမြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့ကြလေပြီ။

သူသည် ခြေပစ်လက်ပစ်ဖြစ်သွားခဲ့ရသည်။ သူ့တစ်ကိုယ်လုံးအားအင်တွေ ကုန်ခမ်းသွားသလိုပင် ခံစားလိုက်ရ





သည်။

"ငါ. . သန္တာနဲ့ ဒီတစ်သက်ပြန်ပြီးတော့ မဆုံနိုင်တော့ဘူး. . မတွေ့နိုင်တော့ဘူး ထင်ပါရဲ့"

လွမ်းဆွတ်ကြေကွဲစိတ်သည် ရင်ထဲမှာ တားမနိုင်. . ဆီးမရပင် ဖြစ်ပေါ်လာခဲ့လေ၏။

ထိုစဉ်. .

သန္တာ၏ ဖခင်သည် သူ၏အနားကို လျှောက်လာခဲ့သည်။

"မင်း. . ငါ့သမီးနဲ့ ဒီတစ်သက်မှာ ဘယ်တော့မှ မဆုံဆည်းစေရဘူး၊ မင်းဟာ ငါ့သမီးစိတ်ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့ကောင်၊ မင်းကိုလည်း ဒီမှာမထားဘူး. . ပြန်ပို့ရမယ်"

"ဘယ်ကိုပြန်ပို့မှာလည်း ဦးလေးရယ်၊ ကျွန်တော် ဒီမှာပဲနေပါရစေ. . ဘယ်ကိုမှ မသွားပါရစေနဲ့"

"မဖြစ်ဘူးကွ. . မဖြစ်ဘူး၊ မင်း ဒီမှာနေဖို့ လုံးဝကို မဖြစ်ဘူး၊ ငါ့သမီးကို မင်းတစ်သက်လုံး မျှော်လင့်မနေနဲ့၊ သူ. . ဒီနေရာကို ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး. ."

"ဟေ့ကောင်တွေ. . မင်းတို့ သူ့ကို အမြန်ဆုံးနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ပေးလိုက်ကြစမ်း"

ထိုလူကြီးက သူ့တပည့်များကို အမိန့်ပေးလိုက်လေ၏။ ထိုသူများထဲမှ သုံးဦးသည် သူ့ကိုဝိုင်းပြီး မ,ချီလိုက်ကြလေ၏။ ကမ်းစပ်တွင် အပေါ်ကို တဖြည်းဖြည်းနှင့် မြင့်တက်သွားသော တောင်ကုန်းကြီးတစ်ခုရှိသည်။ ယင်းတောင်ကုန်းကြီးထက်ကို ခေါ်ဆောင်သွားခဲ့ကြလေသည်။

"ကျွန်တော့်ကို ဘာလုပ်ကြမလို့လဲ၊ ဘာလုပ်ကြမလို့လဲ"

သူက အလန့်တကြားဖြင့် အော်ဟစ်လိုက်သည်။ အကြောက်အကန်ပင် ရုန်းသည်။ သည်လိုနှင့် တောင်ကုန်းကြီး၏ထိပ်ကို ရောက်သွားခဲ့ကြသည်။ အောက်မှ ရေပြင်ကြီးအတိ လှိုင်းတန်ပိုးများက ထကြွသောင်းကျန်းနေကြသည်။ တောင်ကုန်းအောက်ခြေကို လှိုင်းများက ပုတ်လိုက်ကြလေတိုင်း တဝုန်းဝုန်းဖြင့် မြည်နေကြလေသည်။

ထိုသူများသည် ဝိုင်းပြီးချုပ်ကိုင်ထားသော သူ့ကို တအားလွှဲကာ ရေထဲသို့ ပစ်ချလိုက်ကြလေသည်။ ထိုသူသည် အော်ဟစ်ရုန်းကန်ရင်း အောက်ကို တရှိန်ထိုးပင် ပစ်ကျသွားခဲ့လေတော့သည်။

"အား. ."

"ဘွမ်"

# (၂)

# ငါးကြီးချောင်း

သပြေတောရွာနှင့် အတန်ငယ်ဝေးသောနေရာတွင် ငါးကြီးချောင်းရှိလေ၏။ ငါးကြီးချောင်းဟု အမည်တွင်ရခြင်းမှာ တစ်ချိန်က လွန်စွာမှ ကြီးမားသော ငါးကြီးတစ်ကောင်သည် ပင်လယ်ဘက်မှ ရေကြောင်းမှားပြီးတော့ ချောင်းထဲရောက်လာခဲ့သည်။ ရေတက်နေသောအချိန်တွင် ချောင်းရေက ပြည့်လျှံ နေသည်။ ငါးကြီးသည် မိမိရေကြောင်းမှားလာခြင်းကို သိဟန် မတူ။ ချောင်းထဲမှာ အစုန်အဆန်ပင် ကူးလျက်ရှိသည်။

ထိုငါးကြီးသည် လှပသောအဆင်းရှိသည်။ အကြေးခွံက အစ. . တစ်ကိုယ်လုံး ရွှေရောင်လွှမ်းလျက်ရှိနေသည်ဟု ဆိုကြ၏။ ဝိုင်းစက်သော မျက်လုံးကြီးများသည် ပုလဲနက်သို့ နက်မှောင်လျက်ရှိပြီး နီထွေးသော နှုတ်ခမ်းများရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျနေခြည်အောက်တွင် တစ်ကိုယ်လုံး ဖိတ်ဖိတ်လက်နေလျက် ကြည့်ကောင်းသည်ဟု ဆိုကြ၏။

ယင်းငါးကြီးမျိုးကို မည်သူတစ်ဦးတစ်ယောက်မှ မမြင်ဖူးကြပေ။ တချို့က ထိုသို့မမျှော်လင့်ပဲ ရောက်လာသည့်အတွက် ဘာကြောင့်ရယ်ဟု မသိသောကြောင့် ကြောက်ကြသည်။ တချို့က ငါးကြီးကို ဖမ်းဆီးရန် ကြိုးစားကြသည်။

"ဟေ့. . ဟေ့ မဖမ်းကြပါနဲ့ကွာ၊ သူရေကြောင်းမှားပြီး တော့ရောက်လာခဲ့တာပါ"

လူကြီးတွေက ဟန့်တားကြသည်။ ထိုငါးကြီးကို အရှင်ဖမ်းလို့ကတော့ ရမှာမဟုတ်ပေ။ ထိုသူတွေ မည်ကဲ့သို့သော နည်းဖြင့် ဖမ်းကြမည်ကို သိနေကြလေသည်။ တံငါများသည်. . လှေ၊ သမ္ဗာန်များဖြင့် ချောင်းထဲကို ဆင်းသွားခဲ့ကြလေ၏။

"ဟာ၊ ဒီလူတွေ ဘယ်လိုမှ တားဆီးလို့မရကြပါလား"

လူကြီးတွေက ညည်းညူရင်း ကျန်ရစ်ခဲ့ကြလေသည်။ လှေ၊ သမ္ဗာန်များသည် ရွက်တပ်ကာ ချောင်းထဲကို ဆင်းသွားခဲ့ကြလေပြီ။

ကမ်းထက်မှာ လူတွေက ညို့နေကြသည်။ ထူးဆန်းသော ငါးကြီး၏ကံကြမ္မာကိုသော်လည်းကောင်း၊ တံငါများ၏ အစွမ်းအစကိုသော်လည်းကောင်း ရင်တမမဖြင့် စောင့်ကြည့်





နေကြလေသည်။

"ရေတက်နေတဲ့အချိန်မှာ ဒီငါးကြီးပြန်ထွက်သွားပါစေလို့ ဆုတောင်းရမှာပဲ၊ မဟုတ်ရင် သူ့အသက်အတွက် စိတ်မချရဘူးဟေ့"

တချို့က ငါးကြီးအတွက် ဆုတောင်းပေးကြသည်။ တချို့က ငါးကြီးနှင့် တံခါများ၏ တိုက်ပွဲကို ကြည့်လိုကြပေသည်။ ငါးကြီးကို ကုန်းပေါ်ရောက်လာသည်အထိ မည်သို့ကြံဆောင်ကြလေမည်နည်းဟူ၍ စိတ်ဝင်စားနေကြလေသည်။

[တကယ်တော့ ငါးကြီကို အရှင်ဖမ်းရန် မလွယ်ကူ၊ လက်နက်များနှင့် ထိုးနှက်တိုက်ခိုက်သတ်ဖြတ်ခြင်းမှလွဲ၍ အခြားမရှိပေ]

မြစ်ထဲသို့ ရေကြောင်းမှား၍ ရောက်လာသော ငါးကြီးသည် ရေနက်ထဲမှာ ငုပ်လျှိုးသွားလိုက်၊ ခေါင်းကြီးထိုးပြီး ဘွားကနဲပေါ်လာလိုက်နှင့်ရှိနေလေရာ လွန်စွာမှပင် ကြည့်ကောင်းလှလေသည်။

တံခါလှေများ၊ သမ္ဗာန်များသည် ချောင်းကြီးထဲကို လေးငါးစင်းမျှ ရောက်လာခဲ့ကြလေပြီ၊ ငါးကြီးကို ပတ်ချာဝိုင်းပြီး တော့ ရှာနေကြသည်။ တစ်ကြိမ်တွင် ငါးကြီးသည် လှေသမ္ဗာန် များ၏အလယ်မှာ ဘွားကနဲဆိုပေါ်လာခဲ့လေရာ. .

"ဟာ. . အနီးကပ်ပေါ်လာခဲ့တော့တာပဲ၊ ချကြဟွာ. .



www.burmeseclassic.com

www.burmeseclassic.com



ချ . . ချ” . -

စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်ပြီးတော့ သတိပေးလိုက်ကြသည်။ တံငါများသည် ပင်လယ်အတွေ့အကြုံများရှိကြသည့်တိုင် ဤမျှလောက်ကြီးမားသော ငါးကြီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ကြပေ။ ထို့ကြောင့် စိတ်ထဲမှာ လှုပ်ရှားသွားခဲ့ကြရသည်။ ဤငါးကြီးကို ပိုက်ကွန်ဖြင့်ပစ်ပြီး ဖမ်းဆီးရန်မှာ မည်သို့မှ မဖြစ်နိုင်ပေ။

မိမိတို့နှင့်အတူ ပါလာခဲ့ကြသော ဝါးချွန်များ . . မှိန်းများဖြင့် . . တစ်ယောက်တစ်လှည့် တရစပ်ပင် ပစ်ခတ်ကြသည်။

ထိုသို့ပစ်ခတ်နေဆဲမှာပင် . . ငါးကြီးသည် ချက်ချင်းမှာပင် . . ရေအောက်ကို ငုပ်လျှိုးသွားခဲ့လေသည်။

“ဟာ . . ငါးကြီး ရေအောက်ကို ငုပ်သွားပြီဟေ့၊ တော်တော့်ကိုလျင်တာပဲ၊ ဟေ့ကောင်တွေ မင်းတို့ ပြန်လာခဲ့ကြ၊ ဒီကောင်ကြီးကို လွှတ်ပေးလိုက်ပါကွာ၊ မလုပ်ကြပါနဲ့”

ကမ်းပေါ်မှ လူကြီးသူမများက အော်ဟစ်တားဆီးကြသည်။ လူတွေကလည်း ကမ်းလုံးညွတ်မျှ တစ်ခဲနက်ဝိုင်းအုံပြီးတော့ ကြည့်နေကြလေသည်။ တချို့ကလည်း ငါးကြီးမိပါစေဟု ဆုတောင်းနေကြသလို . . ငါးကြီးလွတ်သွားပါစေ၊ မမိပါစေနှင့်ဟု ဆုတောင်းနေကြသူတွေများလည်းပဲ ရှိကြသည်။ ထိုအခြေအနေကို အားလုံးစိတ်ဝင်စားနေကြလေသည်။





ရေအောက်ကို ငုပ်လျှိုးသွားသော ငါးကြီးသည် တော်တော်နှင့် ပြန်ပြီးတော့ ပေါ်မလာ၊ တံငါများသည် လက်နက်များကို အဆင်သင့်ပင်ပြင်ဆင်ထားကြသည်။ မည်သည့်နေရာက ဘွားကနဲဆို ပေါ်လာပြန်ဦးလည်းဟူ၍။

ရေကလည်း တက်နေသည့်အချိန်မို့ လှိုင်းလုံးကြီးများသည် တဖျတ်ဖျတ်နှင့် လူးကြွနေကြသည်။ လှေသမ္ဗာန်များမှာ တလှုတ်လှုတ်ဖြင့် မငြိမ်မသက်ဖြစ်နေကြသည်။

“ဟေ့လူတွေ၊ အားလုံး သတိထားကြနော်၊ သတိမလစ်ကြစေနဲ့၊ ဒီကောင်ကြီးကိုရမှ ဖြစ်မှာ၊ ပင်လယ်ထဲကို ပြန်လွတ်ထွက်မသွားစေနဲ့ . . ”

“ဟုတ်တယ်၊ ဒီကောင်ကြီး မသွားတတ်၊ မလာတတ်နဲ့ဖြစ်နေပြီ၊ လမ်းပျောက်နေပြီ၊ ရေအောက်မှာလည်း ကြာကြာနေနိုင်မှာမဟုတ်ဘူး၊ ပြန်ပေါ်လာဦးမှာပဲ၊ ပေါ်လာတာနဲ့ တွယ်သာတွယ်ကြကွာ . . ”

မှိန်းများ၊ ဝါးချွန်များကို တမြှောက်မြှောက်နှင့် ရှိနေကြသည်။ နောက်ထပ်တိုးလာကြသော လှေ၊ သမ္ဗာန်တွေကလည်း ရှိကြသေးသည်။ တကယ့်ကို လောဘသားများပင်တည်း။

“ဟာ . . ဒီကောင်တွေ ဘယ်လိုမှ သတိပေးလို့မရပါလား၊ ဒုက္ခတော့ များကုန်ကြတော့မှာပဲ”

ကမ်းပေါ်က လူကြီးတွေကတော့ တဖျစ်ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



တောက်နှင့်ရှိနေသောကသည်။ တားဆီးမရ၍ မချင့်မရဲပင် ရှိနေကြသည်။

"ဟာဗျာ၊ ဒါလောက်ကြီးတဲ့ငါးကြီးကို မဖမ်းပဲထားရမှာလားဗျ၊ သူ့ကုသိုလ်ကံနဲ့ သူဖြစ်လာတာကို မတားကြပါနဲ့၊ သူတို့ခင်ဗျာ သက်စွန့်ဆံဖျားနဲ့ ဖမ်းနေကြရရှာတာ. ."

"အလိုလေးဗျာ၊ ပြောမှပြောရက်ကြလေတယ်. ."

ငါးကြီးကို မသနားဘဲတံငါသည်တွေကို သနားနေကြသေးသည်။

"တံငါပဲ. . ငါးမဖမ်းလို့ ဘာလုပ်ရမှာလဲ၊ အလှုကြည့်နေရမှာလား. ."

လူကြီးများကို အတိုက်အခံလုပ်ကာ ပြောကြသည်။ ထို့ကြောင့် မတက်သာကြတော့ပဲ လက်လျော့ကာ ကြည့်နေလိုက်ကြရသည်။ ထပ်ပြီး မပြောကြတော့ပါ။

ငါးကြီးက တော်တော်နှင့်ကို ပေါ်မလာ၊ ရေအောက်မှာ အကြာကြီးနေနိုင်ခဲ့သည့်အတွက် အံ့အားသင့်နေကြရသည်။ ဒါမှမဟုတ် ရေနက်ပိုင်းကနေပြီးတော့ပဲ ငုပ်လျှိုးကာ ထွက်သွားခဲ့လေပြီလားဟု သံသယတွေ ဝင်သွားခဲ့ကြရလေ၏။

သို့သော်. .

"ဝုန်း"





ရွှေရောင်ငါးကြီးသည် မလှမ်းမကမ်းမှာပင် ရေမျက်နှာပြင်ထက်သို့ ဝုန်းကနဲဆို ထိုးတက်လာခဲ့လေ၏။

"ဟာ. . ဟုံ. . ဟိုမှာ ပစ်. . ပစ်ကြ"

လောဘတကြီးနှင့် အော်ဟစ်လိုက်ကြလေ၏။ ပစ်ခတ်ဖမ်းဆီးရန်ကိုပင် တော်တော်လေးကို လှမ်းနေသေးသည်။

"တောက်. . အဝေးကြီးမှာ သွားပေါ်တယ်ကွာ၊ တော်တော်ဒုက္ခပေးတာပဲ"

စိတ်မသက်မသာနှင့် ဖြစ်သွားခဲ့ကြရသည်။ ငါးကြီးကိုပင်မကျေမနပ်ဖြစ်သွားခဲ့ကြလေ၏။

"ဟေ့. . လိုက်ကြကွာ၊ လိုက်ကြ၊ သမ္ဗာန်တွေအားလုံးဝိုင်းထားကြ၊ ဒီကောင်ကြီးရေအောက်မှာ ကြာကြာမနေနိုင်တော့ဘူး. ."

ငါးကြီးနောက်ကို လိုက်ကြပြန်သည်။ ငါးကြီးက ရေအောက်ကို ငုပ်လျှိုးမသွားသေးပဲ ရေပေါ်မှာပင် ကူးခတ်နေသေးသည်။ တံငါလှေများရောက်လာကာနီးမှ ရေအောက်ကို စွက်ကနဲဆို ငုပ်လျှိုးသွားခဲ့လေသည်။ ငါးကြီးရေထဲကို ငုပ်မသွားမီ မလှမ်းမကမ်းအထိ ရောက်လာသော တံငါလှေတစ်စီးပေါ်က လူတစ်ယောက်က ရွှေရောင်ငါးကြီးကို မှိန်းကြီးဖြင့်ပစ်ထည့်လိုက်လေသည်။

ခက်ရင်းသုံးခွမှိန်းကြီးက ငါးကြီး၏အမြီးကို သွားမှန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိုက်ဝင်သွားသည်။ ငါးကြီးက သူ၏အမြီးကို ယမ်းခါပစ်လိုက်လေရာ. . မှိန်းကြီးသည် အမြီးရင်းမှ ကျွတ်ထွက်သွားပြီး. .

"ဝုန်"

"အား"

မှိန်းဖြင့် ပစ်လိုက်သောသူကို ထိမှန်သွားခဲ့လေသည်။

"ဟာ. . ငခွေးကို ထိသွားပြီဟေ့၊ ထိသွားပြီ. . "

အော်သံဟစ်သံများက ထွက်ပေါ်လာခဲ့ကြလေသည်။ ငခွေးသည် ရင်ဝမှာ မှိန်းတန်းလန်းနှင့် သမ္ဗာန်ပေါ်မှ ထိုးကျသွားခဲ့သည်။ လှေ၊ သမ္ဗာန်ပေါ်က လူများမှာ လူတစ်ယောက် ထိသွားပြီဖြစ်၍ အထိတ်တလန့်ဖြစ်သွားခဲ့ကြရလေသည်။ သမ္ဗာန်ပေါ်မှ ကျသွားသောသူကိုလည်း မည်သူမှ မကယ်နိုင်ကြတော့ပေ။

"ငါတို့လူ ထိသွားပြီ၊ ဒီငါးကြီးကို မမိမိအောင် ဖမ်းကြကွာ. . မိရင်တော့လား. . အပိုင်းအပိုင်းအတစ်တစ် လုပ်ပြီး တစ်ရွာလုံး ဝေစားပစ်မယ်ကွ. . "

လူတွေက ဒေါသထွက်လာခဲ့ကြသည်။ ထိုနေရာမှာပဲ လှေ၊ သမ္ဗာန်တွေကို ပတ်ချာလှည့်ပြီး ငါးကြီးကို ရှာဖွေနေကြသည်။ ရွှေဝါရောင်ငါးကြီးကား ရေပေါ်ကို တက်မလာတော့ပါ။

"ရေပေါ်ကို ပြန်တက်မလာတော့ပါလားကွ၊



ရေအောက်ကနေငုပ်ပြီးတော့ ပင်လယ်ဘက်ကို ထွက်သွားပြီနဲ့ တူတယ်. . "

"မဖြစ်နိုင်တာ၊ ဒီကောင်ကြီး လမ်းပျောက်နေတာကွ၊ ရေအောက်မှာပဲရှိနေလိမ့်မယ်၊ မယုံရင်ကြည့်နေ. . ရေကျသွားခဲ့ရင် သောင်ပေါ်မှာ တင်ပြီးတော့ ကျန်ရစ်ခဲ့လိမ့်မယ်ကွ"

"ငခွေး. . ရေထဲကိုကျသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာတတ်နိုင်မှာလဲကွာ. . သေလောက်ပြီပေ့၊ ရေထဲမျောပါသွားလောက်ပြီ၊ တစ်ရက်ရက်မှာ သူ့အလောင်း ရေတက်နဲ့ပြန်ပြီး တော့ပါလာလိမ့်မယ်"

တစ်ယောက်တစ်ပေါက်စီပြောနေကြသည်။ အာရုံက ငါးကြီးဆီမှာသာ၊ ဟိုနေရာက ပေါ်လာနိုး၊ ဒီနေရာက ပေါ်လာနိုးနှင့် ရှိနေကြဆဲမှာ. .

ရေပြင်ထက်မှာ ထူးခြားမှုများက ဖြစ်ပေါ်လာခဲ့ကြလေသည်။ ရေပြင်သည် ဝဲကန်တော့ လှည့်လာခြင်းပင်တည်း။

"ဝီး. . ဝီး. . ဝီး. . ဝီး"

"ဟာ. . ရေဝဲကြီးဖြစ်လာပါလားကွ၊ တစ်ခါမှ ဒီလို မဖြစ်ဖူးပါဘူး"

အံ့အားသင့်နေကြသည်။ ရေတက်ချိန်မှာ ဝဲကန်တော့များဖြစ်ပေါ်လာခဲ့လျှင်လည်း ဒယ်အိုးအသေးစားလောက်သာ. . အခုတော့ ဝဲကန်တော့ကြီးတစ်ခုက သေးရာကနေပြီး

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ကြီးမားလာခဲ့လေသည်။ အသံကြီးကလည်း မြည်ဟည်းလာခဲ့သည်။ ရေဝဲကြီး၏ နှုတ်ခမ်းသားများသည် တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာပြီး ကန်တော့သဏ္ဍာန်ကြီးဖြင့် အောက်သို့နက်ပြီး ဆင်းသွားခဲ့လေသည်။

ကြည့်နေရင်းမှာပင် ကြီးသထက်ကြီးလာသည်ဖြစ်၍ လှေ၊ သမ္ဗာန်သမားများမှာ မျက်လုံးပြူးသွားခဲ့ကြရလေတော့သည်။

"ဟာ. . ဟာ ရေဝဲကြီး၊ ရေဝဲကြီး ပြေးကြဟေ့၊ ပြေးကြ မြန်မြန်လုပ်ကြ. ."

အားလုံးအထိတ်တလန့်နှင့် ဖြစ်ကုန်ကြလေသည်။ လှေ၊ သမ္ဗာန်များကို ကမ်းဘက်ဆီသို့ ပြန်လှည့်လိုက်ကြသည်။ သို့သော်. . အခြေအနေက မပေးတော့ပါ။ သူတို့မှာ မလွတ်မြောက်နိုင်ကြတော့ပါ။ သမ္ဗာန်တစ်စီးသည် ရေဝဲကြီးနှင့် အနီးကပ်ဆုံးဖြစ်ရကား. . စွတ်ကနဲဆို ပါသွားခဲ့လေတော့သည်။

"အား"

ထို့နောက်. .

သမ္ဗာန်တွေ တစ်စီးပြီးတစ်စီး တဟဲဟဲအသံကြီး မြည်ဟည်းကာ ဝဲကြီးထဲကို ရောက်သွားခဲ့ကြလေတော့သည်။

"အား"





"အား. . ကယ်ကြပါဦးဗျာ"

ကန်တော့သဏ္ဍာန်ဖြစ်နေသော စုတ်ဝဲကြီးထဲကို လှေ၊ သမ္ဗာန်များ၊ လူများက တခဲနက်ပင် ကျရောက်သွားခဲ့ကြလေရာ အတွင်းမှာ လျင်မြန်စွာဖြင့် လည်ပတ်နေကြသည်။

လည်ပတ်မှုအရှိန်ပြင်းထန်လွန်း၍ တဟီးဟီးတဟဲဟဲ အသံကြီးက သေမင်းခေါ်သံကြီးလိုပင် ကြက်သီးမြမြထစရာ ကောင်းလှတော့သည်။

ကမ်းပေါ်မှ လူများသည် ချောင်းထဲက အခြေအနေကို ကောင်းစွာပင် မြင်တွေ့နေရသည်။ ဤချောင်းကြီးထဲမှာ ဤကဲ့သို့သော အဖြစ်မျိုးတစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးပါ။

"ဟာ. . ရေဝဲကြီးဟေ့၊ ရေဝဲကြီး နည်းတာကြီး မဟုတ်ဘူး၊ ဘယ်လိုကြောင့် ဒီလိုဖြစ်လာခဲ့ရတာလဲ၊ ကြည့်ကြစမ်းပါဦးဟ၊ ဟိုလူတွေတော့ ဝဲကြီးထဲကို ပါသွားကုန်ကြပြီ၊ ဒုက္ခတော့ လှလှကြီးတွေ့ကုန်ကြပြီဟေ့. ."

"ငါးကြီးလည်း မတွေ့ရတော့ဘူး၊ ဘယ်ရောက်သွားသလဲမသိဘူး၊ ဒီ. . ငါးကြီးကလည်း လှလိုက်တာ၊ ဘယ်လို အကြောင်းကြောင့် ဒီချောင်းကြီးထဲကို ရောက်လာခဲ့တာလည်း မသိဘူး. ."

"အေး. . ငါးကြီးကိုဝိုင်းပြီး တိုက်ခိုက်ကြလို့လားမသိဘူး၊ ရေဝဲကြီး ရုတ်တရက်ဖြစ်ပေါ်လာပြီး လှေ၊ သမ္ဗာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရော၊ လူတွေကိုပါ ဆွဲချသွားတာ. . ”

ချောင်းထဲက အဖြစ်အပျက်များကို မြင်တွေ့နေကြရ၍ ထိတ်လန့်မှုကြီးစိုးကာ သွေးပျက်ပြီး ပြောနေကြသံများ၊ စုတ်ဝဲကြီးထဲကို ရောက်သွားခဲ့ကြသည်။ အရာအားလုံးသည် နစ်မြုပ်ပျောက်ဆုံးသွားခဲ့ကြသည်။ ထိုသူများကို မည်သည့်အခါမှ ပြန်ပြီး မတွေ့ကြရတော့ပါ။

ထို့အပြင်. . ရွှေဝါရောင် ငါးကြီးကိုလည်း နောက်ထပ် မတွေ့ကြရတော့၊ နောင်တွင် ထိုချောင်းကြီးကို ငါးကြီးချောင်းဟု အမည်တွင်စေခဲ့လေသတည်း။

## (၃)
## ဆရာလုံ

သပြေတောရွာကလေးသည် ကမ်းခြေနှင့် တစ်မိုင်ခန့် ဝေးကွာသော နေရာမှာ တည်ရှိသည်။ ယင်းရွာကလေးသည် လယ်ယာကိုင်းကျွန်းကိုလည်း အမှီပြုသည်။ အလယ်ရိုးမ (ပဲခူးရိုးမ)နှင့်နီး၍ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ တံငါသည်များလည်း ရှိကြလေသည်။

တံငါအလုပ်ကို လုပ်ကိုင်ကြသောသူများသည် သူ့အစုနှင့်သူ. . သပ်သပ်နေထိုင်ကြသည်။ တံငါစုဟု ခေါ်သည်။ ထိုသူတို့သည် ကမ်းခြေနှင့် မနီးမဝေးမှာ (သပြေတောရွာကလေးနှင့် အနည်းငယ်လှမ်းသည်) သပ်သပ်ရွာတည်ပြီးတော့ နေကြလေ၏။

ကိုယ့်အစုနှင့်ကိုယ် အဆင်ပြေသလို နေထိုင်ကြသော

www.burmeseclassic.com

www.burmeseclassic.com



လည်း သမြေတောရွာအပိုင်တွင် ပါဝင်သည်။ လိုအပ်လာလျှင် ရပ်ရေး၊ ရွာရေးကိစ္စများကို အင်တိုက်အားတိုက် ပါဝင်ကူညီလေ့ရှိကြသည်။ တံငါအလုပ်ကို လုပ်ကိုင်ကြသောသူများသည် ငွေကြေးပိုပြီးတော့ ပြေလည်ကြသည်။ သူကြွယ်အဆင့်အထိပင် ရှိကြလေသည်။

အချို့က. . ထိုသူများကို အကုသိုလ်သမားများဟု သတ်မှတ်ထားကြကာ တူတန်စွာ မဆက်ဆံကြပေ။

"ဒီလူတွေဟာ သူများအသက်နဲ့ အသက်မွေးဝမ်းကြောင်းပြုရမှ၊ ဝမ်းဝကြတဲ့သူတွေကွ၊ ဘုရား တရားတော့ လုပ်ကြပါရဲ့ ဒါပေမယ့် ဒီအပြစ်တွေက ကြေနိုင်ပါ့မလားကွာ"

"သူတို့ရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်က ဒီအတိုင်းဖြစ်လာခဲ့ရပြီပဲကွာ၊ ဘာတတ်နိုင်မှာလဲ၊ သူတို့ဟာ အကုသိုလ်အလုပ်မှန်းမသိဘဲနေကြမှာတော့ မဟုတ်ဘူး၊ ဒါကြောင့်မို့ ဒီအပြစ်တွေကိုသိလို့ ကုသိုလ်အလုပ်တွေ ဆက်ပေးနေကြရတာပေါ့ကွ၊ တစ်ရွာတည်းသားတွေ၊ လူလူချင်း. . ဒီလိုခွဲခြား. . ခွဲခြား. . မဆက်ဆံပါနဲ့ကွ. ."

"ဒီလူတွေရဲ့ ကိုယ်ပေါ်က ငါးညှီနံ့တွေနံတယ်ကွာ၊ ငါတော့ နားကပ်လာတာတောင် မကြိုက်ဘူးဟေ့. ."

တစ်ယောက်တစ်ပေါက်နှင့် ကိုယ်ထင်ရာကို ပြောနေကြစဉ်မှာ. .





"မင်းက ကြီးကြီးကျယ်ကျယ်ကွာ၊ တံငါသည်တွေရှာတဲ့ငါးကို မင်းကကော မစားဘဲနေလို့လား၊ ကြက်၊ ဝက်၊ အမဲသားကော မင်းက မစားဘဲနေလို့လား၊ ပြောစမ်းပါဦးကွ"

ကျောဖက်မှ အမှတ်မထင်ထွက်ပေါ်လာခဲ့သော အသံတစ်သံကြောင့် ဆတ်ကနဲဆိုဖြစ်သွားခဲ့ကြသည်။ လူတစ်ယောက်က သူတို့၏ရှေ့ကို ရောက်လာခဲ့သည်။

"ဟာ. . စံထွေး"

တံငါအကြောင်း မကောင်းပြောသော ငမိုန်းက စံထွေးကိုမြင်လိုက်ရသောအခါ မလုံမလဲနှင့်ဖြစ်သွားခဲ့ရလေ၏။ အနားမှ တင်မောင်လည်း အံ့အားသင့်သွားခဲ့ရသည်။ စံထွေးကို အားနာသွားခဲ့မိလေသည်။

"မင်းကွာ. . စကားကို မဆင်မခြင်ပြောတယ်၊ စံထွေးကို အားနာစရာကောင်းနေပြီ. . ငမိုန်း"

ငမိုန်းသည် စကာကို လွှဲပြောင်းပြီးပြောရန် မလွှယ်တော့ပေ။ သူ့စကားနှင့်သူ မိနေပြီမဟုတ်ပါလား။

ဆင်ခြေဆင်လက်ပေးရန်ကိုပင် ဉာဏ်နီဉာဏ်နက် မထုတ်နိုင်တော့။ ကြက်ကြီးလည်လိမ်ထားသလိုပင်၊ စံထွေးကိုတော့ သူကြောက်သည်။ လူဖြောင့်စိတ်တို၊ မဟုတ်မခံ။

စံထွေးက ငမိုန်းကို တစ်ချက်မှမကြည့်တော့ဘဲ လှည့်ထွက်သွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ မင်းက ငါကောင်းကြီးလုပ်ပြီး ပြောချင်ရာကိုပြော၊ ဘယ်သူမဆို ကိုယ့်အကြောင်းနဲ့ကိုယ် ရှိနေကြတာ၊ မင်းကကော ဘာလဲ၊ ကိုယ့်အဘိုး အဘေးတွေက ကောဘာလဲ၊ ဒီ တံငါအလုပ်ကိုပဲ လုပ်ခဲ့ကြတာ မဟုတ်လား၊ အဖိုးလက်ထက်၊ ဖအေလက်ထက်ကျမှ ဒီအလုပ်တွေကို အမွေဆက်ခံပြီးမလုပ်ကြတော့တာ၊ မင်းလည်း တံငါမျိုးက ဆင်းသက်လာတာပဲ မဟုတ်လား၊ ဇစ်မြစ်ဆိုတာ လှန်ရင်ပေါ်တာပဲကွ၊ မင်းရဲ့စကားကြောင့် သူငယ်ချင်း. . အချင်းချင်းမျက်နှာပျက်ကြရပြီ. ."

"အေးကွာ. . ငါမှားသွားတယ်"

ငမိုန်းက ခေါင်းစိုက်နေသည်။

"အေး. . တစ်ချိန်ကျရင် မင်း စံထွေးကို တောင်းပန်လိုက်၊ ခုနေချက်ချင်း မတောင်းပန်နဲ့ဦး၊ မင်းကို ဆွဲထိုးထားလိမ့်မယ်. ."

တင်မောင်ကပြောပြီး ကုက္ကိုပင်ကြီးအောက်ကထသွားသည်။ ငမိုန်း၏ရှေ့မှာ တံငါလှေများက အလုပ်ရှုပ်နေကြသည်။ တံငါသည်များသည် ပင်လယ်ထဲမှ ငါးများကို ဖမ်းလာကြသည်။ ငါးဖောက်သည်လာယူကြသူများနှင့် ရှုပ်ယှက်ခတ်နေကြသည်။

ငမှန်းကကော. . ဘာလဲ၊ အိမ်မှာ အလှူလုပ်ရန်





ငါးမှာထားသည် မဟုတ်ပါလား၊ သူသည် ခေါင်းကို တစ်ချက်ယမ်းခါလိုက်သည်။ ငါးယူရန် ကမ်းစပ်ဆီသို့ ဆင်းသွားခဲ့လေသည်။

အစက သပြေတောရွာချောင်းဟုသာ ခေါ်ကြသည်။ ငါးကြီးတစ်ကောင်ရေကြောင်းမှားပြီး ချောင်းထဲကို ရောက်လာခဲ့သည်ကို အကြောင်းပြု၍ ငါးကြီးချောင်းရယ်ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။ နှစ်ပေါင်းငါးဆယ်ခန့်ရှိခဲ့ပြီဖြစ်သည်။

ရွှေဝါရောင်ငါးကြီးသည် ငါးကြင်းလည်းမဟုတ်ပေ။ ထိုငါးကြီးမျိုးကိုလည်း မည်သူကမှ မမြင်ဖူးကြပေ။ ဒဏ္ဍာရီဆိုစကားများဖြစ်ပေါ်လာခဲ့သည်က ငါးကြီးသည် ပင်လယ်ဘက်ကိုပြန်ပြီး ဆင်းမသွားပဲ သန္တာကျောက်တန်းများပေါ်များသောဘက်ကို ကူးခတ်သွားသည်တဲ့။ ယင်းဘက်တွင် ရေကနက် သ်။ ရေအောက်မှာ သန္တာဂူကြီးများရှိသည်။ ကျောက်ခက်၊ ကျောက်ပန်းများရှိသည်။ နတ်ကြီးသည်။ လူစားသည်ဆိုပြီး သိပ်မသွားကြပေ။

ငါးပေါ၍ တချို့က အရဲစွန့်ပြီးတော့ သွားကြသည်။ ကံကောင်း၍ ငါးများရလာကြသူတွေလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးတွေကို မြင်ပြီး ဖမ်းမရကြသူတွေလည်း ရှိကြသည်။ သမ္မာန်သမားတချို့ဆိုလျှင်. . ရေပေါ်မှာ ငါးရှာရင်းက ရေအောက်က လက်မည်းကြီးတစ်ခုပေါ်လာပြီး ဆွဲချခံလိုက်ကြရသည်ဟု ဆိုကြသည်။ အလောင်းပင် ပြန်မရကြ၊ ဤကား သူတို့၏ နှုတ်အပြော၊ သက်သေသက္ကာရပြစရာမရှိ၊ ကြာတော့ ထိုစကားများကို စွဲလန်းလက်ခံလာကြသူတွေလည်း ရှိကြသည်။

ယုတ္တိ ယုတ္တာမရှိ၊ အခြေအမြစ်မရှိဟုဆိုကာ လက်မခံကြသူတွေလည်း ရှိတတ်ကြသည်။ ထို့ထက်ပိုပြီး အံ့အားသင့်စရာကောင်းသည်က ရွှေဝါရောင်ငါးကြီးတစ်ကောင်ကိုလည်း တွေ့မြင်ဖူးကြသူတွေ ရှိလာကြလေသည်။ ရေပြင်ပေါ်မှာ လျှပ်တိုက်ကာ ကူးခတ်နေပြီး လူသံကြားလျှင် ရေအောက်ကို ငုပ်လျှိုးသွားတတ်သည်တဲ့။

"အဲ့ဒီရွှေဝါရောင်ငါးကြင်းကြီးအကြောင်းက တို့ဘိုးဘွားတွေရဲ့ လက်ထက်ကတည်းက ကြားလာခဲ့ရတာပါကွာ၊ စကားဆိုတာကစ,ပြီးရင် တဖြည်းဖြည်းနဲ့ ကားလာခဲ့တာပဲကွ၊ ဘယ်လောက်အထိ များလည်းဆိုရင် တချို့က ပြောကြတယ်. .

အဲ့ဒီနေရာမှာ သိုက်ရှိကြယ်တဲ့၊ ရွှေဝါရောင်ငါးကြီးဟာ သိုက်စောင့်ငါးကြီးတဲ့၊ ဥစ္စာသိုက်တဲ့၊ အဖိုးတန်စိန်ရွှေရတနာတွေရှိတယ်၊ သိုက်ဆရာတွေက မကြာခဏရောက်ရောက်လာကြပြီး သိုက်တူးဖို့ကြံစည်ကြတယ်၊ တစ်ခါမှ မအောင်မြင်ကြ





ဖူးတဲ့၊ ငါးကြီးက လိုက်ပြီးနှောင့်ယှက်လို့ သေသူကသေ၊ ပြေးသူကပြေးနဲ့ သိုက်ဆရာလည်း ရေနစ်သေ၊ ဒါမျိုးတွေကိုပါ ကြားလာခဲ့ရတယ်။

သိပ်ပြီးပြောလို့ဆိုလို့ကောင်းတဲ့ အကြောင်းတွေပေါ့ကွာ၊ ဒီလိုအကြောင်းမျိုးကို ဘယ်သူက စိတ်မဝင်စားပဲ ရှိနိုင်ကြမှာလဲ. . တကယ်တမ်းမြင်ဖူးကြသလားဆိုတော့ ဘယ်သူမှ သေသေချာချာ မြင်ဖူးကြတာ မဟုတ်ဘူး၊ သိုက်ဆရာတစ်ယောက်ဆိုရင် ကြောက်လန့်ပြီးတော့ ပြေးလာတယ်၊သူ့ကို မေးတယ်၊ ဘာမှမေးလို့မရဘူး၊ သရဲကြီး. . သရဲကြီး၊ အမွေးစုတ်ဖွားကြီးနဲ့ ကြောက်စရာကြီးဗျာလို့သာ ဖြေတယ်၊ နောက်တော့. . သွက်သွက်ခါအောင် ရူးသွားပါလေရော. ."

"အဲ့ဒီအကြောင်းကို အဘ သိရင်ပြောပြပါလား"

"ဟာ. . ဒါ ငါငယ်ငယ်ကတုန်းက ဖြစ်သွားခဲ့တဲ့အကြောင်းတွေပဲ၊ ကောင်းကောင်းသိတာပေါ့ကွ. ."

ဦးဖြူသီသည် စံထွေး၏ အဖိုးဖြစ်သည်။ ဖခင်ဘက်မှ တော်စပ်သည်။ စံထွေးသည် ဒီလိုအဖြစ်အပျက်မျိုးကို စိတ်ဝင်စားသူပင်၊ မယုံဖူးလည်း မဟုတ်၊ ယုံတယ်လည်း မဟုတ်၊စိတ်ဝင်စားသည်ဆိုကတည်းက တစ်ဝက်လောက်တော့ ယုံကြည်ထားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ၊ ဒီ သိုက်ဆရာရဲ့အမည်က ဆရာလုံတဲ့၊ သူ ငါတို့ရွာကို ရောက်လာတယ်၊ အဲ့ဒီအချိန်တုန်းက ငါ့အသက် ကလည်း ဘာရှိသေးတာ မှတ်လို့၊ အဲ. . လူပျိုပေါက်ပေါ့ကွာ"

သပြေတောရွာ. . ရွာလယ်လမ်းမအတိုင်း လျှောက် လာသော် လူနှစ်ယောက်က အနက်ရောင်အပြောက်များပါ သောခေါင်းပေါင်းကို ပေါင်းထားသည်။ မျက်ခုံးကထူထူ၊ ပါးမြိုင်းမွေးကြဲကြဲနှင့် လက်တစ်ဆစ်ခန့်ရှည်သော မုတ်ဆိတ် မွေးများရှိသည်။ မျက်နှာက လေးထောင့် စပ်စပ်နှင့် အသားညို သည်။ အေးစက်စက်မျက်လုံးများသည် ပြူးသယောင်ရှိသည်။ အသက်ကတော့ လေးဆယ်ဝန်းကျင်၊ ဘယ်ပခုံးထက်မှာ လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

သူနှင့် အဖော်ပါလာသောသူမှာ အသက်သုံးဆယ်ပင် ပြည့်သေးဟန်မတူ၊ အသားအရောင်က ပိုပြီးတော့ ညိုသည်။ ဗလတောင့်သည်။ မျက်နှာကလည်း မိုက်ရုပ်ပေါက်သည်။

ထိုလူနှစ်ယောက်သည် သပြေတောရွာအဝင်ဝရှိ ရေအိုးစင်ဆီကို တန်းပြီးတော့သွားကြသည်။ တပည့်ဖြစ်သူက လက်ကိုင်ပါသော အုန်းမှုန့်သောက်ရေခွက်ဖြင့် အိုးထဲမှ ရေကို





ခပ်ယူကာ. . သူ့ဆရာဖြစ်ဟန်တူသော လူကြီးကိုတိုက်သည်။
ရေတော်တော်ငတ်လာကြဟန်တူသည်။ ထိုလူကြီး
သည် သောက်ရေနှစ်ခွက်ဆင့်ပြီးသောက်လိုက်လေ၏။ ပြီးမှ. .
သူ့တပည့်က သောက်သည်။ ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်ကြီး၏
အောက်တွင် လူငယ်နှစ်ယောက်က ထိုင်ပြီး ဂုံညင်းထိုးနေကြ
သည်။

ထိုလူကြီး၏အကြည့်သည် ထိုလူငယ်နှစ်ယောက်ဆီကို ရောက်သွားခဲ့လေ၏။ ထို့နောက် သူတို့ဆီကို လျှောက်သွားပြီး-

"ဒီရွာဟာ. . ဘာရွာလို့ခေါ်သလဲကွယ့်. . "

"သပြေတောရွာပါ ခင်ဗျာ"

"ဪ. . ဒါနဲ့ မင်းတို့ရဲ့နာမည်က ဘယ်လိုခေါ်ကြ သလဲ. . "

"ကျွန်တော်က ဖြူသီး၊ သူကတော့ ဒေါင်းညိုပါ. . "

"ဪ. . အေး အေး ငါ့နာမည် ဆရာလုံတဲ့ကွယ့်၊ မှတ်ထား. . ဆေးကုတယ်၊ ဗိန္ဓောဆရာပေါ့ကွယ်၊ ပရောဂ လည်းကုတယ်၊ မင်းတို့ရွာမှာ အရေးကြီးတဲ့လူနာရှိတယ်၊ ဒါကြောင့်မို့ ငါလာခဲ့တာ၊ ကဲ. . ပေါက်ကျော် ငါတို့သွားကြရ အောင်ကွယ်. . "

"ဟုတ်ကဲ့ ဆရာကြီး"

ဆရာလုံဟုခေါ်သော လူကြီးနှင့် သူ့တပည့်ပေါက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



တို့က သပြေတောရွာထဲကို ဝင်သွားခဲ့ကြလေသည်။

"ဟော့ . . ဖြူသီး၊ ဒီလူကြီးက ဘူကိုယ်သူ ဆေးဆရာ ဆိုပါလား၊ ရွာထဲမှာ အသည်းအသန်ဖြစ်တဲ့ လူနာရှိနေတာကို လည်း သူသိနေတယ်၊ အကြားအမြင်လည်း ရပုံပေါ်တယ်"

"ငါတို့ရွာက ရွာကြီးပဲကွာ၊ ရောဂါဖြစ်နေတဲ့ သူ တစ်ယောက်ယောက်ကတော့ ရှိတတ်မှာပေါ့၊ ဒါကတော့ သူပြောမှလားကွာ . . ဆေးကုချင်တယ်နဲ့တူပါတယ်ကွာ၊ မင်းကတော့ လူဘစ်ယောက်ကို တော်တော်ယုံလွယ်တတ်တာပဲ ဒေါင်းညိုရာ၊ ဒါနဲ့ အရေးကြီးတဲ့ လူနာဆိုတာ ဘယ်သူ့ကို ပြောတာလည်းကွ . . "

"ဟို . . ငွေတိုးပေးစားတဲ့ ဒေါ်အေးမြကြီးလေကွာ၊ ခုတလောမှာ စုန်းပူးသလိုလို၊ နတ်ပူးသလိုလိုနဲ့ ဖြစ်နေတာ၊ ငိုရယ် . . ရယ်ဟယ်နဲ့ အိမ်က လူတွေကိုလည်း မကြာခဏ ရန်ရှာနေတာ၊ ယောကျ်ားကိုလည်း ပါးရိုက်လိုရိုက်နဲ့ ခုတော့ အိပ်ယာထဲမှာ လဲနေပြီ"

"ဩော် . . ဒီမိန်းမကြီးလား၊ အပြောအဆိုက တော်တော်ဆိုးတာပဲကွ၊ မောက်လည်း မောက်မာတယ်၊ ငါတို့ တစ်အိမ်သားလုံး အရောမဝင်ကြဘူးကွ၊ သူကတော့ ရွာထဲမှာ ထောင်ထောင် . . ထောင်ထောင်နဲ့နေတာပဲကွ"

"သူက အပေါက်ဆိုးတော့ အပြောအဆိုခံရဖူးတဲ့ လူက





ပြုစားလိုက်တာနေမှာပေါ့ကွာ၊ ဒီမှာ ဖြူသီး . . ဒီမိန်းမကြီးကို ပညာသည်တစ်ယောက်ယောက်က ပညာပြလိုက်တာပဲ နေမှာကွ၊ မသေမရှင်လုပ်ထားတာ . . "

"ဟာ . . ဒေါင်းညိုရာ မင်းက ဒါတွေကို ယုံကြည် သလားကွ၊ သူ့ရောဂါနဲ့သူ ဖြစ်တာကို လူတွေက တောင်ပြော၊ မြောက်ပြောနဲ့ လျှောက်ပြီး ပြောနေကြတာ၊ မင်းကပါ အယုံလွယ်နေတာကိုးကွ"

"မဟုတ်ဘူးလား . . လူတွေပြောသလို မဖြစ်နိုင်ဘူး လား . . ဖြူသီး၊ ငါက သူတို့ပြောနေကြတာ တကယ်လို့ထင်နေ တာကွ . . "

"ဘယ်သူတွေ ဘာပဲပြောပြော ချင့်ပြီးတော့ ယုံကွ၊ ယုံလွယ်တာမကောင်းဘူး . . ဒေါင်းညို၊ လာ . . ငါတို့ရွာထဲကို လူစိမ်းဝင်လာခဲ့တာ သတိထားရမယ်၊ အခြေအနေကို လိုက်ကြည့်ကြရအောင်"

ဖြူသီးက ဒေါင်းညိုကို ရွာထဲသို့ လက်ဆွဲပြီး ခေါ်သွား ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက. . ဒီမှာ ဘာတွေဖြစ်နေသလဲဆိုတာ အတတ်သိလို့ လာခဲ့တာ၊ နင့်ကို မလိုတဲ့သူတစ်ယောက်ယောက်က ပြုစားထားတာ၊ နင့်ဗိုက်ထဲကို အပင်းသွင်းထားတာ၊ ဘာသိလို့လဲ. . နင့်ကို ငါကိုယ်တိုင်ကုပေးမလို့၊ သိပြီလား. ."

အိမ်တစ်အိမ်ပေါ်က အသံတစ်သံက ထွက်ပေါ်လာသည်။ ဖြူသီးနှင့် ဒေါင်းညိုတို့သည် သဘောပေါက်သွားခဲ့ရသည်။ ဒေါ်အေးမြ၏ အိမ်ပေါ်ကပင်။

"ဟိုဆရာပဲကွ၊ ဆရာလုံဆိုတဲ့ လူက. . ဒီကို ရောက်နေလိမ့်မယ်ဆိုတာ ငါသိသားပဲ. ."

ဖြူသီးက ပြောလိုက်လေ၏။

"ဆရာလုံနဲ့ ဒေါ်အေးမြကြီးတော့ နဖူးတွေ့၊ ဒူးတွေ့တွေ့ကြပြီဟေ့. . ဘာတွေဆက်ပြီး ဖြစ်ကြဦးမလဲ စောင့်ကြည့်ကြသေးတာပေါ့ကွာ. ."

ဒေါင်းညိုက အခြေအနေကို စိတ်ဝင်စားစွာဖြင့် ကြည့်ရင်း. . ရှေ့ဆက်ဘာဖြစ်လာလေမလည်းဟု စိတ်စောနေမိသည်။ လူအတော်ခပ်များများကလည်း ဒေါ်အေးမြ၏ အိမ်ရှေ့မှာ ရောက်နေကြသည်။ သပြေတောရွာကို ထူးဆန်းစွာ ရောက်လာသော ဆရာလုံသည် ငိုဟယ်ရယ်ဟယ်ဖြစ်နေသော ဒေါ်အေးမြကို ဘယ်လိုများ ဆေးကုလေမလည်းဟု စောင့်ကြည့်နေကြသည်။





"အားကိုးပါတယ် ဆရာကြီးရယ်၊ ကျွန်တော့်ဇနီးဟာ အစကတော့ အေးအေးဆေးဆေးပါ၊ နောက်တော့ ဘယ်လိုကဘယ်လိုဖောက်သွားသလည်း မသိဘူး၊ သူ. . အမြဲတမ်းတရိုတသေရှိနေတဲ့ ကျွန်တော့်ကိုလည်း ပါးရိုက်တယ်၊ သားသမီးတွေကိုလည်း လက်နဲ့တောင် ရွယ်ဖူးတာ မဟုတ်ဘူး၊ အခုတော့ မကြာခဏ ပါးရိုက်တယ်၊ မိထွေးကျနေတာပဲ ခင်ဗျာ၊ ရက်စက်လိုက်တာကတော့ ကမ်းကိုကုန်ပါလေရော. ."

ဒေါ်အေးမြ၏ ခင်ပွန်းဖြစ်သူက ဆရာလုံကို အားကိုးတကြီးနှင့်တိုင်ရှာသည်။ အရွယ်ရောက်နေကြပြီဖြစ်သော သားတစ်ယောက်နှင့် သမီးနှစ်ယောက်ကလည်း. .

"အမေဟာ. . ဒီသားသမီးတွေအပေါ်မှာ သိပ်ပြီးအကြင်နာကြီးတဲ့သူပါ၊ မျက်စောင်းတောင် ထိုးဖူးတာ မဟုတ်ဘူး၊ အခုတော့ လျှာစောင်းကလည်း ထက်သလားမပြောနဲ့ ဆဲဆိုလိုက်တာကလည်း အယုတ္တ အနတ္တတွေ၊ မကြားဝံ့မနာသာတွေ. . စုံလိုက်တာမှ ရိုက်လိုက်တာကလည်း ကျောပြင်ကို စည်ဗြောကြီးတီးလိုက်သလားမှတ်ရတယ်၊ အုံးကနဲ. . အုံးကနဲကိုနေရော၊ အရပ်ရပ်နေပြည်က ကြားလို့မှ မတော်၊ ကျွန်မတို့လည်း အမေ့အတွက် ရှက်လည်းရှက်၊ နာလည်းနာလှပါပြီ၊ အမေ့စိတ်ပုံမှန်ပြန်ပြီးတော့ ရောက်အောင် ကုပေးပါလား ဆရာကြီးရယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပူကြနဲ့၊ နင်တို့ အမေဟာ သူများအပေါ်မှာ ကောင်းကောင်းမဆက်ဆံဘူး၊ တစ်ကိုယ်ကောင်းဆန်လို့ မလိုတဲ့သူက တန်ပြန်လိုက်တာ၊ တန်ပြန်တော့ နင်တို့ခံရရော၊ အေး. . ဆရာလုံဆိုတဲ့သူဟာ ဒီပရောဂကို တစ်ထိုင်တည်းနဲ့ ထုတ်ပေးနိုင်တယ်၊ မယုံမရှိကြနဲ့. . ငါ့ကို ရေတစ်ခွက်သာပေး"

ဒေါ်အေးမြ၏ ခင်ပွန်းက သောက်ရေတစ်ခွက်ယူလာပေးသည်။ ဆရာလုံသည် ဘုရားစင်ပေါ်တွင် သောက်တော်ရေကို ဆက်ကပ်ကာ. . ငါးပါးသီလ ခံယူသည်။ တော်တော်လေးကြာသည်အထိ ရွတ်ဖတ်နေသည်။ လူတွေကလည်း ဆရာလုံကို ငြိမ်ပြီးတော့ ကြည့်နေကြသည်။

ထို့နောက်. .

ဆရာလုံသည် ဘုရားစင်မှ သောက်တော်ရေခွက်ကို စွန့်လိုက်ကာ ဒေါ်အေးမြဆီကို လျှောက်လာသည်။ တင်ပြင်ခွေ၍ ထိုင်ချလိုက်သည်။

"ကဲ. . ထ. . စမ်း"

ဆရာလုံ၏ လေသံကမာသည်။ ဒေါ်အေးမြက ပက်လက်တုတ်တုတ်မျှ မလှုပ်၊ ဆရာလုံကို မျက်လုံးတွေပြူးကာ ကြည့်နေလိုက်သည်။

"အံမာ. . နင်က ငါထခိုင်းတာကို မနာခံဘူးပေါ့လေ၊ ဟုတ်လား. . ကိုင်း ဒါလောက်တောင်ဖြစ်လှတာ"





ဖန်ခွက်ထဲက ရေမန်းကို လက်ညိုးနှင့် ဆွတ်ကာ ဒေါ်အေးမြ၏ မျက်နှာကို တောက်လိုက်လေ၏။ သုံးလေးခါ တောက်လိုက်ရာ ဒေါ်အေးမြသည် တဖြည်းဖြည်းနှင့် ပြုံးယောင်သန်းလာခဲ့သည်။ ရယ်ချင်လာသည်နှင့်တူပါသည်။

"အံမာ. . နင်က ငါ့ကို သရော်နေတာလား၊ ပြောစမ်း နင်ဘယ်သူလဲ. . နင့်ကို ဘယ်သူက ခိုင်းတာလဲ၊ ငါ့ဆရာကို မလေးမစားမလုပ်နဲ့ဟေ့. . ကျွမ်းပြန်သွားမယ်၊ ဘာမှတ်သလဲ ကဲ. . ကဲ. ."

ရေမန်းဖြင့် ထပ်ကာ ထပ်ကာ တောက်လိုက်ပြန်သည်။ မျက်နှာပြင်ထက်မှာ ကျလာသော အေးစက်စက် အတွေ့အထိကြောင့် မခံမရပ်နိုင်ဖြစ်ကာ ငေါက်ကနဲဆို ထထိုင်လိုက်လေ၏။ ဆရာလုံသည်ပင် အံ့အားတသင့်ဖြစ်သွားကာ ခန္ဓာကိုယ်အထက်ပိုင်းက နောက်ကိုပင် ယိမ်းယိုင်ကာ လန်သွားခဲ့သည်။

ဒေါ်အေးမြသည် အိမ်ထဲမှာ လျှောက်သွားချင်သွားနေတတ်သည်။ စိတ်အခန့်အသင့်ပြီဆိုလျှင် အခုလိုပဲ လှဲပြီးတော့ အိပ်နေတတ်သည်။ ဘယ်သူခေါ်ခေါ် ဘယ်လိုမှ မထတော့။ ရန်လိုပြီဆိုရင်တော့ ရမယ်တစ်ခုခုရှာကာ မကြားဝံ့မနာသာများပြောပြီး ခင်ပွန်းနှင့် သားသမီးများကို လက်ရောက်သည်အထိ ပြုမူဆက်ဆံလေတော့သည်။

ယခုလည်း ဒေါ်အေးမြငေါက်ကနဲဆို ထထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်ကား . . အကောင်းမဟုတ်၊ ဆရာလုံ၏ အမိန့်ကြောင့် မဟုတ်၊ ရန်လိုခြင်းကြောင့်ပင်၊ ဒါကို ဆရာလုံက သူ့ကို ကြောက်ရွံ့၍ ဒေါ်အေးမြထထိုင်လိုက်ခြင်းပင် ဖြစ်သည်ဟု ထင်မိလိုက်လေရာ. .

"ဖြန်း. . "

"အား"

အမှတ်မထင် ဆရာလုံ၏ ပါးတစ်ဖက်သည် ပူထူသွားခဲ့သည်။ အငိုက်မိသွားခဲ့ရလေပြီ။ ဒေါ်အေးမြကား လက်မြောက်လှပေ၏။ ပွဲကြည့်ပရိသတ်များသည်လည်း ဟာကနဲ. . ဟင်ကနဲ ဖြစ်သွားခဲ့ကြရသည်။ ဆရာလုံသည်ပင် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိထားသူမို့ ဤသို့ဖြစ်လိမ့်မည်ဟု ကြိုတင်၍ မရိပ်စားမိခဲ့လေသည်တကား၊ ထို့ကြောင့်. . များစွာပင် အရှက်ရသွားမိခဲ့ရလေသည်။

ထို့ကြောင့်. .

ဟန်ကိုယ့်ဖို့ဆိုသည့်စကားအရ မျက်နှာကို ချက်ချင်းပင် ပြန်ပြင်လိုက်ပြီး. .

"အံမာ. . ငါက ညှာနေလို့ အေးအေးဆေးဆေးပြောနေတာ၊ နင်က ကမ်းတက်သလား၊ ကောင်းပြီ၊ ဆရာလုံ ဘာကောင်လည်းဆိုတာ နင်အခု ချက်ချင်းသိစေရမယ်. . "

ဆရာလုံကလည်း ပါလာသောမြေဖြူခဲဖြင့် ဒေါ်အေးမြ





နှင့်သူနှစ်ယောက်တည်း အပါအဝင် စည်းဝိုင်းတစ်ခုကို ကြမ်းပြင်မှာ ဝိုင်းထားလိုက်သည်။ ထို့နောက် နေရာမှ ထကာ ပုဆိုးကို ပြန်ဝတ်လိုက်သည်။

"ကဲ. . ဟယ်၊ ဒီအမျိုးသမီးရဲ့ ကိုယ်ထဲမှာဝင်နေတဲ့ ပရောဂကို ထုတ်မယ်၊ မလုပ်ရင်မဖြစ်လို့သာ လုပ်ရမှာပါ၊ တစ်ခုတော့ မှာထားချင်တယ်၊ ဘယ်သူမှ စည်းဝိုင်းထဲကို မဝင်ကြပါနဲ့. . "

ထို့နောက် ဆရာလုံသည် လွယ်အိတ်ထဲက ခွေလိပ်ထားသော အရာလေးတစ်ခုကို ထုတ်လိုက်လေသည်။ ကြိမ်လုံးပင်၊ ကြိမ်လုံးကိုဖြည်လိုက်ပြီး ဒေါ်အေးမြကို တရွှမ်းရွှမ်းဖြင့် ရိုက်လေတော့သည်။

"ကဲ. . ပြောစမ်း၊ နင် ဘယ်သူလဲ၊ ဒီမိသားစုကို ဘာကြောင့် ဒုက္ခပေးရတာလဲ. . "

"ရွှမ်း. . ရွှမ်း"

"အောင်မလေးရှင့်. . အောင်မလေးတော့ သေပါပြီ၊ ဒီဆရာ ငါ့ကိုရိုက်နေတာ နင်တို့ကြည့်ရက်သလားဟဲ့. . ဟီး"

ကျောကော့အောင် လိမ့်ပြီးခံနေရသော ဒေါ်အေးမြမှာ နာလွန်း၍ ငိုယိုကာ လေသံမာမာထန်ထန်ပင် ပြောနေလေတော့သည်။ တောင်းတော့ မတောင်းပန်၊ မိသားစုနှင့် ရွာသူ ရွာသားများကလည်း ဆရာလုံ လုပ်ကိုင်နေပုံကို ကြည့်ပြီးပင်မဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြပါ၊ မောက်မာ၍ အပေါက်ဆိုးသော ဒေါ်အေးမြတစ်ယောက် ယခုလို အန္နိုပ်စက်ခံနေရသည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသလား မသိကြပေ။

ကြာသော်. . ဒေါ်အေးမြသည် မအော်နိုင်ရှာတော့ပဲ ဘိုင်းကနဲ ပစ်လဲကျသွားခဲ့သည်။ သတိလစ်သွားစဉ်မှာ ဆရာလုံက ဒေါ်အေးမြ၏ ပါးစပ်နားဆီကို လက်က ရောက်သွားသည်။ လက်ထဲမှာပါလာသည်က ကွမ်းအစ်ပေါ်မှာ တင်ထားလေ့ရှိသည့် ထုံးဘူးတစ်ခု။

"သူ့ဗိုက်ထဲမှာရောက်နေတာ ဒါပဲ၊ ဒီပစ္စည်းကြောင့် နဂိုစိတ်ပျောက်နေတာ၊ ဒါကို ထုတ်လိုက်ရင် ကောင်းသွားပါပြီ"

ထိုအခါ အားလုံး ဟာကနဲဖြစ်သွားခဲ့ကြရလေ၏။



(၅)

## မျောင်းထဲက အန္တရာယ်

ဆရာလုံ၏ သတင်းသည် သပြေတောရွာမှာသာမက ပတ်ဝန်းကျင်ကျေးရွာများပါ ပျံ့နှံ့သွားခဲ့ရသည်။ ဒေါ်အေးမြကို ဝင်ပူးနေသော ပရောဂကို တစ်ညနေတည်းနှင့် ထုတ်ပေးလိုက်နိုင်သဖြင့် နာမည်ကြီးသွားခဲ့ရလေသည်။

ထို့ကြောင့်. .

ဆရာလုံကို ဟိုအိမ်က ထမင်းဖိတ်ကျွေး၊ ဒီအိမ်က ထမင်းဖိတ်ကျွေးနှင့် ဖြစ်ကုန်ကြလေတော့သည်။ ဆရာလုံကား စမ်းပွင့်နေလေတော့သည်။

"ဒီဆရာလုံက တော်တော့်ကို စွမ်းတာပဲကွ၊ ဒေါ်အေးမြရဲ့ဗိုက်ထဲက ထုံးဘူးကို ထုတ်ယူလိုက်တာနဲ့ တစ်ခါတည်းကို ပရောဂလည်း ထွက်သွားတော့တာပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းညိုက တအံ့တသြဖြင့် ပြောလိုက်လေရာ. . ဖြူသီးမှာ ခွက်ထိုးခွက်လန်ပင် ရယ်လိုက်ပါလေတော့သည်။

"ဖြူသီး. . မင်းက ဘာရယ်တာလည်းကွ. . "

ဒေါင်းညိုသည် ဖြူသီးကို မကျေမနပ်နှင့် ကြည့်ရင်း မေးလိုက်လေ၏။

"မင်းကို ငါပက်ပက်စက်စက်နဲ့ ပြောမိပြန်ရော့မယ် ဒေါင်းညို၊ အဲ့ဒီလို အယုံလွယ်တာကိုက ငါမကြိုက်တာ. .

"မင်းက အဲ့ဒီဆရာလုံဆိုတဲ့သူက လူအများရဲ့ရှေ့မှာ ထုံးဘူးကို ပါးစပ်ထဲက ထုတ်ပြလိုက်တာနဲ့ သိပ်ပြီး အထင်ကြီးသွားခဲ့တာပေ့ါ၊ ဟုတ်လား. . အေးလေ၊ မင်းတင်မဟုတ်ပါဘူး၊ တစ်ရွာလုံးနီးပါးပါပဲ၊ ဒါပေမယ့် မယုံကြတဲ့သူတွေလည်း ရှိကြပါသေးတယ်. . "

ဖြူသီး၏စကားကြောင့် ဒေါင်းညိုသည် ကြောင်အမ်းအမ်းဖြစ်သွားခဲ့ရလေ၏။

"မင်းပြောတာ ငါမရှင်းဘူးကွာ၊ ဒါဆိုရင် ဆရာလုံဆိုတဲ့သူဟာ အများရှေ့မှာ လိမ်လိုက်တယ်ဆိုတဲ့ သဘောလား"

"သိပ်မှန်တာပေ့ါကွာ၊ အေး. . ဒီကိစ္စဟာ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့လည်း ဆိုင်တယ်ကွ၊ မင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ငါ့ကို ကတိပေးရမယ်"

"ပေးတယ်ကွာ၊ မင်းနဲ့ ငါက ပြောရမယ့် လူတွေမဟုတ်





ပါဘူးကွာ"

"ကောင်းပြီ၊ မင်းရဲ့ကတိတည်ပါစေ. . ဒါဆို ဒေါ်အေးမြအကြောင်းက စပြီးတော့ ပြောမယ်၊ ဒီအမျိုးသမီးဟာ. . တကယ်တော့ သူ့ကို သူ့ရဲ့မိသားစုက စိတ်ပျက်အောင် လုပ်နေတာကွ"

"ဘယ်လိုကြောင့်လည်းကွာ"

"နားထောင်၊ ဒေါ်အေးမြဟာ အသက်လေးဆယ် မပြည့်သေးဘူး၊ ဘဝပေးကုသိုလ်ကြောင့် ရုပ်လည်းချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ပုရိသတွေ မျက်စိကျလောက်အောင် တောင့်တင်းတယ်၊ ပြီးတော့ သူ့ယောကျ်ားဟာ ငယ်ပေါင်းတွေ မဟုတ်ဘူးလေကွာ. . "

"ဟင်. . ငယ်ပေါင်းမဟုတ်ဘူးလား"

"ဘယ်ကလာ၊ မုဆိုးဖိုကွ၊ သားသမီးသုံးယောက်အဖေ၊ ဒေါ်အေးမြက အဲ့ဒီကလေးတွေရဲ့ မိထွေး၊ ကလေးတွေက ဒေါ်အေးမြကို မအေအရင်းလို ချစ်နေကြတာကွ"

"ဟေ. . မင်းပြောမှပဲ ငါသိရတော့တယ်ကွာ"

"ဆက်နားထောင်ဦး. . ဇာတ်လမ်းက အခုမှပဲ အစရှိသေးတယ်. . ဒေါ်အေးမြမှာ ငယ်ရည်စားရှိတယ်၊ အကြောင်းမညီညွတ်ကြလို့သာ ကွဲသွားခဲ့ကြတာ၊ အခု ယူလိုက်ရတဲ့ ဦးပန်းတင်က သူ့ထက်ကြီးတယ်၊ ပြောရရင်တွာ. .



www.burmeseclassic.com

www.burmeseclassic.com



ဦးပန်းတင်က မုဆိုးဖိုပေမယ့် ငယ်ရွယ်တဲ့ ဒေါ်အေးမြကို သဘောကျနေတယ်၊ ဒေါ်အေးမြကလည်း အပျို၊ နွားအိုမြက်နု ကြိုက်သဘောမျိုးဆိုပါတော့ကွာ. .

တစ်နေ့မှာ ဒေါ်အေးမြက ဦးပန်းတင်ရဲ့ လယ်ထဲကို ရောက်လာခဲ့တယ်၊ ခါတိုင်းလည်း ဟိုတဲ၊ ဒီတဲကူးနေကြပဲကွာ၊ ဘာမှမဖြစ်ကြဘူး. . ရိုးရိုးသားသားပဲ"

"ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းလာပြီကွာ ဖြူသီး. ."

"အေး. . ကောင်းခန်းရောက်တော့မယ်၊ ဦးပန်းတင်ကလည်း နဂိုကတည်းက ဒေါ်အေးမြကို မျက်စိကျနေတဲ့သူဆိုတော့. . အဲ. . ချစ်တယ် ကြိုက်တယ်စကားပြောပြီး မအေးမြကို အတင်းနသားပါယားပြီး ကြံလိုက်တာပေါ့ကွာ. ."

"ဟေ. . ဟုတ်လား"

"အေး. . မအေးမြ အပျိုစင်နုနုထွတ်ထွတ်ကလေးလည်း အပျိုရည်ပျက်ရော. . ငိုတာပေါ့ကွာ. ."

"ငိုတယ်. . ဟုတ်လား"

"ဟ. . မငိုပဲနေပါ့မလားကွ၊ မင်းဘိုးအေ၊ သူ့ခင်ဗျား မတရားအစော်ကားခံလိုက်ရတာ မဟုတ်လား၊ ဦးပန်းတင်က ချော့ရတာပေါ့ကွာ၊ မအေးမြကို ယူပါ့မယ်၊ အတည်ပေါင်းပါ့မယ်၊ ရှိတဲ့ပစ္စည်းတွေကို ခွဲပေးပါ့မယ် ဘာညာပေါ့. .



ဦးပန်းတင်အပြောကောင်းတာနဲ့ပဲ မအေးမြလည်း လွန်ပြီးမှ မထူးတော့ဘူး၊ အပျိုပြန်မဖြစ်နိုင်တော့ဘူးဆိုပြီး လက်ခံလိုက်ရတော့တာပေါ့. . ဒါနဲ့ ယူဖြစ်ကြရောဆိုပါတော့ ကွာ၊ ရပ်ထဲရွာထဲမှာတော့ မအေးမြကို ပစ္စည်းမက်တယ်. . ဘာညာနဲ့ ပြောကြဆိုကြတာပေါ့၊ နောက်တော့လည်း ပြီးသွားတာပါပဲ၊ ချီးမွမ်းခုနှစ်ရက်၊ ကဲ့ရဲ့ခုနှစ်ရက်ဆိုတဲ့ စကားရှိတယ် မဟုတ်လား. ."

"ငါ. . ဒီလောက်ဆို သဘောပေါက်ပါပြီ ဖြူသီး၊ ခုကိစ္စကို ရှင်းစမ်းပါဦး၊ ငါ ဆက်စပ်ပြီး စဉ်းစားလို့ မရသေးလို့

"အေး. . ဒီလိုကွ၊ ဒေါ်အေးမြဟာ အပျိုဘဝကတည်းက. . အပြောဆိုးတယ်၊ စိတ်ရင်းကောင်းပေမယ့် အပြော မတတ်ဘူး၊ သူတစ်ပါးနားဝင်အောင် မပြောတတ်ဘူးပေါ့ကွာ၊ ဒါကြောင့်မို့ ရပ်ထဲရွာထဲမှာ အပေါင်ခံတာ၊ ငွေတိုးပေးစားတဲ့ အလုပ်မျိုးကို လုပ်တယ်၊ ဒီအလုပ်မျိုးဆိုတာကလည်း ဟောက်ဟမ်းခြိမ်းခြောက်ရတာမျိုးဆိုတော့ သူနဲ့ကိုက်တာပေါ့ကွာ. ."

"ဒေါ်အေးမြ ပရောဂဝင်တာကကော. ."

"အဲ့ဒါကို ငါပြောမလို့၊ ဘာပရောဂမှ မဝင်ဘူး၊ တမင်သက်သက်လုပ်တာကွ၊ ဒီလိုကွာ. . သူ့ယောကျ်ားရှေ့၊ သားသမီးတွေကပါ သူ့ကို စိတ်ပျက်သွားကြအောင် နတ်ပူးသလိုလို. . နတ်ပူးသလိုလိုလုပ်ပြနေတာ၊ ယောကျ်ားနဲ့ လင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေက သူ့ကို စိတ်ပျက်သွားအောင် တမင်လုပ်ပြနေတာကွ. . ”

အကြောင်းက. .

“အကြောင်းကတော့ကွာ. . ဒေါ်အေးမြက သူ့ရည်စားဟောင်းနဲ့ပြန်ဆက်မိတယ်လေ၊ သူ့ကို ဟိုက စိတ်ပျက်ပြီးတော့ထွက်သွားခဲ့တာကြာပြီ၊ တစ်နယ်ကလူပဲ၊ ဒေါ်အေးမြနဲ့ဆိုရင် သက်တူရွယ်တူပဲ၊ ဦးပန်းတင်နဲ့ သူ့သားသမီးတွေက သူ့ကို စိတ်ပျက်သွားကြရင် မုန်းတီးသွားခဲ့ကြရင် သူ့ကို စွန့်ပစ်လိုက်မယ်လို့ထင်နေတာကွ၊ ဒါမှ. . ရည်းစားဟောင်းနဲ့ ပြန်ပြီးဆက်လို့ရမှာကိုး. . ”

“တော်တော့်ကို အကြံကြီးတဲ့ မိန်းမကြီးပဲ၊ ရှုံးပြလိုက် နှမ်းပြလိုက်၊ ကြမ်းပြလိုက်နဲ့. . တတ်လည်း တတ်နိုင်တယ်ကွာ၊ ဒါနဲ့. . ငါမရှင်းသေးတာက ဒေါ်အေးမြပါးစပ်ထဲက ထုံးဘူးကို ဆရာလုံက ဘယ်လိုယူလိုက်တာလဲ”

“အဲ့ဒီထုံးဘူးက ဆရာလုံရဲ့ လက်ထဲမှာ နဂိုကတည်းက ရှိနေတာ၊ သူကလက်လှည့်ပညာလည်း တတ်ပုံရတယ်၊ ဘာခက်တာမှတ်လို့ကွာ၊ ထုံးဗူးကို လက်ထဲရောက်အောင်လုပ်ပြီး ဒေါ်အေးမြရဲ့ပါးစပ်ထဲက ထုတ်ယူလိုက်သလိုလုပ်လိုက်တာပေါ့ကွ၊ အေး. . အဲ့ဒီထုံးဘူးရဲ့ ပိုင်ရှင်ကလည်း တစ်ခြားသူမဟုတ်ဘူး၊ ဒေါ်အေးမြရဲ့ ရည်းစားပစ္စည်း. . ”





“ဟေ. . ဟုတ်လား၊ မင်းဘယ်လိုသိသလဲ ဖြူသီး”

“သိဆို. . ဆရာလုံနဲ့ ဒေါ်အေးမြရဲ့ ရည်းစားဟောင်းက. . မိတ်ဆွေတွေလေကွာ၊ နှစ်ယောက်စလုံး ကွမ်းသမားတွေပဲ. . ဒေါ်အေးမြ ဒီလိုဖြစ်နေတာ ဘာကြောင့်လည်းဆိုတာ ဆရာလုံက ရိပ်မိတယ်၊ ဒါကြောင့်မို့ ဒီထုံးဘူးလေးကို ဒေါ်အေးမြ မသိသိအောင်ပြလိုက်တာပေါ့၊ ဒါကြောင့် ဆက်ပြီး ပွဲမကြမ်းတော့ပဲ ငြိမ်ကျသွားခဲ့တာပေါ့၊ သဘောပေါက်ပြီလား၊ ဆရာလုံက ဒါမျိုးလုပ်စားနေတာ ချိတ်ချိတ်ချင်း ချိတ်မိသွားတာပေါ့ကွာ. . ”

“ဖြူသီး မင်းတော်တော်နှံ့စပ်တဲ့ကောင်ပဲကွာ၊ ဒီကိစ္စတွေ မင်းဘယ်လိုသိသလဲ. . ”

“မျက်စိနဲ့နားကို ဖွင့်ထားရင် သိနိုင်တာပဲကွ၊ လူဆိုတာပါးနပ်မှုရှိရတယ်၊ ခြင်ကောင်ကို ဆင်ကောင်ကြီးဖြစ်အောင် လုပ်ပြလည်း ချင့်ယုံ. . ဘယ်အကြောင်းကိုပဲ သိချင်၊ သိချင်၊ ဇစ်မြစ်ကို လိုက်ရတယ်၊ ဒေါ်အေးမြလည်း ညောင်မြစ်တူးရင် ပုတ်သင်ဥပေါ်မှာစိုးလို့ သူ့ကိုဝင်ပြီးပူးကပ်နေတဲ့ အမှောင့်ပရောဂထွက်ပြလိုက်ရတာပေါ့ကွာ၊ ဆရာလုံလည်း နာမည်ကြီးသွားတာပေါ့. . ”

“ဖြူသီး. . ဖြူသီး၊ မင်းတော့ကွာ၊ လူငယ်သလေးဖြစ် တော်တော့်ကို ကွက်ကျော်မြင်တတ်တဲ့ကောင်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရှိစေတော့ ထားလိုက်တော့၊ ဒါက. . ငါ့ဝါသနာကိုး၊ ဒီဆရာလုံဆိုတဲ့လူဟာ ငါတို့ရွာကို လာဘာ သွေးရိုးသားရိုး မဟုတ်ဘူးကွ၊ အကြောင်းရှိရမယ်၊ ငါထင်တာကတော့ သူ့ကို အထင်ကြီးသွားအောင် ယုံကြည်သွားအောင် လုပ်ပြလိုက်တာပဲ၊ လိုလူမျိုးတွေဟာ အကြံကြီးတယ်၊ သတိထားရမယ်၊ လူတွေက ရှေ့နောက်မဆန်းစစ်ပဲ တစ်ခုခု. . အထူးအဆန်းလုပ်ပြလိုက်တာနဲ့ အရမ်းကာကော ယုံမိလိုက်ကြတာပဲ. . "

"ဒါဆိုရင် မင်းက ဆရာလုံကို ဘာလိုထင်သလဲ. . "

"ငါတို့ သူလုပ်တာကိုင်တာကို ကိုယ်တိုင်လိုက်ပြီးတော့ ကြည့်ကြရင်ကောင်းမယ်ကွ၊ ဒါမှ မင်းရော. . ငါရော သိချင်ကြတဲ့ အဖြေပေါ်လာလိမ့်မယ်. . "

"ဘယ်မှာ လိုက်ကြည့်မှာလည်းကွ. . "

"သူတို့ရဲ့ အကြံကို ငါသိပါတယ်ကွာ၊ မနက်ဖြန်ညကျရင်. . မင်းနဲ့ငါနဲ့ သူတို့ဆရာတပည့်နောက်ကို လိုက်ကြမယ်၊ ဟုတ်ပြီလား. . "

ဒေါင်းညိုသည် ဖြူသီး၏ အကြောင်းပြချက်မရှိသော စကားကို နားမလည်သလိုပင် ဖြစ်သွားခဲ့လေ၏။



ဆရာလုံနှင့် သူ၏တပည့် ပေါက်ကျော်တို့သည် သပြေတောရွာရှိ သုသာန်ဟောင်းတစ်ခုတွင် နေ့စဉ်ဝင်ချည်ထွက်ချည်ရှိနေကြသည်။ ညဘက်မိုးစုတ်စုတ်ချုပ်မှ ပြန်ပြန်ရောက်လာတတ်သည်။ တစ်ခါတစ်ရံလည်း သုသာန်မှာ တစ်ညလုံးပင်ရှိနေတတ်သည်။ သူတော်ကောင်းတရားကို ပွားများကာ လူဝတ်ကြောင်နှင့်ပင် သုသာန်မှ မကျွတ်မလွတ်သော ပရလောကသားများကို တရားဟောသည်။ အမျှအတန်းပေးဝေသည်ဟု နာမည်ကြီးနေလေသည်။

ထို့ကြောင့်. .

သပြေတောရွာသာမက အနီးအနားရှိရွာများကပင် ဆရာလုံကို လွန်စွာမှ ကြည်ညိုကြသည်။ အစားအစာများကိုလည်း လိုလေသေးမရှိအောင်ပင် ပေးကမ်းကြလေသည်။ ဆရာလုံကို အမှီပြုပြီး တပည့်ပေါက်ကျော်သည်ပင်လျှင် မျက်နှာပွင့်လန်းလှချေ၏။

သို့သော်. .

ဆရာလုံ၏ နက်ရှိုင်းသော အကြံအစည်ကိုကား မည်သူတစ်ဦးတစ်ယောက်မှ မသိကြချေ။ ထိုနေ့ညနေတွင် အပေါ်ဖြူအောက်ဖြူဝတ်ထားကြသော ဆရာတပည့်နှစ်ယောက်သည် ရွာမှထွက်ပြီး သုသာန်ဟောင်းဘက်ဆီကို လျှောက်လှမ်းသွားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သပြေတောရွာမှ လူများပေးကမ်းလှူဒါန်းလိုက်ကြသော စားသောက်စရာများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် ငှက်ပျောသီးသုံးဖီနှင့် အုန်းစိမ်းလှလှတစ်လုံးကိုလည်း တပည့်ပေါက်ကျော်က တန်ပိုးဖြင့် ဦးပွဲထမ်းသွားခဲ့လေသည်။

သပြေတောရွာသားများမသိလိုက်ကြသည်ကား သူတို့သည် သုသာန်ဟောင်းဘက်ကို ဦးတည်ကာ ထွက်သွားကြပြီးမှ ငါးကြီးချောင်းဘက်ကို ခြေလှမ်းတွေက ပြောင်းသွားခဲ့ကြလေသည်။

သို့သော်. .

ဆရာလုံတို့ ထွက်သွားကြသောနေရာကို လိုက်ပါသွားသော လူနှစ်ယောက်က ရှိနေသည်။ သူတို့ကတော့ ဖြူသီးနှင့် ဒေါင်းညိုတို့ပင်။

"ဒေါင်းညို၊ ငါတို့ သူတို့နောက်က လိုက်နေကြတာကို မရိပ်မိကြစေနဲ့"

"ဒီလူတွေ ဘာများကြံစည်နေကြသလည်းမသိဘူး၊ ငါတို့သက်သေရအောင် ရွာကနှစ်ယောက်သုံးယောက်လောက် ခေါ်လာရင် ကောင်းလိမ့်မယ် ဖြူသီး. ."

"ငါလည်း ခေါ်ချင်တာပေါ့ကွာ၊ အခုအချိန်မှာ သူတို့က ဒီလူတွေကို သိပ်ပြီးတော့ ယုံကြည်နေကြတာကွ၊ ငါတို့က ဆရာလုံကို မသင်္ကာကြောင်းပြောလိုက်ရင် တစ်ရွာလုံးက ဝိုင်းပြီး





အပြစ်တင်ကြမယ်၊ သိပ်ပြီးတော့ ယုံထားကြတာကိုးကွလာပါကွာ. . ငါတို့နှစ်ယောက်တည်းနဲ့ ပြီးပါတယ်၊ ဘာလည်း မင်းကြောက်လို့လား ဒေါင်းညို"

"မကြောက်ပါဘူးကွာ၊ ငါက သဘောကို ပြောပြတာပါ၊ မင်းပြောတာလည်း ဟုတ်ပါတယ်လေ၊ ရွာကလူတွေကလည်း. . ငါတို့ကိုသာ မကျေမနပ်ဖြစ်ကြလိမ့်မယ်၊ ဆရာလုံကတော့ စည်းရုံးရေးကောင်းတယ်ဟေ့၊ သူတို့ တစ်ရွာလုံးက လက်ခံထားကြတော့တာပဲ. ."

လေညာကို ရောက်လာကြပြီဖြစ်၍ သူတို့ပြောနေကြသည့်စကားများကို ရှေ့ကသွားနေကြသော ဆရာလုံကို ကြားသွားနိုင်ကြသည်။ ထို့ကြောင့် စကားတွေကို ဆက်မပြောကြတော့ပဲ ရပ်လိုက်ကြသည်။ အံ့အားသင့်စရာ အကြောင်းကား ဆရာလုံတို့သည် ငါးကြီးချောင်း၏ ဘေးမှဖြတ်လျှောက်ကြ သန္တာချောင်းကျောက်တန်းများဘက်ဆီကို သွားနေကြသောကြောင့်ပင်တည်း။

"ဖြူသီး. . ဒီနေရာဟာ ရွှေဝါရောင် ငါးကြီးရှိတယ်လို့ သတင်းကြီးနေတဲ့ နေရာမဟုတ်လား"

"ဟုတ်တယ် ဒေါင်းညို၊ ငါသဘောပေါက်ပြီ၊ ဒီလူတွေဟာ မဟုတ်မှလွဲရော. . သိုက်ဆရာတွေ ဖြစ်ရမယ်ကွ"

"သိုက်ဆရာ. . ဟုတ်လား၊ အေး. . သိပြီ၊ သိပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တယ်. . တော်တော်အကြံကြီးတာပဲ၊ ဒုက္ခတော့ ရောက်ကုန်ကြတော့မှာပဲ. . ဖြူသီး"

"မင်းက ဘာမှန်းမသိပဲနဲ့ လျှောက်ပြောမနေနဲ့ဦး. . အခြေအနေကို စောင့်ကြည့်ပါဦး"

"အေးကွာ၊ တော်တော့်ကို လှည့်စားတတ်တဲ့သူတွေပဲကွာ. . "

ဆရာလုံနှင့် တပည့်ပေါက်ကျော်တို့သည် ရှေ့ကို လျှောက်သွားနေကြရင်းက နောက်ကိုတစ်ချက် လှည့်ကြည့်လိုက်ကြသည်။ သူတို့နောက်က မည်သူတွေမျှ လိုက်လာကြသည်ဟူ၍ စိတ်ချရပြီဆိုတော့မှ ဆက်၍လျှောက်သွားခဲ့ကြလေသည်။ မိုးက ချုပ်တော့မည်။ နွားရိုင်းသွင်းချိန်သို့ပင် ရောက်နေလေပြီ။ သန္တာချောင်ကျောက်တန်းများဘက်တွင် ရေလှိုင်းများက တဝုန်းဝုန်းနှင့် ပုတ်ခတ်နေကြသံများက ထွက်ပေါ်နေကြသည်။

"တော်ပြီဟေ့ ပေါက်ကျော်၊ ရပြီ. . ဒီအနားမှာပဲ"

ပေါက်ကျော်၏ ခြေလှမ်းတွေက ရပ်တန့်လိုက်သည်။





ဦးပုံ့ထမ်းလာသည့် ပစ္စည်းများကိုလည်း တန်ပိုးနှင့်အတူ အောက်ကိုချလိုက်လေသည်။

"အုန်း၊ ငှက်ပျောတွေကို ရေသွားဆေးကွာ၊ ငါတို့ အလုပ်စတော့မယ်၊ ခဏကြာရင်. . မှောင်တော့မှာပဲ. . "

ပေါက်ကျော်က အုန်း၊ ငှက်ပျောများကို ခြင်းတောင်းလေးတစ်ခုထဲကို ထည့်လိုက်ပြီး ရေစပ်ဆီကို ထွက်သွားခဲ့လေ၏။ ဆရာလုံသည် အတောင်နှစ်ဆယ်ခန့်ရှည်လျားသော သန္တာကျောက်တန်းပေါ်ကို တက်သွားခဲ့သည်။ ရှေ့မှာ ရေနက်ကြီးကရှိနေသည်။ ရေပြင်သည် လှုပ်ခတ်နေသည်။ လိုအပ်သည်ထက်ပိုပြီးတော့ လှုပ်ခတ်လျက်ရှိနေသည်ကို ဆရာလုံ မသိနိုင်၊ သူသည် ပိုက်ကွန်သဖွယ်ယက်ယှက်ထားသော ကွန်ချည်ကြိုးကို အင်္ကျီအိတ်ထောင်ထဲက ထုတ်ယူကာ ပါးစပ်မှာ တေ့ကာ မန်းမှုတ်သလိုပြုလုပ်သည်။ ထို့နောက် ရေထဲကို ကွန်ဖြင့်သလို ပစ်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူသီးနှင့် ဒေါင်းညိုတို့က ဆရာလုံတို့နှင့် မလှမ်းမကမ်းမှနေ၍ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

"ဒီလူတွေ . . ဘာလျှောက်လုပ်နေကြသလည်း မသိဘူး၊ အခြေအနေတစ်ခုခုတော့ ဖြစ်လာလိမ့်မယ်ထင်တယ်၊ ဘာမှန်းသာမသိတာ ငါတော့ ခြေဖျားလက်ဖျားတွေတောင် အေးလာပြီကွာ. ."

"ဒေါင်းညို. . မင်းကြောက်ရင် ပြန်. ."

ဖြူသီးက ငေါက်လိုက်၍ ဒေါင်းညိုလည်း ငြိမ်သွားခဲ့လေသည်။ ဖြူသီးကတော့ ဓါးရှည်တစ်လက်ကို လုံချည်ပောင်းနှင့်ပတ်ပြီးတော့ ယူလာခဲ့သည်။ အရေးအကြောင်းဆိုလျှင် သုံး၍ရသည်။

"ဒေါင်းညို၊ ဟိုလူ ရေထဲကို ဘာပစ်ချလိုက်တာလည်း မသိဘူး. . မှောင်လာပြီကွ၊ ဘာမှမမြင်ရဘူး၊ လာကွာ. . အနားတိုးပြီးတော့ ကြည့်ရအောင်"

"ဖြစ်ပါ့မလား ဖြူသီး"

"ဖြစ်ပါတယ်ကွာ. . လှိုင်းပုတ်သံကြောင့် ငါတို့ရဲ့ ခြေသံတွေကို မကြားနိုင်ပါဘူး၊ တော်ပြီ. . စကားမပြောနဲ့တော့"

သစ်ပင်များကို အကာအကွယ်ယူကာ သတိနှင့်တိုးကပ်သွားခဲ့ကြသည်။ ဆရာလုံတို့ ဆရာတပည့်နှစ်ယောက်ကို ကွေ့ပတ်ကာ ကျော်သွားပြီး ကမ်းစပ်ရှိ သန္တာကျောက်တန်းဆီ





ကိုပြန်ပြီးတော့ ချဉ်းကပ်လာခဲ့ကြသည်။ ထို့နောက် ဆယ့်ငါးပေခန့်မြင့်သော သန္တာကျောက်တန်းပေါ်ကို သတိထားပြီး ကုပ်တွယ်ကာ တက်လာခဲ့ကြလေသည်။

သူတို့တက်လာကြသည့်အပိုင်းက အနည်းငယ်နိမ့်သည်။ အပေါ်မှာ လေးပေခန့်မြင့်သော ကျောက်သားအထစ်ကြီးတစ်ခုက ဖြစ်ပေါ်နေလေရာ ယင်းကို အကာအကွယ်ယူ၍ ဆရာလုံတို့၏ လုပ်ကိုင်ပုံကို ကောင်းစွာမြင်နိုင်သည်။ ဆယ်ပေလောက်ပဲဝေးတော့သည်။ အသည်းယားစရာပင်။

ဆရာလုံသည် သန္တာကျောက်တန်းပေါ်မှာ တပည့်ကျော် ပေါက်ကျော်နှင့်အတူ ရပ်နေလျက်၊ ပေါက်ကျော်၏ လက်ထဲမှာ ငှက်ပျောအုန်းပွဲကို ကိုင်ထားလေသည်။

"ငှက်ပျောပွဲကို ဒီအပေါ်မှာတင်ထား. ."

ဆရာလုံက အမိန့်ပေးလိုက်ရာ ကျောက်တန်းထက်ရှိ ဂမူလေးပေါ်မှာ ပေါက်ကျော်က တင်ထားလိုက်လေ၏။

"မင်း. . ငါနဲ့ ခပ်ဝေးဝေးမှာ သွားနေ. . ပေါက်ကျော်"

ဆရာလုံက သတိပေးလိုက်ရာ ပေါက်ကျော်လည်း ကျောက်တန်း၏တစ်ဖက်ကို လျှောက်သွားခဲ့လေ၏။ ဖြူသီးနှင့် ဒေါင်းညိုတို့သည် ပေါက်ကျော်က သူတို့ဘက်ကို ရောက်မလာသောကြောင့် သက်ပြင်းချမိလိုက်ကြလေသည်။

ဆရာလုံသည် မတ်တပ်ရပ်လျက် အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ဘက်ကို မျက်နှာမူပြီး ငြိမ်သက်လျက်ရှိသည်။ နှုတ်က လည်း မန္တာန်တစ်ခုခုကို ရွတ်ဆိုနေသလား၊ စိတ်ထဲကပဲ အမိန့် ပေးနေသလား မပြောတတ်ပါ၊ ကျောက်ရုပ်ပမာ အကြာကြီး ရပ်နေရင်းက ထူးခြားချက်တစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

ရေပြင်သည် ဂယက်များက ပိုပြီးတော့ ထ,လာသည်။

"ဘွတ်. . ဘွတ်. . ဘွတ်"

ပေငါးဆယ်ပတ်လည်လောက်မှာ ကွက်ပြီး ဂယက် သေးသေးလေးများက ထကြွလာခဲ့ကြခြင်းပင်ဖြစ်ကြသည်။ ရေဆူလာသကဲ့သို့ဖြစ်လာပြီး အငွေ့များလည်း ချောင်းချောင်း ထ,လာခဲ့ကြလေသည်။ ဖြူသီးနှင့် ဒေါင်းညိုတို့သည် ထူးခြား သောမြင်ကွင်းကြောင့် ကြက်သေသေကာ ကြည့်နေကြလေ သည်။ ဆရာလုံ၏ တပည့်ရင်းဖြစ်သော ပေါက်ကျော်သည်ပင် အံ့အားသင့်နေမိသည်။ သို့သော် ကြောက်ရွံ့စိတ်ဖြစ်ပေါ်လာ ကာ. . ဆရာလုံ၏ အနားကို မသိမသာပင် တိုးကပ်လာခဲ့လေ သည်။ ဤကား ပေါက်ကျော်၏ အမှားပင်တည်း။

ဆရာလုံကား စောစောက အတိုင်းပင်၊ မလှုပ်မယှက် နှင့်ရပ်မြဲရပ်နေကာ. . ရေပြင်ကို ကျော်ပြီး ကြည့်နေသယောင် ပင်ထင်ရသည်။ အမှောင်ကား တဖြည်းဖြည်းနှင့် နေရာယူလာ ခဲ့ပြီဖြစ်၏။ နောက်ထပ်ထူးခြားချက်တစ်ခုက ရေပြင်သည် ဘော်ငွေရောင် တလက်လက်နှင့် တောက်ပလာခြင်းပင်တည်း။



တဘွတ်ဘွတ်နှင့် ထ,ကြွနေသော ရေဂယက်များကား အချို့လှိုင်းငယ်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။ လှိုင်းများ သည် အသက်ဝင်နေကြသလို တစ်ခုအပေါ်တစ်ခုကျော်တက် သွားလိုက်၊ ကျလာလိုက်နှင့် အလုအယက်ပင်ဖြစ်နေကြသည်။ ဆရာလုံကြောင့်ပဲ ဖြစ်လာသလား၊ သဘာဝပြောင်းလဲမှုကြောင့် ပေလား။

ထိုစဉ်. .

"ဝုန်း. . "

ကျယ်လောင်သော အသံကြီးတစ်သံက အမှောင်ကို ခွင်းပြီးတော့ ထွက်ပေါ်လာသည်။ ရေအောက်မှ ထိုးပြီးတက်လာ သည့်အရာကား. . ရွှေဝါရောင်ငါးကြီးတစ်ကောင်ပင်တည်း၊ ငါးကြီး၏ကိုယ်ပေါ်မှာ ပိုက်ကွန်ကြီးတစ်ခုက ဖုံးအုပ်လျက်ရှိ သည်။

ငါးကြီးသည် တစ်ကိုယ်လုံး အရောင်တလက်လက် ထွက်ပေါ်နေသည်။ သူတို့တစ်သက်တာတွင် ဤမျှလောက် ကြီးမားသော ငါးကြီးမျိုးကို ဤတစ်ကြိမ်သာလျှင် မြင်ဖူးတော့ သည်။ လွန်စွာမှ သတ္တိကောင်းသော ဖြူသီးပင်လျှင် တစ်ကိုယ် လုံးကြက်သီးဖြန်းဖြန်းထ,သွားခဲ့ရလေ၏။ ဒေါင်းညိုဆိုလျှင် ပြောဖွယ်ရာမရှိတော့။ တစ်ကိုယ်လုံး နုတ်ပူးသလို. . တုန်လှုပ် လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေမျက်နှာပြင်ထက်ကို တစ်ကိုယ်လုံးမြောက်တက်သွားသောငါးကြီးသည် အောက်ကိုပြန်ပြီးတော့ ကျလာခဲ့သည်။

"ဘွမ်း"

"ဖြန်း"

"အား"

"အား"

ငါးကြီး၏အမြီးက ကျောက်တန်းထက်မှ ဆရာတပည့်နှစ်ယောက်ကို ရိုက်ချသွားခဲ့လေသည်။ ရေထဲကိုကျသွားခဲ့ကြသည်။ ငါးကြီးက ကိုယ်လုံးကြီးကို ယမ်းခါလိုက်စဉ်မှာ ကိုယ်ပေါ်မှပိုက်ကွန်ကြီးသည် လွင့်စင်လာခဲ့သည်။ ဖြူသီးနှင့် ဒေါင်းညိုတို့၏ ကိုယ်ပေါ်ကို လာ၍အုပ်လေ၏။

"ဟာ"

"ဟာ"

နှစ်ယောက်စလုံးပိုက်ကွန်ထဲမှာ မိနေကြပြီး ရုန်းကန်လျက်ရှိနေကြသည်။ သို့သော်. . သူတို့သည် ကိုယ်ချည်းသက်သက်သာ အကြောက်အကန်ပင် ရုန်းနေမိကြခြင်းသာ၊ အဘယ့်ကြောင့်ဆိုသော် ကိုယ်ပေါ်မှာ တကယ်ရောက်ရှိနေသည်ကား ချည်မျှင်ပိုက်ကွန်သေးသေးလေးသာတည်း။ ထိုပိုက်ကွန်လေးသည်လည်း ပြတ်တောက်သွားခဲ့လေသည်။ အပိုင်းပိုင်းပင်ဖြစ်သွားခဲ့ရလေသည်။ ပိုက်ကွန်သည် သေးသေးမှ ကြီးကြီး၊





ကြီးကြီးမှ ချည်မျှင်ပိုက်ကွန်လေးအဖြစ် ပြန်ပြီးတော့ ပြောင်းလဲသွားသည့်အတွက် ဘယ်လိုမှ မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ ဆရာလုံ၏ ပဉ္စလက်ပညာပေလော. .

"ဖြူသီး. . ဖြူသီး၊ ဟို. . ဟိုမှာ ဆရာတပည့်နှစ်ယောက်စလုံးရေထဲကို ကျသွားကြပြီ၊ တော်တော်ကြီးတဲ့ ငါးကြီးပဲကွာ၊ မကောင်းဆိုးရွားကြီးများလား မသိဘူး. ."

"ဟော့ကောင် ဒေါင်းညို၊ မင်း မကြောက်နဲ့ ငြိမ်ငြိမ်နေစမ်း၊ သူတို့က မဟုတ်တာတွေလုပ်လို့ ဒီလိုဖြစ်ရတာ၊ ဒါမျိုးဟာ မြင်ရခဲတယ်. . မင်းသွေးမကြောင်နဲ့. ."

"ငါ. . ငါ. . မကြောက်ပါဘူးကွာ၊ ဒဏ္ဍာရီလိုလိုပြောနေကြတဲ့ ငါးကြီးကို မျက်ဝါးထင်ထင်တွေ့လိုက်ရတော့ အံ့အားသင့်လွန်းလို့ပါကွာ. ."

ဒေါင်းညို၏အသံက တုန်ယင်နေလျက်ရှိသည်။ သူ. . ကြောက်နေသည်မှာလည်း အမှန်ပင်။ အနားမှာ ဖြူသီးရှိနေ၍သာနေသာထိုင်သာရှိနေသည်။ သို့မဟုတ်က ထွက်ပြေးမိမှာအမှန်ပင်။

တစ်ကိုယ်လုံးလင်းလက်တောက်ပနေသောရွှေဝါရောင်ငါးကြီးသည် ရေထဲကို ဦးစိုက်ပြီးတော့ ပြန်ကျသွားသည်။ သန္တာကျောက်တန်းထက်က ငှက်ပျောပွဲ၊ အုန်းပွဲများလည်းမရှိတော့၊ နောက်ဆက်တွဲဖြစ်ပေါ်လာသည်များကား. .



www.burmeseclassic.com

www.burmeseclassic.com



ဆရာလုံနှင့် ပေါက်ကျော်တို့သည် ရေထဲကို နစ်မြုပ်မသွားကြသေး၊ ရေပေါ်မှာ သွေးရူးသွေးတမ်းဖြင့် ကူးခတ်နေကြသည်။ သို့သော်. . အလိုလိုနေရင်း ပုတ်ခတ်ထကြွနေကြသော ရေလှိုင်းများကြောင့် တဝဲလည်လည်ရှိနေကြရသည်။

"အား. . လုပ်ကြပါဦးဟ၊ ကမ်းဘယ်မှာလဲ၊ ဘယ်ကို ကူးရမှာလဲ. . "

"ဆ. . ဆရာကြီး၊ ဟို. . ဟိုဘက်မှာ ထင်တယ်"

ဆရာတပည့်နှစ်ယောက် မှောင်ထဲမှာ ကူးခတ်ရင်း ဒုက္ခများနေကြသည်။ ရေပြင်မှတက်လာသော အခိုးအငွေ့များသည် တစ်ခုနှင့်တစ်ခု လိမ်ယှက်သွားကြကာ ကြောက်မက်ဖွယ် သဏ္ဌာန်ကြီးများအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြသည်။ မျက်လုံးပြူးပြူး၊ အစွယ်ပြူးပြူးနှင့် မည်းနက်သော သတ္တဝါကြီးများသည် ခါးတစ်ဝက်အောက်ပိုင်းက ငါးခန္ဓာကိုယ်ကဲ့သို့ပင်တည်း၊ လေထဲမှာ. . ပတ်ချာလှည့်ကာ သွားနေကြပြီး ဆရာလုံတို့ ဆရာတပည့်ကို လိုက်ပြီး ဆွဲကြလေတော့သည်။

"အား. . အား လုပ်ကြပါဦးဗျ၊ ကယ်. . ကယ်ကြပါဦး"

"အမွေးစုတ်ဖွားကြီးနဲ့ဗျ. . သ. . သရဲကြီး၊ ကျုပ်ကို ရေထဲဆွဲနစ်နေပြီ၊ ကယ်ပါ. . ကယ်ကြပါ. . "

ဆရာတပည့်နှစ်ယောက်၏ အော်သံများကို ကမ်းထက်မှ ဖြူသီးနှင့် ဒေါင်းညိုတို့က ကောင်းစွာပင် ကြားနေ



ကြရလေသည်။

"ဟော. . ဟိုလူတွေ ဒုက္ခရောက်နေကြပြီ၊ အော်လိုက်ဟစ်လိုက်ကြတာကွာ၊ ငယ်သံကို ပါရောပဲ၊ ဟေ့ကောင် ဖြူသီး၊ ရေထဲကို လှမ်းပြီးတော့ ကြည့်လိုက်စမ်း၊ မင်း ဘာမြင်ရသလဲ"

"မမြင်ရဘူးကွ၊ သူတို့နှစ်ယောက်ကိုတောင် မမြင်ရတော့ဘူး၊ ရေထဲက အခိုးအငွေ့တွေကတော့ ထွက်နေတယ်ကွ"

"ဒါတော့ မင်းပြောမှလားကွ၊ အဲ့သလောက်ကတော့ ငါလည်း မြင်ရတာပေါ့၊ သူတို့အော်နေကြတာ သရဲ၊ သရဲဆိုပြီး မင်းမကြားဘူးလား၊ တစ္ဆေသရဲများလိုက်ပြီး ဆွဲနေသလားလို့ပေါ့. . "

"အေး. . ဟုတ်တယ်၊ အကြောက်အကန်ကို ဖြစ်နေကြတာပဲ. . မင်း မင်းကော ဘာမြင်သလဲ ဖြူသီး. . "

"ငါလည်း မင်းလိုပဲပေါ့ကွာ၊ အခိုးအငွေ့တွေတက်လာတာကိုပဲ မြင်နေရတယ်၊ တန်တော့ ဒီလူတွေ ကြောက်အားကြီးပြီး သွေးပျက်ကုန်ကြပြီထင်တယ်ဟေ့. . "

"အဲ. . အဲ့ဒီလိုများဖြစ်နေသလား မပြောတတ်ပါဘူးကွာ၊ တ. . တစ္ဆေဆိုတာ ကံနိမ့်တဲ့သူကိုမှ မြင်စေနိုင်တယ်လို့ ပြောပြောကြတယ်၊ သင်းတို့ ကံနိမ့်လို့မြင်နေကြရတာပဲဖြစ်မယ်"

ဒေါင်းညိုက ကြောက်အားကြီးပြီးတော့ ပြောနေသည်။

"လျှောက်ပြောမနေနဲ့ ဒေါင်းညို၊ စိတ်ကချောက်ချားရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ. . ထင်ချင်ရာထင်၊ မြင်ချင်ရာမြင်တတ်ကြတာပဲကွ၊ ဟော. . ဟော. . ဟို. . ဟိုမှာ ကမ်းဘက်ကို ကူးလာခဲ့ကြတာ ဟိုဆရာတပည့်နှစ်ယောက် မဟုတ်လား"

"ဟာ. . ဟုတ်. . ဟုတ်တယ်၊ ဒီလူတွေ ရေနစ်ပြီးတော့ မသေကြဘူးကွ၊ တော်သေးတာပေါ့ကွာ. . ဖြူသီး"

ထိုစဉ်. .

"ဝုန်း"

ရေထဲမှ အသံကြီးတစ်သံက ထွက်ပေါ်လာသည်။ ရေပြင်ပေါ်ကို မြောက်တက်လာသည့် အရာကြီးကား ရွှေဝါရောင်ငါးကြီးပင်တည်း။ ကိုယ်ပေါ်မှာ အရောင်က လက်လက်နှင့်ရှိနေကာ ခေါင်းနှင့် အမြီးက လေထဲမှာ လှုပစ္စာပင် ဝှေ့ယမ်းသွားသည်။ ဤလိုရေထဲမှာ ဤမျှလောက်ကြီးမားသော ငါးကြီးတစ်ကောင်က ရှိနေခြင်းအတွက် အံ့အားသင့်မိကြရသည်။ သာမန်စဉ်းစားကြည့်လျှင်ပင် ဤလိုငါးကြီးမျိုးသည်ပင် လယ်ဘက်မှာသာနေနိုင်ကြသည်။ ဖြူသီးတို့အဖို့ ငါးကြီးကို ဒုတိယအကြိမ်မြင်လိုက်ရခြင်းပင်တည်း။

ဆရာလုံနှင့် ပေါက်ကျော်တို့သည် ကုန်းပေါ်ကို သွေးရူးသွေးတမ်းဖြင့် ပြေးတက်လာခဲ့ကြသည်။ ကိုယ်ပေါ်မှာ အဝတ်အစားတွေ ပါမလာကြတော့၊ ထူးခြားသည်က သူတို့၏ နောက်က. . ဖြူဖြူအငွေ့များက လိုက်လာကြခြင်းပင်တည်း။





ယင်းဖြူဖြူအငွေ့များသည် သာမန်သက်သက်မဟုတ်ပဲ ကြောက်စရာသဏ္ဍာန်များ ဖြစ်ပေါ်နေကြသည်။

"ဟာ. . ဘာတွေလည်းကွ. . "

"ကြောက်စရာ သဏ္ဍာန်ကြီးတွေပါလား ဖြူသီး. . "

သူတို့နှစ်ယောက်သည် ယခုမှပင် အံ့အားသင့်နေမိကြရသည်။ ယင်းသဏ္ဍာန်များသည် ဆရာလုံတို့တပည့်နှစ်ဦး ထွက်ပြေးရာဆီကို တောက်လျှောက်လိုက်ပါသွားခဲ့ကြလေ၏။

"သ. . သရဲကြီး၊ လိုက်လာပြီဗျာ၊ ကယ်ကြပါဦးဗျာ"

ငယ်သံပါအောင် အော်ပြီး ထွက်ပြေးသွားကြသူများကား ဖြူသီးတို့၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့ကြလေသည်။ မီးခိုးတန်းကြီးများသည်လည်း နောက်ကတောက်လျှောက်ပင် လိုက်ပါသွားခဲ့ကြလေသည်။ ဖြူသီးနှင့် ပေါက်ကျော်တို့မှာ ယင်းမြင်ကွင်းကိုကြည့်ပြီး ကြက်သီးတဖြန်းဖြန်းထကာ ကျန်ရစ်ခဲ့ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com







## (၅)
## မသက်ာစရာလူ

"ကဲ. . အဖြစ်အပျက်ကတော့ အဲ့ဒါပဲတွယ်၊ ဆရာလုံတို့ ဆရာတပည့်နှစ်ယောက်စလုံး ရှူးသွပ်သွားလိုက်ကြတာမှ အဖတ် ဆယ်လို့ကို မရတော့ဘူး၊ နောက်တော့ တစ်နှစ်အတွင်းမှာ သေဆုံးသွားခဲ့ကြတယ်လို့ သတင်းကြားလိုက်ရတာပဲ"

ဦးဖြူသီးက စ်တွေးကို သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြရင်း နိဂုံးချုပ်လိုက်လေ၏။

"ဪ. . အဘက ဒီဇာတ်လမ်းမှာ ပါဝင်ခဲ့တာကိုး၊ ဒါဆိုရင် အဘရဲ့ ကိုယ်တွေ့ပဲပေါ့နော်. . "

"အေး. . ဟုတ်တယ်၊ ငါ့ရဲ့ကိုယ်တွေ့ပဲ၊ ဒီရွှေဝါရောင် ငါးကြီးကို ငါနဲ့ဒေါင်းညိုတို့ နှစ်ယောက် မြင်ဖူးခဲ့ကြတာ အခုနပဲ၊ သည့်မတိုင်မီကဆိုရင် ဒီရွှေဝါရောင်ငါးကြီးရဲ့ ဇာတ်လမ်းက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မမွေးမီကတည်းက ရှိနေခဲ့တာကွယ့်. . ”

“ဒါဆိုရင် နှစ်ပေါင်းတော်တော်ကြာခဲ့ပြီပေါ့၊ နောက်ထပ်ကော ဒီငါးကြီးရဲ့အကြောင်းကို ကြားဖူးကြသေးသလား၊ မြင်ကော မြင်ဖူးကြသေးရဲ့လား”

“အဲ့ဒီနောက်ပိုင်းမှာ ဒီငါးကြီးနဲ့ပတ်သက်ပြီး ပြောသံဆိုသံတွေမကြားကြရတော့တာ ငါ့တစ်သက်ပါပဲကွယ်၊ တချို့ကလည်းပြောကြတယ်၊ ငါးကြီးသိုက်ဟာ ဒီနေရာကနေပြောင်းသွားသလိုလိုမျိုး၊ ငါကတော့ ကိုယ်တွေ့မှ ယုံတတ်တဲ့သူဆိုတော့ လူတွေက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ချဲ့ကားပြောနေကြတာပဲလို့ ထင်မိတယ်၊ ဥစ္စာသိုက်ဆိုတာ ကိုယ်ထင်ရာကိုပြောနေကြတာ၊ တကယ်တမ်းကျတော့ ကိုယ်လည်းသေသေချာချာသိကြတာ မဟုတ်ဘူး”

စံထွေးသည် ငါးကြီးဇာတ်လမ်းကို အခုမှ ဖွင့်ပြောပြသည့် အဖိုးဖြစ်သူ ဦးဖြူသီးကို သူရဲကောင်းကြီးတစ်ဦးသဖွယ် လေးစားသွားမိလေ၏။ မကြာမီမှာပင်လျှင် ငါးကြီးနှင့်ပတ်သက်သည့် ဇာတ်လမ်းသည် သူ့ခေါင်းထဲမှာ မရှိတော့ပဲ တဖြည်းဖြည်းနှင့် မှေးမှိန်ကာ ပျောက်ကွယ်သွားခဲ့လေ၏။

“ဒေါင်းညိုကတော့ မရှိရှာတော့ဘူးကွယ်၊ မင်းကိုမမွေးမီမှာပဲ ဆုံးသွားခဲ့တယ်၊ သူ့ခင်ဗျာ. . အသက်တိုရှာပါတယ်ကွယ်၊ ငါ့သူငယ်ချင်းအရင်းခေါက်ခေါက်ပဲ. . ညီအစ်ကို





လိုလည်းခင်တယ်. . ”

“ဘာရောဂါနဲ့ ဆုံးသွားတာလည်း အဘ”

“အင်း. . နှလုံးရောဂါတဲ့၊ မွေးရာပါရောဂါ၊ အသက်ငါးဆယ်ကျော်လောက်အထိ နေသွားရတာကိုကပဲ ကံကောင်း”

ဦးဖြူသီးက သူ့သူငယ်ချင်းဒေါင်းညိုကို သတိရသွားဟန်တူသည်။ ပြောရင်းက မျက်ရည်လေးများပင် လည်လာသည်။ ရှေးဟောင်းနှောင်းဖြစ်စကားသည် ဤမှာပင် အဆုံးသတ်လိုက်လေ၏။

စံထွေးသည် တံငါစုရွာကလေးတွင် မွေးဖွားပြီး ကြီးပြင်းလာခဲ့သည်။ ရွာဦးကျောင်းတွင် အခြေခံပညာများကို သင်ကြားခဲ့သည်။ ထို့နောက် ရွာနှင့်အတန်ငယ်လှမ်းသော မြို့ကျောင်းတွင် ဒသမတန်းအထိ ပညာသင်ကြားနေစဉ်မှာပင် ဖခင်ဖြစ်သူ ဦးအောင်ဘွားမှာ နာမကျန်းဖြစ်သွားခဲ့ရသည်။ လေဖြတ်သွားခဲ့ခြင်းပင်၊ ထို့ကြောင့် ကျောင်းမှထွက်ကာ. . ဖခင်၏ တံငါအလုပ်ကို ငယ်ငယ်ရွယ်ရွယ်နှင့်ဦးစီးကာ လုပ်ကိုင်ခဲ့ရလေသည်။ ဦးအောင်ဘွားသည် နာမကျန်းဘဝမှ ပြန်ကောင်းလာခဲ့ပြီဖြစ်သည့်တိုင် လုံးဝတော့ မဟုတ်သေး၊ စကားက



www.burmeseclassic.com

www.burmeseclassic.com



သိပ်မပီချင်တော့၊ ခြေတစ်ဖက်က အနည်းငယ်ဆွဲနေသေးသည်။ လမ်းလျှောက်လျှင် တုတ်ကောက်ကို အားပြုရသေးသည်။ တံငါအလုပ်ကို ပြန်ပြီးမလုပ်နိုင်တော့ပေ။ သားဖြစ်သူစံထွေးကလည်း မလုပ်ခိုင်းတော့ပေ။

"အဖေ. . နားပါတော့၊ ကျွန်တော်ပဲ လုပ်ပါတော့မယ်၊ ကျွန်တော်ကျောင်းအားရက်တွေမှာ ပင်လယ်ထဲကို အဖေနဲ့ မကြာမကြာလိုက်ဖူးတာပဲ၊ ဒီအလုပ်ကို ကျွန်တော်လည်း လုပ်တတ်ပါတယ်. ."

"သားက ကျောင်းသားပဲ၊ ကျောင်းပဲ ဆက်နေရမှာပေါ့၊ ပြီးတော့ ဒီတံငါအလုပ်ကိုလည်း သားကို မလုပ်စေချင်ဘူး၊ ပညာတတ်ကြီးဖြစ်အောင်လို့ စာသင်ပေးခဲ့တာပါ။ သားရဲ့ ပညာရေးကို အညွန့်ကျိုးမသွားစေချင်ဘူး. ."

ဦးအောင်ဘွားက စကားကို အားယူပြီးတော့ ပြောရသည်။ ကြာကြာပြောလျှင် လေကပြတ်သွားသေးသည်။ စံထွေးသည်ဖခင်ကိုကြည့်ပြီးတော့ ငိုချင်လာမိသည်။ ထို့ကြောင့် ဖခင်၏ လက်ဝါးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး နှစ်သိမ့်ရသည်။

"အဖေ. . ကျွန်တော်လည်း ဒီအလုပ်ကို တာရှည်မလုပ်ပါဘူး၊ ခဏပဲလုပ်မှာပါ. . လောလောဆယ် ကျွန်တော်တို့ရဲ့စားဝတ်နေရေးအတွက်ကြောင့်ပါ၊ နောက်တော့လည်း ကျောင်းဆက်တက်ဖြစ်မှာပါ. ."



ထိုအခါ မိခင်ဖြစ်သူ ဒေါ်မှိန်းက. .

"အမေတို့ရဲ့ စားဝတ်နေရေးအတွက်ကတော့ ဘာမှ မပူပါနဲ့သားရယ်၊ စုဆောင်းထားတာတွေ ပြည့်ပြည့်စုံစုံရှိပါတယ်၊ သားဒီအလုပ်ကို လုပ်တာလည်း စိတ်မချဘူး၊ ဒါကြောင့်မို့ အမေတို့က တားမြစ်နေရတာပါ. ."

မိခင်ပြောသည့် စုဆောင်းထားသည့်ငွေများ၊ ပစ္စည်းများသည်လည်း ဖခင်နေမကောင်းဖြစ်၍ ဆေးကုသခဲ့ရသောကြောင့် တော်တော်များများပွန်းပဲ့ခဲ့လေပြီ၊ ဒီအတိုင်းထိုင်ပြီးစားနေလို့ကတော့ မဖြစ်၊ ကိုယ့်ဝမ်းနာကိုယ်သာသိသည်ပဲ မဟုတ်ပါလား၊ နောက်ဆုံးမှာတော့ မိဘနှစ်ပါးက သားဖြစ်သူ စံထွေးကို အလျှော့ပေးလိုက်ရလေသည်။

စံထွေး ဤအလုပ်ကို လုပ်ခဲ့သည်မှာ နှစ်နှစ်ပင်ရှိခဲ့လေပြီ၊ တံငါအလုပ်ဖြင့် ကျင့်သားရနေခဲ့လေပြီ၊ သို့သော်. . စံထွေးသည် ပင်လယ်သို့ တစ်လ ငါးခေါက်လောက်ခရီးထွက်နေသော်လည်း အသားအရည်က မည်းခြင်း၊ မွဲခြောက်သွားခြင်း မရှိပေ။ ဖြူကာ ဝင်းပလျက်ရှိသည်။ ယောကျ်ားပီသသည်။ အားကိုးရလောက်သောသူဟု ထင်မြင်မိကြလေသည်။

သို့သော်. .

စံထွေးကို ဘဝတူတံငါအုပ်စုမှ မိန်းကလေးများကသာ စိတ်ဝင်စားကြသည်။ သပြေတောရွာမှ မိန်းကလေးများက

www.burmeseclassic.com

www.burmeseclassic.com



စံထွေးကို ချစ်ခင်ကြသည်။ ခင်မင်ကြသည်။ သို့သော်. . အကုသိုလ်လုပ်ငန်းကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကြောင်းသူမို့ အိမ်ထောင်ဖက်အဖြစ် မရွေးချယ်ဝံ့ကြပေ။

"အဆီတဝင်းဝင်းနဲ့ စားချင်စရာဖြစ်ပေမယ့်လည်း စားရမှာလည်း သဲတရှပ်ရှပ်ဖြစ်နေတယ်၊ ပစ်ရမှာလည်း အဆီနဲ့ တဝင်းဝင်းမို့ မချင့်မရဲဖြစ်စရာပဲလေ. ."

စံထွေးကို စိတ်ဝင်စားကြသူများက မကြားတကြားပြောကြသည်။ စံထွေးက ရယ်ကျဲကျဲလုပ်နေရုံအပ တခြားဘာမှမရှိ၊ တကယ်တော့ စံထွေးသည် မိန်းကလေးနှင့်ပတ်သက်ပြီး ယခုအထိ ရင်ခုန်ခြင်းမရှိသေးပေ။

[နောင်အခါတွင် အချစ်ကိစ္စနှင့် ပတ်သက်ပြီး ထူးဆန်းသော အဖြစ်အပျက်များကို ကြုံတွေ့ရခြင်း၊ ရင်နင့်ခါးသည်းဘွယ်ရာ အခြေအနေများကို အသက်နှင့်ရင်းပြီး ခံစားရခြင်းမျိုး ရင်ဆိုင်ရခြင်းများကို စံထွေးတစ်ယောက်ကိုယ်တိုင်ပါဝင်လာခဲ့ရလိမ့်မည်ဟု ကြိုတင်ပြီး တွေးတောနိုင်စွမ်းရှိခဲ့ပါလျှင်. .]





တစ်ရက်တွင်. .

စံထွေးတစ်ယောက် တံငါစုရွာမှ ထွက်လာခဲ့သည်။ ရွာထဲတွင် တင်မောင်က သူ့သူငယ်ချင်း၊ တပူးပူးတတွဲတွဲတော့ မဟုတ်၊ စိတ်ရင်းမှန်သောကြောင့် ပေါင်းဖြစ်ခြင်းဖြစ်ကြသည်။

ငါးကြီးချောင်း၏ဟိုမှာဘက်ကို တစ်ယောက်တည်းသွားရမည့်အတူတူ တင်မောင့်ကိုခေါ်သွားရလျှင် ကောင်းလေမည်လားဟု စဉ်းစားမိသေးသည်။

"အို. . ငါတစ်ယောက်တည်း သွားတာပဲ ကောင်းပါတယ်လေ. ."

တင်မောင့်ကို မခေါ်ဖြစ်တော့၊ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ငါးကြီးချောင်းက ဒဏ္ဍာရီဆန်သည့်ဖြစ်ရပ်မျိုးကို အဖိုးဖြစ်သူ ဦးဖြူသီးက ကိုယ်တွေ့ဖြစ်ရပ် ပြန်ပြောင်းပြီးတော့ပြောပြခဲ့သည်။ စိတ်ဝင်စားမိသည်။ နောက်တော့သိပ်ပြီး ဆန္ဒကမရှိတော့. . ရိုးသွားခဲ့သလိုပင်။

အခုတစ်ဖန်ပြန်ပြီးတော့ စိတ်ဝင်စားလာခဲ့ရပြန်လေပြီ။ အဖိုးဦးဖြူသီး အမှတ်ရရကြုံတွေ့ခဲ့ရသည့် နေရာလေးကို သူတစ်ခေါက်လောက်သွားကြည့်ချင်သည့်စိတ်က ဖြစ်ပေါ်လာခဲ့လေသည်။ စိတ်ဆိုသည်မှာ အဖမ်းရခက်သားပင်။

စံထွေးထွက်လာခဲ့သည်မှာ နံနက်အဆာပြေစားပြီးခါနီးလောက်ပင်၊ ကမ်းစပ်မှနေ၍ ချောင်းဦးထိပ်အထိ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရပြီး ယင်းမှတဆင့်ကွေ့ဝိုက်ကာ သွားရမည်ဖြစ်သည်။ သူသည် အိမ်ကိုလည်း အသိမပေးခဲ့ချေ။ ငါးကြီးချောင်းထိပ်သို့ ရောက်သောအခါတွင် လူကအတန်ငယ်ပြတ်သွားခဲ့လေပြီ။

ရာဘာတောကြီးနှင့် မန်ကျည်းပင်များကြီးစိုးရာ နေရာကို ရောက်လာခဲ့သည်။ ရာဘာတောထဲမှ ဖြတ်လျှောက်၍ တောင်ဘက်ကို ဖောက်ထွက်ခဲ့လျှင် သန္တာဆောင်ကျောက်တန်း များဘက်ဆီကို ရောက်သည်။ ခြေလှမ်းသွက်သွက်ဖြင့် သွားသောကြောင့် မကြာမီမှာပင် ရာဘာတောနှင့် မန်ကျည်းပင် တောကြီးကို ကျော်၍ဖောက်ကာ ထွက်လာခဲ့လေသည်။ ရှာမှ သန္တာဆောင်ကျောက်ဆောင်များဆီကို နှစ်မိုင်ခန့်ကွာလှမ်း သည်။

"ဝုန်း. . ဝုန်း"

လှိုင်းတန်ပိုးရိုက်ခတ်သံများကို ကြားလာခဲ့ရသည်။ သူရောက်နေသည့် နေရာက လှမ်းပြီးကြည့်လိုက်သောအခါ ပင်လယ်ရေဝင်သော ချောင်းကျယ်ကြီးလိုလိုမျိုးကို တွေ့လိုက် ရလေသည်။ တကယ်တော့ ချောင်းလည်း မဟုတ်ပါ၊ ရေနက် ပိုင်းနေရာများရှိသော်လည်း ကျောက်ဆောင်တွေက များသည်၊ ငါးကြီးချောင်းနှင့် ဆက်စပ်မှုမရှိ၊ တစ်သီးတစ်ခြားရှိနေသည်၊

"ဟိုးအရင်က ရွှေဝါရောင်ငါးကြီးက ငါးကြီးချောင် ဘက်မှာ ကျက်စားခဲ့တယ်၊ အခု. . အဘဖြူသီးပြောပုံအရဆိုရ





သူတို့ကြုံခဲ့ကြတာ ဒီဘက်မှာပဲ၊ ကြားမှာ ကုန်းမြေကြီးက ခံနေတယ်၊ ဒီငါးကြီးဟာ ကုန်းမြေကြီးကိုကျော်ပြီး ဒီဘက်ကို ဘယ်လိုရောက်လာခဲ့တာလဲ. . . "

မည်သို့မှ မဆက်အစပ်မရှိပေ၊ ကုန်းမြေအောက်မှ ရေအောက်လိုဏ်လမ်းကြောင်းများရှိလျှင်တော့ ဖြစ်နိုင်သည်။ မည်သူကမှ သေချာစွာ မပြောနိုင်၊ စံထွေးသည် လမ်းမှာ တွေးတောရင်း သန္တာကျောက်တန်းများဘက်ဆီကို ရောက်လာ ခဲ့လေသည်။ ရေလှိုင်းများက အဝေးကနေပြေးလာကြပြီး ကျောက်ဆောင်များကို တဝုန်းဝုန်းနှင့် ရိုက်ခတ်နေကြသည်။ ဤနေရာသည် ပင်လယ်နှင့် ဆက်စပ်နေသည်မှာ သေချာလျက် ရှိသည်။ ပင်လယ်ရေများသည် မြေအောက်ဂူလိုဏ်လမ်းကြောင်း များမှတဆင့် ငုပ်လျှိုးပြီးတော့ ဝင်လာခဲ့လေသလား မပြော တတ်ပါ။

သူ. . တဖြည်းဖြည်းနှင့် လျှောက်လာရင်း လူတစ်ရပ် ထက်မက မြင့်သော သန္တာကျောက်တန်းများဆီကို ရောက်လာ ခဲ့လေသည်။ ထူးခြားစွာပင် မြင့်မားပြီးရှည်လျားလှသော သန္တာကျောက်တန်းကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရ သည်။ ဂငယ်သဏ္ဍာန်မြောက်ဖက်ကို ကွေ့ဝိုက်သွားလေသည်။

"ဒီနေရာဟာ ဆရာလုံနဲ့ သူ့တပည့်ပေါက်ကျော်နိုင် ရောက်ခဲ့တဲ့နေရာများလား. . "



www.burmeseclassic.com

www.burmeseclassic.com



စံထွေး စိတ်ဝင်စားသွားခဲ့သည်။ ထို့ကြောင့် . . ကျောက်တန်းပေါ်ကို ကုပ်တတ်ပြီးတော့ တက်လာခဲ့လေသည်။ အပေါ်ကိုရောက်သောအခါ ရေပြင်ကြီးကို ကောင်းစွာ မြင်လိုက်ရသည်။ လှိုင်းများက ပုခက်လွှဲနေသကဲ့သို့ပင် လှုပ်ရှားလျက်ရှိနေကြသည်။ ရေပြင်သည် နက်ပြာရောင်သန်းလျက် ရှိနေသည်။ ရေနက်ပိုင်းပင်ဖြစ်သည်။

"ပင်လယ်ထဲမှာ ကျက်စားတဲ့ ငါးကြီးမျိုးဟာ ဒီလို နေရာမျိုးမှာ ဘယ်လိုနေနိုင်မှာလဲ၊ ဒီရေပြင်ရဲ့ အနက်ဟာ ပင်လယ်ရေနက်ကြီးကို မမီပါဘူး . ."

နှုတ်ကအလိုလိုပင် ထွက်သွားခဲ့လေသည်။ တကယ်တော့ စိတ်ထဲမှာသာ ပြောဖြစ်လိမ့်မည်ဟု ရည်ရွယ်မိခဲ့သည့်စကား။

"မင်းပြောတာ ဘယ်ငါးကြီးကိုလည်းကွယ့် . ."

အသံတစ်သံက အမှတ်မထင်ပဲ ထွက်ပေါ်လာခဲ့လေသည်။ ကျောပြင်ထက်မှာ ဖြန်းကနဲဆို ဖြစ်သွားခဲ့ရသည်။ မိမိရှိနေသည့်နေရာကို လူတစ်ယောက်က ရောက်နေပါလား။ ထို့ကြောင့် ဘေးကို ခေါင်းငဲ့စောင်းပြီး လှည့်ကြည့်မိလိုက်လေ၏။

လူစိမ်းတစ်ယောက်ပင်၊ သျှောင်တစ်စောင်းထုံးထားသည်။ နက်မှောင်သော ဆံပင်များသည် နေရောင်အောက်မှာ



ပြောင်လက်လျက်ရှိသည်။ နဖူးမှာ ပုဝါကိုပေါင်းမထားပေ။ ခန့်မှန်းပြီးကြည့်မိရသည်က မဟာနဖူးပိုင်ရှင်တစ်ယောက်ပင်။

ထူထဲသော မျက်ခုံးမွေးတစ်စုံသည် နက်မှောင်လျက်ရှိပြီး နှာယောင်ထက်မှာ ဆက်စပ်လုနီးပါးပင်၊ မျက်လုံးတွေက ဆွဲငင်အားအပြည့်ရှိပြီး လူတစ်ယောက်အပေါ်မှာ ဩဇာကောင်းကောင်းလွှမ်းမိုးနိုင်သည်။ ကော်လာမပါရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ ရွှေဝါရောင်ဖြစ်သည်။ လုံချည်သည် ရေညှိရောင်ဖြစ်ပြီး အညိုရောင်စတုဂံအကွက်များနှင့်ဖြစ်သည်။

ထိုသူသည် မည်သူလဲ၊ ဤအရပ်မှာလည်း တစ်ခါမှ မတွေ့မမြင်ဖူးပါ။ အသားရောင်သည် အဖြူရောင်ဘက်ကို လုနေသော်လည်း အဝါရောင်, ရောင်ပြေးလေးက မသိမသာ ပင်သန်းနေသည်။ စံထွေး၏တစ်သက်တွင် ဤမျှလောက် ကြည့်ကောင်းသောလူကို ယခုမှပင် မြင်ဖူးတော့သည်။ အသက်ကတော့သုံးဆယ်ကျော်ဝန်းကျင်လောက်ပင် ရှိလိမ့်ဦးမည်။

သူကစပြီး နှုတ်ဆက်စကားကို ပြောလိုက်သည့်အတွက် မိမိကလည်းပြန်ပြီး နှုတ်မဆက်ခဲ့လျှင် ရိုင်းပျရာရောက်လိမ့်မည်။ ထို့ကြောင့် . .

"ဩော် . . ဟိုးအရင် ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက ပြောထား . . သိထားခဲ့ကြတဲ့ ရွှေဝါရောင်ငါးကြီး အကြောင်းကို ပြောတာပါဗျာ . ."

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဝါရောင်ငါးကြီး. . ဟုတ်လား၊ မင်းသိရင် အစ်ကို့ကို ပြောပြစမ်းပါဦးကွယ့်. . "

ထိုသူက စံထွေးနှင့် မနီးမဝေးမှာ ထိုင်လိုက်သည်။

"ဟုတ်. . မဟုတ်တော့ ကျွန်တော်လည်း မသိဘူးနော်၊ အစ်ကို ကျွန်တော်မမီတဲ့ခေတ်ကာလက အကြောင်းတွေဆို တော့. . ကြားမိသလောက်ပြန်ပြီးတော့ ပြောပြရမှာ. . "

"အေးပါကွယ်၊ ပြောသာပြောပါ၊ အစ်ကိုလည်း အထူး အဆန်းဆို သိပ်ပြီးတော့ သိချင်တာ၊ ဗဟုသုတရတာပေါ့ကွယ်"

စံထွေးသည် ရွှေဝါငါးကြီးအကြောင်းကို ပြောပြတော့ မလိုပြုပြီးမှ ဦးဖြူသီးပြောပြခဲ့သည့် ဆရာလုံ၏အဖြစ်အပျက်ကို ပြန်ပြီးတော့ သတိရသွားခဲ့လေ၏။

"သိုက်ဆရာများလား. . သိုက်ဆရာဆိုရင်တော့ ငါပြောပြလို့ ဖြစ်ပါ့မလား. . ငါးကြီးကို ဒုက္ခပေးလိမ့်မယ်. . "

စံထွေးသည် သူပြောပြီးမှ နှုတ်လွန်သွားမှန်းသိလိုက် ရသည်။ နှုတ်က မထွက်ရဲတော့. . တွေဝေသွားမိသည်။

ထိုသူက ပြုံးမိလိုက်သည်။

"ငါ့ညီက တစ်ခုခုကို တွေးပြီးတော့ ကြောက်နေတယ် ထင်တယ်. . အစ်ကိုက မသမာတဲ့လူ မဟုတ်ပါဘူးကွယ်. . "

"ဟုတ်ပါတယ်. . တွေးပြီးတော့ ချင့်ချိန်နေရတာက သူတစ်ပါး ဒုက္ခရောက်မယ့် ကိစ္စမျိုး မဖြစ်စေချင်လို့ပါ၊ အစ်ကို့ကို





မယုံလို့မဟုတ်ပါဘူး. . "

"ဒါပေါ့. . အတွင်းစကားဆိုတာမျိုးဟာ လွတ်ကနဲပြော လို့ဘယ်ဖြစ်ပါ့မလဲ၊ ဆင်ခြင်ရမှာပေါ့. . ငါ့ညီက တော်တော့်ကို သတိထားတတ်သားပဲ. . "

"ဟုတ်ကဲ့၊ ကျွန်တော် အစ်ကို့ကို ယုံလို့ပြောပြပါ့မယ်၊ ဒီလိုပါ ခင်ဗျာ၊ ကျွန်တော့်ကို မမွေးမီ ဟိုးပဝေသဏီကာလ ကတည်းက ဒီရွှေဝါရောင်ငါးကြီးရဲ့အကြောင်းက ရှိထားခဲ့ တာပါ"

စံထွေးသည် သူသိသမျှသော ရွှေဝါရောင်ငါးကြီး၏ အတိတ်ကာလက အဖြစ်အပျက်များကိုသော်လည်းကောင်း၊ အဖိုးဖြစ်သူ ဦးဖြူသီးပြောပြခဲ့သည့် ကိုယ်တွေ့ဇာတ်လမ်းကို သော်လည်းကောင်း၊ စီကာပတ်ကုံးပင် ပြောပြလိုက်လေသည်။ စံထွေးပြောပြနေစဉ် အချိန်အတွင်းမှာ ထိုသူသည် တစ်ခွန်း တစ်လေသော်မှ ဝင်ပြီးမစွက်ဖက်ပဲ ငြိမ်သက်စွာပင် နားထောင် နေလေသည်။

"အဲ့ဒါပဲ အစ်ကို၊ ကျွန်တော်သိသမျှ ရွှေဝါရောင်ငါးကြီး ရဲ့အကြောင်းကတော့ ဒါပါပဲ. . "

"သြော်. . ဒီအဖြစ်အပျက်တွေက တော်တော်လေးတို ကြာခဲ့ပြီပဲ. . "

"ငါ့ညီကကော ယုံသလား"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး၊ ယုံတယ်လို့တော့ မရှိပါဘူး၊ နားထောင်ကောင်းတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျွန်တော့်အဖိုးက ဘယ်တော့မှ မုသားစကားမပြောတတ်ဘူးလေ၊ လက်ခံမိပါတယ်၊ မယုံဘူးလို့ဆိုရင်လည်း အဘကို မလေးစားရာရောက်သွားမှာပေါ့. . "

ထိုသူက စံထွေး၏ စကားကြောင့် ရယ်လေသည်။

"မင်းရဲ့အဖိုးက ဦးဖြူသီး ဟုတ်လား၊ သိုက်ဆရာလုံရဲ့ အဖြစ်အပျက်တွေကို သူမျက်ဝါးထင်ထင် တွေ့ခဲ့တာပဲ၊ ဒါ. . အင်မတန်မှ ဆန်းကြယ်တာပဲကွယ့်၊ ဒီမှာ ညီလေး လောကကြီးမှာကိုယ့်ဉာဏ်နဲ့ လိုက်မမီတဲ့ အကြောင်းအရာအဖြစ်အပျက်တွေ အများကြီးပဲရှိနေကြတယ်၊ လက်တွေ့မပြနိုင်တဲ့ကိစ္စတွေကို လက်မခံကြတဲ့သူတွေရှိကောင်းရှိကြလိမ့်မယ်၊ သူတို့ကိုလည်း အပြစ်မဆိုသာဘူးပေါ့ကွယ်. . "

"အစ်ကိုကကော ယုံသလား"

စံထွေး၏စကားကြောင့် ထိုသူသည် မျက်နှာကို ငုံ့ကာ ခေါင်းတဆတ်ဆတ်ဖြင့် ညိတ်နေရင်းက. .

"အစ်ကိုတော့ ယုံတယ်. . ငါ့ညီ"

"ဘာဖြစ်လို့ ယုံတာလဲ. . "

"ဘယ်သူမဆို. . ဘယ်အရာမဆို သူ့အကြောင်းနဲ့သူရှိနေကြလို့ပေါ့၊ အပေါ်ယံလျှပ်ပြီး နားမလည်နိုင်ကြတဲ့အဖြစ်





အပျက်တွေရှိနေကြသလို. . အတွင်းကိုနှိုက်ပြီး ထဲထဲဝင်ဝင်လေ့လာပြီးမှ သိနိုင်တဲ့ အကြောင်းအရာတွေလည်းပဲ ရှိနေကြတယ်၊ တစ်ချို့ကို ကိုယ့်ဉာဏ်နဲ့ တိုင်းပြီး ဆုံးဖြတ်ချက်ချလို့မရဘူးလေ. . "

ထိုသူ၏စကားက ဝေ့လယ်လယ်ရှိနေသည်။ တိကျမှုမရှိ၊ တိကျမှုမရှိဘူးဆိုတာက ပုစ္ဆာတစ်ပုဒ်ကို ဘယ်လိုပဲအဖြေရှာရှာမထွက်တဲ့ သဘောမျိုးပဲ။

စံထွေးအံ့အားသင့်သွားခဲ့ရလေသည်။ သူ့အတွေးကို ထိုသူက သိနေသယောင်ပြောလိုက်သောကြောင့်ပင်။

"ကျွန်တော့်နာမည် စံထွေးပါ. . "

"အစ်ကို့နာမည်က တက်လူ၊ မှတ်ထားနော်. . ညီလေး၊ ကဲ. . ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်. . "

တက်လူဆိုသည့်သူက စံထွေးကို နှုတ်ဆက်ပြီး ချက်ချင်းပင်နေရာက ထသွားခဲ့လေ၏။ သန္တာကျောက်တန်းထက်က အောက်ကို ဆင်းသွားခဲ့လေရာ သွက်လက်မြန်ဆန်လွန်းလှသည်။

"ဒီလူ ဆင်းသွားပုံကလည်း မြန်လိုက်တာ၊ မျက်တောင်တစ်ခတ်စာအတွင်းမှာ အောက်ကိုရောက်သွားသလိုလိုပဲ. . "

စံထွေးသည် သန္တာကျောက်တန်းထက်က အောက်ကို ငုံ့ကြည့်လိုက်ရာ ထိုသူကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မရှိတော့ပါလား၊ ဘယ်ရောက်သွားပါလိမ့်"

အံ့အားသင့်သွားခဲ့ရလေသည်။ ထို့ကြောင့် အောက်ကို ချက်ချင်းလိုလိုပင်လိုက်ပြီးတော့ ဆင်းသွားခဲ့သည်။ အစအနပင် မတွေ့ရတော့ပေ။ မြေပျော့ပျော့ပေါ်မှာ ထင်ပြီး ကျန်ရစ်ခဲ့သည့် ခြေရစ်များကိုလည်း မတွေ့ရပေ။

"တော်တော့်ကို ထူးဆန်းတာပဲ၊ ခြေရာလည်း မတွေ့ရဘူး၊ ဒါလောက်မြန်မြန်ဆန်ဆန်ကြီး ပျောက်သွားတာ ဘယ်လိုအကြောင်းကြောင့်လဲ. ."

စံထွေး. . ဘယ်လိုမှ နားမလည်နိုင်တော့ပါ။



(၆)

## ငါးပါးစပ်ထွင်းကြီး

စံထွေးသည် တက်လူဆိုသည့်လူကို မတွေ့ရတော့သည့်အတွက် မကြေမနပ်ဖြစ်သွားခဲ့ရလေ၏။

"ငါ. . ဒီလူ့ကို လိုက်ပြီးရှာမယ်"

တချို့ကျောက်ဆောင်များသည် ကုန်းမှာ တစ်ဝက်၊ ရေမှာတစ်ဝက်ရှိနေကြသည်။ ပင်လယ်ရေများသည် ကျောက်တန်းများကြားထဲကို ဝင်ဝင်လာတတ်ကြပြီး ပြန်၍ထွက်သွားတတ်ကြလေသည်။ စံထွေးသည် ဒူးဆစ်ခန့်နက်သော ရေထဲကို ကျော်ဖြတ်သွားသည်။ လှိုင်းပုတ်လိုက်တိုင်းမှာ ရေတွေက တစ်ဝေါဝေါဖြင့် ဝင်လာတတ်သည်။ ထိုသူများ သန္တာကျောက်တန်းနှစ်ခုကြားထဲကို ဝင်သွားသလားဟူ၍ လိုက်လံရှာဖွေနေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"သူ. . ရုတ်တရက်ပျောက်သွားတာ ကုန်းပေါ်မှာ မတွေ့ရရင် ဒီအထဲကို ဝင်သွားနိုင်သလားလို့ပဲ ယူဆနိုင်တော့တယ်. ."

လုံချည်ကို ကန်တောင်းကျိုက်ကာ တဖြည်းဖြည်းဝင်လာခဲ့ရင်း သူ့မျက်လုံးထဲမှာ ဘေးတစ်ဖက်တစ်ချက်က သန္တာကျောက်တန်းကြီးနှစ်ခုသည် တဖြည်းဖြည်းနှင့် မြင့်တက်လာကာ ကြီးမားလာသည်ဟု ထင်မိလိုက်သည်။

"ဟင်. . ဒီကျောက်တန်းကြီးက မြင့်တက်လာပါလား၊ ငါအဝေးကနေမြင်လိုက်တာ ဒါလောက်မြင့်မားတဲ့ ကျောက်တန်းကြီးမျိုးကို မမြင်ရပါဘူး. ."

အပေါ်ကိုမြင့်တက်သွားသော ကျောက်တန်းကြီးနှစ်ခုသည် တောင်ပူစာကြီးတစ်ခုစာလောက်ကြီးမားသွားခဲ့လေ၏။ ကျောက်တန်းကြီးနှစ်ခုကြားထဲမှ မော့ကြည့်ရင်း ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားသလို ခံစားလိုက်ရလေသည်။

ကျောက်ဆောင်နှစ်ခုကြားကို စီးဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်နှင့် ရှိနေကြသော ရေများသည် ဘေးပေါက်တွင်းဝကြီးထဲကို ကျော်ဖြတ်ကာ အောက်ကိုစီးဆင်းသွားခဲ့ကြလေသည်။ စံထွေးသည် ထိုဘေးပေါက်တွင်းကြီးကို မြင်တွေ့သွားခဲ့ရသည်။

တွင်းကြီး၏ အဝတည်ပုံသည် ငါးကြီးတစ်ကောင်မော့





ကာပါးစပ်ကြီးကိုဖြဲဟထားသည်နှင့် တူနေသည်။ သေချာစွာကြည့်လျှင်. . သဘာဝအလျောက်ဖြစ်ပေါ်နေသော. . ငါးပါးစပ်တွင်းကြီးပေမယ့် လက်ရာမြောက်စွာပင် ထုလုပ်ထားသလိုပင်။

"မဟော်တဆ. . ကံအားလျော်စွာတူနေတယ် ဆိုရင်တောင် တော်တော့်ကို ဆန်းကြယ်တာပဲ. ."

စံထွေးသည် တွင်းကြီး၏အနားကို ကပ်သွားသည်။ ပါးစပ်ပေါက်ကြီးသည် တောက်လျောက်ခေါင်းပွကြီးမဟုတ်ပဲ ဘေးဘက်ကို ကွေ့ရစ်သွားခဲ့လေသည်။ ကျောက်သားအထစ်အထစ်များကို တွေ့ရသည်။ လှေကားထစ်များသဖွယ် သဘာဝဖြစ်တည်မှုက ရှိနေသည်။ ထိုတွင်းပေါက်ကြီးထဲကို ဆင်းကြည့်ချင်စိတ်ဖြစ်လာခဲ့လေရာ. .

"ရေတွေက အထဲကိုစီးပြီးတော့ ဝင်နေကြတယ်၊ ငါဆင်းလို့မဖြစ်ဘူးထင်တယ်. ."

ထိုသို့စဉ်းစားနေမိဆဲမှာပင်. . တွင်းဝနားဆီကို ရောက်လာသောရေများသည် တွင်းထဲကို စီးဝင်မသွားကြတော့ပဲ အလိုလိုပင် ရပ်တန့်သွားခဲ့ကြလေသည်။ [ပင်လယ်ဘက်သို့ ရေကျချိန်ရောက်သွား၍လား မပြောတတ်ပါပေ၊ ရေဆုတ်သွားသည်ထင်မိ၏။]

"ဒီငါးပါးစပ်ကြီးဟာ အသက်ဝင်နေသလိုပဲ၊ ငါးတွင်းထဲကိုဆင်းမိလိုက်တဲ့အချိန်မှာ ဟ,နေတဲ့ ပါးစပ်ကြီးကိုပြား



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ချလိုက်လေမလား. . ”

သူ့ဘာသာသူ တွေးပြီးတော့ ပြုံးမိလိုက်လေ၏။ သို့နှင့်ပင်. . ကျောက်ထစ်လှေကားပေါ်ကို ခြေတစ်လှမ်းဆင်းမိလိုက်သည်။ ရေညှိများက တင်နေသည်။ ထို့ကြောင့် သတိထားပြီးတော့ တဖြည်းဖြည်းနှင့် အောက်ကို ဆင်းလာခဲ့လေသည်။

ထူးခြားသည်က သူဆင်းလာခဲ့သလို ပြင်ပမှ အလင်းရောင်ကလည်း တရွေ့ရွေ့ဖြင့် လုက်ပြီးတော့ ဝင်လာခဲ့လေသည်။ နောက်ထပ်နှစ်ကွေ့လောက် ကြုံပြီးသောအခါတွင် အောက်ကိုရောက်သွားခဲ့လေသည်။ ဧရာမငါးကြီးတစ်ကောင်၏ ဝမ်းခေါင်းထဲကို ရောက်သွားခဲ့သလိုပင် ခံစားလိုက်ရလေသည်။

ကြမ်းပြင်သည် ကျောက်သားပကတိဖြစ်ပြီး ရေများက စွတ်စိုလျက်ရှိသည်။ အပေါ်က စီးဝင်လာခဲ့ကြသော ရေများသည် မည်သည့်နေရာကို ရောက်သွားခဲ့ကြပါသနည်း။

ကြမ်းပြင်မှာ ရေစီးကြောင်းပွတ်တိုက်သွားသောကြောင့် အရာထင်လျက်ရှိသော စွတ်ကြောင်းကြီးကို တွေ့လိုက်ရလေသည်။ ငါးတစ်ကောင်၏ ဝမ်းတွင်းဂူကြီးကို ပတ်ချာလှည့်ကြည့်လိုက်မိသည်။ ရှေ့မှာ အလင်းရောင်တစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ စိတ်ဝင်စားသွားသည်နှင့် ဆက်ပြီးတော့ လျှောက်သွားခဲ့သည်။ ဂူကြီး၏ ဘေးဘက်နံရံများသည် ဘေးကို ကားထွက်နေကြသည်။ ကျောက်သားအမြောင်းအမြောင်းကြီး





တွေဖြစ်နေကြရာ နံရိုးများနှင့် တူနေကြလေသည်။ ဂူအမိုးသည်လည်း ငါးကြီးတစ်ကောင်၏ ကျောလျှားရှည်ရှည်ကြီးကဲ့သို့ ရှိနေလေသည်။ ဆိုရလျှင်. . စံထွေးသည် ငါးကြီးတစ်ကောင်၏ ဝမ်းဗိုက်ထဲကို ရောက်နေသည်နှင့် မခြားပေ။

အလင်းရောင်သည် ပိုပြီးတော့ ကျယ်ပြန့်လာခဲ့သည်။ ငါးဂူကြီးတစ်ခုလုံး ထိန်ထိန်လင်းလျက်ရှိသည်။ ဤမျှလောက် တောက်ပသော အလင်းရောင်မျိုးကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ချေ။

“ဘယ်ကလာတဲ့ အလင်းရောင်လဲ၊ ထိန်ထိန်ကို တောက်နေတာပဲ. . ”

စံထွေး ပိုပြီးတော့ စိတ်ဝင်စားသွားသည်။ ငါးကြီး၏ ပါးစပ်ပေါက်ထဲဝင်းမှလာသော အလင်းရောင်လည်း မဟုတ်ပေ။ တစ်နေရာတွင် သီးခြားဖြစ်တည်လျက်ရှိသော အရာဝတ္ထုတစ်ခုမှ ထွက်ပေါ်လျက်ရှိသော အလင်းရောင်ဟု ယူဆရသည်။ စံထွေးသည် ထိုနေရာကို လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်သွားမိသည်။ သူ. . သွားနေသည့်နေရာကား ငါးဂူကြီး၏ အမြီးပိုင်းဆီသို့ပင်တည်း. .

သို့သော်. .

အမြီးကြီးက ညာဘက်ကို ကွေးညွှတ်သွားသည်။ ထိုနေရာသည် ထောင့်ချိုးတစ်ခုဖြစ်သွားလေ၏။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ပို့အံပြီးတော့ ထွက်လာခဲ့သည့် အလင်းရောင်ကြောင့် မျက်နှာကိုလက်ဝါးဖြင့် ကာမိလိုက်လေသည်။ မျက်လုံးများလည်း ကျိန်းစပ်သွားခဲ့ရသည်။ ထို့ကြောင့် နေရာမှာ တခဏ အကြာ ရပ်နေမိလိုက်ရသည်။ ထို့နောက် မျက်လုံးအစုံက ကျင့်သားရလာကြတော့မှ ရှေ့ကိုတိုးပြီးတော့ ဆက်လျှောက်သွားခဲ့လေသည်။

စံထွေးတွေ့လိုက်ရသည်ကား ရွှေကလပ်ကြီးတစ်ခုထက်မှ ပုလဲလုံးကြီးတစ်လုံးပင်၊ ယင်းပုလဲလုံးကြီးသည် ဂုံညင်းဒိုးလောက်ရှိပြီး ရွှေရောင်တောက်ပလျက်ရှိနေသည်။ အလင်းရောင်သည် ယင်းပုံလဲလုံးကြီးဆီက ထွက်ပေါ်နေခြင်းပင်။

"ပုလဲလုံးကြီးပါလား. . ဒါလောက်ကြီးမားတဲ့ ပုလဲလုံးကြီးကို ငါ့တစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ ဒါ. . အမြဲတေရတနာပဲ. . ငါကံကောင်းလို့ တွေ့မြင်ခွင့်ရတာ. . "

ရင်ထဲမှာ ပီတိလှိုင်းတွေက ထူးခြားစွာပင် ရိုက်ခတ်သွားခဲ့ကြသည်။ စံထွေး၏မျက်လုံးများသည် တစ်နေရာကို ရောက်သွားခဲ့ပြန်လေသည်။ အရောင်အသွေးမျိုးစုံသော စိန်ရွှေရတနာကျောက်မျက်ရတနာများပင်၊ သူ့ရင်ထဲမှာ လှုပ်ရှားသွားခဲ့မိသည်။ အလင်းရောင်အောက်မှာ ရတနာပစ္စည်းများက အရောင်တဖိတ်ဖိတ်လက်ကာ ပြိုးပြက်တောက်ပနေကြလေ၏။ ထိုရတနာပစ္စည်းများသည် စံထွေးကို ညို့မြူလျက်ရှိနေကြလေ





သည်။ ရုတ်တရက်ကတော့ လောဘတက်သွားမိသည်။ ရှေ့ကိုတိုး၍ လျှောက်သွားပြီးမှ သတိက အလိုလိုပင် ဝင်လာခဲ့ရလေသည်။ ထို့ကြောင့် နောက်ကို ပြန်ပြီးတော့ ဆုတ်မိလိုက်သည်။

"ဒီပစ္စည်းတွေဟာ ဒီလိုနေရာမျိုးမှာ အကြောင်းမဲ့သက်သက်ရှိနေကြတာ မဟုတ်ဘူး၊ ကောင်းကျိုးတစ်ခုကိုဆောင်ရွက်ဖို့အတွက် ရည်ရွယ်ပြီးထားထားတာပဲဖြစ်ရမယ်၊ ကြည့်စမ်း. . ငါမှားတော့မလို့. . "

ထိုသို့ဆင်ခြင်လိုက်သည်နှင့် လောဘရမ္မက်များသည် မြူနှင်းများနေရောင်ကြောင့် ပျက်ပြယ်သွားကြရသကဲ့သို့ပင် အားလုံးပျောက်ပျက်သွားခဲ့ကြလေသည်။

ထိုစဉ်. .

အရိပ်တစ်ခုသည် တစ်နေရာမှ ထိုးထွက်လာခဲ့သည်။ စံထွေးဆီကို ရွေ့လျားလာခဲ့လေသည်။ ငါးကြီးဂူ၏ ထောင့်ကွယ်တစ်ခုမှ ဘွားကနဲဆို ပေါ်လာသောသူကား စောစောက ကမ်းခြေမှာတွေ့လိုက်ရသောသူပင်၊ တကယ်လူပင်တည်း၊ စံထွေး အံ့အားသင့်သွားခဲ့ရသည်။ ထိုလူသည် မည်သည့်အကြောင်းကြောင့်. . ငါးကြီးဂူထဲကိုရောက်နေရပါသလဲ။

"ဒီ. . ဒီလူဟာ ဒီပုလဲလုံးကြီးနဲ့ ရတနာတွေကိုလာရှာတဲ့သူများလား၊ ဒီပစ္စည်းတွေကို သူလည်းတွေ့ထားပြီးပြီပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူ. . ဘာလုပ်မလဲ၊ စောင့်ကြည့်ရဦးမယ်. . ”

“ငါ့ညီက ဒီငါးကြီးဂူကို ရှာတွေ့သွားခဲ့ပြီကိုး. . ”

“မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်က ဒီဂူကို ရှာတွေ့တာ မဟုတ်ဘူး၊ အဲ. . တမင်တကာလိုက်ရှာတာ မဟုတ်ဘူးလို့ ပြောတာပါ၊ ဒီငါးကြီးတွင်းကို အမှတ်မထင်တွေ့မိတာနဲ့ ဘာလည်းဆိုတာသိချင်လို့ ဆင်းလာခဲ့တာပါ. . ”

စံထွေးက ရှင်းပြလိုက်လေ၏။ တက်လူသည် စံထွေးကို တစ်ချက်အကဲခတ်ကာ ကြည့်လိုက်ရင်း. .

“အေးလေ၊ မတော်တဆပဲ တွေ့တွေ့၊ တိုက်ဆိုင်လို့ပဲ ဖြစ်ဖြစ်ပေါ့၊ မင်းကံကောင်းတာပဲ၊ ဒီလို ရတနာမျိုးဆိုတာ တွေ့ရခဲတယ်၊ ဒါဟာ သိုက်ပဲ၊ မင်းကံကောင်းတယ်၊ ငါလည်း ကံကောင်းတယ်၊ မင်းက ဟောဒီရတနာတွေကိုယူ၊ ငါကတော့ ဒီပုလဲလုံးကြီးကို ယူမယ်ကွ. . ”

စံထွေးက ခေါင်းကိုခါယမ်းလိုက်ပြီး. .

“အစ်ကိုက သိုက်ဆရာလား၊ အဘပြောတဲ့ ဆရာလုံလို လူမျိုးပေါ့ ဟုတ်လား၊ ဒီလိုအကြံအစည်နဲ့ ရောက်လာတယ် ဆိုရင်လည်း အစ်ကိုပဲ အားလုံးကို ယူလိုက်ပါ၊ ကျွန်တော် ကတော့ မယူဘူး. . ”

“အလို ဘုရားရေ၊ မင်းက ဒါလောက်အဖိုးတန်တဲ့ ရတနာတွေကို မယူဘူး. . ဟုတ်လား၊ မင်း စိတ်မနှံ့လို့လား၊ ဒါမှမဟုတ် ဒီအထဲက ပစ္စည်းအားလုံးကို ယူချင်လို့ ဉာဏ်များနေတာလား၊ ငါလိုချင်တဲ့ ဟောဒီပုလဲလုံးကြီးကိုလည်း မပေးချင်ဘူးပေါ့လေ၊ ဟုတ်လား. . တကယ်တော့ မင်းက လောဘတက်နေတာပဲ၊ ငါ့ကိုသတ်ပြီးတော့ ဒါတွေအားလုံးကိုယူချင်နေတာပဲ”

“ကျွန်တော့်ကို ဒီလိုမစွပ်စွဲနဲ့၊ ဒါတွေဟာ အဖိုးတန်ပစ္စည်းမှန်းသိတယ်၊ ဒါပေမယ့် ကုသိုလ်ကောင်းမှုလုပ်ဖို့အတွက် ထားထားတဲ့ပစ္စည်းတွေလား၊ ပိုင်ဆိုင်သူတစ်ဦးဦးရှိနေမလား၊ အကြောင်းမဲ့ကြီးကတော့ ဒီဂူကြီးထဲမှာ သေသေချာချာစီစဉ်ပြီး မထားနိုင်ဘူး၊ ကိုယ်နဲ့မသက်ဆိုင်တဲ့ ပစ္စည်းမို့ မလိုချင်တာ။

တကယ်လို့ အစ်ကိုသာ ဟောဒီပုလဲလုံးကြီးကိုသာ မဟုတ်ဘူး၊ အားလုံးသောပစ္စည်းတွေနဲ့ သက်ဆိုင်တယ်ဆိုရင် လည်း ယူလိုက်ပါ၊ ကျွန်တော်ကတော့ အနှောင့်အယှက်ပေးမှာ တော့ မဟုတ်ဘူး၊ ဒီနေရာက အေးအေးဆေးဆေးပဲ ပြန်ထွက် သွားမယ်. . ”

စံထွေးသည် နေရာမှ လှည့်ထွက်သွားတော့မည် ပြုသည်။

“ငါ့ညီ. . ခဏနေပါဦးကွ၊ မင်းရဲ့စိတ်က ဒါလောက် တောင်ဖြတ်သားလှချည်လား”

“ဖြတ်သားရမယ်လေ၊ ကျွန်တော်ကမှ ဒီလိုအခွင့်ကြုံ ရမယ့်ပစ္စည်းမျိုးကို မမက်မောတာ၊ အစ်ကိုသာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မသင့်ခဲ့ရင် ဆရာလုံလို ရေပြင်ကို သေကောင်ပေါင်းလဲက
ခတ်ပြီး အသက်လုမပြေးရပါစေနဲ့. . သူရူးကြီးဘဝနဲ့ အခ
သတ်မသွားပါစေနဲ့လို့ ဆုတောင်းခဲ့ပါတယ်. . ”

“မ. . မဟုတ်သေးဘူး ငါ့ညီ၊ မင်းထင်သလို အစ်က
ဟာ. . ဆရာလုံလိုလူစားမဟုတ်ပါဘူးကွယ့်၊ မင်းရဲ့စိတ်
သက်သက်မယ့် စမ်းကြည့်တာပါ၊ ပြောရရင် ငါဟာ ဒီငါးကြ
ဂူထဲကို မကြာခဏရောက်နေခဲ့တယ်၊ ဒီပစ္စည်းတွေကိုသ
တပ်မက်မောခဲ့ရင် ဟိုးအစောကြီးကတည်းက ယူပြီးလောက်
ငါပိုင်ပြီးလောက်ပြီပေါ့. . ”

“ဟင်. . ”

တက်လူ၏စကားကြောင့် စံထွေးအံ့အားသင့်သွား
ရလေသည်။

“အစ်ကိုက ဒီငါးကြီးဂူထဲကို မကြာခဏရောက်နေတ
ဟုတ်လား၊ ဟာဗျာ. . မဖြစ်နိုင်တာ၊ ဒီနေရာကို ဘယ်သူ
တောင်သိကြတာ မဟုတ်ဘူး၊ အစ်ကိုက ဒီဂူထဲကို ဝင်နိုင်
ထွက်နိုင်တယ်ဆိုတော့. . ဘယ်သူမို့လဲဗျာ. . ”

“ငါလား၊ ဒီ. . ဂူနဲ့သက်ဆိုင်တဲ့လူမို့လို့ပေါ့ကွာ. . ”

တက်လူက တောက်ပသောအပြုံးဖြင့် စံထွေးက
ကြည့်ကာ ပြောလိုက်လေ၏။

“အစ်ကိုပြောတာ ကျွန်တော် နားမလည်ဘူး. . ”





“နားမလည်ဘူးဆိုရင်လည်း မင်းအံ့သလို သိထားရင်ပဲ
လုံလောက်ပါပြီ၊ မင်းစောစောက ပြောတာမှန်တယ်၊ ဒီပစ္စည်း
တွေရဲ့လေးပုံသုံးပုံဟာ ကောင်းမှုကုသိုလ်လုပ်ဖို့အတွက် ဟိုး
ရှေးပဝေသဏီကတည်းက ထားထားခဲ့တာ၊ ကျန်တစ်ပုံကတော့
ငါပိုင်တယ်. . ”

“ဟောဟို. . ပုလဲလုံးကြီးရောဗျာ. . ”

“ဒါလည်း ငါ့ပစ္စည်းပေါ့ကွာ၊ နောင်ပွင့်လာမယ့် ဗုဒ္ဓ
မြတ်စွာကို ဒီပုလဲမီးရောင်နဲ့ ပူဇော်ဖို့ထားထားတာကွ၊ ဒါဘယ်သူ
မှပိုင်ဆိုင်ခွင့်မရှိဘူး၊ ငါလှူထားတာ. . ”

“ဩော်. . ဟုတ်လား”

တက်လူက ရွှေကလပ်များထဲ ထည့်ထားသော ရတနာ
အစုအပုံများထဲက ပုလဲနက်နှင့် ရွှေကွပ်ထားသော လက်စွပ်
လေးတစ်ကွင်းကိုယူပြီး စံထွေးကို ပေးလိုက်လေ၏။

“မင်းရဲ့ရိုးသားမှုကြောင့် ငါလက်ဆောင်အဖြစ် ပေးတာ၊
မင်းအတွက် တစ်ချိန်ချိန်မှာ အသုံးဝင်လိမ့်မယ်၊ ယူရမှာ မဝံ့မရဲ
မဖြစ်နဲ့၊ ဒါ. . ငါပိုင်တဲ့ပစ္စည်းပဲ. . ”

စံထွေးသည် ဝင်းလက်တောက်ပနေသော ပုလဲနက်
လက်စွပ်လေးကို သဘောကျသွားသည်။ တက်လူက ဘယ်လက်
သူကြွယ်မှာ သူကိုယ်တိုင်ဝတ်ပေးလိုက်သည်။

“ကျွန်တော်နဲ့ တော်တော်လိုက်တာပဲနော် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



"အေး. . မင်းက အသားဖြူတော့ ကြည့်ကောင်းတယ်ကွ. ."

စံထွေးသည် လူငယ်ပီပီ သူ့လက်ထဲရောက်လာသည့် လက်ဝတ်ရတနာလေးကို တကြည့်ကြည့်နှင့်ရှိနေသည်။ တက်လူသည် စံထွေးကို နှစ်သက်သောအပြုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီး အလင်းရောင်ထွက်နေသော ပုလဲလုံးကြီးဆီကို လျှောက်သွားသည်။

ရွှေကလပ်ထက်က ပုလဲလုံးကြီးကို ကောက်ယူလိုက်လေသည်။ ပုလဲလုံးကြီးသည် လက်ထဲမှာလည်း အလင်းရောင်များကပိုပြီး ထွက်နေသည်။ တပြောင်ပြောင်တလက်လက်နှင့်ရှိနေသည်။ စံထွေးသည် နောက်ကို လှည့်ကြည့်လိုက်သောအခါ တက်လူက ပုလဲလုံးကြီးကို ခေါင်းထက်သို့ တင်လိုက်သည်ကို တွေ့လိုက်ရလေ၏။ ကြည့်နေရင်းမှာပင်လျှင်. . ပုလဲလုံးကြီးသည် ငယ်ထိပ်တည့်တည့်မှနေ၍ ခေါင်းထဲသို့ဝင်သွားသည်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေ၏။

"ဟင်. ."

စံထွေးမှာ လွန်မင်းစွာပင် အံ့အားသင့်သွားခဲ့ရလေသည်။ ထိုသူ၏ တစ်ကိုယ်လုံးသည် အလင်းရောင်များဖြင့် တောက်ပနေသည်ကို တွေ့လိုက်ရလေ၏။ အထူးသဖြင့် ခေါင်းထက်မှာ ပိုပြီးတောက်ပနေသော အလင်းရောင်များက





ထူးခြားလျက်ရှိနေလေသည်။ စံထွေး၏ရှေ့မှာပင် တောက်ပလွန်းသောအလင်းရောင်များကြောင့် တက်လူကို မမြင်ရတော့၊ စံထွေး၏ မျက်လုံးများသည် ပြာဝေသွားခဲ့ရလေ၏။ ဘေးဘီတစ်ခုလုံးကိုလည်း ဘာဆိုဘာမှမမြင်ရတော့ပေ။ တက်လူသည်လည်း စူးလက်သော အလင်းရောင်များ၏ အောက်မှာ ပျောက်ကွယ်သွားခဲ့ရသည်။ စံထွေး၏ မျက်လုံးများသည် မမြင်မကန်းနှင့် ဖြစ်သွားခဲ့ရလေ၏။ ထိုစဉ်မှာပင်လျှင် အလင်းရောင်များသည် ရုတ်တရက် ဆိတ်သုဉ်းသွားသည်။ မျက်လုံးထဲမှာရော. . အသိအာရုံထဲမှာရော. . အားလုံးမှောင်အတိကျသွားခဲ့ရလေသည်။

"ဝုန်း. . ဝုန်း"

ရေလှိုင်းများက ကျောက်ဆောင်များကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြသည်။ ထိုအသံများသည် နားထဲတွင် တိုးဖြင့်စွာပင် ကြားနေရသည်။ နောက်တော့. . တဖြည်းဖြည်းနှင့် ကျယ်လာခဲ့လေသည်။ စံထွေးသည် ထိုအခါကျမှ မျက်ခွံတွေကို ဖွင့်၍ရသွားခဲ့လေသည်။ ပထမတော့ ဇဝေဇဝါဖြစ်နေပြီး ဘာဖြစ်လို့ ဖြစ်ခဲ့မှန်းပင်မသိ[illegible] သည်။ မိမိကိုယ်မိမိ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တန်းထက်မှာ ပက်လက်အနေအထားဖြင့် အိပ်နေသည့်အဖြစ်ကို သူသတိရသွားခဲ့သည်။ ထို့ကြောင့်နေရာမှ ရုတ်တရက်ထထိုင်မိလိုက်လေ၏။

"ဟင်. . ငါ. . ဘာဖြစ်သွားတာလဲ"

စံထွေးက သတိကောင်းသည်။ သူ. . ချက်ချင်းပင် အမှတ်ရသွားသည်က တက်လူဆိုသည့် လူခန့်ချောကြီးကိုပင်။

"ဒီလူဟာ မမျှော်လင့်ပဲ ဒီနေရာကို ရောက်လာပြီး ငါနဲ့စကားတွေပြောဖြစ်ခဲ့ကြတယ်၊ ပြီးတော့ သူ့နောက်ကို ငါလိုက်သွားတယ်. . "

ပြန်လည်ပြီး စဉ်းစားရင်းက တွေ့ကြုံရသည်များကို သတိရလာမိသည်။ ခေါင်းထဲမှာ စီကာစဉ်ကာပင် ပြန်ပြီးတော့ ပေါ်လာခဲ့လေ၏။

"ငါးကြီးဂူ. . ဟုတ်တယ်၊ ငါ. . ငါးကြီးဂူထဲကို ရောက်သွားခဲ့တယ်"

ငါးကြီးဂူကခေါင်းထဲကို ရောက်လာခဲ့ပြန်သည်။ ဂူကြီးထဲကလွန်စွာမှ ကြီးမားသော ပုလဲလုံးကြီးတစ်လုံး၊ ရွှေကလပ်ပေါ်က အဖိုးတန်စိန်ရွှေရတနာများ. . ဂူကြီးအဲကိုရောက်နှင့်နေသည့် တက်လူ၊ မိမိကို ပုလဲနက်လက်စွပ်တစ်ကွင်းပေးခဲ့သည်များ. .

"ငါ. . ငါ တကယ်ပဲ ငါးကြီးဂူထဲကို ရောက်သွားခဲ့တာလား. . အိပ်မက်, မက်နေခဲ့တာလား"



ဝေခွဲ၍မရ၊ တွေးနေရင်းက လက်ကို ကြည့်မိလိုက်သည်။

"ဟင်"

လက်စွပ်လေးက ဘယ်လက်သူကြွယ်မှ ဝတ်လျက်သားရှိနေသောကြောင့်ပင်။

"ဒီလက်စွပ်လေးကို ကိုတက်လူဆိုတဲ့ လူကပေးခဲ့တာပဲ၊ ဒါဆိုရင် ငါဟာ ငါးကြီးဂူထဲကိုရောက်သွားခဲ့တာ အမှန်ပဲပေါ့၊ ဒါပေမယ့် ငါဂူအပြင်ကို ဘယ်လိုပြန်ရောက်လာခဲ့တာလဲ. . "

သူ့ကိုယ်သူ ဘယ်လိုမှ စဉ်းစား၍ မရအောင်ပင်ရှိလာခဲ့ရသည်။ ငါးကြီးဂူကို သူကောင်းကောင်းမှတ်မိသည်။ ထို့ကြောင့်. . လိုက်ရှာရန် ဆုံးဖြတ်ချက်ချလိုက်လေ၏။ စံထွေးသည် သန္တာကျောက်တန်းထက်က အောက်ကို ဆင်းလာခဲ့သည်။ ထို့နောက်. .

သူရောက်သွားခဲ့သည့် ငါးကြီးဂူရှိရာကို မှန်းဆပြီးတော့ ထွက်လာခဲ့လေသည်။ သန္တာကျောက်တန်းနှစ်ခုကြားမှ ဒူးဆစ်ခန့်ရှိရေများကို ဖြတ်ကျော်ကာ လျှောက်လာခဲ့သည်။ ရေလှိုင်းများကြောင့် ရေတွေက တက်လာလိုက်၊ ဆင်းသွားလိုက်နှင့်ရှိနေကြသည်။ ရေအဝင်အထွက်ကရှိနေသည်။ သူသွားနေသည်မှာ. . လမ်းမှန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. .

အတန်ကြာအောင်ဝင်လာခဲ့သည့်အထိ. . ဘေးဝဲယာမှ သန္တာကျောက်တန်းနှစ်ခုသည် တဖြည်းဖြည်းနှင့် မြင့်တက်လာခြင်းမရှိ၊ ဤအတိုင်းပင်၊ ကြာသော်. . သူ သံသယဝင်လာခဲ့ရသည်။

"ငါကနဦးက ဝင်လာတုန်းက ဒီသန္တာကျောက်တန်းကြီးနှစ်ခုဟာ တဖြည်းဖြည်းနှင့် မြင့်တက်လာခဲ့တာပဲ၊ အခု. . ဒီအတိုင်းပဲ. . ဘာမှလည်း မထူးခြားပါလား"

ဤအနားမှာပင် မျက်စိလည်နေသည်။ ရှေ့ကိုဆက်ပြီးတော့ သွားသည့်တိုင် ငါးကြီးဂူကို မည်သည့်နေရာမှ ရှာမတွေ့နိုင်တော့ချေ။ မိုးလည်း ချုပ်စပြုလာပြီဖြစ်၍ ထိုနေရာမှ ချက်ချင်းပင် ပြန်ထွက်လာခဲ့သည်။

ရွာသို့အပြန်လမ်းတွင် တစိမ့်စိမ့်စဉ်းစားလာမိခဲ့သည်။ သူ့ကိုယ်သူ ကျေနပ်မှု လုံးဝမရှိ။

"ငါ. . ငါးကြီးဂူထဲကို ရောက်သွားတာ အိပ်မက်ဆိုရင် ဒီပုလဲနက်လက်စွပ်လေးဟာ ငါ့လက်ထဲကို ဘယ်လိုရောက်လာတာလဲ. ."

ထပ်တလဲလဲစဉ်းစားသော်လည်း အဖြေကို မရရှိခဲ့ပါလေ။



## (၇)
## ရေအောက်ကအလင်းတန်း

"စံထွေး. . စံထွေး"

ခေါ်သံကြောင့် စံထွေးက နောက်ကိုလှည့်ကြည့်မိလိုက်သည်။

တင်မောင်နှင့် ငမိုန်း. .

ကွင်းထဲမှာဖြစ်သည်။ အနားပတ်ဝန်းကျင်မှာ မည်သူမှ မရှိ၊ ညနေစောင်းကာလမို့ လေကတဟူးဟူးဖြင့်မြည်အောင် ပို့ပြီး တော့တိုက်နေလျက်ရှိသည်။ သူ့ဆီကို လျှောက်လာနေသော လူနှစ်ယောက်ကို အကဲခတ်နေမိသည်။ တင်မောင်က အကြောင်းမဟုတ်၊ သူ့သူငယ်ချင်း၊ သို့သော် ခုတလောမှာ ငမိုန်းနှင့် တပူးပူးတတွဲတွဲရှိနေသည်။ ငမိုန်းက လူကိုတွေ့တိုင်း ရိတတ်သည်။ ခုလည်း. . ဘာများထေ့. . ငေါ့ဦးမလည်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိကြသည်အထိ စံထွေးက သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်နေဆဲ. .

"မင်း. . ဘယ်ကိုလည်းကွ စံထွေး"

"ငါ. . လှေဆီကိုသွားမလို့ တင်မောင်၊ ငါ့ကို ဘာပြောစရာရှိလို့လဲ"

"ဟို. . ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ၊ ငမှိန်းက မင်းကို သူစကားလွန်ထားတဲ့အတွက် တောင်းပန်ချင်လို့တဲ့. ."

စံထွေး၏အကြည့်က ငမှိန်းဆီကို ရောက်သွားခဲ့သည်။

"ငါ. . မင်းကို ဟိုတလောက မဆင်မခြင်ပြောမိခဲ့တာ တောင်းပန်ပါတယ်ကွာ၊ ငါ့ကို ခွင့်လွှတ်ပါ. . ဘယ်လိုမှ သဘောမထားပါနဲ့. ."

"မင်းက ငါ့ကို တံငါသည်တစ်ယောက်အနေနဲ့မြင်တာ မမှားပါဘူးကွာ၊ သူတစ်ပါးရဲ့အသက်ကိုရင်းပြီး အသက်မွေးဝမ်းကြောင်းပြုကြတဲ့သူတွေကို လူတော်တော်များများက လက်မခံကြဘူးလေ၊ ကြည်ချင်ကြတာပဲ မဟုတ်လား၊ ငါကတော့ ငါရဲ့မိသားစုအတွက် ဒီအလုပ်ကို မဖြစ်မနေဆက်ပြီးတော့ လုပ်ရမှာပဲ ငမှိန်း၊ မင်းမတောင်းပန်လည်း ငါက နားလည်ပြီးသားပါ၊ ကဲ. . ဒါပဲ မဟုတ်လား"

စံထွေးက စကားကိုအေးဆေးစွာ ပြောပြီး လှည့်ထွက်





သွားခဲ့လေရာ. .

"နေ. . နေပါဦးကွာ၊ ငါတို့က ငယ်သူငယ်ချင်းတွေပဲကွာ၊ ဒီကိစ္စဟာ ငါကစပြီးတော့ မှားတာပါ။ မင်းက တောင်းပန်ဖို့မလိုဘူးဆိုသည့်တိုင်. . ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်သေးဘူးကွာ၊ ငါတို့စကားအေးအေးဆေးဆေးပြောကြရအောင်၊ ငါ့ကို သူငယ်ချင်းအဖြစ် အသ်အမှတ်ပြုရင်ပေါ့ကွာ. ."

"ဟုတ်ပါတယ် စံထွေးရာ၊ ငမှိန်းက သူ့အမှားကို သိနေပြီး မင်းကိုတောင်းပန်ချင်နေတာ ကြာပါပြီ၊ မင်းရဲ့အလုပ်က အရေးမကြီးဘူးဆိုရင် သူစကားပြောချင်တာကို လက်ခံလိုက်ပါကွာ. ."

တင်မောင်ကလည်း ဝင်ပြီးတော့ပြော၍ စံထွေးက ခေါင်းညိတ်လိုက်လေသည်။ ကမ်းနားထိပ်မှာ အကြော်တဲတစ်တဲကရှိသည်။ အကြော်မှာပြီး မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝိုင်းဖွဲ့လိုက်ကြလေသည်။

"ကဲ. . စံထွေး. . စားကွာ၊ ငါတာကာခံပါတယ်ကွ. ."

ငမှိန်းက လိုက်လျောစွာပင် ပြောလိုက်လေရာ စံထွေးလည်းအလိုက်တသင့်ပင် အကြော်တစ်ခုကို ကောက်ယူကာ ဝါးလိုက်လေ၏။

"မင်းက မိဘကိုလုပ်ကျွေးနေတဲ့ကောင်ပဲကွာ၊ ငါကသား မိဘငွေတွကို ထိုင်ပြီးတော့ဖြုန်းနေတာ၊ ဟိုတစ်ေ ာက



www.burmeseclassic.com

www.burmeseclassic.com



ငါမင်းကို ပြောလိုက်တဲ့စကားဟာ ရင့်သီးလွန်းအားကြီးတယ်ကွ၊ တကယ်တော့ ငါဟာ လူမဆန်ဘူးလို့ သတ်မှတ်လို့ရတယ်။

မင်းလို မိဘအပေါ်မှာ အလိုက်သိတဲ့သူကို ငါက ဒီလို စကားမျိုးမပြောသင့်ဘူး၊ တကယ်အသုံးမကျတာက ငါမှအစစ်၊ မင်းက ဘယ်လိုပဲ အသက်မွေးဝမ်းကြောင်းကိုပဲ လုပ်လုပ်၊ မိသားစုအတွက်ပဲ၊ လိမ္မာတဲ့သူ၊ ငါ. . မင်းကိုပြောပြီး ငါ့ကို ငါ ရှက်လို့မဆုံးဘူး၊ ငါမှားသွားတာ၊ ထပ်ပြီးတော့ တောင်းပန်တယ်ကွာ. . ”

ငမိုန်းက တကယ်ပင် လိုလိုလားလားနှင့်ကို တောင်းပန်နေဆဲ. . သူ့စိတ်ထဲမှာ စံထွေးသည် သူ့ကိုတင်းမာနေဆဲဟုပင် ထင်နေသေးသည်။

“မင်းက ဒါလောက်အထိပြောနေပြီပဲကွာ၊ ငါ. . ခွင့်လွှတ်ရမှာပေါ့။ အမှန်မှာတော့ ငါလည်း မင်းကို စိတ်နည်းနည်း မျက်သွားတာကွ၊ ငါ့ကို မင်းက နားလည်မပေးလို့ပဲ၊ မင်းရဲ့ စိတ်ထဲမှာ ငါ့အပေါ် အကြွေးတင်နေတယ်လို့ သဘောမထားနဲ့တော့ ငမိုန်း၊ မင်းက ဝန်ခံရဲတဲ့သတ္တိရှိတယ်၊ ဒါမှ လူတော်ကွ”

“အေးကွာ၊ မင်းက ငါ့ကို အကြောင်းမထားတော့ဘူး ဆိုတော့လည်း ဝမ်းသာမိတယ်ကွာ. . ”

တင်မောင်လည်း သူတို့နှစ်ယောက်ပြေလည်သွားကြ၍ ဝမ်းသာမိသွားခဲ့လေသည်။ စကားဝိုင်းသည် စိုပြည်လာခဲ့သည်။





ဟိုအကြောင်း. . ဒီအကြောင်းများကို ပြောနေကြရင်း တင်မောင်က . .

“ဒါနဲ့. . ငါ မင်းတို့ကို ပြောစရာစကားရှိတယ်ကွ”

“ဘာများလည်း တင်မောင်”

“ဒီလိုကွ. . ငါတစ်နေ့က နွားတစ်ကောင်ပြန်ရောက်မလာလို့ သတင်းအရလိုက်ရှာရင်း ငါးကြီးအိုင်ဘက်ကို ရောက်သွားတယ်ကွ. . နွားကိုတောထဲမှာ တွေ့တယ်၊ ငါရှာကို နွားဆွဲပြီးပြန်လာတော့ မိုးစုတ်စုတ်ချုပ်နေပြီကွ. . ”

ငါးကြီးအိုင်ဆို၍ စံထွေးလည်း စိတ်ဝင်စားသွားခဲ့ရပေသည်။ သို့သော်. . အမူအရာကိုထိန်း၍. .

“မင်းကိုကြည့်ရတာ တစ်ခုခုကို ကြုံတွေ့ခဲ့ရတယ်ထင်တယ်. . ”

“အေး. . ငါကြုံခဲ့ရတာကိုပြန်ပြီးတော့ ပြောပြရင် ယုံနိုင်စရာတောင် မရှိဘူးကွ. . ”

ထိုအခါ. . ငမိုန်းက. .

“ပြောမှာသာပြောစမ်းပါကွာ၊ ငါတို့ကလည်း အထူးအဆန်းဆို သိပ်ပြီးစိတ်ဝင်စားတာကွ. . ”

“ငါမျက်မြင်ကြုံတွေ့ခဲ့ရတာကို အရင်းအတိုင်းပြန်ပြီးတော့ပြောပြမယ်၊ ငါ. . ဘယ်သူ့ကိုမှ ပြောမပြသေးဘူးကွ၊ ...ား. . မင်းတို့လည်း တစ်ခြားဘယ်သူ့ကိုမှ ပြန်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မပြောပြရဘူးနော်"

"စိတ်ချပါကွာ၊ ငါတို့က နှုတ်ဖွာတတ်တဲ့သူတွေ မဟုတ်ပါဘူး. ."

စံထွေးကလည်း ကတိပေးလိုက်လေသည်။ ထိုအခါ တင်မောင်က သူတွေ့ကြုံခဲ့သည့်အဖြစ်အပျက်များကို အောက်ပါအတိုင်းပြန်ပြီးတော့ ပြောပြလေသည်။

တင်မောင်သည် အိမ်မှ နွားခြောက်ကောင်နှင့် ကျွဲလေးကောင်ကို သူ့တူဖြစ်သူ သောင်းလှအား ကျောင်းခိုင်းသည်။ ညနေစောင်းအချိန် ကျွဲသိမ်း၊ နွားသိမ်းပြီးပြန်လာသောအခါ နွားတစ်ကောင်ပါမလာခဲ့ချေ။ တင်မောင်က စစ်ကြည့်ရာ. .

"သောင်းလှ၊ နွားတစ်ကောင်လိုနေတယ်ကွ၊ ဘယ်မှာကျန်ခဲ့သလဲ. ."

"နွားတစ်ကောင် နွားအုပ်ကနေ တစ်ခြားကို ထွက်သွားတယ်၊ ကျွန်တော်လည်း တစ်ချက်ငိုက်သွားတာနဲ့ နွားပျောက်သွားတာကို မသလိုက်ဘူး၊ ဒါနဲ့ အချိန်မရှိတော့တာနဲ့ ကျန်တဲ့နွားတွေကိုသိမ်းပြီးတော့ ပြန်လာခဲ့တာ. ."

"ဟေ. . ဟုတ်လား၊ မင်းက ဒီလိုပြောလိုက်တာနဲ့





ရရိုးလားကွ၊ မင်းလိုက်မရှာဘူးလား သောင်းလှ. ."

"ဟိုနား. . ဒီနားရှာပါသေးတယ်၊ လူတစ်ယောက်ကတော့ ပြောတယ်၊ နွားတစ်ကောင်. . ငါးကြီးအိုင်ဘက်ကို ထွက်သွားတယ်တဲ့၊ တောစပ်မှာတွေ့ခဲ့တယ်ဆိုလား. ."

"မင်းက လိုက်မသွားဘူးလား. ."

"ဒီ. . ကျွဲ၊ နွားတွေနဲ့ လမ်းမှာဘယ်လိုပြန်လှည့်မလဲ၊ အဲဒါ ဦးလေးကို ပြောချင်တာနဲ့ တက်သုတ်ရိုက်ပြီးတော့ ပြန်လာခဲ့တာ. ."

"ဟေ. . ကောင်းကွာ၊ မင်းကတော့ တော်တော့်ကို မသေချာတဲ့ကောင်ပဲ၊ ကဲ. . ကဲ ဒီနွားတွေကို သေသေချာချာ သိမ်းထားလိုက်၊ ငါလိုက်သွားမယ်. ."

တင်မောင်သည် အိမ်မှအလျင်စလိုပင် ထွက်လာခဲ့လေသည်။ လူပြောသူပြောများနေသည့် ငါးကြီးအိုင်ဘက်ကို သူနှစ်ကြိမ်လောက်သာ ရောက်ဖူးသည်။ ကြောက်စိတ်ကတော့ မရှိပေ။ သို့သော် အလိုလိုနေရင်းနှင့် စိတ်က ထင့်နေမိလေသည်။ လူတွေကလည်း မိမိတို့မမြင်ဖူးသည့်ကိစ္စ၊ ဘာမှန်းမသိသည့်အကြောင်းအရာများကို တွေးပြီးတော့ ကြောက်နေကြဟန်တူပါသည်။

တချို့ကလည်း ရွှေရောင်ငါးကြီးနှင့် ပတ်သက်ပြီး ဟိုးရှေးရှေးပဝေသဏီကတည်းက လုပ်ကြံပြီး ပြောလာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်မိသည်။ တင်မောင်သည် အကြောက်မဲ့ကြောက် တတ်သူမဟုတ်ပေ။

သန္တာကျောက်တန်းများဘက်ကို ရောက်လာခဲ့သည်။ ရေတက်နေချိန်ဖြစ်၍ ပင်လယ်မှတိုးပြီး ဝင်လာခဲ့ကြသော ရေများသည် လူးလွန့်လှုပ်ရှားနေကြကာ လှိုင်းများဖြစ်ပေါ် လျက်ရှိနေကြလေသည်။ ငါးကြီးအိုင်ဘက်မှာလည်း လှိုင်းဘော ဘင်ခတ်ကာ လှုပ်ရှားနေလျက်ရှိသည်။ ပင်လယ်ရေတက်မလာ လျှင်. . ငါးကြီးအိုင်အစိတ်အပိုင်းသည် တည်ငြိမ်လျက်ရှိလေ သည်။

တင်မောင်သည် ငါးများပေါများသည်ဆိုသော နေရာကို ရောက်လာခဲ့သည်။ ထိုနေရာသည် ရေနက်ပိုင်း ဖြစ်သောကြောင့် နက်ပြာရောင်သန်းနေလေသည်။ လွန်စွာမှ ငါးပေါများသောနေရာဖြစ်သည်ဟု သိရသည်။

"တော်ရုံလူတွေက ကြောက်ပြီး ဒီနေရာမှာ ငါးမဖမ်းရဲ ကြတာ၊ ရေအောက်မှာ ရွှေဝါရောင်ငါးကြီးများရှိနေလို့လား"

တင်မောင်က အတွေးပေါက်လိုက်သေးသည်။ ကမ်းစပ် နှင့်ပို၍ခွာပြီးတော့ လျှောက်လာခဲ့လေသည်။ တော်တော် ကလေးလျှောက်ပြီးသောအခါ တောစပ်မှ ထွက်လာသော မည်းမည်းသဏ္ဍာန်တစ်ခုကို အမှတ်မထင်ပင် တွေ့လိုက်ရလေ သည်။



"ဟိုဟာ. . နွားတစ်ကောင်များလား မသိဘူး. ."

ခြေလှမ်းသွက်သွက်ဖြင့် အနားကို တိုးသွားပြီး ကြည့်လိုက်သောအခါ နွားတစ်ကောင်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟာ. . ငါ့နွားပဲ"

ဝမ်းသာသွားမိသည်။ သူ့နွားကို နဖားကြိုးမှ ဆွဲပြီးတော့ ယူလာလေသည်။ နွားကလည်း အသာတကြည်ပင် လိုက်လာ ခဲ့လေသည်။ တဖြည်းဖြည်းနှင့် မိုးက ချုပ်သွားခဲ့လေပြီ။ ချက်ချင်း လိုလိုပင် အမှောင်က ကျသွားခဲ့သည်။ မှုန်တိမှုန်မွှားကျရောက် လျက်ရှိသော ကြယ်ရောင်များက အားနည်းလှသည်။ တင်မောင် သည်လမ်းကိုသာ အာရုံစိုက်ကာ လျှောက်လာခဲ့ရင်း ရှေ့တည့် တည့်ကိုသာ ကြည့်နေမိခဲ့သည်။

ထိုစဉ်. .

"ဝုန်း. ."

"ဝုန်း"

ကျောက်ဆောင်များကို လှိုင်းများပုတ်လိုက်သံက မထင်မှတ်ပဲ ကျယ်လောင်သွားသည်။ တင်မောင်သည်ပင် ရင်ထဲထိတ်ကနဲဖြစ်သွားခဲ့မိလေ၏။ ထို့နောက်. . ဖြစ်တတ် သည့်သဘာဝပဲဟု စိတ်ထဲမှာ ဆင်ခြင်မိလိုက်လေ၏။ သို့သော် အခြေအနေက သူထင်သလို မဟုတ်ပါ၊ လှိုင်းပုတ်သံကြားကြားမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုဆက်တိုက်ပင် ကြားလိုက်ရပြီး ထူးခြားချက်တစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

ရေထဲမှ အလင်းတန်းတစ်ခုသည် ရေမျက်နှာပြင်ထက်သို့ထိုးပြီးတော့ တက်လာခဲ့သည်။ သေးမျှင်၍ စူးလက်တောက်ပသည်။ ရေမျက်နှာပြင်ပေါ်နှင့် ပတ်ဝန်းကျင်အထိ ပျံ့နှံ့သွားခဲ့သောအလင်းရောင်များ၊ တင်မောင်သည် မမျှော်လင့်ပဲ ဖြစ်ပေါ်လာသည့် အခြေအနေမို့ အံ့အားသင့်သွားခဲ့ရလေသည်။

ရှေ့ကိုဆက် မလျှောက်တော့ပဲ နေရာမှာတင်ရပ်တန့်လိုက်လေသည်။ နွားသည်ပင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရ၍ နဖားကြိုးမှ မြဲမြံစွာပင် ဆွဲထားလိုက်ရလေ၏။

အလင်းတန်းထွက်ပေါ်လာရာ ရေပြင်သည် ဂယက်များထကာပိုပြီးတော့ လှုပ်ရှားလာသည်။ လှိုင်းဘောင်ဘင်ခတ်လာခဲ့ကြလေသည်။ ထိုတစ်နေရာတည်းမှာ ဖြစ်နေသောကြောင့် မှင်တက်မိကာငေးရီပြီးတော့ ကြည့်နေမိဆဲမှာ. .

"ဝုန်း"

"ဟာ"

ငါးကြီးတစ်ကောင်က ရေမျက်နှာပြင်ထက်ကို ခုန်ပြီးတော့ တက်လာခဲ့လေသည်။ လေထဲမှာမြောက်ပြီးတော့ တက်သွားခဲ့သည်အထိပင်၊ လွန်စွာမှ ကြီးမားသော ရွှေဝါရောင်ငါးကြီးကို လွတ်လွတ်ကျွတ်ကျွတ်ပင် မြင်လိုက်ရလေသည်။





အလင်းရောင် ထွက်ပေါ်လာရာနေရာသည် ငါးကြီး၏ ခေါင်းထက်မှဖြစ်သည်။ တင်မောင်သည် မိမိ၏မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရလေသည်။ သူ. . အံ့အားတသင့်ဖြင့် ကြည့်နေဆဲမှာပင်. . ရွှေဝါရောင်ငါးကြီးက ရေပေါ်ကိုပြန်ပြီးတော့ ကျသွားခဲ့လေသည်။

"ဝုန်း"

ငါးကြီးက ရေအောက်ကို ပြန်ပြီးတော့ ငုပ်လျှိုးသွားဟန်တူသည်။ ရေမျက်နှာပြင်သည် ပိုပြီးတော့ လှုပ်ရှားသွားခဲ့လေသည်။ သို့သော် ငါးကြီး၏ ခေါင်းထဲမှ ထွက်ပေါ်နေသောအလင်းရောင်များက ရေပြင်ထက်ကို ဖောက်ပြီး ရောက်လာနေဆဲပင်ဖြစ်သည်။ ထို့နောက်. . တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့လေသည်။

"ဟင်. ."

တင်မောင်သည် မယုံကြည်နိုင်စရာကောင်းသော အဖြစ်အပျက်ကို ကျောက်ရုပ်ပမာမလှုပ်မယှက်နှင့် ငေးရီပြီးတော့. . အတန်ကြာပင် ကြည့်နေမိသည်။ ထို့နောက် ရုတ်တရက် သတိရလာသလို ဖြစ်သွားခဲ့ရပြီး ရင်ထဲမှာ လှုပ်ရှားကာ ထိုနေရာမှ လျင်မြန်စွာပင် ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေကတော့ အဲ့ဒါပဲကွ၊ ငါကွာ. . ခုလိုပြန်ပြီးတော့ ပြောနေတာတောင် ရင်ထဲမှာ လှုပ်ရှားနေတုန်းရှိသေးတယ်. . ဒါ. . ငါကိုယ်တိုင်ကြုံတွေ့ခဲ့ရတာ အမှန်ပဲ၊ မင်းတို့တော့ ယုံမှယုံကြပါ့မလား မသိဘူး. ."

တင်မောင်သည် သူ၏အတွေ့အကြုံကို နိဂုံးချုပ်လိုက်လေသည်။ စံထွေးသည် တင်မောင်ပြောပြသည့် ရွှေရောင်ငါးကြီး၏အကြောင်းကို သိလိုက်ရသောအခါ ရင်ထဲမှာ လှုပ်ရှားသွားခဲ့လေသည်။

"ငါ. . တွေ့ကြုံခဲ့ရတာနဲ့ သိပ်မခြားနားပါလား၊ ဒါပေမယ့် ငါ. . တွေ့ကြုံခဲ့ရတယ်ဆိုတာကို ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူး. ."

ငမိုန်းကတော့ တင်မောင်ပြောပြနေသည်ကို အစမှသည်အဆုံးအထိ နားထောင်ပြီးခဲ့သည့်တိုင် ထူးခြားမှုဖြစ်ပေါ်မလာခဲ့ပေ။ တင်မောင်ကိုသာ အမြင်တစ်မျိုးဖြင့် ကြည့်နေလေသည်။

"ငမိုန်း. . မင်းက ငါ့ကို ဘယ်လိုအကြည့်မျိုးနဲ့ ကြည့်နေတာလဲကွ၊ ဘာလည်း မင်းက ငါပြောတာကို မယုံလို့လားကွ"

"ထူးဆန်းနေလို့ပါကွာ၊ မင်းပြောခဲ့တဲ့ အဖြစ်အပျက်တွေက လူတွေမြင်တွေ့နိုင်ခဲ့တဲ့ အကြောင်းအရာတွေပဲကွ၊ ငါမင်းကို မေးချင်တယ် တင်မောင်၊ အဲ. . စိတ်တော့ မဆိုးနဲ့နော်"





"မင်းက ဘာမေးမှာလဲ ငမိုန်း. ."

"အဲ့ဒီအချိန်မှာ မင်း နည်းနည်းပါးပါးသောက်ထားသေးသလား၊ ဒါမှမဟုတ်. . အိပ်မက်ကို တကယ်လို့ထင်ပြီး ပြောနေတာလား၊ သေသေချာချာပြန်ပြီးတော့ စဉ်းစားပါဦးကွ. ."

"ဟာကွာ. . ငမိုန်း၊ မင်းက ငါ့ကို တွေ့ကရာ လျှောက်ပြောနေတယ်လို့ ထင်နေသလားကွ၊ ငါတကယ့်ကို တွေ့ကြုံခဲ့တာတွေပါကွ၊ အေး. . ဒီလိုယုံနိုင်ခဲတဲ့ကိစ္စမို့လည်း ငါ ဘယ်သူ့ကိုမှမပြောပဲ အောင့်အည်းပြီးတော့နေခဲ့ရတာ၊ မင်းတို့က ငါ့သူငယ်ချင်းတွေမို့လို့ ယုံနိုင်မလားလို့ပြောပြခဲ့တာ. . စံထွေးကကောကွာ. ."

"ဒီလိုအဖြစ်အပျက်မျိုးဟာ ဖြစ်နိုင်ခဲတဲ့ကိစ္စပေမယ့် ဘယ်သူမဆို ဆန်းကြယ်တဲ့အကြောင်းအရာမျိုးတွေ ရှိတတ်ပါတယ်၊ မင်းကတော့ လုပ်ကြံပြီးပြောမယ့်လူ မဟုတ်ပါဘူးလေ"

စံထွေးက စကားကို မယုတ်မလွန် အဖြေမျိုးပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







(၈)

## ပုလဲနက်ထဲကသတ္တာနီ

အချိန်မှာ ညဥ့်သန်းကောင်ယံကာလဆီကို တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့ပြီဖြစ်သည်။ စံထွေးမှာ အိပ်ယာထက်တွင်ရောက်နေသည့်တိုင်း အိပ်မပျော်နိုင်သေး၊ မစဥ်းအားပဲနှင့် ခေါင်းထဲမှာ အလိုလိုပေါ်လာခဲ့သည်က ငါးကြီးဂူနှင့် ပတ်သက်၍ သော်လည်းကောင်း၊ တက်လူဆိုသည့် လူထူးလူဆန်းကြီးတစ်ဦးကိုသော်လည်းကောင်း၊ ဒွေးရောယှက်လျက်ရှိနေလေသည်။

"တင်မောင်ကလည်း သူကိုယ်တိုင် ရွှေရောင်ငါးကြီးကိုတွေ့ခဲ့တယ်တဲ့၊ တင်မောင်က စိတ်ကူးယဥ်တတ်တဲ့သူလည်း မဟုတ်ပါဘူး၊ စကားကိုလုပ်ကြံပြီးတော့လည်း မပြောတတ်ပါဘူး၊ စဥ်းတော့စဥ်းစားစရာပဲ. ."

စံထွေးသည် တစ်စုံတစ်ခုကို အမှတ်မထင် သတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေ၏။ မီးခြစ်ကို မခြစ်ပဲ သေတ္တာကိုစမ်းကာ အဖုံးကို ဖွင့်လိုက်သည်။ အထုတ်တစ်ထုတ်ကို နှိုက်ယူလိုက်လေ၏။ အထုတ်ကို ဖြည်လိုက်သည်။ ပုလဲနက်လက်စွပ်လေးကို ယူလိုက်လေ၏။

ပြူတင်းတံခါးကို ဖွင့်ထားသည်ဖြစ်၍ လရောင်သည် အခန်းထဲကို မခို့တရို့လေးကျရောက်လျက်ရှိလေ၏။ ရွှေဖြင့် ကွပ်ထားသော ပုလဲနက်လက်စွပ်လေးကို လရောင်အောက်မှာ ထောင်ပြီးတော့ ကြည့်လိုက်သည်။ ပထမတော့ မည်းမည်း သဏ္ဌာန်လေးတစ်ခုကိုသာ မြင်တွေ့ရသည်။ ပုလဲအရောင်က အနက်ပေမယ့် အတွင်းသားထဲမှာ ထူးထူးခြားခြား မည်းမည်း အရာလေးတစ်ခုက လရောင်ဖောက်ဝင်ပြီး ပေါ်လွင်လျက်ရှိ သည်။

"ပုလဲအနှစ်များလား၊ အလယ်မှာတည်ပြီးတော့ စုနေတာလား မသိဘူး. ."

လက်စွပ်ကွင်းမှကိုင်ပြီး မျက်လုံးနားမှာ ကပ်ပြီးတော့ ကြည့်မိလိုက်ရာ. .

"ဟင်. ."

စံထွေးသည် မိမိမျက်လုံးကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။ ပုလဲနက်ထဲမှာ သူမြင်လိုက်ရသည်ကား ရေသူမလေးတစ်ဦးပင်၊ မှန်ဘီလူးထဲမှာ မြင်လိုက်ရသကဲ့သို့





ကြီးမားထင်ရှားလျက်ရှိလေသည်။ ရေသူမရုပ်လေးသည် ကိုယ်အထက်ပိုင်းက မိန်းကလေးတစ်ဦးဖြစ်ပြီး ခါးအောက်ပိုင်း ကတော့ ငါးတစ်ကောင်၏ ကိုယ်ပင်ဖြစ်သည်။ အကြေးခွံများ ကိုပင်မြင်နေရသည်။ ဘော်ငွေရောင်တလက်လက်နှင့် တောက်ပလျက်ရှိနေလေသည်။

ခန္ဓာကိုယ်တစ်ကိုယ်လုံး ကျော့ရှင်းလှပနေလျက်ရှိပြီး ရှည်လျားသော ဆံကေသာမျှင်များမှာ ဖွံ့ဖြိုးသော ရင်သား အမြွှာကို ဖုံးအုပ်လျက်ရှိနေကြသည်။ အချို့သည် ကျောပြင် ထက်မှာဖြန့်ဝဲပြီးတော့ ကျဆင်းနေကြသည်။

[ပုလဲနက်လက်စွပ်လေးကို လှည့်ပတ်၍ကြည့်ရှုလျှင် ရသည်။ ရေသူမ၏ကျောဘက်ပိုင်းကိုလည်း ထင်ရှားစွာပင် မြင်နေရလေသည်]

မျက်နှာကျနပုံမှာ လူသားမိန်းကလေးတစ်ဦးကဲ့သို့ပင်၊ မျက်ဝန်းလေးတစ်စုံက ရွှန်းလက်ကာ တောက်ပနေသည်။ နှာတံလေးသည် ပြေစင်းစင်းလေးနှင့် လက်ဖြင့် တင်ထားသ ကဲ့သို့ ရွရွလေးရှိနေသည်။ ဖူးပြည့်တင်းလျက်ရှိသော နှုတ်ခမ်း သားလေးများသည် လေးကိုင်းပမာပင်တည်နေကြလျက်။

သေချာစွာကြည့်လျှင်. . ရုပ်တုလေးနှင့်မတူပဲ အသက် ဝင်နေသူလေးပမာပင် ထင်ရလေသည်။

"ဒီပုလဲနက်လုံးလေးထဲမှာ ရောက်နေတဲ့ ရေသူမလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သဘာဝကြောင့်ဖြစ်နေတာလား၊ လက်ရာမြောက်တဲ့ ပန်းပုပညာရှင်တစ်ယောက်က ထုထားတဲ့ အရုပ်လေးလိုပဲ အသက်ဝင်လွန်းလှတယ်၊ ငါ့လက်ထဲကို ရောက်လာခဲ့ပုံကလည်း ထူးဆန်းလှတယ်. . ”

တက်လူဆိုသည့်လူကို စံထွေး သတိရသွားမိသည်။

“ဒီလူဟာ လူထူးလူဆန်းပဲ၊ ငါ့ကို ဒီလက်စွပ်လေးပေးခဲ့တာ သာမန်ချစ်ခင်တဲ့ စိတ်ကြောင့်ပဲလား. . ငါမသိနိုင်တဲ့ အကြောင်းတစ်ခုခုများရှိနေသလား”

စံထွေးသည် ရေသူမလေးကို ကြည့်မဝ၊ ရှုမဝဖြစ်လာခဲ့ရသည်။ လရောင်အောက်မှာ တစ်ချိန်လုံးပင် မကြာခဏ ကြည့်နေမိဆဲ၊ အတော်လေးညဉ့်နက်ကာမှ အိပ်ပျော်သွားခဲ့လေသည်။





စံထွေးသည် ပုလဲနက်လက်စွပ်လေးနှင့် ပတ်သက်ပြီး မည်သူ့ကိုမှ မပြောပြချေ။ လက်မှာလည်း ဝတ်မထားပေ။ ပုဝါလေးနှင့်ပြန်ထုတ်ထားပြီး သေတ္တာထဲမှာ လုံခြုံစွာပင် သိမ်းဆည်းထားသည်။

တစ်ခါတရံမှာ ထုတ်၍ကြည့်တတ်သည်။ ထိုသို့ကြည့်လိုက်တိုင်းသည် ညအချိန်ပဲဖြစ်သည်။ တစ်ညတွင် အိမ်သားများအိပ်ပျော်နေကြသော်လည်း စံထွေးမှာ မအိပ်သေးပေ။ ပုလဲနက်လက်စွပ်လေးကို သေတ္တာထဲက ထုတ်ကာ ကြည့်မိသည်။ ပုလဲနက်လေးထဲကို ဖောက်ပြီးဝင်လာသောလရောင်ကြောင့် အထဲမှာ ပိုပြီးတော့ လင်းချင်းလျက်ရှိနေသည်ကို တွေ့လိုက်ရလေ၏။

ရေသူမရုပ်တုလေးကို ကောင်းစွာပင် မြင်တွေ့လိုက်ရသည်။ စံထွေးအံ့အားသင့်သွားခဲ့ရလေသည်။ မူလကြည့်စဉ်က ရေသူမလေး၏ ညာလက်သည် ကျောက်ဆောင်ပေါ်မှာ ထောက်လျက်သားရှိနေသည်။ ခန္ဓာကိုယ်အောက်ပိုင်းသည် စံထွေးမြင်သာသည့် ရှေ့ဘက်မှာရှိနေသည်။ ကေသာဆံမျှင်များသည်လည်း ရင်ရှေ့မှာ ကျောဘက်မှာ အားလုံးဖြန့်ကျလျက်သားရှိနေကြသည်။ ကောင်းစွာ မှတ်မိသည်။

ယခုမြင်ရသည်မှာ ထိုသို့မဟုတ်ပေ။ ရေသူမလေး၏ လက်နှစ်ဖက်စလုံးသည် ကျောဘက်မှာရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကို ဆောက်ထားကြသည်။ ကော့ကော့ရောရော ဖြစ်နေသော ရင်ရှေ့မှာ ကေသာမျှင်များက အားလုံးဖုံးလွှမ်းလျှက်ရှိနေကြသည်။ ခန္ဓာကိုယ်အောက်ပိုင်းသည်လည်း နောက်ကို ရောက်နေလေသည်။ အမြီးဖျားလေး တစ်စွန်းတစ်စကိုသာ မြင်တွေ့နေရသည်။

နဂိုက တည်နေသယောင်မျက်နှာလေးသည်လည်း သိသာစွာပင် ပြုံးနေမိသလိုပင်။ ရွှန်းလက်သော မျက်ဝန်းတစ်စုံသည် စံထွေးကို တမင်ညှို့မြူကာ ကြည့်နေသယောင်ပင်။

"ဟင်. . ငါအရင်က မြင်နေကြပုံမျိုး မဟုတ်ပါလား၊ ကိုယ်ဟန်အနေအထားနဲ့ မျက်နှာအမူအရာက အစ, ပြောင်းလဲနေကြတယ်၊ ဟုတ်ကော ဟုတ်ရဲ့လား. . ငါပဲ မျက်စိမှားသလား. . "

ကိုယ့်မျက်စိကိုပင် မယုံကြည်နိုင်တော့၊ နောက်. . အလျှဉ်းသင့်တိုင်း ပုလဲနက်လေးကို ကြည့်တတ်လေရာ. . ရေသူမလေး၏ ကိုယ်ဟန်၊ အနေအထားနှင့် မျက်နှာပေးက အစ. . ပြောင်းလဲနေတတ်သည်ကို တွေ့ရလေသည်။

လမိုက်ညများတွင် ကြည့်၍ မရပေ။ စံထွေးသည် ရေသူမလေးကို စွဲလန်းမိသလို ဖြစ်လာခဲ့ရလေ၏။

"နေ့ဘက်မှာကြည့်ရင် ပိုပြီးတော့ ထင်ထင်ရှားရှားမြင်ရမှာပဲ. . "





ထို့ကြောင့် နေ့ဘက်တွင် ပုလဲနက်လက်စွပ်လေးကို လူတွေမမြင်ကွယ်ရာကို ယူသွားခဲ့သည်။ လူရှင်းသော နေရာတွင် နေရောင်မှာထောင်ပြီးတော့ ကြည့်သည်။ ပုလဲနက်လေးထဲမှာ အဖြူထည်ကြီးသက်သက်ဖြစ်နေသည်။ ဘာဆို ဘာမှမမြင်ရပေ။ ရေသူမလေးပျောက်နေလေပြီ။

"နေ့ဘက်မှာ ကြည့်တော့လည်း ဘာမှမမြင်ရပါလား၊ အဖြူထည်ကြီးသက်သက်မြင်ရတယ်. . "

စံထွေးသည် မချင့်မရဲဖြစ်သွားခဲ့ရလေသည်။ ရေသူမလေးကိုမြင်လိုစိတ်က ပြင်းပျစွာပင်ဖြစ်ပေါ်ခံစားမိလာခဲ့ရလေသည်။

ပုလဲနက်လက်စွပ်လေးကို ပုဝါဖြူလေးနှင့် ယုယစွာ ဖြန့်ထုတ်လိုက်ပြီး အင်္ကျီအိတ်ထဲထည့်ကာ သိမ်းထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ပင်လယ်ဘက်ကို မကြာခဏထွက်နေတာ ရေသူမကို မြင်ဖူးခဲ့သလား စံထွေး"

ငမှိန်း၏စကားကြောင့် စံထွေးသည် ပိုက်ကိုဖာနေရာမှ ရပ်တန့်သွားခဲ့ရသည်။ သူစိတ်ဝင်စားနေသော ရေသူမ၏ အကြောင်းကို ငမှိန်းက ကြုံကြုံဖန်ဖန်မေးလိုက်သောကြောင့်ပင်။

"ငမှိန်းရာ. . ရေသူမဆိုတာ ပုံပြင်၊ ဒဏ္ဍာရီတွေထဲမှာသာ. . ရှိတာပါကွာ၊ ပင်လယ်ကြီးကတော့ အကျယ်ကြီးပဲ၊ ရေသူမ. . မပြောနဲ့ ရေသူမနဲ့ ဆင်ဆင်တူတဲ့ သတ္တဝါမျိုးကိုတောင် ငါမတွေ့ဖူးခဲ့ဘူး. ."

"ရေသူမဆိုတာ လူတွေစိတ်ဝင်စားအောင် ချောတယ်၊ လှတယ်ဆိုပြီး ဖွဲ့နွဲ့ပြီးရေးထားကြတဲ့စာတွေရှိကြတယ်၊ စွဲလန်းမှုနဲ့သံယောဇဉ်ဖြစ်အောင် ဖန်တီးပြီးလုပ်ကြံထားတဲ့ စာတွေကိုဖတ်ပြီး လူတွေက စိတ်ကူးယဉ်ကြတာပေါ့ကွာ၊ တကယ်တော့ လောကကြီးမှာ ရေသူမချောချောလေးဆိုတာ မရှိနိုင်ဘူးကွ"

တင်မောင်က ပြတ်သားစွာပင် ပြောလိုက်လေသည်။ သူတို့သုံးယောက်သည် ကမ်းစပ်ရှိ လှေကြီးတစ်စင်းထက်မှာ စုပြီးထိုင်ရင်း ရောက်တတ်ရာရာပြောနေကြခြင်းပင်ဖြစ်သည်။

"မင်းက. . ဒီလိုအပြတ်မပြောနဲ့လေ၊ ငါမြို့ကျောင်းတက်ခဲ့တုန်းက ငါ့ဘကြီးရဲ့ အိမ်မှာ ဗဟုသုတဘက်တိုက်လို့ခေါ်တဲ့ ကိုယ်ပိုင်စာကြည့်တိုက်ကြီးတစ်ခုရှိတယ်ကွ၊ ငါ့ဘကြီးက





ငွေကြေးသာမချမ်းသာတာ. . စာအုပ်ကတော့ ထောင်ချီပြီးတော့ ချမ်းသာတယ်ကွ. ."

"ဟေ့ကောင် ငမှိန်း၊ မင်းမြို့ကျောင်းသွားတက်ပြီးပညာသင်ခဲ့တာကို ကြွားမနေနဲ့၊ ငါတို့လည်း မင်းလိုပဲ မြို့ကျောင်းတက်ဖူးခဲ့ကတာပဲ၊ မင်း ဘာပြောချင်သလဲ. . လိုရင်းကိုသာပြော"

တင်မောင်က ဟောလိုက်မှ ငမှိန်းက ငြိမ်ကျသွားပြီး. .

"အေးပါကွ၊ ငါလည်း ရေသူမကို စိတ်ဝင်စားလို့ စကားပလ္လင်ခံပြီး ပြောပြမလို့ပါ၊ ဒီလိုကွ. . ငါ့ဘကြီးရဲ့ အိမ်မှာရေသူမအကြောင်းရေးထားတဲ့ စာအုပ်တစ်အုပ်ကို တွေ့လိုက်ရတယ်ကွ၊ ငါလည်း စိတ်ဝင်စားပြီးတော့ ဖတ်ကြည့်မိတယ်. ."

"အေး ပြောပါဦး ငါတို့လည်း ဗဟုသုတရတာပေါ့ကွာ"

"ဒီလိုကွ၊ မဟာခရီးသည်ကြီး ခရစ္စတိုဖာကိုလံဘတ်ဟာ. . သူ့ရဲ့ သင်္ဘောခရီးမှာ ရေသူမကို တွေ့ဖူးခဲ့တယ်လို့ သေသေချာချာမှတ်တမ်းတင်ထားခဲ့တယ်တဲ့၊ သူ့ရဲ့သင်္ဘောသားတစ်ဦးက ရေသူမသုံးကောင်ကို သင်္ဘောနားမှာ တွေ့လိုက်ရတယ်တဲ့၊ ဒါပေမယ့် ပန်းချီဆရာတွေ ရေးဆွဲကြတဲ့ပုံတွေထဲကလို. . မချောမော၊ မလှပကြဘူးတဲ့၊ အမျိုးသမီးတွေရဲ့ မျက်နှာနဲ့ ဆင်ဆင်တူနေကြပေမယ့် ရုပ်နည်းနည်းကြမ်းကြတယ်ဆိုပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ငမိုန်း၏စကားကြောင့် စံထွေးသည် ပြုံးမိလိုက်လေ၏။

"ကဲ. . မင်းသိတာ ဒါပဲပေါ့ ဟုတ်လား"

"ဟ. . နေဦး၊ ငါ့စကားက မပြီးသေးဘူးလေ၊ ဆက်ပြီး နားထောင်ကြပါဦး"

"ဒါဖြင့်ရင်လည်း ပြောကွာ"

"ဒီလိုကွ၊ ဂျပန်မှာ တံငါလုပ်သားတွေဟာ ရေသူမတစ်ကောင်ကို ဖမ်းဆီးရမိခဲ့တယ်၊ အဲ့ဒါကို မပုပ်မသိုးအောင် ရုပ်သွင်းပုံလုပ်ထားသတဲ့၊ အဲ့ဒါရေသူမကို လန်ဒန်က ဝယ်ယူပြီးတော့ ပြပွဲတန်ခုမှာ ပြသခဲ့ကြတယ်တဲ့၊ ဖီဂျီနိုင်ငံမှာ တွေ့ခဲ့ရတဲ့ ရေသူမဆိုပြီး နာမည်ကြီးသွားခဲ့သတဲ့. .

တစ်ယောက်ဆိုရင် အဲ့ဒီ ဖီဂျီနိုင်ငံက ရုပ်သွင် ရေသူမကိုဝယ်သွားပြီး ထူးဆန်းထွေလာပြပွဲမှာပြသတာ ဝင်ငွေကောင်းသွားပြီး ကမ္ဘာကျော်သွားသတဲ့၊ အဲ့ဒါ ၁၈၄၂ ခုနှစ်ကတဲ့၊ ဝယ်သွားတဲ့သူက အဲ. . ပီတီဘာနမ်တဲ့၊ ပြပွဲလုပ်တဲ့နေရာကတော့. . နယူးယော့မြို့က လူစည်ကားတဲ့ ဘရော့ဝေးလမ်းမကြီးပေါ်က ပြဇာတ်ရုံမှာတဲ့. ."

"ငမိုန်း. . မင်း မဆိုးဘူးကွ၊ ဒါလောက်အထိ မှတ်သားထားနိုင်ခဲ့တာ မင်းက စာပေကို နှံ့စပ်အောင် ဖတ်ထားတာကိုး"

"ဟာ တင်မောင်ရ၊ ငါ့ကိုတောသားဆိုပြီး အထင်သေးလို့မရဘူးလေ၊ မြို့ကိုရောက်တုန်း ငါလည်း ဝါသနာပါတော့





စာပေကိုလက်လှမ်းမီသလောက် လေ့လာရတာပေါ့။ ဒါတင် မကသေးဘူး၊ တချို့အကြောင်းအရာတွေကို ငါကူးပြီးတော့ မှတ်လာခဲ့သေးတယ်. .

ငါ စံထွေးကို မေးတာအကြောင်းရှိတယ်၊ ဘာကြောင့်လည်းဆိုတော့ ငါလည်း ဒီလိုအထူးအဆန်းတွေကို စိတ်ဝင်စားမိတာကိုးကွ၊ ငါမြို့ကအပြန်မှာ ဗဟုသုတဖြစ်မယ့် စာအုပ်တွေကိုတောင် ဝယ်လာခဲ့သေးတယ်၊ မင်းတို့ ဖတ်ချင်ကြရင် ယူဖတ်ကြပေါ့ကွာ. .

တချို့နိုင်ငံတွေမှာ မြေအောက်က တူးဖော်ရရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေထဲမှာ ရေသူမရုပ်တုတွေအများကြီးပဲတွေ့ကြရသတဲ့၊ ရေသူမပန်းချီကားတွေကိုလည်း. . နံရံတွေမှာ ရေးဆွဲထားကြတာမျိုး၊ ပိတ်စပေါ်မှာ ရေးဆွဲထားကြတာမျိုးတွေ့ကြရတယ်၊ ဒါ့ကြောင့် ခရစ်တော်မပေါ်မီနှစ်တွေထောင်ချီပြီးကတည်းက ရေသူမဆိုတာ ရှိတယ်လို့. . စာတွေထဲမှာ ရှာတွေ့ကြတယ်တဲ့၊ အင်း. . ဆိုရရင်. . ငါတို့ရဲ့ ဗုဒ္ဓမြတ်စွာ မပွင့်သေးတော်မူတဲ့ အချိန်ကတည်းကလို့ ဆိုရမှာပေါ့ကွာ. ."

"မင်းကကော ရေသူမဆိုတာကို ယုံသလား ငမိုန်း"

"ဟ. . စံထွေးရ၊ လူတွေက ပါးစပ်ရာဇဝင်ဖြစ်ပြီးတော့ပဲပြောပြော၊ စိတ်ကူးနဲ့ပဲရေးရေး၊ တကယ်ဖြစ်ရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အခြေခံပြီးတော့ ရေးကြ၊ ပြောကြတာပဲကွ၊ အဲ. . ငါကတော့ ကွာ. . ရေသူမချောချောလေးတွေရှိတယ်ဆိုတာကို ယုံတယ်ကွ၊ ဘာဖြစ်လို့လည်းဆိုတော့ ပုံပြင်၊ ဒဏ္ဍာရီတွေထဲမှာ ပင်လယ်ထဲ သဘော်ပျက်လို့ ဒုက္ခရောက်ပြီး ကျွန်းတစ်ကျွန်းပေါ်မှာ သွားတင်တဲ့လူတစ်ယောက်ဟာ ရေသူမနဲ့ မတော်တဆတွေ့ဆုံခဲ့တယ်၊ ရေသူမနဲ့ညားပြီးမှ ကလေးတွေဘာတွေ ရပြီးမှ ကိုယ့်ရပ်ရွာကို ပြန်ရောက်လာတယ်ဆိုတဲ့ အကြောင်းတွေဟာ တကယ့်ဖြစ်ရပ်ကို အခြေခံပြီးမှ ဖြစ်လာတဲ့ဇာတ်လမ်းတွေပဲကွ၊ ငါတော့ ယုံတယ်ကွာ. . ”

“မင်းကွာ၊ ကိုယ်တွေ့မဟုတ်ပဲနဲ့ သူပြော ငါပြော စကားတွေကို ယုံတက်တာ၊ တော်တော့်ကို ကြောင်တဲ့ကောင်ပဲကွ၊ မင်း. . တော်တော့်စိတ်အညာလွယ်တဲ့ကောင်ပဲကွ. . ”

တင်မောင်က ငမှိန်း၏ဇက်ကို ပုတ်လိုက်လေရာ. . ခေါင်းကလေးပုပြီးတော့ ဝင်သွားခဲ့ရလေ၏။ စံထွေးကတော့ ငမှိန်း၏စကားကြောင့် ရေသူမနှင့်ပတ်သက်ပြီး ရင်ထဲသို့ ပို၍နက်ရှိုင်းစွာဖြင့် ရောက်သွားခဲ့လေ၏။

“မင်းကွာ၊ ပင်လယ်ထဲကို မကြာခဏသွားနေတဲ့ စံထွေးတောင် ရေသူမကို မမြင်ဖူးသေးတာ မင်းက ဒီကနေ စိတ်ကူးယဉ်လို့ ကောင်းတုန်းရှိသေးတယ်. . ”

“ဩော်. . တင်မောင်ရာ၊ မင်းကလည်း လူမိန်းကလေး





ကိုချစ်ရတာထက် ရေသူမချောချောလေးကို ချစ်ရတာ၊ ဘယ်လောက်ဟန်ကျသလဲ. . အိမ်ကိုခေါ်လာပြီး ပြစားလို့လည်း ရတယ်၊ ဟိုလူကြီးလိုဝင်ငွေကောင်းပြီး သူဌေးဖြစ်နိုင်တာ ပေါ့ကွာ. .

ဒါတောင် သူက ရေသူမအသေကို ရုပ်လုံးသွင်းပြီး ပြတာ၊ ငါက အရှင်ကိုပြမှာ၊ သီချင်းလည်းဆိုခိုင်းဦးမယ်၊ စကားလည်းပြောခိုင်းဦးမယ်၊ ကဲ. . ဘယ်လောက်ဟန်ကျသလဲ”

ငမှိန်း၏ အပြောကျမှုကြောင့် နှစ်ယောက်စလုံးရယ်မိလိုက်ကြသည်။ ရယ်ခဲ. . ပြုံးခဲသော စံထွေးပင်လျှင် ဟားတိုက်ကာ ရယ်မိလိုက်လေသည်။

“ဒီကနေ့ လပြည့်ညနော်”

“အေးလေ၊ ဒီကနေ့ နတ်တော်လပြည့်လေ စံထွေး၊ ဘာဖြစ်လို့လဲ. . ”

“ဘာ. . ဘာမှမဖြစ်ပါဘူးကွာ၊ နောက်သီတင်းနှစ်ပတ်လောက်ဆိုရင် ငါပင်လယ်ကို ဆင်းရတော့မှာကို စဉ်းစားမိလို့ပါ”


စံထွေးက စကားကို လွှဲပြီးတော့ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## (၉)
## မျက်နှာမညီးသုံးယောက်

လပြည့်ည၏ အလင်းရောင်သည် ပြူတင်းပေါက်မှ တဆင့်. . အခန်းထဲကိုထိုးပြီးတော့ ဝင်လာ၏။ မိဘနှစ်ပါး၏ အိပ်မောကျနေသံကို ကြားရတော့မှ စံထွေးလုပ်ငန်း စတော့သည်။

သေတ္တာထဲက ပုဝါထုတ်လေးကို ထုတ်ယူလိုက်လေ၏။ ပုဝါအထုံးကို ဖြည်ကာ အထဲမှ ပုလဲနက်လက်စွပ်လေးကို ထုတ်ယူလိုက်လေ၏။ ထို့နောက် မျက်လုံးနားမှာ ကပ်ပြီးတော့ ကြည့်လိုက်သည်။ လရောင်သည် ပုလဲနက်ထဲကို ဖောက်ပြီးတော့ဝင်လာခဲ့သည်။ မျက်လုံးထဲမှာ မြင်လိုက်ရသည်က ကျောက်ဆောင်လုံးချောကြီးတစ်ခုပင်။

"ဟင်. . ရေသူမလေး မရှိတော့ဘူး၊ ဘယ်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါလိမ့်. . "

တွေ့နေကြ ရေသူမလေးကို အမှန်တကယ်ပင် မတွေ့ရတော့ပေ။ စံထွေး၏ရင်ထဲမှာ လှုပ်ရှားသွားခဲ့ရသည်။ မသေချာဘူးထင်၍ ပုလဲလက်စွပ်လေးကို ပတ်ချာလှည့်ပြီးတော့ ကြည့်မိလိုက်သည်။ ကျောက်ဆောင်၏ တစ်ဖက်တွင် ရေပြင်ကြီးလိုလို တွေ့ရသည်။ နောက်ထပ်တိုးလာသော ပုံရိပ်တစ်ခုပင်။

စံထွေး၏စိတ်ထဲမှာ ရေသူမလေးကို မတွေ့ရ၍. . ပို၍ပြီးတော့ ခံစားသွားခဲ့ရလေ၏။ ပုလဲနက်လေး၏ ဓါတ်သဘာဝကပြောင်းလဲသွား၍ ရေသူမလေးအရုပ်လေးသည် ပျောက်ကွယ်သွားရခြင်းဖြစ်သလားဟု တွေးမိလိုက်သေးသည်။

မည်သို့ပင်ကြည့်ကြည့်. . ရေသူမလေးကတော့ ပြန်ပြီးပေါ်မလာတော့ပါ။ စံထွေးသည် စိတ်လျှော့လိုက်ပြီး အိပ်ပျော်သွားခဲ့လေ၏။





နောက်တစ်နေ့ညကိုစံထွေးတစ်ယောက် ဇွဲကောင်းကောင်းနှင့်စောင့်နေမိသည်။ သန်းကောင်ယံသို့ ရောက်လာသောအခါ ပုလဲနက်လက်စွပ်လေးကို ယူပြီးတော့ ကြည့်လိုက်မိပြန်သည်။ ထိုအခါ စံထွေး၏ ရင်ထဲမှာ လှုပ်ရှားသွားခဲ့ရလေသည်။

ရေသူမရုပ်လေးကို တွေ့လိုက်ရသောကြောင့်ပင်၊ ရေသူမလေးသည် ယခင်တွေ့စဉ်ကလိုပင်. . ကျောက်ဆောင်ထက်မှာ ထိုင်လျက်သားရှိနေသည်။ ဒီတစ်ခါတော့ ဘေးတစ်စောင်းထိုင်နေလျက်၊ ပြေပြစ်သော မျက်နှာအကျကို ချစ်စဖွယ်မြင်တွေ့နေရသည်။ ဆံကေသာမျှင်များသည် ကျောဘက်မှာ ပြန့်ကျယ်ပြီးတော့ ကျနေကြသည်။ တင်သားများကိုပင် ဖုံးလွှမ်းနေကြလေသည်။ လက်တစ်ဖက်က ကျောက်ဆောင်ပေါ်ကို ထောက်ထားသောကြောင့် ပြည့်ဖြိုးသော ရင်တစ်ဖက်ကိုသာ မြင်တွေ့ရသည်။ စုထွေးသော နှုတ်ခမ်းလေးသည် ပြုံးယောင်သန်းနေလိမ့်မည်ဟု ထင်မိရလေသည်။

စံထွေးဘဝင်ကျသွားခဲ့ရသည်။ ရေသူမလေး၏ ရုပ်ပုံလွှာကို ပြန်ပြီးတော့ မြင်လိုက်ရသောကြောင့်ပင်။

"မနေ့က မင်းဘယ်ကိုရောက်နေသလည်းကွယ်၊ ငါဖြင့်မင်းကို မတွေ့မိလို့ စိတ်အလိုမကျဖြစ်သွားခဲ့မိတာ၊ တော်[illegible]သေးရဲ့. . ငါ. . မင်းကို ဒီကနေ့မှာ တွေ့လိုက်ရတော့မှ [illegible]ပင်



www.burmeseclassic.com

ကျသွားခဲ့ရတော့တယ်. . ”

နှုတ်မှ တိုးတိုးလေးပင် ပြောလိုက်မိလေသည်။ ပုလဲနက်လက်စွပ်လေးထဲမှ ရေသူမလေးသည် သူ့ကို ဖမ်းစားလျက်ရှိနေလေပြီ။

ထိုလက်စွပ်လေးကို လက်မှာစွပ်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။

ပင်လယ်ကို ဆင်းရတော့မည့်ရက်ကလည်း တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့ပြီဖြစ်သည်။

“ငါ. . ပင်လယ်ကိုမဆင်းမီ ငါးကြီးအိုင်ဘက်ကို တစ်ခေါက်လောက်သွားရင် ကောင်းလိမ့်မယ်”

ငါးကြီးအိုင်ဘက်ကို သွားချင်သည့် ဆန္ဒကပြင်းပျစွာနှင့်ပင် ပေါ်လာခဲ့လေသည်။ ထိုအခါ တက်လူဆိုသည့် လူကခေါင်းထဲမှာ ပြန်ပြီးတော့ ပေါ်လာခဲ့လေသည်။

“ဒီ. . ကိုတက်လူဆိုတဲ့လူဟာ အပြင်မှာ တကယ်ရှိတာလား၊ ဒါမှမဟုတ်. . ငါပဲ ကျောက်တန်းထက်မှာ အိပ်ပျော်သွားပြီး အိပ်မက်. . မက်သွားခဲ့တာလား၊ ဒါဆိုရင် ငါ့အိပ်မက်ထဲမှာ အမှတ်မထင်တွေ့လိုက်ရတဲ့သူဟာ ပုလဲနက်လက်စွပ်လေးကို





ဘယ်လိုပေးလိုက်နိုင်တာလဲ၊ ငါကောက်ရတဲ့ ပစ္စည်းဆိုရင်လည်း ကောက်ရတယ်ဆိုတာကို မှတ်မိရမှာပေါ့”

စံထွေးအတွက် ယင်းပြဿနာသည် ယခုထက်ထိ မရှင်းလင်းနိုင်သေးပေ။

တစ်ရက်တွင်. .

ငါးကြီးအိုင်ဘက်သို့သွားလိုသည့် ဆန္ဒကို မချိုးနှိမ်နိုင်တော့သည်နှင့် ညနေစောင်းကာလမှာ ဓါးရှည်တစ်လက်ကို အဖော်ပြု၍ တစ်ဦးတည်းပင် ထွက်လာခဲ့လေသည်။ လမ်းမှာ တင်မောင်နှင့် ငမှိန်းတို့ကိုများ တွေ့လေမလားဟု စိတ်ကထင့်သွားမိသေးသည်။ တံငါစုမှ ထွက်လာပြီးကတည်းက မျက်နှာစိမ်းတချို့ကိုသာ တွေ့လိုက်ရသည်။ ထို့ကြောင့် ကွင်းဘက်မှပတ်၍ အေးဆေးစွာပင် လျှောက်လာခဲ့လေသည်။

www.burmeseclassic.com



ငါးကြီးအိုင်ဘက်ကိုရောက်တော့ ရေကကျလုနီးပါးပင် ရှိသေးသည်။ ကျောက်ဆောင်ကြီးများ၊ သန္တာကျောက်တန်းများသည် ရေပြင်ထက်မှာ တော်တော်များများပင် ပေါ်နေကြလျက်။

"ငါးကြီးအိုင်ထဲကို ပင်လယ်ရေအတက်အကျနဲ့ ဝင်နိုင်ထွက်နိုင်တယ်ဆိုတာကတော့ သေချာနေပြီ. ."

ရေကမတက်သေးသော်လည်း လေကတဟူးဟူးနှင့် တိုက်ခတ်နေလျက်ရှိသည်။ လှိုင်းများကတော့ ဖြစ်ပေါ်နေကြဆဲ။

တင်မောင်. . ငါးကြီးကို တွေ့ခဲ့သည်ဆိုသော နေရာကို မှန်းဆပြီးတော့ ကြည့်မိလိုက်သည်။ ထို့နောက် ကမ်းစပ်မှ ကွေ့ဝိုက်ကာ သန္တာကျောက်တန်းကြီးဘက်ကို လျှောက်လာခဲ့လေသည်။ ကျောက်တန်းကြီးပေါ်ကို တက်လာပြီး ထိုင်နေကျ နေရာမှာ ထိုင်လိုက်လေသည်။

ကျနေရောင်အောက်မှ ရေပြင်သည် နက်ပြာရောင် သန်းလျက်ရှိသည်။ ရေနက်ပိုင်းနေရာသည် ကွက်ပြီးတော့ သိသာစွာ ထင်ရှားစေသည်။ ငါးများပွက်သည်ကို မမြင်ရပေ။ ထို့ကြောင့် ရေအောက်တွင် ငါးတော်တော်များများရှိ၊ မရှိ မခန့်မှန်းနိုင်ချေ။ မိမိသည် လက်တလောအခြေအနေမှာ တံငါသမားဘဝကိုရောက်နေသော်လည်း ဤငါးကြီးအိုင်ထဲက ငါးများကို ဖမ်းဆီးလိုစိတ်က မရှိပေ။ မည်သည့်အကြောင်းကြောင့်လည်း ဆိုသည်ကိုတော့ ပြောမပြတတ်ပေ။ မကြာမီ. .





ငါးကြီးအိုင်ကြီး၏ရေပြင်သည် လှုပ်ရှားလာခဲ့သည်။ ရေတက်လာခဲ့ပြီဖြစ်သည်။ ဒီရေတက်၍ ဝင်ရောက်လာသည့်နေရာကို မသိ၊ မမြင်ရသော်လည်း တွင်းပေါက်ကြီးများ၊ ပတ်ကြားအက်ကြောင်းကြီးများက တစ်ဆင့်မြေအောက်မှ ငုပ်လျှိုးကာ ဝင်ရောက်လာခဲ့ကြသည်ဟု တချို့က ယူဆခဲ့ကြလေသည်။ သို့သော်. . ယင်းနေရာများကို မည်သူကမှ မသိနိုင်ကြပေ။ ဝင်လာသော ဒီရေများသည် ရေအောက်ကြမ်းပြင်ရှိ တွင်းပေါက်ကြီးများကတဆင့် ဝင်ရောက်လာခဲ့ဟန်တူကြသည်။ ထို့ကြောင့် ရေသည် အောက်ခြေကစ,ပြီး တဖြည်းဖြည်းနှင့် မြင့်တက်လာခဲ့လေသလားဟု စစ်စစ်ပေါက်ပေါက်ပင် တွေးနေမိသည်။

ရေပြင်သည် တရိပ်ရိပ်ဖြင့် မြင့်တက်လာသည်။ တချို့သော ကျောက်ဆောင်များ. . ကျောက်တန်းများကို နိမ့်ကျသွားစေခဲ့သည်ဟု ထင်မိရလေသည်။

"ဗျန်း. . ဗျန်း. ."

"ဝုန်း. . ဝုန်း"

ရေလှိုင်းများဖြစ်ပေါ်လာကြပြီး ကျောက်ဆောင်များ၊ ကျောက်တန်းများကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြလေသည်။ စိတ်ထွေးသည် ပင်လယ်အတွေ့အကြုံရှိပါလျက်နှင့် လှိုင်းထနေသော ရေပြင်ကိုကြည့်ပြီး မူးဝေသလို ဝေဒနာမျိုးကို ခံစား



www.burmeseclassic.com

လာခဲ့ရသည်။ ကိုယ့်ကိုကိုယ်လည်း အံ့အားသင့်မိသွားခဲ့ရလေ၏။

"ငါ. . ဘာဖြစ်တာလဲ၊ အားနည်းလို့လား. . အိပ်ရေးများပျက်လို့လား. . "

ဝေဖန်ဆန်းစစ်နေဆဲမှာပင် တစ်ချက် ငိုက်ကနဲဆိုဖြစ်သွားခဲ့ရလေ၏။ ကျောက်တန်းထက်မှအောက်ကို ထိုးကျသွားတော့မတတ်ဖြစ်သွားခဲ့လေရာ မိမိလက်မောင်းကို တစ်ဦးတစ်ယောက်က လာဆုပ်ကိုင်လိုက်လေသည်။ ချက်ချင်းလိုလိုပင် ခေါင်းထဲမှာ ကြည်လင်လာပြီး ညာဘက်ကို လှည့်ကြည့်မိလိုက်သည်။

"ဟင်. . အစ်ကို"

သူတွေ့လိုက်ရသူမှာ အခြားသူမဟုတ်. . ကိုတက်လူပင်. .

"ငါ့ညီ. . မင်းဘာတွေ စဉ်းစားနေတာလဲ"

"ကျွန်တော် ဘာမှမစဉ်းစားပါဘူး၊ ဒါနဲ့ အစ်ကို ဘယ်လိုကြောင့် ဒီနေရာကို ရောက်နေတာလဲ"

သင်္ကာမကင်းသောစိတ်ဖြင့် စံထွေးက မေးမိလိုက်သည်။

"ဒီလိုပဲလေ. . ငါ့ညီကကော. . "

"ပျင်းတာနဲ့ ဒီဘက်ကို ထွက်လာခဲ့တာပါ"





"ဩော်. . ဟုတ်လား၊ အစ်ကိုလည်း ငါ့ညီလိုပဲပေါ့"

"အစ်ကိုက မမျှော်လင့်ပဲ ရောက်ရောက်လာတတ်တယ်နော်. . ဒါနဲ့ အစ်ကိုက ဘယ်မှာနေတာလဲ"

"အစ်ကို့မှာက နေစရာတွေ အများကြီးပါကွာ၊ တစ်ခါလေမှာ ရပ်ဝေးကိုလည်း ခရီးထွက်ရတတ်တယ်၊ အရောင်းဝယ်အလုပ်ဆိုတော့ ဒီလိုပဲ. . သွားလိုက်. . လာလိုက်နဲ့ပဲလေ. . "

"ဘာတွေရောင်းဝယ်တာလဲ"

"ပုလဲမျိုးစုံ"

"ပုလဲမျိုးစုံ. . ဟုတ်လား"

ပုလဲမျိုးစုံဆို၍ ရုတ်တရက်သတိရသွားခဲ့လေ၏။

"အစ်ကို. . ကျွန်တော့်ကို ပေးခဲ့တဲ့ ပုလဲနက်လက်စွပ်လေးက တော်တော့်ကို ထူးခြားတာပဲဗျာ"

"ပုလဲနက်လက်စွပ်. . ဟုတ်လား၊ အစ်ကို မင်းကို မပေးခဲ့ပါဘူး. . "

"ဟာဗျာ၊ အစ်ကိုကလည်း ကျွန်တော့်ကို အစ်ကိုက ငါးကြီးဂူထဲမှာ ပေးခဲ့တာလေ၊ ဒီပစ္စည်းကိုတော့ ငါပိုင်တယ်ပြီးတော့ ပေးခဲ့တာ၊ မမှတ်မိတော့ဘူးလား"

ကိုတက်လူက ခေါင်းကို ခါရမ်းလိုက်လေသည်။

"ငါ့ညီမှားနေပြီ၊ အစ်ကိုပေးခဲ့တာ မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုထင်ရတာလဲ"

"ဘာကြောင့် ဒီလိုထင်ရတာလည်း ဟုတ်လား၊ အစ်ကို့လက်နဲ့ပဲ ကျွန်တော့်ကို ပေးခဲ့လို့ပေါ့ဗျာ. . "

စံထွေးက အောင့်သက်သက်နှင့် ပြန်ပြီးတော့ ပြောလိုက်လေ၏။ ကိုတက်လူသည် ပြောင်ပင်ငြင်းကွယ်နေသည်ဟု ထင်မိလေသည်။

"မင်းကို ငါက ငါးကြီးဂူထဲမှာ ဒီပုလဲနက်လက်စွပ်လေးကိုပေးခဲ့တယ်ဆိုတော့ မင်းက အဲ့ဒီငါးကြီးဂူထဲကို ရောက်ဖူးလို့လား. . ငါ့ညီ"

"ရောက်ဖူးတယ်"

"ဒါဖြင့် အစ်ကို့ကို လိုက်ပြနိုင်မလား"

စံထွေးသည် လိုက်ပြမည်ဟု ပြောမည်ပြုပြီးမှ ငြိမ်သွားခဲ့လေသည်။ သူကိုယ်တိုင်နောက်တစ်ခေါက် ထပ်ပြီးရှာတော့ ငါးကြီးဂူကို မတွေ့ပဲရှိခဲ့သည် မဟုတ်ပါလား။

"ကျွန်တော် နောက်တစ်ကြိမ် ထပ်ပြီးတော့ ရှာကြည့်သေးတယ်၊ မတွေ့တော့ဘူး. . "

"အဲ့ဒါ ဘာမှမဟုတ်ဘူး၊ မင်း. . အိပ်မက်မက်ပြီး ငါးကြီးဂူထဲကို ရောက်သွားခဲ့တယ်လို့ ထင်နေခဲ့တာ၊ ဒီလက်စွပ်လေးကိုလည်း ငါးကြီးဂူထဲမှာ ငါကပေးလိုက်တယ်လို့ ထင်နေခဲ့တာဟာ အိပ်မက်ကြောင့်ပဲ၊ တကယ်တော့ မင်းကောက်ရ





ထားခဲ့တာ မဟုတ်လား"

"ဟာ. . မဟုတ်ဘူး၊ ကျွန်တော်ကောက်ရခဲ့တာ မဟုတ်ဘူးလို့ဆိုနေမှ၊ အစ်ကို. . ကိုယ်တိုင်ပေးခဲ့တာပါ၊ အဲ့ဒါကို ဘာဖြစ်လို့ မဟုတ်ဘူးလို့ပြောနေရတာလဲ၊ ဒီပုလဲနက်လက်စွပ်ရဲ့ ထူးခြားချက်ကိုလည်း အစ်ကိုသိထားတယ်၊ ဒီအထဲက . . "

"ငါ့ညီ. . အစ်ကို့ကို တစ်ဖက်သတ်ကြီးဘာဖြစ်လို့ ပြောနေရတာလဲ၊ စိတ်ကို ကိုယ်ထင်သလို လွှတ်မထားရဘူးလေ၊ ကဲ. . ငါ့ညီကို အစ်ကိုတစ်ခုမေးမယ်၊ ဒီပုလဲနက်လက်စွပ်လေးက. . ငါ့ညီရဲ့လက်ထဲကို ရောက်လာတော့ အကျိုးယုတ်သွားသလား. . ထိခိုက်နစ်နာမှုရှိသွားသလား. . "

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်လှုပ်ရှားမှုတော့ဖြစ်မိတယ်၊ စွဲလန်းတပ်မက်မှုဖြစ်မိတယ်. . "

"မင်းက လူငယ်တစ်ယောက်ပဲကွာ၊ ဒီလိုခံစားမှုမျိုးတော့ရှိမှာပေါ့၊ မင်းရဲ့နှလုံးသားကို ညစ်ညမ်းသွားအောင် ဖြစ်စေခဲ့တာမှ မဟုတ်ပဲ၊ သာယာမှုကော ရခဲ့သလား၊ စိတ်ကျေနပ်မှုကောရှိခဲ့သလား၊ အဲ့ဒါတွေနဲ့ လုံးဝဆန့်ကျင်ဘက် မဖြစ်ခဲ့ဘူး မဟုတ်လား"

"မဖြစ်ခဲ့ပါဘူး. . စိတ်ကျေနပ်မှုရတယ်၊ သာယာမိတယ်၊ တကယ်တော့. . အဲ့ဒီပုလဲနက်လေးထဲမှာ. . "

"ကဲပါလေ၊ အစ်ကိုသဘောပေါက်ပါပြီ၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကိုပဲ ပြောကြပါစို့လား"

စံထွေးသည်လည်း ပုလဲနက်လက်စွပ်လေးနှ ပတ်သက်ပြီးတော့ ထပ်မပြောချင်တော့၊ ပုလဲနက်ထဲက ရေသူ လေးအကြောင်းကို မိမိပဲလျှို့ဝှက်ထားရမည် မဟုတ်ပါလား။

"ကျွန်တော်ဟာ ပဟေဠိဝှက်တမ်းကစားနေတဲ့ လ တစ်ယောက်ရဲ့လှည့်စားမှုကို ခံနေရသလားလို့ထင်နေမိတယ ရှိပါစေတော့လေ. ."

ကိုတက်လူက စံထွေး၏ ပုခုံးကို ဖက်လိုက်ပြီး. .

"ငါ့ညီကို မြင်မြင်ချင်း ညီအရင်းလို သဘောထားပြ ရင်းနှီးနေမိတာပါကွာ၊ အစ်ကို့မှာ လှည့်စားစရာဘာအကြော မှမရှိပါဘူး၊ ဒါကိုတော့ ယုံပါ၊ တစ်ခုမှာချင်တာက အစ်ကို ဆုံဖူးခဲ့တဲ့ အကြောင်းတွေ ဘယ်သူ့ကိုမှ မပြောပြနဲ့၊ ဘယ်သူ မသိကြပါစေနဲ့. ."

"ကျွန်တော်လည်း ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး. . အစ်ကိုရာ၊ စိတ်ထဲက အလိုလိုကို မပြောပြချင်နေတာ. ."

"ကောင်းတယ်. . ကောင်းတယ်"

မိုးချုပ်စပြုလာခဲ့လေပြီ၊ တရိပ်ရိပ်နှင့် တက်လာ သောရေများကလည်း ငါးကြီးအိုင်တစ်ခုလုံးပြည့်လျှံခဲ့ပြီဖြ သည်။ ရေလှိုင်းများကလည်း ဖြစ်ပေါ်လာကြသည်။ ကမ်းစ ကျောက်ဆောင်များကို တဝုန်းဝုန်းနှင့် ရိုက်ခတ်နေလျက်





နေကြသည်။

"စကားပြောလို့တော့ ကောင်းပါရဲ့၊ ကျွန်တော်ပြန် တော့မယ်. ."

"မင်းပြန်တော့မလို့လား၊ အေးကွာ. . ငါလည်း ပြန်တော့မယ်"

နှစ်ယောက်အတူ သန္တာကျောက်တန်းပေါ်က ဆင်း လာခဲ့ကြလေသည်။ ကိုတက်လူသည် စံထွေးကို နှုတ်ဆက်ပြီး တော့ပြန်သွားခဲ့လေသည်။ သူသည် ကမ်းခြေအတိုင်း လျှောက် သွားပြီးမှ ဝဲဘက်ရှိ သန္တာကျောက်တန်းများဘက်ဆီသို့ ပြန်ပြီး ဝင်သွားခဲ့သည်ကို တွေ့လိုက်ရလေသည်။ စံထွေးအံ့အားသင့် သွားခဲ့ရလေ၏။

"ဒီလူ. . ဘယ်ကိုသွားမလို့လဲ၊ ကမ်းရိုးက မသွားဘူး"

နောက်ယောင်ခံပြီးတော့ လိုက်သွားခဲ့လေသည်။ မိုးက ချုပ်စပြုလာသည်နှင့် ပတ်ဝန်းကျင်သည် မှုန်ဝါးဝါးဖြစ်လာခဲ့သည်။

ကိုတက်လူသည် ရှေ့မှာ ခြေလှမ်းမှန်မှန်ဖြင့် သွားနေ ၏။ စံထွေးကလည်း ကျောက်ဆောင်ကျောက်တန်းများကို အကာအကွယ်ယူကာ ပုန်းလျှိုးကွယ်လျှိုးဖြင့် နောက်ကလိုက် နေ၏။ မျက်ခြေပြတ်မခံပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

လွန်စွာမှ နက်မှောင်သော အသားရောင်ရှိသည့် လူသုံးယောက်သည် ထောင့်ကွယ်တစ်နေရာမှ ဘွားကနဲဆို ပေါ်လာခဲ့ကြလေ၏။

ထိုသူများသည် ရှည်လျားသော ဆံပင်များရှိကြပြီး မျက်နှာတွေက ခက်ထန်တင်းမာနေကြသည်။ ကိုယ်ထက်ပိုင်း ဗလာနတ္ထိခန္ဓာနှင့် လုံချည်များကို ခါးတောင်းကျိုက်ထားကြလေသည်။ လက်ထဲမှာလည်း ဓါးရှည်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

"ဟိတ်. . ရပ်လိုက်စမ်း၊ ရှေ့ကိုမတိုးနဲ့"

ရုပ်ရည်ပိုပြီးတော့ ကြမ်းတမ်းသောလူကြီးက အသံသြကြီးနှင့် အမိန့်ပေးကာ တားဆီးလိုက်လေသည်။ ကိုတက်လူ၏ ခြေလှမ်းများက ရပ်တန့်သွားခဲ့ရလေ၏။ စံထွေးသည် မထင်မှတ်ပဲ ရောက်လာကြသော ထိုသူများကို မြင်လိုက်ရ၍ အံ့အားသင့်သွားမိခဲ့ရလေသည်။ ကြက်သီးမွေးညင်းလည်း ထသွားခဲ့ရသည်။ ထိုသူများသည် ရုပ်ကြမ်းကြီးများဖြစ်ကြသည်။

"ဟင်. . ဘယ်လိုမျက်နှာကြီးတွေလည်းဟ. ."

စံထွေးသည် ကိုတက်လူကို ရန်ရှာကြမည့်သူများဖြစ်သည်ကို သိလိုက်ရသည်။ ထို့ကြောင့် စိုးရိမ်စိတ်ဝင်သွားမိခဲ့လေ၏။





"ခင်ဗျားတို့ ကျုပ်ကို မနှောင့်ယှက်ကြပါနဲ့၊ ကိုယ့်လမ်းကိုယ်သွားကြပါ"

ကိုတက်လူက အေးဆေးစွာပင် သတိပေးလိုက်သည်။

"မလိုချင်ဘူးဟေ့၊ မင်းခုခံရင် ဘဝကူးမကောင်းပဲဖြစ်သွားမယ်၊ ကဲ. . အသာတကြည်အဖမ်းခံစမ်း. ."

"မေတ္တာရပ်ခံလို့မှ မရရင် ရင်ဆိုင်လိုက်ရုံပဲရှိကြတာပေါ့. . ကိုင်း. ."

ကိုတက်လူသည် ကိုယ်တစ်ပတ်လှည့်လိုက်သည်။ လက်ထဲကိုရောက်လာသည့် ဓါးတစ်ချောင်းက မျက်လှည့်ပြလိုက်သည့်အလား. . လက်ထဲကို ဓါးကရောက်လာခဲ့သည်နှင့် ကိုတက်လူက ထိုသူများဆီကို ခုန်ဝင်သွားခဲ့သည်။

"ထန်. . ထန်"

ကွက်လပ်ပမာရှိနေသော သန္တာကျောက်တန်းကြီးနှစ်ခုကြားမှာ လူလေးဦးသည် ဓါးချင်းယှဉ်ကာ တိုက်ခိုက်ကြလေတော့သည်။ ထိုသူများကလည်း ကိုတက်လူကို မညှာတမ်းပင်ပြန်ပြီးတော့ တိုက်ခိုက်ကြလေသည်။ ကိုတက်လူ၏ ဓါးချက်များမှာ သေသပ်ကောင်းမွန်းလှပြီး သွက်လက်လှသည်။

မျက်နှာမည်းနှင့် လူကြီးများကလည်း ကိုတက်လူကို ရက်စက်ကြမ်းတမ်းစွာပင် သုံးယောက်ညှပ်ပြီးတော့ တိုက်ခိုက်ကြသည်။ ဓါးရေးကောင်းသော ကိုတက်လူကို မည်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ကြပဲရှိနေကြသည်။ ကိုတက်လူသည် ဘေးမှ ခုန်ဝင်လာသော မျက်နှာမည်းကြီးတစ်ယောက်၏ လည်တိုင်ကို ပိုင်းချလိုက်သည်။

"အား"

နက်ကျောသော အသံကြီးက ကြောက်စရာထွက်ပေါ်လာပြီး. . ထိုလူကြီးသည် လက်တစ်ဖက်က မိမိ၏ ငယ်ထိပ်မှ ဖိပြီး ကိုင်ကာ နေရာမှ ထွက်ပြေးသွားခဲ့လေ၏။ [လည်ပင်းမှ သွေးထွက်သည်ကို မမြင်လိုက်ရပေ။]

ကျန်လူမည်းကြီးနှစ်ယောက်သည် သူတို့လူတစ်ယောက်ဒဏ်ရာရပြီး ထွက်ပြေးသွားသည်ကို ဂရုမစိုက်ပေ။ သို့သော်. . ဒေါသကပိုပြီးတော့ ကြီးလာကြသည်။ ခက်ထန်လာကြသည်။ တိုက်ခိုက်မှုတွေက ကြမ်းတမ်းလာခဲ့ကြသည်။

"မဖြစ်ဘူး၊ ငါကိုယ်တိုင်ဝင်ပြီး ကူမှပဲ"

စံထွေးသည် ဓါးကိုဝင့်ကာ ခုန်ဝင်သွားခဲ့သည်။ ကိုယ်လုံးသိုင်းပညာကို တတ်မြောက်ထားသူမို့ အကောင်မည်းကြီးကြီးမကြောက်ပေ။ တစ်ဦးက တက်လူ၏ ကျောဘက်မှ တိုက်ခိုက်နေလေရာ. . စံထွေးက ကြားဝင်ခံလိုက်ပြီး ဓါးဖြင့် ပက်ထုတ်ပစ်လိုက်သည်။

"ထန်း. ."

သံသံချင်းပြင်းထန်စွာ ထိတွေ့သွားခဲ့သည်။ ဓါးချက်က





ပြင်းထန်လှ၏။ စံထွေး၏ လက်ထဲက ဓါးပင် လွတ်ကျမတတ် ဖြစ်သွားခဲ့ရလေ၏။ လက်မောင်းလက်ရင်းအထိ ထုံကျင့်သွားခဲ့ရလေသည်။

ထိုလူကြီးက နောက်ကို တစ်လှမ်းဆုတ်သွားကာ စံထွေးကို မျက်လုံးပြူးကြီးနှင့် စူးစိုက်ကာကြည့်လိုက်ပြီး. .

"မင်းက မဆီမဆိုင် ဘာကြောင့် ဝင်နှောင့်ယှက်ရတာလည်းကွ၊ မင်းပါ အဆစ်ပါသွားချင်သလား. ."

"ခင်ဗျားက ကျုပ်ကိုဘာပြောတာလည်းဗျ၊ ဒါလောက်တောင် ကျက်သရေတုံးတဲ့လူကြီး. ."

ဝင့်ကာ. . ဝင့်ကာ ခုတ်ပိုင်းလိုက်ကြသည့် ဓါးနှစ်လက်က. . ရင်ဆိုင်ကာ ဝင်လာခဲ့ကြပြန်သည်။ ထိုလူကြီး၏ဓါးသည် စံထွေးအလစ်မှာ လက်ကအောက်ကို ရွှေ့ပြီး ဝမ်းဗိုက်ဆီကို ထိုးထည့်လိုက်လေ၏။ ဓါးကို စံထွေးက ဘယ်လက်ဖြင့် ပုတ်ထုတ်ပစ်လိုက်သည်။ ဓါးဦးက ဓါးဘေးမှ ပွက်ပြီးတော့ ထွက်သွားသည်။ တစ်ပြိုင်တည်းမှာပင် စံထွေး၏ဓါးက ထိုလူကြီး၏ ဗိုက်ကိုထိုးမိလျက်သား ဖြစ်သွားခဲ့ရလေ၏။

"အား. ."

ထိုလူကြီးသည် လက်မှ ဓါးကိုလွှတ်ချလိုက်ပြီး ဗိုက်ကို လက်ဝါးနှစ်ဖက်ဖြင့် ဖိကာ ထွက်ပြေးသွားခဲ့လေသည်။

ကိုတက်လူသည် ကျန်မျက်နှာမည်းကြီးတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေရင်းက. .

"ငါ့ညီ၊ မင်းဝေးဝေးကို ထွက်သွား၊ ဒီလူတွေဟာ ငါ့ကိုပဲ လိုချင်နေကြတာကွ၊ မင်း. . သူတို့အကြောင်းကို မသိဘူး၊ ငါပဲသိတယ်"

ကိုတက်လူက စံထွေးကို အော်ပြီးတော့ သတိပေးလိုက်လေသည်။ သူ့ကိုတိုက်ခိုက်နေသည့် လူကြီး၏ ရင်ဝကိုလည်း ခါးထိုးဖောက်ပြီးတော့ ဝင်သွားခဲ့လေသည်။

"အား"

အသံနက်ကြီးဖြင့် နက်ကြောစွာ အော်ဟစ်လိုက်ပြီး ထိုသူသည်လည်း ခါးကိုလွှတ်ချကာ ရင်ဝကို လက်နှစ်ဖက်ဖြင့် ဖိ၍ နေရာမှ ထွက်ပြေးသွားခဲ့လေသည်။

ထိုစဉ်. .

သူတို့အပေါ်ရှိ ကျောက်ဆောင်ကြီးထက်မှ မည်းမည်း သဏ္ဌာန်တစ်ခုက ပေါ်လာပြီး ကိုတက်လူ၏ ကိုယ်ပေါ်ကို ပိုက်ကွန်တစ်ခုဖြင့် ပစ်ထည့်လိုက်လေ၏။

"အစ်ကို. . အပေါ်မှာ"

စံထွေးက သတိပေးလိုက်သည်။ ကိုတက်လူသည်၊ သူ့အပေါ်ကို ဖြန့်ကျက်ပြီးကျလာသော ပိုက်ကွန်ကို မြင်လိုက်ရသည်နှင့် ခုန်ရှောင်ကာ ထွက်သွားခဲ့သည်။ ပိုက်သည် မြေပြင်ပေါ်ကိုသာ အုပ်မိသွားခဲ့လေ၏။





"တောက်"

ကျယ်လေင်သော တက်ခေါက်သံကြီးက ထွက်ပေါ်လာသည်။ ကိုတက်လူသည် မြေပြင်ထက်ကနေ ကျောက်ဆောင်ပေါ်ကို တစ်ကြိမ်တည်းနှင့် ခုန်တက်သွားခဲ့လေ၏။ ကျောက်ဆောင်ထက်က လူသည် ကိုတက်လူရောက်လာသည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။ ထိုသူသည် ခေါင်းပေါင်းညစ်ထပ်ထပ်ကို ပေါင်းထား၏။ မုတ်ဆိတ်ကျင်စွယ်ရှိသည်။ မျက်နှာကတော့ ခပ်သွယ်သွယ်ဖြစ်သည်။

"ဟိတ်. . မင်းတို့က ဒီကိုမကြာခဏလာပြီး ငါ့ကို အကောက်ကြံကြပေမယ့်လည်း ဘယ်တော့မှ မရနိုင်ဘူးကွ"

"မင်းလွှတ်လိုက်တဲ့လူတွေအားလုံး ကိစ္စချောကုန်ကြပြီ၊ ဘာတတ်နိုင်သေးသလဲ"

"အေး. . မင်းကတော့ အခုငါ့လက်ထဲကို ရောက်လာပြီ၊ အခန့်သင့်လိုက်လေကွယ်၊ ငါးပါးစပ်တွင်းကြီး ဘယ်မှာရှိသလဲ၊ မင်း. . ငါ့ကို ပြောပြစမ်း၊ ပြောမပြရင် မင်းဘဝကူးကောင်းမှာ မဟုတ်ဘူးကွ. ."

"ဟား. . ဟား. . ဟား ဟား၊ တက်လူကို ဒီလိုခြိမ်းလား. . ခြောက်လားနဲ့ လုပ်လို့မရဘူးကွ၊ ငါးပါးစပ်တွင်း ဘယ်မှာရှိသလဲဆိုတာကိုတော့ ငါလည်း မသိဘူး၊ သိလည်း မပြောဘူး"

ကိုတက်လူက အသံဝါကြီးနှင့်ပြောလိုက်ပြီး အဲဒီသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဓါးဖြင့်ပိုင်းချလိုက်သည်။ ထိုသူကလည်း ပါလာသည့်ဓါးမြှောင်ဖြင့်ထိုးသည်။

"အား"

နာကျည်းစွာအော်သံကြီးက ထွက်ပေါ်လာသည်။ မည်သူ့ဆီကမှန်းတော့ မသိ။ ထို့နောက် နှစ်ယောက်စလုံးလုံးထွေးကာ သတ်ပုတ်ကြပြန်သည်။ ကျောက်ဆောင်ထက်မှာ တလိမ့်လိမ့်ဖြင့် ရှိနေကြရင်းက နောက်ဆုံး ရေထဲကို လိမ့်ကျသွားခဲ့ကြလေသည်။

"ဘွမ်း"

"ဟာ"

စံထွေးသည် ရေစပ်ဆီကိုပြေးပြီးတော့ ကြည့်လိုက်၏။ ညအမှောင်မှာ လှိုင်းစောင့်ဖြူတို့က ကမ်းစပ်ဆီကို ပြေးလာနေကြသည်။ စံထွေး၏ ခြေထောက်များကိုပင် ဖုံးလွှမ်းသွားခဲ့ကြသည်။ ရေပြင်သည် လှိုင်းဂယက်များဖြင့် ပြည့်နှက်လျက်ရှိနေလေသည်။ ကိုတက်လူနှင့် ဟိုလူစိမ်းသည် ရေထဲကို ကျသွားခဲ့ကြပြီး မတွေ့ရတော့ပါ။

"နှစ်ယောက်စလုံး သေကုန်ကြပြီ ထင်ပါရဲ့. ."

တက်လူအတွက် စိုးရိမ်ပူပန်သွားမိလေသည်။ ရေအောက်ကို နစ်မြုပ်ပျောက်ဆုံးသွားကုန်ကြလေပြီ၊ ညအမှောင်သည်သာ ပတ်ဝန်းကျင်ကိုကြီးစိုးလျက်ရှိနေလေသည်။

BURMESE CLASSIC .com



စံထွေးသည် စောစောက မျက်နှာမည်းကြီးသုံးယောက်ကို ပြန်ပြီးတော့ မြင်ယောင်လာမိခဲ့ရသည်။ ထိုသူများသည် မည်သည့်နေရာက ရောက်လာကြသည်ကို မသိရပါ။ တက်လူကို အသေတိုက်ခိုက်လိုသည်ထက် အမိဖမ်းလိုပုံရလေသည်။

ပြီးတော့. .

ခေါင်းပေါင်းနှင့် လူတစ်ယောက်၊ ထိုသူကကော မည်သူဖြစ်နိုင်မည်လဲ။ ထိုသူသည် ကိုတက်လူကို ပိုက်ကွန်နှင့် ပစ်ပြီးတော့ ဖမ်းလိုက်သည်က သူ၏မျက်မြင်၊ ချက်ချင်းပင် အဖိုးဖြစ်သူ ဦးဖြူသီးပြောဖူးခဲ့သော ဆရာလုံကို သတိရသွားမိသည်။ ဤသို့ဆိုလျှင်. . စောစောက ကိုတက်လူနှင့် တိုက်ခိုက်ခဲ့သောသူသည်. .

"သိုက်ဆရာ. . ဒီ. . ဒီလူဟာ သိုက်ဆရာများဖြစ်နေမလား"

ဟုတ်သည်. . မဟုတ်သည်ကိုတော့ မသိ၊ ဖြစ်နိုင်. . မဖြစ်နိုင်ကိုတော့ မသိ၊ အကယ်၍သာ ထိုလူသည် ကိုတက်လူကိုသာ မိသွားခဲ့လျှင် မည်သို့ အနိုင်ကျင့်မည်ကို မသိနိုင်ပေ။ ငါးပါးစပ်တွင်းကြီးနှင့် ကိုတက်လူမည်သို့ သက်ဆိုင်ပါသလဲ။

ထိုစဉ်. .

"ဝုန်း"

ရေသံကို ကြားလိုက်ရပြီး လွန်စွာမှ ကြီးမားသော

www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးတစ်ကောင်သည် ရေထဲမှ ခုန်ထွက်လာကာ အောက်ကို ပြန်ပြီးတော့ ကျသွားခဲ့လေသည်။ စံထွေးသည် ထိုနေရာမှ လျှင်မြန်စွာပင် ထွက်လာခဲ့လေတော့၏။



BURMESE CLASSIC .com

## (၁၈)
## မုန်တိုင်းထဲမှာ ပျောက်ဆုံးသွားသူ

သပြေတောရွာကမ်းခြေ။

တံငါလှေများက ထွက်ခွာရန်အဆင်သင့်ပင်ဖြစ်နေကြလေပြီ။ ဦးအောင်ဘွားသည် တောက်ဝှေးကို ထောက်ကာ ထောက်ကာဖြင့် ကမ်းနားဘက်ဆီကို ရောက်လာခဲ့သည်။ ဦးအောင်ဘွားကား လေဖြတ်ထားသူဖြစ်၍ တံငါအလုပ်ကို ဆက်ပြီးတော့ မလုပ်နိုင်တော့ပေ။ ထို့ကြောင့် စံထွေးကပင် ဦးစီးကာ မိဘကို ရှာကျွေးနေရသည်။

စံထွေးသည် မောင်မှတ်နှင့်အတူ လှေပေါ်ကို ပိုက်များ၊ တက်များနှင့် ချက်ပြုတ်ပြီးသား စားအိုးစားခွက်များကို တင်နေသည်။

"မောင်မှတ် ငါတို့ သူတို့နောက်ကပဲ လိုက်ကြမယ်ကွာ၊ ငါတို့က တစ်နေရာကိုသွားကြမယ်ဆိုတော့ ရောရောနှောနှောနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့မဖြစ်ဘူးကွဲ့"

"အေး. . ဟုတ်တယ်၊ ငါတို့ရဲ့စားကျက်က ငါးပိုရတယ်ကွဲ့၊ လူတကာသိသွားလို့မဖြစ်ဘူး၊ လှေအားလုံးရဲ့နောက်ကပဲ အေးအေးဆေးဆေးနဲ့ လိုက်ကြတာပေါ့ကွာ. ."

ထိုစဉ်. .

"သား"

"ဟင်. . အဖေ"

ဦးအောင်ဘွားက မမျှော်လင့်ပဲ ရောက်လာသည်။ စံထွေးသည် ဖခင်ဆီကို ပြေးသွားခဲ့လေသည်။

"အဖေ. . ဘာဖြစ်လို့ လိုက်လာခဲ့တလဲ၊ ပင်ပန်းပါတယ်ဗျာ၊ သားကိုစိတ်မချလို့လား၊ စိတ်ချပါအဖေရဲ့၊ သား. . ကိုယ့်ကိုကိုယ်ထိန်းနိုင်ပါတယ်၊ ပင်လယ်ထဲသွားတာပဲ. . ဘယ်နှစ်ခေါက်ရှိပြီလဲ"

"ဟုတ်ပါတယ် သားရယ်၊ သားရဲ့သတ္တိနဲ့ အရည်အချင်းကိုယုံကြည်ပြီးသားပါ၊ ဒါပေမယ့်. . သားခရီးထွက်မှာကို အဖေလာမကြည့်ရကောင်းလား. ."

စံထွေးစိတ်မကောင်းဖြစ်သွားခဲ့ရလေသည်။ ဖခင်ဦးအောင်ဘွား၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး. .

"အဖေ. . နေကောင်းအောင်နေနော်၊ ဆေးကို မှန်မှန်သောက်ပါ၊ လိမ်းဆေးလိမ်းဖို့လည်း မမေ့ပါနဲ့၊ အမေကလည်း





အဖေ့ကို ဂရုစိုက်ပြီးတော့ ပြုစုမှာပါ. ."

"အဖေ့အတွက် မပူပါနဲ့ သားရယ်၊ သားသာ အစစအရာရာဂရုစိုက်ပါ၊ မောင်မှတ်ရေ. . မင်းတို့နှစ်ယောက်စိတ်ဝမ်းမကွဲကြစေနဲ့နော်"

မောင်မှတ်က စံထွေးနှင့် နှစ်ဝမ်းကွဲညီအစ်ကိုတော်စပ်သည်။ ပင်လယ်အတွေ့အကြုံက စံထွေးထက်ပိုပြီးတော့ရှိသည်။ ပင်လယ်သို့ထွက်တိုင်းမှာ မောင်မှတ်က အတူပါစမြဲပင်။ စံထွေးအပေါ်မှာလည်း သံယောဇဉ်ကရှိသည်။

"စိတ်ချပါ ဦး၊ ကျွန်တော်နဲ့ စံထွေးက ဘယ်တော့မှ စိတ်ဝမ်းမကွဲကြပါဘူး. . အတူတူပါပဲ၊ ဘာမဆို. . တိုင်တိုင်ပင်ပင်နဲ့ လုပ်ကိုင်ကြတာပါ. ."

"အေး. . ဒီလိုစကားမျိုးကို ကြားရတာ ဝမ်းသာသကွယ့်. ."

ထိုစဉ်. .

"ရေပြည့်လာပြီဟေ့. . ထွက်ကြမယ်. ."

လှေများကို ဦးစီးဦးဆောင်ပြုသော ဦးငှက်ကြီးက တစ်နေရာမှနေ၍ အော်ပြီးတော့ သတိပေးလိုက်လေ၏။

"ဟော. . ကိုငှက်ကြီးတောင် အော်နေပြီ၊ သွားကြတော့. . သွားကြတော့"

ဦးအောင်ဘွားက သားနှင့်မောင်မှတ်တို့ကို သတိပေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ နှစ်ယောက်စလုံး ဦးအောင်ဘွားကို နှုတ်ဆက်ပြီး အောက်ကို ဆင်းသွားခဲ့ကြသည်။ မကြာမီအချိန်တွင်းမှာပင် လှေ၊ သမ္ဗာန်များသည် ရွက်များကိုလွှင့်ထူကာ သပြေတောရွာကမ်းစပ်မှ ထွက်ခွာသွားခဲ့ကြလေ၏။ ဦးအောင်ဘွားသည် လှေ၊ သမ္ဗာန်များထွက်သွားရာဆီကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

စံထွေးသည် မိမိကိုစိတ်မချနိုင်ပဲ ကျန်ရစ်ခဲ့သော ဖခင်ဖြစ်သူအတွက် စိတ်မကောင်းဖြစ်နေမိသည်။ ခပ်ဝေးဝေ တွင်မာန်အောင်မီးပြတိုက်ကြီးက ထီးတည်းပင်ရှိနေလေသည်။ ရေပြင်ထက်မှာ လှေ၊ သမ္ဗာန်များသည် တစ်စီးနှင့်တစ်စီ တော်တော်လေးကိုခွာကာ သွားနေကြသည်။ စံထွေးတို့၏ လှေက နောက်ဆုံးပင်၊ လေကလည်းမှန်နေ၍ တက်မကူ ရွက်ထူကာ ရေပြင်ထက်မှာ တအားပြေးနေကြသည့် လှေမျာ တစ်နာရီနီးပါးခန့် ကြာသောအခါ ကမ်းတစ်ဖက်နှင့်တစ်ဖက်ကို ရေးရေးမျှသာမြင်နိုင်တော့သည်။ ထိုစဉ်. .

လေက မထင်မှတ်ပဲငြိမ်သွားသည်။ ဦးငှက်ကြီးသည် စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားခဲ့ရသည်။ သမ္ဗာန်ထဲမှ





မတ်တပ်ရပ်လိုက်ကာ သူ၏မြင့်မားသောအရပ်ကြီးဖြင့် မိုးကုပ်စက်ဝိုင်းများဘက်ဆီကို မသိမသာအကဲခတ်ကာ ကြည့်လိုက်လေသည်။ သူ့မျက်နှာပေါ်မှာ အပြောင်းအလဲဖြစ်သွားရပြီ။

"ဗုဒ္ဓေါ. ."

ဟုစင် အသံကထွက်သွားခဲ့ရလေ၏။ ဦးငှက်ကြီး မြင်လိုက်ရသည်ကား. . အနောက်ဖက်မိုးကုပ်စက်ဝိုင်းတွင် အနီရောင်သန်းလျက်ရှိနေသည်ကိုပင်။ မုန်တိုင်း၏ အရိပ်အယောင်ပင် မဟုတ်ပါလား. .

"ဟေ့. . ဟေ့ ရွက်တွေကို မြန်မြန်ချကြဟေ့၊ မုန်တိုင်း မုန်တိုင်းကျတော့မယ်"

ပင်လယ်၏အထာကို ကောင်းကောင်းသိနေသော ဦးငှက်ကြီးက အားလုံးကိုအော်ပြီးတော့ သတိပေးလိုက်လေသည်။ လှေ၊ သမ္ဗာန်များပေါ်က လူများက နီးစပ်ရာကိုတဆင့်ပြီးတဆင့် လက်ဆင့်ကမ်းလိုက်ကြရာ အခြေအနေကို အားလုံးက သိသွားခဲ့ကြလေတော့သည်။

"ငါတို့ပင်လယ်ထဲကို ထွက်လာကြတာ ဘာမှမကြာမသေးဘူး၊ မုန်တိုင်းကဆီးပြီးတော့ ကြိုနေပြီဟေ့. ."

ရေလုပ်သားများနှင့် မုန်တိုင်း၊ ခွဲခွာ၍မရစကောင်းပေ၊ မုန်တိုင်းသည် အားလုံးအတွက် အနှောင့်အယှက်ပင်ဖြစ်သည်။ လေကလည်းငြိမ်သွားပြီ၊ ရွက်များကို အချိန်မီချကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မှတ်၊ ဟုတ်တယ်ကွ၊ မုန်တိုင်းရဲ့ အရိပ်အယောင်ပဲ၊ ငါတို့ ကျွန်းတစ်ကျွန်းမှာ ဝင်ပြီးကပ်နိုင်ရင်ကောင်းမယ်. ."

"ကျွန်းက အဝေးကြီးကွ၊ မရောက်နိုင်တော့ဘူး၊ ကျောက်ဆောင်တွေရဲ့ အကွယ်မှာဝင်ပြီးတော့ ခိုနိုင်ရင်အကောင်းဆုံးပဲ စံထွေး၊ လာကွာ. . ဟိုဘက်မှာ ကျောက်ဆောင်ကြီးတွေရှိတယ်ကွ. ."

မုန်တိုင်းကျလာပြီဆိုရင် မိမိတို့၏လှေက လွတ်လမ်းမမြင်၊ သေးငယ်၍ တိမ်းမှောက်သွားနိုင်သည်။ အစအနပင်ပျောက်သွားနိုင်သည်။ စံထွေးသည် မုန်တိုင်းအန္တရာယ်ကိုမကြုံဖူးသော်လည်း မောင်မှတ်ကတော့ ကြုံဖူးထားသည်။

ညာဘက်မှာပျပျလေးမြင်နေရသော သန္တာကျောက်တန်းများဘက်ဆီကို တက်အကူ၊ ရွက်အကူဖြင့် ဦးတည်ပြီးတော့ထွက်သွားခဲ့ကြသည်။ သူတို့လှေတစ်စီးတည်း ဖဲကျဉ်ပြီး ထွက်သွားခဲ့ခြင်းပင်။ စံထွေးတစ်ခါမှ မကြုံဖူးသည့် မုန်တိုင်း၊ ဒီတစ်ခါတော့. . ပက်ပင်းတိုးဖြစ်ပြီဟု ထင်သည်။ မကြောက်ဖူးဟုဆိုသော်လည်း ရင်ထဲမှာတော့ လှုပ်ရှားသွားမိသည်။

"စံထွေး. . မင်း မကြောက်နဲ့နော်၊ ငါရှိတယ် ကြားလား၊ တစ်စုံတစ်ခုဖြစ်ခဲ့ရင် လှေနဲ့မကွာစေနဲ့၊ လှေကိုသာဖက်တွယ်ထား၊ ကြားလား. ."





"အေးပါကွာ၊ ငါမကြောက်ပါဘူး၊ ဒီအလုပ်ကို လုပ်မှတော့. . မုန်တိုင်းကိုကြောက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ထိုစဉ်. .

ရုတ်တရက်ဆိုသလို မုန်တိုင်းက ကျလာလေတော့ရာ-

"ဝေါ. . ဝေါ. . ဝေါ"

မိုးကောင်းကင်တစ်ခုလုံး မည်းမှောင်သွားခဲ့ရပြီး လေပြင်းက တိုက်ခတ်လာသည်။ မူလက ငြိမ်သက်နေသော လှိုင်းများသည် ရုတ်တရက် ထကြွလာကြပြီး ပါးပျဉ်းများထောင်နေကြသော မြွေနဂါးကြီးများ၏ အသွင်လိုလို ပြောင်းလဲသွားခဲ့ကြလေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ"

လေရော၊ မိုးပါ. . ကျလာခဲ့ကြလေပြီ၊ လှေ၊ သမ္ဗာန်များကို ကြီးမားသောလှိုင်းလုံးကြီးများက ပင့်ပြီးအမြှောက်လိုက်မှာ လေကြမ်းကြမ်းကြီးက ဝင်ပြီးတော့ တိုက်ချသွားခဲ့လေသည်။

"အား"

"အား"

လှေ၊ သမ္ဗာန်များသည် လေနှင့်အတူ ပါသွားခဲ့ကြပြီး လူတွေလည်း ရေထဲကို လွင့်စင်ပြီးတော့ ကျသွားခဲ့ကြလေသည်။ ဤမျှကြမ်းတမ်းသော မုန်တိုင်း၏အန္တရာယ်ကို သူတို့တစ်ကြိမ်တစ်ခါမှပင် မကြုံဖူးခဲ့ကြပေ။ ဦးငှက်ကြီးပင်လျှင်. .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတကာ တုန်လှုပ်ချောက်ချားသွားခဲ့ရလေသည်။ လှေ၊ သမ္ဗာန်တော်တော်များများသည် တိမ်းမှောက်ပျက်စီးသွားကြလေတော့သည်။ လူတွေလည်း ရေအောက်ကို ရောက်သွားခဲ့ကြသည်။

စံထွေးနှင့် မောင်မှတ်တို့မှာ တက်နှစ်ချောင်းဖြင့် လှေကိုဘယ်လိုမှ မထိန်းနိုင်ကြတော့၊ တစ်ကြိမ်တွင် လှိုင်းလုံးကြီးတစ်လုံးက အောက်မှပင့်ပြီးတင်လိုက်ရာ လှေသည်. . မြောက်တက်သွားခဲ့ရလေသည်။

"ဝုန်း"

"စံထွေး. . လှေကို မြဲမြဲကိုင်ထား၊ သတိမလစ်စေနဲ့"

မောင်မှတ်က မုန်တိုင်းကြားထဲမှာ အော်ဟစ်ပြီးတော့ သတိပေးသည်။ သူတို့၏လက်ထဲက တက်များသည်လည်း လှေနံနှင့်ရိုက်မိပြီး ထက်ပိုင်းကျိုးထွက်သွားခဲ့လေတော့သည်။

"ဖြောင်း"

"ဖြောင်း"

သူတို့ရည်မှန်းထားသည့် ကျောက်ဆောင်ကြီးများဆီကို မည်သည့်နည်းနှင့်မှ မရောက်နိုင်ကြတော့ပါ၊ ပင်လယ်လှိုင်းလုံးကြီးများသည် လှေ၊ သမ္ဗာန်များကို တစ်လုံးပြီးတစ်လုံး ပြင်းထန်စွာပင် ရိုက်ခတ်က တိမ်းမှောက်ပစ်လိုက်ကြသည်။ တော်တော်များများ တိမ်းမှောက်ကုန်ကြပြီး လူတွေလည်း





ရေပြင်ထက်မှာ အသက်လုပြီးတော့ ကူးခတ်နေကြရလေသည်။

မုန်တိုင်းနှင့်အတူ လေရောမိုးပါ. . ပါလာပြီဖြစ်၍ ည်သူ့ကိုမှ မမြင်နိုင်ရလောက်အောင် ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်း၍နေလေတော့သည်။ စံထွေးသည် မုန်တိုင်းနှင့် တစ်ခါမှ ကြုံဖူးပါ၊ ကြုံမယ့်ကြုံတော့လည်း အကြမ်းတမ်းဆုံးမုန်တိုင်းနှင့် ပက်ပင်းတိုးမိရလေတော့သည်။ မိမိတို့နှင့်အတူ လိုက်ပါလာ ကြသည့် သူများသည်လည်း မည်သည့်အခြေအနေမျိုးကို ဆိုက်ရောက်ကြကုန်ပြီလည်း မသိပါလေတော့။

ထိုသူများ၏ အခြေအနေကို မပြောနိုင်၊ မိမိတို့သည် လည်း. . အသက်အတွက် မကျိန်းသေကြတော့၊ လှိုင်းဂယက် တွေကြားမှာ ချာချာလည်နေသော သမ္ဗာန်သည် ဘင်္ဂလားပင် လယ်ထဲမှာ လူးချီ၊ လှိမ့်ချီဖြင့် မျောပါနေလျက်ရှိသည်။ မှောက် တော့မမှောက်နိုင်သေး၊ ကံကောင်းထောက်မ၍ မမှောက်ပါစေ နှင့်ဟု ဆုတောင်းမိရသည်။

"ဝုန်း"

လှိုင်းကတစ်ချက်ဆောင့်လိုက်ပြန်သည်။ လှေသည် လှိုင်းပုတ်သည့်ဒဏ်ကြောင့် တရွတ်တိုက်ပင် မျောပါသွားခဲ့ ပြန်သည်။ တစ်ယောက်ကိုတစ်ယောက် သတိမပေးနိုင်ကြတော့ ပါ။ လှေနံများကိုသာ ဖက်တွယ်ထားကြရသည်။ မောင်မှတ် သည်လှေပဲ့ပိုင်းမှ စံထွေးကိုလှမ်းပြီးတော့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသည် လှေဝမ်းထဲမှာ မှောက်ပြီး တွယ်မိတွယ်ရာကို ကုပ်တွယ်ထားလေသည်။ လှေသည် ဘယ်ရောက်လို့ ရောက်မှန်းပင် မသိပါလေတော့၊ အရေးကြီးသည်က ပင်လယ် ထဲကို လွင့်စင်ပြီးကျမသွားဖို့ပင်၊ အသက်နှင့်ကိုယ် အိုးစားကွဲ မသွားဖို့ပင်။ ထိုစဉ်. .

သူတို့ရှေ့မှာ နောက်တစ်ကြိမ်တက်လာသည့် လှိုင်းလုံး တစ်လုံး၊ အိမ်သုံးလေးအိမ်လောက်ကိုပင် ဆင့်ထားသည်နှင့် တူနေပေတော့သည်။ နှစ်ယောက်စလုံး လှေဝမ်းထဲမှ ခေါင်းထောင်ပြီးတော့ ကြည့်မိလိုက်ကြသည်။

"ဟင်"

"ဟာ"

သူတို့လှေဆီကို လျှင်မြန်သောအဟုန်ဖြင့် ရွေ့လျား လာနေသည့် လှိုင်းလုံးကြီး၊ ဒီတစ်ခါတော့ သွားပြီဟု ထင်မိ လိုက်လေသည်။ ဒီလိုလှိုင်းလုံးမျိုးကို လှေသည်ခံနိုင်ရည် ရှိမှာ မဟုတ်။

"မောင်မှတ်. . မောင်မှတ်"

စံထွေးသည် အထိတ်တလန့်ဖြင့် အသားကုန်အော်ခေါ် မိလိုက်သည်။ မောင်မှတ်သည် ပီပီသသကိုပင် ကြားလိုက်ရပေ သည်။

"စံထွေး. . သတိထားကွ၊ သတိထား၊ သတိလုံးဝ





မလစ်စေနဲ့. . သိလား"

မောင်မှတ်အသံကုန်မြှင့်ပြီးတော့ အော်လိုက်သည်။

ထိုအချိန်တွင် လှိုင်းလုံးကြီးက လှေကလေးကို မညှာမတာပင် ဝင်ပြီးတော့ ဆောင့်လိုက်လေတော့သည်။

"ဝုန်း"

"အား"

သတ္တဝါနှင့် လက်နက်မမျှတပါပေ၊ စံထွေးသည် ဖြောက်ကနဲဖြစ်သွားပြီး ပင်လယ်ထဲကို ထိုးကျသွားခဲ့လေတော့ သည်။

"အား"

ရေနက်ထဲကို ရောက်သွားသည်။ သတိကတော့ မလစ်။ အားတင်းပြီး ရေပေါ်ကိုဇောင့်ရုန်းကာ တက်ခဲ့ပြန်သည်။ ပါးစပ်မှ တဆင့် သူ့ဗိုက်ထဲကို ဆားငန်ရေတွေ ဘယ်လောက် ဝင်သွားခဲ့ပြီလည်း မသိ၊ မအီမလည်ဝေဒနာဆိုးကြီးကို ခံစား လိုက်ရသည်။ ရေဘယ်လိုပဲကူးကူးမရနိုင်။

"ဒုန်း"

"အား"

မာကျောသောအရာတစ်ခုက ခေါင်းကိုဝင်ဆောင့်သွား သည်။ ခေါင်းထဲမိုက်ကနဲဖြစ်သွားသည်။ ရေအောက်ကို ရောက် သွားခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသတိလုံးဝမလစ်စေရဘူး. ."

ကိုယ့်ကိုကိုယ် အားတင်းလိုက်ပြီး ခြေထောက်နှစ်ချောင်းကို တစ်ပြိုင်တည်းဆောင့်ကန်လိုက်သည်။ ရေမျက်နှာပြင်ပေါ်ကို ရောက်လာခဲ့ရပြန်သည်။ ခေါင်းက မူးဝေနေဆဲ၊ လှိုင်းလုံးကြီးတွေက သူ့ကိုတစ်လုံးပြီးတစ်လုံး ဖုံးလွှမ်းသွားခဲ့ကြပြန်သည်။ လှိုင်း၏ဆွဲခေါ်ရာကို တရွတ်တိုက်ပင် ပါသွားခဲ့လေ၏။

ခေါင်းမှာ ထိခိုက်ထား၍ သတိလစ်မတတ်ဖြစ်နေရသည်။

"ငါ. . သတိမလစ်ရဘူး၊ ငါ. . အသက်ရှင်ရမယ်၊ ရေအောက်ကို ရောက်မသွားရဘူး"

ကိုယ်ကိုကိုယ် အားပေးမိလိုက်သည်။ သို့သော်. . သူ့နားထဲက လေတွေထွက်နေသည်။ စိတ်ကို ထပ်မံပြီး တင်းထား၍ မရတော့။ ရေကို ဘယ်လိုပဲ ကူးကူးမရနိုင်တော့။

သတိတစ်ချက်လစ်သလိုဖြစ်သွားပြီး ရေအောက်သို့ ပြန်ပြီး မြုပ်ကာနီးဆဲဆဲမှာ ရိပ်ကနဲဆို သူ့အနားမှ ဖြတ်ပြေးသွားသောသဏ္ဌာန်တစ်ခု၊ ဒိုက်သရောလား၊ သစ်တုံးတစ်တုံးလား၊ တစ်ခုခုတော့ ဖြစ်ရလိမ့်မည်၊ ဒါမှမဟုတ် သမ္ဘာန်တစ်စီးပဲလားမသိ။ သို့သော်. .

ထိုမည်းမည်းသဏ္ဌာန်သည် သူ့အနားကို နောက်တစ်ကြိမ်ရောက်လာပြန်သည်။ ငါးတစ်ကောင်၏ အမြီးပိုင်းကို သူ. . မမျှော်လင့်ပဲ တွေ့လိုက်ရလေ၏။ စံထွေး၏စိတ်ထဲမှာ ငါးမည်း



တစ်ကောင်ဟုထင်မိလိုက်၏။ အတွယ်အတာမဲ့နေတော့ ရေပြင်ထက်မှာ အသက်ကိုလုပြီးတော့ ကူးနေရသည်။ မုန်တိုင်းမိပြီး သဗ္ဗာန်မှောက်ကာမှ ငမန်းကိုက်ပြီးသေရမည်ဆိုလျှင် သူ့လောက်ကံဆိုးသူ လောကတွင်မရှိနိုင်တော့၊ အသက်လုပြီး ကူးခတ်နေရသည့်အထဲ ငမန်းရန်ကို မည်သို့ ကာကွယ်နိုင်မည်နည်း။

"ငါယောကျ်ားပဲ၊ ဒီအတိုင်း အသေခံလို့မဖြစ်ဘူး၊ ရနိုင်သလောက်ကတော့ ဇွဲမလျှော့ပဲ ကူးခတ်ရမှာပဲ"

စံထွေးသည် အားမာန်တင်းပြီး အသက်ကိုဝအောင် ရှူလိုက်သည်။ ထို့နောက် မြုပ်ချည်၊ ပေါ်ချည်နှင့် ဦးတည်ရာမဲ့ ကူးခတ်နေလေသည်။ ထိုသို့ကူးနေရင်းကလည်း ငါမသေရဘူးဟုလည်း အားတင်းမိသည်။

ငါသေရတော့မှာပါလား. . ဟူသော အတွေးကလည်း အားငယ်စွာပင် ပေါ်လာတတ်သေးသည်။ မည်သို့မှ မတတ်နိုင်တော့သောအခါကျမှ စိတ်ကိုလျှော့ပစ်မိလိုက်တော့သည်။ ထိုအခါ ရေအောက်ကို စုန်းစုန်းမြုပ်သွားခဲ့လေတော့၏။ စံထွေး အသက်ရှူရခက်ခဲသွားသည်။ မျက်လုံးတွေလည်း ပျာဝေသွားခဲ့ကာ သတိလစ်မတတ်ဖြစ်သွားခဲ့ရသည်။ အဆုတ်တစ်ခုလုံး ပေါက်ကွဲသွားတော့မည်လားဟုပင် အသက်ထွက်မတတ် ခံစားလိုက်ရလေ၏။ အာရုံနိမိတ်ထဲမှာ အမိနှင့်အဖကို

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်လာမိသည်။ ပုလဲနက်လက်စွပ်ကလေး သေတ္တာထဲမှာကျန်ခဲ့သည်ကို သတိရသွားခဲ့သည်။

သည့်နောက်မှာတော့ ငါးကြီးဂူထဲကို သူတစ်ခေါက်ထပ်ပြီးတော့ ရောက်သွားခဲ့ပြန်သည်။ သူတပ်မက်မောခြင်းအလျဉ်းမရှိသော စိန်ရွှေရတနာများ၊ ကိုတက်လူ၏ လက်ထဲမှာ ပုလဲလုံးကြီးကလည်း တဝင်းဝင်းနှင့် လင်းလက်နေသော ပုလဲလုံးကြီးကို ခေါင်းပေါ်မှာ တင်လိုက်၍ သူအံ့အားသင့်သွားခဲ့ရလေသည်။ ပုလဲနက်လေးထဲက ရေသူမလေးက သူ့ကို ညို့မြို့သောအပြုံးဖြင့် ကြည့်နေလေသည်။

ထိုစဉ် . .

စံထွေးတွေ့လိုက်ရသည်ကား ချောမောလှပသော မိန်းကလေးတစ်ဦး၊ သူမ၏ရှည်လျားသော ဆံကေသာမျှင်များသည် မျက်နှာပြင်ထက်မှာ ကပိုကရိုနှင့် ဝဲကျလျက်ရှိသည်။ ထိုမိန်းကလေးသည် အောက်ပိုင်းက ငါးခန္ဓာကိုယ်ဖြစ်ပြီး စံထွေးဆီကို ကူးခတ်ကာလာနေလေသည်။ စိတ်တွေ ကယောင်ချောက်ချားနှင့် သေငယ်ဇောဖြစ်နေသူမို့ မြင်ချင်ရာကို မြင်နေမိတာလား၊ သူ့ကိုယ်သူ တကယ်သေသွားပြီဟု ယူဆမိလိုက်လေ၏။



(၁၁)

## ပင်လယ်ထဲက ကျွန်းတစ်ကျွန်း

အသိတရားအားလုံး အမှောင်စုန်းစုန်းကျသွားခဲ့ရသည်။ မိမိကိုယ်မိမိ ဘာဖြစ်လို့ ဖြစ်သွားမှန်းပင် မသိတော့။ အမှောင်ထုကြီးထဲမှာ ကမ်းမမြင် လမ်းမမြင်၊ ကူးခတ်နေရသည်။ ဘာကိုမှလည်း မမြင်ရ ကြာတော့ လက်ပန်းကျလာခဲ့သည်။

အမှောင်တကာ့ အမှောင်ဆုံး၏ အောက်ဆုံးကို သူ . . တဖြည်းဖြည်းနှင့် ကျသွားခဲ့ရသည်။ ရေအောက်ကြမ်းပြင်ဆီကို မရောက်မီ သူ့ကို တစ်ယောက်ယောက်က ဆွဲတင်လိုက်သည်ဟု ထင်မိလိုက်လေ၏။ အလင်းရောင်အပိုင်းအစလေးကို မမျှော်လင့်ပဲ မြင်တွေ့လိုက်ရသည်။ ပက်လက်အနေအထားဖြင့် လွင့်မျောပြီး အပေါ်ကိုတက်လာသည်။

မျက်လုံးတွေထဲက အမှိုက်တိုက်တွေ လွင့်ပြယ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ စူးလက်သော အလင်းရောင်သည် တဖြည်းဖြည်းနှင့် နီးကပ်လာ၏။ တစ်ကိုယ်လုံး နွေးထွေးသော ခံစားမှုကိုရလာ၏။

စံထွေး သတိရလာသည်။ မျက်ခွံတွေကိုတော့ မဖွင့်နိုင်သေး။ ခေါင်းအောက်မှာ နူးညံ့သော အတွေ့အထိတစ်ခုကို ခံစားမိရသည်။ မျက်လုံးတွေကို အားယူပြီး ဖွင့်ကြည့်မိလိုက်သောအခါ. .

"ဟင်. . "

ချောမောလှပသော မိန်းကလေးတစ်ယောက်သည် သူ့ကို ငုံ့ကြည့်လျက်ရှိနေပါ၏။ သည်တော့မှ မိန်းကလေးတစ်ယောက်၏ ပေါင်ပေါ်မှာ ခေါင်းအုံးထားမိသော မိမိ၏ အဖြစ်ကို သိလိုက်ရလေတော့သည်။

စံထွေးသည် ချက်ချင်းပင် ထမည်ပြုရာ. .

"အို. . အလျင်စလိုမထနဲ့လေ၊ ရှင်မူးမိုက်သွားမှာပေါ့၊ ခဏကလေးမှိန်းနေလိုက်ပါဦးလား. . "

ကြည်လင်ချိုမြသော အသံကလေးက နားထဲကို စိမ့်ဝင်လာခဲ့ပြီး သူ့ရင်ပြင်ကိုလည်း ညံ့သက်သောလက်ဝါးပြင်ဖြင့်. . ဖိထားခြင်းခံလိုက်ရသည်။ မိန်းကလေးပြောလိုက်သည်မှာ. . မှန်သည်။ သူ့ခေါင်းထဲမှာ ကြည်လင်မှုမရှိသေး၊ အနည်းငယ်မူးဝေနေသေးသည်။

"ငါ. . ဘာတွေဖြစ်နေသလဲ၊ ငါရောက်နေတာ ဘယ်





နေရာလဲ. . "

ချက်ချင်းလိုလိုပင် မှတ်ဉာဏ်က ပြန်ပြီးတော့ ကောင်းလာခဲ့သည်။ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး သမ္ဗာန်မှောက်ခဲ့သည်ကို ပြန်ပြီးတော့ သတိရသွားမိသည်။

"ဟင်. . ပင်လယ်ထဲမှာ၊ ငါဒုက္ခရောက်ခဲ့တာပဲ၊ ဒါဆိုရင် မောင်မှတ်. . မောင်မှတ်၊ ဘယ်ကိုရောက်သွားသလဲ"

စံထွေးသည် နေရာမှ ငေါက်ကနဲဆိုထ,ပြီး ထိုင်မိလိုက်လေ၏။ ကျောက်ဆောင်ထက်မှာ ထိုင်နေသော မိန်းကလေးက သူ့ကို အံ့အားတသင့်ဖြင့် ကြည့်နေမိလေ၏။

"ဒီ. . ဒီမှာ၊ ကျွန်တော်တို့ မုန်တိုင်းမိပြီးတော့ လှေမှောက်ခဲ့တာဗျ၊ ကျွန်တော့် သူငယ်ချင်းလည်းပါတယ်၊ သူ. . ဘယ်ကိုရောက်သွားသလဲ၊ သူ့ကိုရော ရှာမတွေ့ဘူးလားဗျာ"

"ရှင်. . သူငယ်ချင်း ဟုတ်လား၊ မတွေ့မိပါလားရှင်"

မိန်းကလေးက အေးတိအေးစက်လေသံဖြင့် ပြန်ပြောလိုက်လေသည်။

"ကျွန်တော့်ကို ပင်လယ်ထဲကနေ ဒီနေရာကို ရောက်အောင် ဘယ်သူကူညီခဲ့တာလဲ ဟင်. . "

"ဘယ်သူရှိရမှာလဲ၊ ကျွန်မပေါ့၊ ရှင့်ကို ရေထဲက ကျွန်မကိုယ်တိုင်ဆယ်တင်လာခဲ့တာလေ"

"ခင်ဗျား. . ဆယ်တင်လာခဲ့တာ. . ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်တောင် မုန်တိုင်းကျနေတာ. . ခင်ဗျားက ပင်လယ်ထဲမှာ မကြောက်ဖူးလား၊ ဘာလုပ်နေတာလဲ”

“အို. . ဘာလို့ကြောက်ရမှာလဲ၊ ဒီနေရာက ကျွန်မတို့သွားလာနေတဲ့နေရာပဲ၊ ဟွန့်. . အစ်ကိုကလည်း ရယ်စရာတွေပြောနေပြန်ပြီ”

မိန်းကလေးသည် ရယ်သံလွင်လွင်လေးနှင့် ပြန်ပြီးပြောလိုက်၏။ စံထွေးက မိန်းကလေး၏ စကားကို အတွေးတစ်မျိုးပေါက်သွားခဲ့လေသည်။

“ဩော်. . ခင်ဗျားတို့က ကျွန်တော်တို့ ယောကျ်ားတွေလိုပဲ. . ပင်လယ်ထဲမှာ ငါးဖမ်းထွက်နေကျပဲလား၊ မိန်းကလေးဖြစ်ပြီး သတ္တိကောင်းလိုက်ကြတာဗျာ”

“အစ်ကို ထင်ချင်သလိုသာ ထင်ပေတော့. . အဟင်းဟင်း. .”

မိန်းကလေးက သွက်လက်သော အမူအရာရှိသည်။ ရေညှိရောင်အင်္ကျီလက်ပြတ်နှင့် ထဘီကို အထက်အောက်ဆင်တူဝတ်ဆင်ထားသည်။ အင်္ကျီသည် လက်မပါပဲ ရင်ညွန့်အထက်ကနေစည်းပြီး ချိုင်းအောက်မှဖြတ်ကာ ဝတ်ထားသည်။ ရင်ညွန့်ဝင်းဝင်းလေးကိုသော်လည်းကောင်း၊ ကျောပြင်ဝင်းညက်ညက်လေးသည်သော်လည်းကောင်း၊ ပေါ်လွင်လျက်ရှိလေသည်။ အမှတ်တမဲ့ကြည့်လျှင် ထဘီကို ရင်လျားထားသကဲ့သို့





ပင်ရှိသည်။

ဆံကေသာမျှင်များကိုတော့ ရင်ရှေ့တစ်ဝက်ကျောမှာတစ်ဝက်ချထားလေသည်။

မိန်းကလေး၏မျက်နှာကိုကြည့်ပြီး တစ်နေရာရာမှာအသေအချာကိုမြင်ဖူးခဲ့သည်ဟု ထင်မိလိုက်လေသည်။ စဉ်းစားသော်အဖြေက မပေါ်ခဲ့ပေ။ မှတ်ဉာဏ်သည် ချို့ယွင်းခဲ့လေပြီလား. . မသိ၊ သေချာစွာကြည့်လျှင် သူ့ထက်လည်း ငယ်လိမ့်မည်ဟုထင်မိ၍. .

“ဒါထက် ညီမရဲ့နာမည်က ဘယ်လိုခေါ်သလဲ၊ ကိုယ့်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်မို့ သိချင်တာပါ”

“သန္တာလို့ခေါ်တယ်လေ အစ်ကိုရဲ့. . မှတ်ထားနော်”

သန္တာက မျက်ဝန်းလေးတွေ ထောင့်ကပ်ကာ ပြောလိုက်သည်။

“သန္တာ. . ဟုတ်လား၊ သန္တာဆိုတာ အင်မတန်ခိုင်မာတဲ့နာမည်ပဲ၊ ပင်လယ်ကြီးလိုပဲ. . သူ့နေရာမှာပဲ တည်တံ့နေတယ်၊ ဘယ်တော့မှ မပြောင်းလဲဘူး၊ ဒီသဘောတွေပါနေတယ်”

“အစ်ကိုက သိပ်ပြီးတော့ ကဗျာဆန်တာပဲနော်၊ အစ်ကိုပြောတာ သိပ်မှန်တာပေါ့၊ သန္တာက ပင်လယ်ပြင်ကြီးထဲမှာမွေးလာခဲ့တာဆိုတော့ ဒီလိုနာမည်မျိုးမှည့်တာ မဆန်းပါဘူးလေ. .”

“ပင်လယ်ပြင်ကြီးထဲမှာ မွေးလာတာ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသည် သန္တာ၏စကားကို ထူးဆန်းသွားမိသည်။

"အစ်ကိုက အဓိပ္ပါယ်ကို နားမလည်ဘူးနဲ့ တူတယ်၊ ပင်လယ်ပြင်ကြီးထဲက ဟောဒီ သန္တာကျောက်တန်းတွေ၊ ကျွန်းတွေဟာ သန္တာတို့ကျက်စားကြတဲ့နေရာပဲပေါ့. . "

အချို့ရေလုပ်သား၊ တံငါသည်များသည် လူသူမနီးသော ဤလိုနေရာမျိုးတွင် နေထိုင်ကြပြီး ငါးရှာ၊ ဖားရှာကြသည့်အလုပ်မျိုးဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်ဟု ထင်မိသွားသည်။

"သန္တာတို့က ခရုကောက်၊ ပုလဲရှာတဲ့ အလုပ်တွေကိုသာ လုပ်ကြတယ် အစ်ကိုရဲ့၊ သားကြီး. . ငါးကြီးရှာပြီးတော့ စီးပွားမရှာကြပါဘူး၊ စားလည်း မစားကြပါဘူး. . "

"ဟင်. . ဟုတ်လား၊ ဘာဖြစ်လို့ မစားကြတာလဲ၊ ဒါဖြင့် ဘာတွေစားကြသလဲ"

"အသီးအရွက်တွေပေါ့၊ ကျောက်ပွင့်တွေပေါ့၊ အဲ့ဒါတွေကိုပဲစားကြတယ်လေ. . "

စံထွေးသည် သန္တာ့ကို အံ့သြစွာနှင့်ပင် ကြည့်လိုက်လေသည်။ သူမ၏ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုကအစ အားလုံးထူးဆန်းနေသည်။ ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်မိသောအခါ သန္တာကျောက်တန်းတစ်ခုနှင့် ဆက်စပ်နေသောကျွန်းငယ်လေးတစ်ခုဖြစ်နေသည်ကို သိလိုက်ရလေသည်။





ကျွန်းပေါ်တွင် မိမိတို့မှလွဲပြီး လူသူ. . အရိပ်အယောင်ရှိသည့် လက္ခဏာများကို မတွေ့ရ။

"အစ်ကိုက ပင်လယ်ထဲမှာ ဘယ်လိုဖြစ်ပြီး ဒုက္ခရောက်လာခဲ့ရတာလဲ"

"ညီမကို ပြောပြီးပြီလေ၊ တံငါလှေအုပ်စုနဲ့ ငါးရှာထွက်လာကြရင်း မုန်တိုင်းမိတယ်လေ၊ လှေမှောက်တယ်၊ သူငယ်ချင်းလည်း ဘယ်ရောက်သွားသလည်း မသိဘူး၊ ခုလောက်ဆို ပင်လယ်ထဲမှာပဲ သေသွားခဲ့ပြီလား. . "

သန္တာသည် စံထွေးကို အကဲခတ်ကာ ကြည့်လိုက်ပြန်ပြီး. .

"အစ်ကိုက သားငါးတွေကို ဖမ်းရောင်းစားပြီး အသက်မွေးဝမ်းကျောင်းပြုတယ်ပေါ့လေ. . ဟုတ်လား"

သန္တာမျက်နှာပေါ်က အပြောင်းအလဲက အလိုမကျဟန်. . မနှစ်သက်ဟန်. .

"ဘာလဲ. . ညီမက အကုသိုလ်အလုပ်မျိုးဆိုပြီး မကြိုက်တာလား၊ အစ်ကို့ရဲ့ အဖေက လေဖြတ်သွားပြီး ဒီအလုပ်ကိုဆက်မလုပ်နိုင်တော့လို့ စားဝတ်နေရေးက အခက်အခဲဖြစ်နေရတယ်လေ၊ ဒါကြောင့်မို့ မိသားစုအတွက် ကျောင်းကထွက်ပြီးအလုပ်လုပ်ရတာပါ၊ တံငါသည် ခဏဝင်လုပ်ကြည့်တာပါ"

"ခဏပဲဖြစ်ဖြစ်. . တစ်သက်လုံးပဲဖြစ်ဖြစ်၊ ငါးရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းပြုတဲ့ အလုပ်မျိုးကိုလုပ်တာ မကောင်းပါဘူး အစ်ကို. . ”

“အင်းပါ. . နောက်ဆို ဒီအလုပ်မျိုးကို မလုပ်တော့ပါဘူး၊ ခုတောင်. . အကုသိုလ်ဝင်ပြီး ကံကောင်းလို့မသေတယ်၊ ကိုယ်လည်း သိပ်ပြီးကြောက်သွားခဲ့ပါပြီ. . ”

စံထွေးသည် သန္တာကို ကတိပေးလိုက်မိသည့်အတွက် ကိုယ့်ကိုကိုယ် နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။ သည်တော့မှ သန္တာသည် ပြုံးလာ. . ရယ်လာနိုင်လေတော့သည်။

“သန္တာ. . ဒီကျွန်းပေါ်မှာ ဘယ်သူတွေရှိသေးသလဲ၊ ကိုယ်တော့ သန္တာကလွဲပြီး ဘယ်သူ့ကိုမှ မတွေ့မိပါလား”

“ဘယ်တွေ့ပါ့မလဲ. . သန္တာတစ်ဦးတည်းပဲနေတာကိုး”

“ဘယ်လို. . သန္တာတစ်ဦးတည်းနေတယ် ဟုတ်လား”

သန္တာသည် စံထွေးကို တွေတွေကလေးကြည့်လိုက်ပြီး-

“ဒီလို အစ်ကိုရဲ့၊ သန္တာက လွတ်လွတ်လပ်လပ်နေချင်တဲ့လူ၊ အဖော်တွေနဲ့လည်း အမြဲတမ်းရောရောနှောနှောမနေတတ်ဘူး၊ ဒါကြောင့်မို့ အားတဲ့အခါ ဒီမှာတစ်ဦးတည်းပဲနေတာကို ပြောတာပါ”

သန္တာသည် စကားပြောရင်း နားထဲမှာ တစ်ခုခုကို ကြားမိလိုက်သလိုလိုရှိသည်။





“သန္တာရေ. . သန္တာ၊ နင်ဘယ်မှာလည်းဟေ့. . ”

မိန်းကလေးတစ်သိုက်၏အသံကို ကြားလိုက်ကြရလေသည်။

“ဟော. . သန္တာ့ အဖော်တွေ ရောက်လာကြပြီ၊ သန္တာသွားတော့မယ်၊ ဟောဟိုက ဂူကြီးထဲမှာ အစ်ကိုသွားပုန်းနေပါအစ်ကို၊ သူတို့မြင်မသွားကြပါစေနဲ့. . ဘယ်သူလာလို့မှလည်း ထွက်မတွေ့ပါနဲ့၊ အစ်ကို့ကိုသာ တစ်ဦးဦးက တွေ့သွားခဲ့ရင် ရန်ရှာကြလိမ့်မယ်”

“ဟင်. . ကိုယ်က ဘာကြောင့် လူမြင်မခံပဲ ပုန်းနေရမှာလဲ၊ ညီမကကော ဘယ်ကိုလိုက်သွားမလို့လဲ၊ ဒါနဲ့. . ညီမက ဒီမှာနေတယ်ဆို”

“အမြဲတမ်းနေ့,နေတာတော့ ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရယ်. . တစ်ခါတလေပျင်းရင် လာလာနေတာပေါ့. . ”

“သန္တာရေ. . သန္တာ၊ နင်လာတော့လေ၊ နင်မလာချင်ရင်. . ငါတို့လာကြမယ်ဟေ့. . နင်ရှိတဲ့နေရာကိုသာပြော. . ”

အသံကိုသာကြားနေရသည်။ မည်သည့်နေရာက ခေါ်နေမှန်းမသိ၊ လူတွေကိုလည်း မတွေ့ရ၊ မိန်းကလေးတော်တော်များများ၏အသံကိုသာ ကြားနေရသည်။ တီးတိုးစကားပြောနေကျသံများ၊ ရယ်မောသံများ။

သန္တာသည် စံထွေး၏ အနီးမှ ရုတ်တရက်ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။ မိုးကလည်း ချုပ်စပြုလာခဲ့ပြီ၊ ဝန်းကျင် မြင်ကွင်းကလည်း မသဲကွဲတော့၊ သန္တာသည် စံထွေး၏ မျက်စိ အောက်မှာပင် ပျောက်ကွယ်သွားခဲ့လေသည်။

"ဝုန်း"

မကြာမီ. .

ဝုန်းဆိုသော အသံတစ်သံကို ကြားလိုက်ရသည်။ စံထွေး၏စိတ်ထဲက ထင့်သွားမိသည်။ ရေထဲကို တစ်စုံတစ်ခုက ကျသွားသည်လား၊ ကျောက်ဆောင်ကို လှိုင်းပုတ်သံလား၊ တစ်ယောက်ယောက်ကပဲ ရေထဲကို ခုန်ဆင်းလိုက်သလား ဟူ၍။

ထိုစဉ်. .

"အဟင်း. . ဟင်း. . ဟင်း. . "

ရယ်မောသံများနှင့်အတူ မိန်းကလေးတစ်သိုက်၏ အသံများက ဆူညံသွားခဲ့ကြပြန်သည်။ ထို့နောက် ယင်းအသံများ သည် တဖြည်းဖြည်းနှင့်ပျောက်ကွယ်သွားခဲ့ကြလေသည်။ စံထွေး. . နေရာကပြေးထွက်သွားခဲ့သည်။ ကမ်းနှင့်ဆက်စပ် နေသော ပို၍မြင့်မားသည့် သန္တာကျောက်တန်းကြီးတစ်ခုပေါ် ကိုပြေးတက်သွားခဲ့သည်။

ဝိုးတဝါးအမှောင်ထဲ၊ အတော်ခပ်ဝေးဝေးတွင် ရေထဲ ကူးခတ်ပြီးသွားနေကြသော မည်းမည်းလှုပ်လှုပ်အရာများကို တွေ့လိုက်ရလေသည်။ ထိုအရာများသည် လင်းရှူးခေါ် လပိုင်





အုပ်စုလား၊ အုပ်စုလိုက်သွားတတ်ကြသော အခြားသော ငါးတစ်မျိုးမျိုးပဲလားဆိုသည်ကို ခန့်မှန်း၍မရနိုင်ပါ။ အမြင်ပဲ မှားသလား. . မသိ၊ ရေပြင်ထက်မှာ လက်ပစ်ကူး၍သွားနေကြ သော သူများကို ဝိုးတဝါးမြင်ကွင်းဖြင့် တွေ့မိလိုက်သလိုပင်။

စံထွေး၊ ကျောက်ဂူဆီကို ပြန်ရောက်လာခဲ့လေသည်။ ဂူအထဲမှာ မှောင်စပြုနေသည်။ သန္တာညွှန်ပြခဲ့သည့် ဂူထဲကို ဝင်ရန် မဝံ့မရဲဖြစ်နေမိသည်။

"ဂူကြီးထဲမှာသွားပြီး ပုန်းနေပါ၊ သူ့ကိုမြင်မသွားကြပါ စေနဲ့. . ဘယ်သူလာလို့မှလည်း ထွက်မတွေ့ပါနဲ့. . "

သန္တာ၏ အရေးတကြီးမှာခဲ့သံကို ပြန်ပြီးတော့ ကြားယောင်မိလာသည်။ သူသက်ပြင်းချမိလိုက်သည်။

ဂူထဲကိုအရဲစွန့်ပြီးတော့ ဝင်လိုက်လေ၏။ ဂူဝမှာ လင်းနေသော်လည်း ဂူထဲမှာတော့ မှောင်နေလေသည်။ မျက်လုံးတွေက အမှောင်ထဲမှာ ကျင့်သားရလာသောအခါ မျက်နှာပြင်ညီညာလျက်ရှိသော ကျောက်စားပွဲကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။ လလည်းထွက်လာပြီဖြစ်၍ လရောင်သည် ဂူထဲကို ဝင်လာခဲ့လေသည်။ ထိုအခါ ဂူထဲရှိ အချင်းအရာများ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုကောင်းစွာပင် မြင်တွေ့နေရသည်။

အစားအသောက်အချို့ကို ကျောက်စားပွဲပေါ်မှာ တွေ့လိုက်ရသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးအချို့နှင့် စား၍ရသော ရေမှော်နုနုလေးများသာ၊ အသားဆို၍ လက်သန်းလောက်ရှိသည့်အရာကိုပင် မတွေ့ရ၊ စံထွေးသည် ဘာကိုမှ မစဉ်းစားတော့ပဲ အားလုံးကို ဆာဆာနှင့်စားပစ်လိုက်လေသည်။ ဆာလောင်မွတ်သိပ်ခြင်းများ ပျောက်ကွယ်သွားခဲ့သည်။

“ငါ. . အိပ်ချင်လိုက်တာ”

အစာဝသွားပြီဖြစ်၍ အိပ်ချင်စိတ်က ဖြစ်ပေါ်လာခဲ့လေသည်။ မြက်ခြောက်များကို ပြုလုပ်ထားသည့် အိပ်ယာလေးကို အဆင်သင့်ပင်တွေ့လိုက်ရသည်။ အသာလှဲပြီး ကျောချမိလိုက်သည်။ ယခုအခါ မိမိအတွက် ပူဆွေးသောက ရောက်နေလိမ့်မည်ဖြစ်သော မိဘနှစ်ပါးကို သတိရသွားမိသည်။ စိတ်ထဲမှ ရည်စူးကာ ကန်တော့မိလိုက်သည်။ အိမ်မှာကျန်ခဲ့သည့် ပုလဲနက်လက်စွပ်လေးကိုလည်း သတိရသွားမိပြန်သည်။ ပုလဲနက်လေးထဲက ရေသူမလေး ရုပ်တုက မိမိ၏အသိအာရုံကို လွှမ်းမိုးသွားခဲ့ပြန်ရာ. . .



(၁၂)

## သန္တာဆိုသောမိန်းကလေး

မုန်တိုင်းမိကာ ပင်လယ်ထဲမှာ ဒုက္ခရောက်နေသော စံထွေး၊ လှိုင်းလုံးကြီးတွေက သူ့ကိုယ်ပေါ်မှ တစ်လုံးပြီးတစ်လုံး ကျော်သွားခဲ့ကြသည်။ အိပ်ပျော်နေစဉ်မှာပင် ချောက်အိပ်မက်သည့်. . အာရုံထဲမှာ ပြန်လည်၍ စွဲထင်နေဆဲ. . ခြောက်လှန့်နေဆဲ။

လှိုင်းလေကြားထဲတွင် အသက်ကိုလုပြီး ပင်ပန်းကြီးစွာ ကူးခတ်နေရဆဲမှာ ရိပ်ကနဲဆိုမြင်လိုက်ရသည်က. .

ငါးတစ်ကောင်၏ အမြီးတစ်ခု၊ သူ့ကို သာသာလေး ရိုက်ထည့်လိုက်သည်။ ရေနက်ထဲကို နစ်မြုပ်ကာနီးဆဲဆဲ၊ သူ့ခန္ဓာကိုယ်သည် ရေပေါ်ကိုပြန်ပြီးတော့ ရောက်လာခဲ့ရသည်။

မိမိနှင့်အနီးကပ်မြင်လိုက်ရသော မိန်းကလေးတစ်ဦး၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အထက်ပိုင်း၊ ထိုမိန်းကလေး၏ အောက်ပိုင်းကို မမြင်ရ၊ ငါးတစ်ကောင်၏ အမြီးဖျားသည် သူ့ကိုပွေ့ရစ်ကာ ကမ်းခြေရှိရာကို ခေါ်ဆောင်သွားခဲ့သည်။

သူ. .

သူမသည် လူတစ်ပိုင်း၊ ငါးတစ်ပိုင်းလေလား. .

ထို့နောက်. . မည်သို့ဖြစ်သွားခဲ့သည်ကို မသိတော့။ ဆက်ပြီးမမက်တော့ပဲ လန့်နိုးသွားခဲ့ရလေသည်။

နိုးလာစဉ်မှာ ပြင်ပမှ လရောင်၊ ကြယ်ရောင်က တော်တော်လေးကို လင်းချင်းလျက်ရှိနေလေပြီ၊ ဂူထဲမှာလည်း အရာရာအားလုံးကို ကောင်းစွာပင် မြင်နိုင်သော အခြေအနေမျိုး တစ်ယောက်တည်းဆိုသည့် အသိကြောင့် ချောက်ချားနေမိသလိုပင်၊ မည်သည့်အချိန်ရောက်နေမှန်းမသိ၊ နေရာမှ ထ,ပြုသော်လည်း ခေါင်းထဲမှာ မျက်ကနဲဆို နာသွားသည်။ လှေနစ်စဉ်က မုန်တိုင်းထဲမှာ သူ့ခေါင်းကို တစ်စုံတရာက ဝင်ဆောင့်မိသွားခဲ့သည်။ ယခုမှ နာကျင်ရကောင်းမှန်းသိလာခဲ့ရသည်။ ဒဏ်ရာဖြစ်သွားသည်ဟု ထင်မိသည်။ ထို့ကြောင့် နေရာမှမထ,ပဲ ပြန်မှေးပြီးတော့ အိပ်နေမိလိုက်သည်။





စံထွေးသည် ဂူအပြင်ကို ရောက်နေသည်။ လရောင်က ထိန်ထိန်လင်းနေ၍ ဝန်းကျင်တစ်ခုလုံးကို ထင်ရှားစွာပင် မြင်နေနိုင်သည်။ ပင်လယ်ပြင်ကြီးသည် လရောင်ကြောင့် တစ်ပြေးညီစွာပင် တောက်ပနေလျက်ရှိသည်။ လှိုင်းလုံးကလည်း ငြိမ်သက်နေလျက်. . ကမ်းစပ်ဆီကို လျှောက်လာခဲ့သည်။

ထူးခြားမှုတစ်ခုကြောင့် နားကိုရှင်ရှင်ထားကာ စွင့်ထားမိလိုက်သည်။ တစ်ယောက်ယောက်က. ရေထဲမှာ ကူးခတ်နေသလိုမျိုးပင်၊ ထိုသို့ကြားနေရသလား၊ ရေလှိုင်းသံများဖြစ်နေသလားဟူသော အတွေးမျိုးက ဝင်လာခဲ့လေသည်။ စံထွေးသည် ကျောက်ဆောင်အကွယ်တစ်ခုဆီကို ပြေးကပ်မိလိုက်လေသည်။

ကမ်းစပ်သည် သူနှင့်အတော်ကွာဝေးနေသေးသည်။ အဝေးမှ မသဲမကွဲနှင့်လှမ်းပြီးတော့ တွေ့လိုက်ရသည်မှာ လှိုင်းကလေးများကြားတွင် ရေကူးနေသော သူတစ်ယောက်။

"ဟင်. . ဒီအချိန်ကြီးမှာ ဘယ်သူများရေကူးနေတာလဲ"

သူပြေးသွားပြီး ကျောက်ဆောင်အကွယ်တစ်ခုမှာ နေလိုက်သည်။

သေသေချာချာကြည့်မိလိုက်သောအခါ မိန်းကလေး တစ်ယောက်ဖြစ်နေသည်။ သူမသည် ပုံစံအမျိုးမျိုးဖြင့် ရေကူးလျက်ရှိနေသည်။ စိတ်အေးချမ်းသာစွာရှိပြီး မြူးထူးနေပုံလည်း ရလေသည်။ တစ်ကြိမ်တွင် ခန္ဓာကိုယ်အောက်ပိုင်းကို လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ငါးတစ်ကောင်၏ ကိုယ်ထည်ပိုင်းကို မမျှော်လင့် တွေ့လိုက်ရလေသည်။

"ဟင်. . ငါပဲ မျက်စိမှားသလား"

စံထွေးအံ့အားသင့်သွားခဲ့ရလေသည်။ သုံးလေးကြိမ် ထိုသို့မြင်လိုက်ရလေသည်။ တော်တော်ကြာအောင် လှည့်ပတ် ကူးပြီးသောအခါ ကမ်းဘက်ဆီကို ကူးလာခဲ့လေသည်။ ကျောက် ဆောင်ပေါ်မှာထိုင်လိုက်သည့် သူမ၏တစ်ကိုယ်လုံးကို မြင်လိုက် ရသောအခါ. .

"ဟင်. . ရေသူမ၊ ရေသူမဆိုတာ ဒါများလား"

သူမ၏ မျက်နှာလေးသည် ဘေးစောင်းအနေအထား ဖြစ်၍ မည်သူမည်ဝါဆိုသည်ကို မသိနိုင်၊ မိမိတစ်သက်တွင် ဒီလိုအဖြစ်မျိုးဘစ်ကြိမ် တစ်ခါမှ မကြုံဖူးခဲ့၊ ရေသူမဆိုတာ လူကြီးသူမတွေ ပြောပြဖူးသည့် အိပ်ယာဝင်ပုံပြင်တစ်ပုဒ်မျှသာ ဖြစ်ဖူးခဲ့၏။ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ ယခုတော့ မျက်ဝါး ထင်ထင်လက်တွေ့မြင်လိုက်ရချေပြီ။

"ညအချိန်မတော်မှာ ငါအမြင်မှားမှားနေမိတာလား"

စံထွေးသည် လွတ်လပ်စွာ နေနေသော ရေသူမလေး ကိုအနှောင့်အယှက်မပေးလိုသဖြင့် ကျောက်ဂူဆီကို ပြန်လာ ခဲ့လေသည်။





"အစ်ကို. . အစ်ကို"

တစ်ဦးတစ်ယောက်က သူ့လက်မောင်းကို ကိုင်ကာ လှုတ်ပြီးနိုးလိုက်သဖြင့် လန့်၍နိုးသွားခဲ့ရလေသည်။

"ဟင်"

စံထွေး၏အနားတွင် ရောက်နေသူမှာ အခြားသူမဟုတ်၊ သန္တာပင်ဖြစ်နေလေသည်။

"မိုးလင်းနေပြီ အစ်ကို၊ ထတော့လေ. ."

ထိုသောအခါကျမှ မိုးစင်စင်လင်းနေပြီကို သိလိုက်ရ သည်။ မိမိ၏သန်းခေါင်ယံလွန်အိပ်မက်များသည် ဝိုးတဝါးပင် ကျန်ရစ်ခဲ့လေသည်။ ပက်လက်လှဲနေရာမှထ,ပြီး ထိုင်လိုက်ရ သည်။

"သန္တာ၊ မင်း. . ရောက်လာတယ်နော်၊ ကိုယ်က ရောက် မလာနိုင်တော့ဘူးလို့ထင်နေမိတာ"

"အစ်ကို. . ဘယ်လိုအိပ်တယ်၊စားတယ်ဆိုတာ သန္တာ မသိရဘူး၊ အဆင်မှပြေရဲ့လားဆိုပြီး စိတ်မချတာနဲ့ ရောက်လာ ခဲ့ရတာ. ."

"သန္တာ၊ ဘယ်ကနေလာတာလည်းဟင်. ."

"ဟိုးအဝေးကြီးကနေ လာခဲ့ရတာ. . အစ်ကိုရ"

"ဟိုး အဝေးကြီးကနေ ဟုတ်လား၊ ဘယ်လောက် ဝေးဝေးကတောင် လာခဲ့ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို. . အစ်ကိုလည်း အဝေးကြီးကဆိုမှ မနီးတဲ့နေရာကပေါ့ အဟင်း. . ဟင်း"

သန္တာသည် ဝေ့လယ်လယ်ဖြင့် အဖြေပေးလိုက်လေသည်။ စံထွေးက သန္တာ၏ခါးအောက်ပိုင်းကို မသိမသာ အကဲခတ်ကာ ကြည့်မိလိုက်သည်။ ထဘီကြည်ပြာရောင်လေးကို ဝတ်ထားသည်။ အင်္ကျီကလည်း ကြည်ပြာရောင်လက်ပြတ်လေးပင်၊ မိမိ၏စိတ်အတွေးနယ်လွန်မှုကို ပြန်၍ တေးမိလိုက်ပြီး မသိမသာပင် ပြုံးမိလိုက်လေသည်။

"ဟင်. . အစ်ကိုက ဘာပြုံးတာလဲ"

"ဪ. . သန္တာရောက်လာတဲ့အတွက် ကိုယ်ပျော်သွားမိလို့ပါ. . "

"ဟွန်း မညာနဲ့နော်၊ အစ်ကို့ရင်ထဲမှာ အတွေးတစ်ခုခုကတော့ ရှိနေလိမ့်မယ်"

"စကားကောင်းနေတုန်း၊ တော်ကြာ. . သန္တာ့ အဖော်တွေရောက်လာကြပါဦးမယ်ကွယ်"

"သူတို့မသိအောင် တိတ်တိတ်လေး လာခဲ့ရတာပေါ့"

"ကိုယ်အိမ်ပြန်ချင်တယ်၊ မိဘတွေက .သည်း ခုလောက်ဆိုသေပြီလို့တောင် ထင်ချင်ထင်နေကြမှာ"

"ဘာလဲ. . အစ်ကိုက နေရပ်ကိုပြန်ချင်ပြီပေါ့. . ဟုတ်လား၊ ဘယ်လွယ်ပါ့မလဲ အစ်ကိုရဲ့၊ လှေ. . သင်္ဘော





တွေမရှိပဲနဲ့ အစ်ကိုဘယ်လိုပြန်နိုင်ပါ့မလဲ၊ လှိုင်းလေကလည်း တစ်ခါတရံမှာ ကြမ်းခက်ထန်ကြမ်းတမ်းတတ်တာ"

"ဖောင်ဖွဲ့ပြီးကူးမယ်ဆိုတာတောင် လမ်းမှာရေသတ္တဝါကြီးတွေနဲ့တွေ့ပြီး ဖျက်ဆီးခံရမယ်၊ ဖောင်ပျက်ပြီး အစ်ကို့အသက်ဆုံးရှုံးသွားမှာပေါ့. . "

"ပြန်ဖို့မစဉ်းစားပါနဲ့ဦးလား အစ်ကိုရယ်၊ အခြေအနေကောင်းပြီး အခါအခွင့်သင့်တဲ့အခါကျမှ အစ်ကိုပြန်ပေါ့. . "

"သန္တာပြောတာ ဟုတ်ပါတယ်လေ၊ ကိုယ်နောက်တစ်ကြိမ် ပင်လယ်ထဲကို ပြန်သွားရမှာကို ကြောက်နေပြီ"

"ဒီလိုမှပေါ့ အစ်ကိုရဲ့၊ ရတုန်းရခိုက် အချိန်ကလေးမှာ အစ်ကို. . သန္တာနဲ့ ပျော်ပျော်နေစမ်းပါ၊ စိတ်ညစ်စရာတွေကို မေ့ပစ်လိုက်. . ဟုတ်ပြီလား"

သန္တာ၏အကြည့်သည် ရွှန်းလက်လို့နေသည်။ စံထွေး၏ ရင်ထဲမှာ နွေးကနဲဖြစ်သွားခဲ့ရလေသည်။ နှစ်ဦးစလုံး၏တူညီသော ခံစားချက်များသည် ရင်ထဲမှာ မွေးဖွားလာခဲ့ရလေ၏။ အချိန်တိုတိုလေးထဲမှာ တွယ်ညှိသွားခဲ့ကြသည့် သံယောဇဉ်လေးတစ်မျှင်ကတော့ တင်းတင်းလေးဖြစ်သွားခဲ့ကြလေသည်။

"ဒီနေ့တစ်နေ့လုံး ကိုယ်နဲ့အတူတူနေပါလား သန္တာရယ်၊ ကိုယ်တစ်ယောက်တည်း အထီးကျန်ဆန်လွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဪ. . အစ်ကိုရယ်၊ သန္တာ. . အစ်ကို့အတွက် အဖော်နေပေးချင်တာပေါ့. . ဒါပေမယ့်”

“ဘာ. . ဒါပေမယ့်လည်းဟွယ်၊ သန္တာ့မှာ အစ်ကိုနဲ့ အတူတူနေဖို့အတွက် ဘာတွေများ အခက်အခဲရှိနေလို့လဲဟင်”

“အခက်အခဲ ဟုတ်လား. . မရှိပါဘူး၊ အင်း သန္တာလည်း အစ်ကိုရဲ့ဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ်လေ”

“သန္တာက သိပ်သဘောကောင်းတာပဲနော်”

“သဘောကောင်းတယ် ဟုတ်လား၊ အဲ့သလိုထင်ရင် ဝမ်းသာစရာပဲပေါ့နော်. . ”

သန္တာ့အကြည့်တွေက ညို့မြူနေသလိုလို. . စံထွေးသည် သန္တာ့ကိုပိုပြီးတော့ စွဲမက်လာခဲ့ရလေပြီ။

“သန္တာလေ. . အစ်ကိုစားဖို့ အစားအစာတွေ ယူလာခဲ့တယ်သိလား”

“သန္တာကို တမင်ဒုက္ခပေးသလို ဖြစ်နေပြီကွယ်”

“အစ်ကို့စကားက သိပ်ပြီးတော့ သူစိမ်းဆန်တာပဲ၊ ဟွန်း. . ”

မျက်နက်ဝန်းကလေးထောင့်ကပ်ကာ ပြောလိုက်သည့် အမူအရာက မချင့်မရဲဖြစ်စရာပင်. .

“နေဦး. . ကိုယ့်မျက်နှာသစ်လိုက်ဦးမယ်”

စံထွေးသည် ဂူထဲမှနေ၍ ကမ်းစပ်ဆီကို ပြေးသွား





ခဲ့လေသည်။ မျက်နှာသစ်၊ ပလုတ်ကျင်းပြီးသောအခါ. .

“ရော့. . အစ်ကို”

သန္တာက မျက်နှာသုတ်ပုဝါလေးတစ်ထည်ကို ပေးသည်။

“သန္တာက ဒီအထိလိုက်လာခဲ့တာကိုး၊ ဂူထဲကနေ စောင့်နေရောပေါ့”

“ဘာလည်း အားနာတယ်ဆိုတဲ့ စကားပြောဦးမလို့လား”

“မပြောဝံ့ပါဘူးဗျာ”

ဂူဆီကို ပြန်သွားခဲ့ကြသည်။ ငှက်ပျောဖက်နှင့် ထုတ်ပြီး ယူလာခဲ့သော အစားအစာများကို ကျွေးသည်။ ထမင်း၊ ဟင်း ပူပူနွေးနွေးနှင့် သောက်ရေတစ်အိုး၊ အသားဟင်းမပါ၊ အသီးအရွက်ကြော်များသာ၊ သို့ပေမယ့် စား၍ကောင်းပါသည်။ စံထွေး၊ မြိန်မြိန်ယှက်ယှက်နှင့် စားနေသည်ကို သန္တာက ကျေနပ်စွာပင် ကြည့်နေလေ၏။

“သန္တာကော စားလေ”

“သန္တာစားပြီးခဲ့ပါပြီ အစ်ကို၊ အစ်ကိုသာဝအောင် စားပါ. . ”

“ဪ. . သန္တာ၊ ကိုယ်. . ကျွန်းပေါ်မှာ လျှောက်ကြည့်ချင်တယ်. . ရမလား”

“ဒီကျွန်းပေါ်မှာ အစ်ကိုတစ်ယောက်တည်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မသွားပါနဲ့လားကွယ်၊ သန္တာ အစ်ကို့အတွက် စိုးရိမ်လို့ပါ. . အကြောင်းရှိလို့ပြောနေတာပါကွယ်"

"ကိုယ်က ဒီလိုပဲ ဂူထဲမှာ နေနေရမှာလား၊ ဒီအတိုင်းပဲ ပျင်းပျင်းရိရိနဲ့ အချိန်ကုန်ဆုံးသွားရတော့မှာလား"

"ဩော်. . အစ်ကိုရယ်၊ အစ်ကို့ဘေးနားမှာ သန္တာတစ်ယောက်လုံးရှိနေတာပဲ မဟုတ်လား၊ ဘာပျင်းစရာလိုဦးမှာလဲ"

သန္တာက စံထွေး၏အနားကို တိုးကပ်လာခဲ့လေသည်။ သူမဆီက ကိုယ်သင်းနံ့လေးက ထူးခြားမှုရှိနေသည်။

"အစ်ကို. . သန္တာ့ကို မခင်ဘူးလားဟင်"

သန္တာ၏ မျက်နှာလေးက ရှေ့ကိုတိုးလာသည်။ မျက်နှာချင်းက နီးကပ်သွားသည်။

"ခင်. . ခင်ပါတယ် သန္တာ. ."

"ခင်တယ်ဆိုရင်. . သန္တာ့စကားကို နားထောင်"

ထိုနေ့တစ်နေ့လုံး သန္တာက မဆုံးဆနိုင်သော ပင်လယ်ပြင်ကြီး၏အကြောင်းကို စံထွေးအား ပြောပြနေသည်။ ပင်လယ်ထဲက ရေမိစ္ဆာကြီးများ၊ လှပသော ပင်လယ်နတ်သမီးများအကြောင်းလည်းပါသည်။ ပုံပြောကောင်းသော သန္တာကြောင့် ပျင်းရိစရာမကောင်းသော အချိန်လေးများက တန်ဖိုးရှိလာခဲ့ကြသည်။ အချိန်ကုန်၍ ကုန်မှန်းပင်မသိတော့။

"ကဲ. . အစ်ကို. . သန္တာပြန်ဦးမယ်၊ နေလည်း





ကျလာပြီလေ. ."

"ဟုတ်သားပဲ၊ ညနေဘက်တောင်ရောက်လာပြီ၊ သန္တာ့မိဘတွေက စိတ်ပူနေကြမှာပေါ့"

"ဒီလို ကိုယ်ချင်းစာပေးတဲ့အတွက် ဝမ်းသာပါတယ်၊ အစ်ကို့တစ်ယောက်တည်း ထားခဲ့ရမှာကို သန္တာစိတ်မကောင်းဘူးကွယ်. ."

"ဒီလိုပေါ့လေ. . ၊သန္တာ ကိုယ့်အပေါ်မှာ တာဝန်ကျေပါတယ်၊ ဒါနဲ့. . သန္တာက ဘယ်လိုပြန်ရမှာလဲ၊ ဟိုးအဝေးကြီးဆိုတော့. . ကိုယ်လိုက်ပို့ရမှာလားဟင်"

"လိုက်မပို့ပါနဲ့ အစ်ကိုရယ်၊ သန္တာ ဒီလမ်းကိုသွားနေကြပါ၊ မနက်ကျရင် သန္တာတစ်ခေါက် ပြန်လာခဲ့မယ်နော် အစ်ကို"

သန္တာက နှုတ်ဆက်မိပြီးတော့ ပြန်သွားသည်။ စံထွေးသည် သန္တာထွက်သွားသည်ကို ကြည့်ရင်း ရင်ထဲမှာဟာပြီးတော့ ကျန်ရစ်ခဲ့လေသည်။ သန္တာမည်သည့်အရပ်ဆီကို ထွက်သွားသည်ကိုလိုက်လည်းမကြည့်လိုပါ။ နောက်ယောင်ခံလိုက်ပြီးတော့ ကြည့်လျှင်လည်း ကြိုက်မည်မဟုတ်ပါ။ စံထွေးသည် ထိုတစ်နေ့တာအတွက်လည်း ဂူကြီးထဲမှာပင် အိပ်လိုက်ကာ တစ်ညတာအတွက်ကုန်ဆုံးစေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသည် ကျောက်ဂူကြီးထဲမှာ နှစ်ခြိုင့်စွာ အိပ်ပျော်သွားရန်ကြိုးစားသော်လည်းမရပါ။ သန္တာကသာလျှင် သူ့နှလုံးသားကို စိုးမိုးလျက်ရှိနေလေသည်။

"ငါ့ဆီကို သန္တာသာရောက်မလာခဲ့ရင် ငါတစ်ယောက်တည်းဒီကျွန်းကြီးပေါ်မှာ. . "

ဆက်ပြီးမတွေးဝံ့တော့ပါ၊ သူ့ကို သန္တာက ဥပက္ခာပြုမှာမဟုတ်ဟုလည်း ယူဆထားမိလိုက်လေ၏။

မိမိအိပ်ပျော်သွားပြီး မိုးမြန်မြန်လင်းပါစေဟုလည်း ဆုတောင်းမိလိုက်သည်။

"မိုးမြန်မြန်လင်းမှ ငါ သန္တာနဲ့ တွေ့ရမှာ"

ဆန္ဒဇောဖြင့် အိပ်ပျော်စပြုကာနီးမှ ပုလဲနက်လက်စွပ်လေးကို သတိရသွားမိသည်။

ပုလဲနက်ထဲက. . ရေသူမလေးကို လည်း ပြန်ပြီးတော့ အမှတ်ရလာမိလေသည်။

စိတ်အတွေးဖြင့် ကြည့်နေရင်းမှာပင် ရေသူမလေးသည် သန္တာနှင့်တူနေသည်ကို သိလာခဲ့ရလေသည်။

"ဟင်. . သန္တာ၊ သန္တာက ရေသူမလေးနဲ့ သိပ်ပြီးတူပါလား. .

သေသေချာချာတွေးပြီး ကြည့်ရင်း ပိုပြီးတော့တူလေပဲ. . "





ပုလဲနက်ထဲက ရေသူမလေးကို သန္တာပဲ ဟူသောအတွေးဖြင့် ဝင်စားရင်း မှေးကနဲဆို ဖြစ်သွားခဲ့လေရာ. .

ပုလဲနက်လေးထဲမှာ သဘာဝအလျောက်ဖြစ်နေသော ရေသူမရုပ်တုလေးသည် ကျောက်ဆောင်ထက်မှာ ထိုင်နေလျက်ရှိသည်။

ထိုစဉ်မှာပင်. .

တည်ငြိမ်လျက်ရှိသော ရေပြင်သည် လှုပ်ရှားလာခဲ့သည်။ လှိုင်းများသည်လည်း ထကြွလာကာ ကမ်းခြေဆီကို ပြေးလာနေကြသည်။ လှိုင်းများက ကျောက်ဆောင်များကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြလေသည်။

ကျောက်ဆောင်ထက်မှ ရေသူမလေးသည် တဖြည်းဖြည်းနှင့် လှုပ်ရှားလာခဲ့သည်။ အသက်ဝင်လာလေသည်။ ထို့နောက်. . ရေထဲကို လျှောကနဲဆို ထိုးဆင်းသွားခဲ့သည်။

စံထွေးသည် ဂူထဲမှ ပြေးထွက်လာခဲ့လေရာ ထိုအချိန်တွင်. . ရေသူမလေးသည် အဝေးကို ရောက်သွားခဲ့လေပြီ။ အတော်ကလေးကြာသောအခါ ရေသူမလေးသည် ကမ်းဘက်ကို မှန်မှန်ပင် ပြန်ကူးလာနေလျက်ရှိသည်။ စံထွေးသည်တော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစွာဖြင့် ကြည့်နေမိလေသည်။

မိန်းကလေးသည် ကမ်းပေါ်ကို မတက်သေးပဲ ရေထဲမှာ ဝဲလှည့်ကာ တစ်ပတ်ပြီးတစ်ပတ်ကူးနေသေးသည်။ ဆော့ကစားနေခြင်းပဲဖြစ်ပါ၏။ မိန်းကလေး၏ရှည်လျားသောဆံကေမျှင်များသည် မျက်နှာနှင့် ကိုယ်ပေါ်မှာ ရစ်ပတ်နေလျက်ရှိသည်။ အားပါးတရ ကစားပြီးသောအခါကျမှ ကျောက်ဆောင်ပေါ်ကို တက်လာခဲ့လေသည်။

"ဟင်. . သန္တာ၊ သန္တာပါလား"

ထိုမိန်းကလေးသည် သန္တာမှန်းသိလိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။

"သန္တာ. . သန္တာ"

"ဟင်. . အစ်ကို"

စံထွေးသည် စိတ်မထိန်းနိုင်တော့ပဲ သန္တာဆီကို ပြေးသွားခဲ့လေသည်။ သန္တာသည်လည်း စံထွေးကို တွေ့လိုက်ရသောအခါ အံ့ဩတုတ်လှုပ်သွားခဲ့ရလေသည်။ ကျောက်ဆောင်ထက်မှ ရေထဲကို ခုန်ဆင်းပြီး ပြေးမည်အပြုတွင် စံထွေးက ကိုယ်လုံးလေးကို တင်းကြပ်စွာ ဖက်တွယ်ထားလိုက်ရလေသည်။

"အို"

"ဘယ်ကိုပြေးမလို့လည်း သန္တာ၊ မပြေးပါနဲ့လား၊





သန္တာရယ်. . "

"ဟင့်အင်း. . သန္တာသွားပါရစေ အစ်ကိုရယ်၊ သန္တာ့ဘဝကို အစ်ကိုသိသွားပြီ၊ အစ်ကို မကောင်းဘူး၊ ချောင်းကြည့်တယ်. . "

"သန္တာ့ဘဝအမှန်ကို အစ်ကိုသိသွားလည်း မချစ်ပဲနေမှာမှမဟုတ်တာ၊ သန္တာကသာ ကိုယ့်ကိုမချစ်လို့ ဘဝအမှန်ကို ဖုံးကွယ်ထားတာ မဟုတ်လား. . "

"မဟုတ်ပါဘူး အစ်ကို၊ အစ်ကိုမုန်းသွားမှာစိုးလို့ပါ၊ သန္တာဟာ အစ်ကိုနဲ့ မျိုးမတူတဲ့ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းဘဝပါ၊ အစ်ကို သန္တာကို ဘယ်လိုအကြာကြီးချစ်နိုင်မှာလဲ၊ တစ်နေ့ကျရင် ရွံရှာမုန်းတီးသွားပြီး ပစ်ပြေးသွားမှာ အမှန်ပါ၊ အဟင့်. . ဟင့်. . "

"သန္တာ့ကို အစ်ကို ပစ်ပြေးမသွားပါဘူး၊ ဘယ်တော့မှ ခွဲခွာမသွားပါဘူး၊ သန္တာ. . ဘာကြီးပဲဖြစ်နေနေ၊ အစ်ကိုကတော့ ချစ်နေမှာပဲ၊ အစ်ကို. . သန္တာနဲ့ မခွဲပဲ တစ်သက်လုံးနေသွားတော့မယ်. . "

"တ. . တကယ်ပြောတာလား အစ်ကို၊ သန္တာ့ဘဝကို အစ်ကိုနားလည်ပေးတဲ့အတွက် ဘယ်လိုဝမ်းသာမိမှန်း မသိပါဘူး အစ်ကိုရယ်၊ သန္တာလေ. . အစ်ကို့ကို သိပ်ချစ်တာပဲ သိလား. . "



www.burmeseclassic.com

www.burmeseclassic.com



သန္တာက လှိုက်လှဲသော အသံဖြင့်ပြောလိုက်သည်။ တစ်ယောက်ကိုတစ်ယောက်လည်း သိုင်း၍ ဖက်လိုက်ကြလေသည်။

"အ. . အစ်ကို၊ ဘယ်လိုဖြစ်တာလဲ. . သန္တာ့ကို လွှတ်ပါဦး၊ တအားဖက်ထားလိုက်တာ၊ ဒီမှာ အသက်ရှူကြပ်ပြီး သေတော့မယ်. . "

"ဟင်"

သန္တာ့အသံကြောင့် လက်တွေကို ယောင်ယမ်းပြီးတော့ လွှတ်မိလိုက်လေသည်။ သန္တာက ကိုယ်ချင်းခွာလိုက်ရသည်။

"သန္တာ. . အစ်ကို အိပ်မက်. . မက်နေတာ၊ အိပ်မက်ထဲမှ သန္တာက. . "

"တော်ပါ၊ အစ်ကိုကလေ. . အိပ်မက်. . မက်နိုင်လွန်းတယ်၊ သန္တာ. . အစ်ကို့အနားရောက်နေတိုင်း ဒီလိုချည်းပဲ၊ ဟွန့်. . သွား အစ်ကိုမကောင်းဘူး"

သန္တာ့ပါးပြင်မို့မို့လေးက နှင်းဆီးသွေးပမာရှိနေသည်။ ရှက်သွေးကြွနေသော မျက်နှာကလေးသည် ချစ်စရာကောင်း





နေသည်။

"မ. . မတော်လို့ပါ သန္တာ၊ အစ်ကိုက လူရမ်းကားတစ်ယောက်မဟုတ်ပါဘူး၊ ကိုယ့်ကို နားလည်ပေးပါ"

"ကဲပါလေ. . အစ်ကိုယောင်နေတယ်ဆိုတာ သန္တာသိသားပဲ၊ အစ်ကိုက အယောင်ကောင်းပဲနော်၊ ဟင်း. . ဟင်း မနက်ကျရင် ပြန်လာခဲ့မယ်ဆိုတဲ့ သန္တာကတိတည်ပါတယ်နော်၊ ဟောဒီမှာ. . အစ်ကို့အတွက် အဝတ်အစားတွေရော၊ အစားအစာတွေကိုပါ ယူလာခဲ့တယ်. . "

"ကျေးဇူးပါပဲကွယ်၊ သန္တာက တော်တော်အလိုက်သိတာပဲ. . "

စံထွေးသည် ရေအချို့တစ်ဝက်စိုနေသော သန္တာ့အဝတ်အစားများကို သတိထားမိလိုက်သည်။

"အဝတ်အစားတွေက ရေစိုနေပါလား သန္တာ၊ မင်းရေထဲမှာ လက်ပစ်ကူးပြီးတော့ လာခဲ့တာလားကွယ်"

"မဟုတ်တာ အစ်ကိုရယ်၊ သန္တာ. . ကမ်းပါးအတိုင်း လျှောက်လာခဲ့တာပါ၊ ကျောက်ဆောင်တွေကို လှိုင်းကပုတ်တော့ ရေတွေက သန္တာ့ကိုယ်ပေါ်ကို လာပြီးတော့ စင်ကြတာပေါ့. . အစ်ကိုရဲ့"

စံထွေးသည် သန္တာ့ကို ရင်ခွင်ထဲဆွဲသွင်းမိလိုက်သည်။

"သန္တာ့ကို အစ်ကိုချစ်နေမိပြီ၊ မခွဲနိုင်တော့ဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက တကယ်ပြောနေတာလား၊ အနေနီးလို့ မလွှဲမရှောင်သာပဲ ချစ်သွားမိတာလား ဟင်၊ ပြောလေ. . အစ်ကို"

သန္တာက ကြာမှုပါပါလေးဖြင့် မေးလိုက်လေရာ. .

"တကယ့်ကိုရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ချစ်မိတာ၊ ယုံပါ သန္တာရယ်၊ အစ်ကိုမအောင့်အည်းနိုင်တော့လို့ ပြောမိတာ"

သန္တာက ရင်ခွင်ထဲမှာ ခေါင်းလေးကိုဝှက်ကာ လွှင်လွှင် လေးရယ်မောပစ်လိုက်လေသည်။



## (၁၃)
## ပုလဲလက်ဆောင်

အဝေးကပြေးလာနေကြသော ရေလှိုင်းများသည် ကမ်းခြေဆီကို ရောက်လာကြသောအခါတွင် အမောက်လှဲကာ ပြေပြေလေးဖြစ်သွာခဲ့ကြလေသည်။

သန္တာသည် ရေလွှာလှိုင်းစီးကာ လွတ်လပ်စွာပင် ပျော်မြူးနေလျက်ရှိသည်။ စံထွေးကတော့ ကျောက်ဆောင်ထက် ကနေထိုင်ကာ သန္တာ့ကို ငေးကာကြည့်နေလျက်. .

"သန္တာဟာ ကုန်းပေါ်မှာထက် ရေထဲမှာပိုပြီးတော့ ပျော်နေပုံရတယ်၊ ကြည့်စမ်းပါဦး. . ရေကူးလည်း ကျင်လျင် လိုက်တာ၊ ရေသူမလေးကျနေတာပဲ"

စိတ်အတွေးကတော့ သန္တာနှင့်ပတ်သက်ပြီး မကုန်နိုင် အောင်ပင်ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ. . အစ်ကို၊ သန္တာနဲ့အတူ ရေလာကူးလေ"

သန္တာက ရေထဲမှနေ၍ လက်ယပ်ခေါ်လိုက်လေရာ. .

"သန္တာတစ်ယောက်တည်း ကူးနေတာက ပိုပြီးကြည့်ကောင်းပါတယ်ကွယ်"

"အို. . အစ်ကိုကလည်း လာပါလို့ဆိုနေမှပဲ. ."

သန္တာသည် စံထွေးဆီကို ကူးလာခဲ့သည်။ ထို့နောက် ရေထဲမှနေ၍ စံထွေးအလစ်မှာ ဆွဲချလိုက်လေရာ နှစ်ယောက်စလုံးရေထဲမှာ လုံးထွေးသွားခဲ့လေသည်။

"ဘွမ်း"

"ဟာ. . ကျပြီ"

"အစ်ကိုကလည်း ရေထဲဆင်းရမှာ ဒါလောက်တောင်ကြောက်ရသလား"

"မကြောက်ပါဘူး သန္တာရယ်၊ အစ်ကိုက သန္တာနဲ့သာ အတူတူနေရမယ်ဆိုရင် ရေထဲတောင် မဟုတ်ဘူး၊ ဟိုး. . မိုးကောင်းကင်အထိပဲ ရောက်ရောက်"

"ကဲလာ. . ဒါဆိုရင်"

ချစ်သူနှစ်ဦးသည် ရေဇလာကြောမှာ ပျော်ရွှင်စွာဖြင့် မောမောလေးကူးနေကြသည်။ ထို့နောက် ရေအောက်ကို ငုပ်လျှိုးသွားခဲ့ကြလေသည်။ ရေနက်ထဲအထိရောက်သွားခဲ့ကြသည်။ သန္တာက ကမာကောင်လေးများကို ရှာဖွေသည်။ နှစ်





ယောက်သားတော်တော်များများကို စုဆောင်းမိကြသည်။ သန္တာက ရေအောက်မှာနေနိုင်သေးသော်လည်း စံထွေးမှာ အလေ့အကျင့်မရှိ၍ အသက်ရှူရန် အခက်အခဲရှိလာသည်။ ထို့ကြောင့် ရေမျက်နှာပြင်ထက်ဆီကို ပြန်ပြီးတော့ တက်လာခဲ့ကြလေသည်။

ရေပေါ်ကိုရောက်လာကြသည့်အခါ စံထွေးမှာ ကျောက်ဖျာထက်မှာ ပက်လက်လန်နေကော မောနေသည်။

"အစ်ကိုက ယောကျ်ားလေးဖြစ်ပြီး ဒါလောက်တောင် ခံနိုင်ရည်မရှိဘူးလား"

"အလေ့အကျင့်မရှိလို့ပါ သန္တာရယ်၊ ဒါနဲ့. . သန္တာက ရေငုပ်ကျွမ်းတယ်နော်"

"ဩော်. . အစ်ကိုရယ်၊ ဒါက သန္တာရဲ့ အသက်မွေးဝမ်းကြောင်းလေ၊ ဒါလောက်တော့ရှိရမှာပေါ့၊ ဟုတ်ဘူးလား"

"ဩော်. . ဒါနဲ့ သန္တာ့အဖော်တွေဆိုတာက ဒီနေရာကို မသိကြဘူးလား"

"မသိကြလို့ပေါ့. . သိများသိကြရင်လား၊ သန္တာ့ကို သူတို့က မနာလိုတောင်ဖြစ်ကြဦးမယ်၊ ပြီးတော့ သူတို့ကလေ အစ်ကို့ကို သန္တာလက်ထဲက ဝိုင်းပြီးလုကြမှာ၊ သိလား. ."

စံထွေးက သန္တာ့စကားကြောင့် ရယ်မိလိုက်လေသည်။ သန္တာက စံထွေး၏ရင်ပြင်ပေါ်ကို မှောက်လိုက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"မရယ်နဲ့ အစ်ကို၊ သန္တာ အကြောင်းမဲ့ အူတိုမိတာ မဟုတ်ဘူး၊ တကယ်ပြောတာ. ."

သန္တာက ကိုယ်ကိုမတ်လိုက်ပြီး ကမာကောင်လေးတွေကိုခွာကာ ပုလဲလုံးလေးများကို ထုတ်ယူသည်။ လွန်စွာမှ အရည်အသွေးကောင်းလှသော သဘာဝပုလဲလုံးလေးများပင်။

"ရော့ ဒီပုလဲလုံးလေးတွေဟာ သန္တာရဲ့ လက်ဆောင်"

"ဒီပုလဲလေးတွေက သန္တာရဲ့ မျက်လုံးလေးတွေလိုပဲနော်၊ သိပ်ပြီးတော့ တောက်ပတာပဲ၊ အစ်ကိုအမြတ်တနိုးနဲ့ သိမ်းထားပါ့မယ်"

တဖြည်းဖြည်းနှင့် ညနေကာလကို ရောက်လာခဲ့လေပြီ။

"သန္တာ ပြန်တော့မယ် အစ်ကို"

သန္တာက မခွဲချင်၊ ခွဲချင်နှင့် ပြောလိုက်လေရာ. .

"သန္တာရယ်၊ ဒီတစ်ညတော့ အစ်ကိုနဲ့ပဲ အတူတူနေပါ။ မပြန်ပါနဲ့တော့"

"မဖြစ်ဘူးထင်တယ် အစ်ကို၊ သန္တာ့ကို တစ်နေ့လုံး မတွေ့ကြပဲ ညဘက်ပါ ဆက်ပြီးပျောက်နေမယ်ဆိုရင် ပြဿနာတက်လိမ့်မယ်နော်"

"သန္တာက ဘယ်လိုပြောပြီးတော့ ထွက်လာခဲ့တာလဲ"

"သူငယ်ချင်းတွေနဲ့အတူတူ ကမာငုပ်မယ်ဆိုပြီးတော့ ထွက်လာခဲ့တာပဲ၊ ဒီလိုပဲ မနက်လာ. . ညနေပြန်ပဲလေ၊ သန္တာ





ပြန်ပဲ ညအိပ်ခဲ့ရင် သံသယတွေ ဝင်သွားနိုင်တယ်. ."

"ဟုတ်ပါတယ်လေ. . သန္တာပြန်ပါ၊ တော်ကြာ အစ်ကို့အတွက်နဲ့ ပြဿနာတက်နေပါဦးမယ်ကွယ်. ."

"သွားတော့မယ်နော် အစ်ကို၊ မနက်ကျမှ ခါတိုင်းလိုပဲပေါ့"

စံထွေးက သန္တာ့လက်လေးကိုကိုင်ပြီး နှုတ်ဆက်လိုက်သည်။ သူမသည် သံယောဇဉ်အမျှင်တန်းသော အကြည့်ဖြင့် ကြည့်ပြီးအနားမှ ထွက်ခွာသွားခဲ့လေသည်။ စံထွေးသည် တလှုပ်လှုပ်ဖြင့် ထွက်သွားသော သန္တာ၏နောက်ကျောကို ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

ဒီညမှာမှ. .

လေပြင်းက ကျလာခဲ့သည်။ ပင်လယ်ဘက်မှ တိုက်ခတ်လာသောလေကြောင့် လှိုင်းများက လှုပ်ရှားထကြွနေလျက် ရှိနေကြလေသည်။ ကျောက်ဆောင်များဘက်ဆီက တဝုန်းဝုန်းနှင့်အသံများကို အဆက်မပြတ်ကြားနေရလေသည်။ တစ်နေရာရာမှာတော့ မုန်တိုင်းက ကျနေလောက်ပြီထင်သည်။ ကြယ်ရောင်၊ လရောင်တွေ ပပျောက်သွား၍ အမှောင်ထု



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးတော့ အားကောင်းနေသည်။ စံထွေးသည် ဂူနံ့ရဲကိုမှိုး
အပြင်ဘက်ကို ငေးရီပြီးတော့ ကြည့်နေလျက်. .

"သန္တာဟာ ဘယ်လောက်အထိ ဝေးဝေးပြန်ရသလဲ
မသိဘူး၊ ရာသီဥတုပြောင်းလဲတဲ့ဒဏ်ကိုတော့ လမ်းမှာ မခံစ
ရလောက်ပါဘူး၊ အိမ်ကိုကောင်းမွန်စွာနဲ့ ရောက်သွားနိုင်မှ
ပါလေ. ."

စိတ်ကိုဖြေပြီး တွေးမိလိုက်သော်လည်း သန္တာ့အပေါ်
မှာကြောင့်ကျစိတ်က ရှိနေဆဲပင်။

"သူနေတဲ့နေရက ဘယ်မှာလဲ၊ ဘယ်လောက်အထ
ဝေးဝေးသွားနေရသလဲ၊ သူ. . ရွာကို အချိန်မီ ပြန်ရောက်ပ
မလား. ."

စံထွေးသည် သန္တာ့အတွက် ပူပန်စိတ်က ဘယ်လိုမှ
ဖျောက်၍မရ၊ အိပ်ယာထက်မှာလည်း နေလို့မရ၍ ဂူဝမှာရပ်ပြီ
ပြင်ပအခြေအနေကို စောင့်ကာကြည့်နေမိလေသည်။

အပြင်မှာ လေကခပ်ကြမ်းကြမ်းပင် တိုက်နေလျက်ရှိ
သည်။ ဖုံများ၊ သဲများက ထောင်းထောင်းထနေလျက်ရှိနေကြ
သည်။ ပင်လယ်ထဲမှာ လှိုင်းလုံးကြီးတွေကလည်း ကြောက်စရာ
ကောင်းအောင် ထ,ကြွနေကြလျက်။

မကြာမီ. .

မိုးခြိမ်းသံတွေကိုပါ ကြားလာခဲ့ရသည်။





"ဂျိမ်း. . ဂျိမ်း. ."

လျှပ်နွယ်တွေကလည်း တဝင်းဝင်းနှင့် ပြိုးပြက်လာခဲ့
ကြလေသည်။ လေသံတဝေါဝေါနှင့်အတူ မိုးပါရွာချလာခဲ့လေပြီ။

"ဝေါ. . ဝေါ. . ဝေါ"

ပင်လယ်မှတက်လာကြသော လှိုင်းလုံးကြီးများသည်
အရှိန်ကိုမထိန်းနိုင်ပဲ ကမ်းခြေကိုပင် ကျော်လွန်ပြီးတော့
တက်လာခဲ့ကြလေသည်။ စံထွေးသည် အဝေးက ပင်လယ်ပြင်
ကြီးကိုလှမ်းပြီးတော့ ကြည့်နေဆဲမှာပင်။

သဏ္ဌာန်တစ်ခုသည် သန္တာကျောက်တန်းတွေကြား
ထဲမှ ထွက်လာခဲ့လေ၏။ လေကိုဆန်ကာ ဒယိမ်းဒယိုင်ခြေလှမ်း
များဖြင့်လျှောက်လာခဲ့လေသည်။ ညအမှောင်ထဲမှာမို့ မသဲကွဲ
သော်လည်း မိန်းကလေးတစ်ယောက်ကား အမှန်ပင်၊ ကျောက်
ဂူဆီကို ရောက်လာတော့မှ စံထွေး တွေ့သွားခဲ့ရလေသည်။

"ဟ ်. . သန္တာ၊ သန္တာပါလား"

သန္တာသည် တစ်ကိုယ်လုံးစိုရွှဲကာ နစ်နေလျက်ရှိသည်။
စံထွေးကိုပြုံးစစအမူအရာဖြင့် ကြည့်နေလေသည်။ မျက်နှာပြင်
ထက်မှာလည်း ရေစက်ရေပေါက်များက တင်နေကြလျက်၊

"သန္တာ၊ အစ်ကို့ကို သတိရလို့ လမ်းတစ်ဝက်ကတင်
လှည့်ပြီးတော့ ပြန်လာခဲ့တာ၊ အို. . အစ်ကိုတစ်ယောက်တည်း
နေနေခဲ့ရတာကို စိတ်မချတာလည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ သန္တာရယ်၊ လေရော. . မိုးပါကျနေတယ်၊ မုန်တိုင်းလည်း ကျနေတယ်၊ သန္တာ ဘယ်လိုနည်းနဲ့ ပြန်လာခဲ့တာလဲ"

"သန္တာ ကုန်းတွင်းပိုင်းကနေ လှည့်ပြီးပြန်လာခဲ့တာပါ အစ်ကို၊ ဒီလို မုန်တိုင်းတို့ လေ၊ မိုးတို့ဆိုတာတွေက သန္တာ့အတွက် ပြဿနာမဟုတ်ပါဘူး. . အေးဆေးပါ"

သန္တာက ရယ်သွမ်းသွေးပြီးတော့ ပြောလိုက်လေသည်။

"ပင်လယ်ကြီးဟာ အန္တရာယ်များတယ်၊ သန္တာ လေနဲ့ အတူလွင့်ပါသွားပြီး ပင်လယ်ထဲကိုရောက်သွားမှာကို မကြောက်ဘူးလား. ."

"ဟင့်အင်း၊ မကြောက်ပါဘူး၊ ဒီပင်လယ်ကြီးက သန္တာ့ရဲ့ အဖော်ပဲ. . မိတ်ဆွေပဲလေ၊ ကဲပါ. . အစ်ကိုက သန္တာ့ကို အထဲကိုဝင်ပါလို့ မခေါ်တော့ဘူးလား"

"ဟင်. . ဟုတ်သားပဲ၊ လာ. . လာ သန္တာ၊ အစ်ကိုက သန္တာ့ကို မထင်မှတ်ပဲ တွေ့လိုက်ရတော့ အံ့အားလည်းသင့်သွားမိတယ်၊ ဝမ်းလည်းသာသွားမိတယ်. . ဒါ့ကြောင့်မို့ပါ. ."

သန္တာ့ကိုဖက်ကာ ဂူထဲကို ခေါ်သွားခဲ့လေသည်။ သန္တာ သူ့အတွက်ယူလာသောပစ္စည်းများထဲတွင် ဖယောင်းတိုင်တုတ်တုတ်ကြီးများနှင့် မီးခြစ်ဗူးလည်း ပါလာခဲ့သည်။

စံထွေးက မီးခြစ်ကို အမှောင်ထဲမှာ စမ်းယူလိုက်၏။





လေက ဂူထဲကို တိုးဝှေ့ကာ တိုက်ခတ်နေသဖြင့် ဂူ၏အတွင်းပိုင်းကျကျနေရာတွင် ဖယောင်းတိုင်မီးကို ထွန်းရသည်။ မြက်ခြောက်အိပ်ယာကိုလည်း ဂူဝနှင့်ဝေးရာဆီကို ရွှေ့ယူကြရလေသည်။ စံထွေးသည် သန္တာ ချမ်းအေးမှာစိုးသဖြင့် ထင်းခြောက်များကိုစုကာ မီးဖိုလေသည်။

မီးတောက်များတက်လာသောအခါတွင် သန္တာက မီးပုံနှင့်ဝေးရာဆီကို ရွှေ့သွားခဲ့သည်။

"သန္တာ့အဝတ်အစားတွေ ရေစိုနေတယ်လေ၊ မီးပုံနားမှာနေမှ အဝတ်တွေခြောက်သွားမှာပေါ့. ."

"ဟင့်အင်း. . သန္တာ အပူဒဏ်ကို မခံနိုင်လို့ပါ အစ်ကို"

"ဘာရယ်. . အပူဒဏ်ကို မခံနိုင်လို့ ဟုတ်လား၊ သန္တာ အအေးပတ်သွားမှာပေါ့. ."

"မဖြစ်ဘူး အစ်ကို၊ သန္တာ. . ဒီအတိုင်းနေရင်လည်း ရပါတယ်၊ အစ်ကို သန္တာ့အတွက် မစိုးရိမ်ပါနဲ့"

သန္တာက ခါးခါးသီးသီးပင် ငြင်းဆိုလိုက်လေသည်။ ထို့ကြောင့်. . စံထွေးက သန္တာ့ကို ရင်ခွင်ထဲမှာ ထည့်ထားလိုက်ရသည်။

"သန္တာကိုယ်မှာ ရေတွေစိုရွှဲနေတာ အစ်ကို့ကိုယ် စိုကုန်မှာပေါ့"

"ရပါတယ် သန္တာရယ်၊ သန္တာက တစ်ကိုယ်လုံးရွှဲနစ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ၊ အစ်ကို ဒါလောက်လေးစိုသွားတာနဲ့ ဘာမှဖြစ်မသွားပါဘူး၊ သန္တာက အအေးကြိုက်တယ်နော်"

"ဟုတ်တယ် အစ်ကို၊ အအေးကြိုက်တယ်. . ဒီလိုပဲလေ. . သန္တာဘဝဟာ ပင်လယ်မှာပဲကြီးပြင်းလာခဲ့ရပြီး ပင်လယ်ကိုပဲအဖော်ပြုနေရတာပဲ မဟုတ်လား"

သန္တာသည် စံထွေးကိုပြန်ပြီးတော့ ဖက်တွယ်ထားမိသည်။

"သန္တာအချိန်မီ အိမ်ကိုပြန်ရောက်မလာတဲ့အတွက် မိဘတွေလည်း စိတ်ပူနေကြမှာပဲနော်၊ ကိုယ်. . ကိုယ်ချင်းစာမိပါတယ်. ."

"ဩော်. . အစ်ကိုရယ်၊ ဘာတတ်နိုင်မှာလည်း နောက်တော့လည်း အကျိုးအကြောင်း ရှင်းပြလိုက်တာပေါ့၊ တကယ်တော့. . သန္တာ. . အစ်ကို့ဆီကို ပြန်ရောက်လာခဲ့တာ အစ်ကိုဝမ်းသာစေဖို့ပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့လေ၊ အစ်ကိုက မိဘချင်းကိုယ်ချင်းစာလို့ ပြောတာပါ. ."

"တကယ်တော့ သန္တာအိမ်ကို ပြန်ရင်ရတယ်၊ တမင်မပြန်ပဲနဲ့ အစ်ကိုနဲ့တွေ့ဖို့ကို ပြန်လာခဲ့တာ. . သိပြီလား"

"ဟင်. . ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ သန္တာရယ်"

"အဲဒါ သန္တာ. . အစ်ကို့ကို ၁ ခိုပ်ချစ်လို့ပေါ့၊ သန္တာလည်း





အစ်ကို့ကို မခွဲနိုင်တော့ဘူးလေ"

"သန္တာရယ်"

စံထွေးသည် သန္တာ့ကို တိုးကာ ဖက်ထားမိလိုက်လေ၏။

"သန္တာပြောတာကို ယုံသလားဟင်"

"ယုံပါတယ်. . သန္တာရယ်၊ အစ်ကိုလည်း သန္တာ့လိုပဲပေါ့ကွယ်. ."

စံထွေးက သန္တာ့နားဝမှာ ကပ်ပြီး တိုးကိုးလေးပြောလိုက်လေ၏။ ထိုစဉ် လေတစ်ချက်အတိုက်မှာ ဖယောင်းတိုင်မီးသည်လည်း ဟုတ်ကနဲဆို ငြိမ်းသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com







## (၁၄)
## ခွဲကြရပြီ

သန္တာသည် စံထွေးကို သံယောဇဉ်ညိတွယ်နေမိပြီ ဖြစ်ရကား လာလိုက်၊ ပြန်လိုက်နှင့် ရှိနေခဲ့သည်။ ကြာလာတော့ မိမိနေရပ်ကို ပြန်သည်ဟူ၍ မရှိတော့ပေ။ စံထွေးနှင့်သာလျှင် ကျွန်းပေါ်မှာ အတူတူနေဖြစ်တော့သည်။

နေ့တွေ. . ညတွေပြောင်းလဲလာခဲ့သော်လည်း ကာလတွေရွေ့လျားလာခဲ့သည်ကို အမှတ်မထားမိခဲ့ကြ၊ ချစ်သူနှစ်ဦးတို့သည် မိုးမမြင်၊ လေမမြင်၊ သမုဒယမိုးမျှင်က တိုးပြီးတော့သာ တွယ်ခဲ့ကြသည်။

ဤကား. . မုန်တိုင်းမကျမီ ရောက်လာသော လေပြည်လေညှင်းဟုသာ ဆိုခဲ့ကြပါလျှင်. .

"အစ်ကို. ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ. . သန္တာ၊ ဘာပြောချင်လို့လဲ"

"တကယ်လို့သာ ကံကြမ္မာမုန်တိုင်းတိုက်ခတ်လို့ အစ်ကိုနဲ့ သန္တာ မမျှော်လင့်ပဲ ခွဲခွာသွားခဲ့ကြမယ်ဆိုရင်တောင် သန္တာ့ကို မမေ့သွားပါနဲ့နော်"

"မပြောကောင်း. . မဆိုကောင်းကွယ်၊ သန္တာ ဘာတွေ လျှောက်ပြောနေတာလဲ၊ သန္တာနဲ့ အစ်ကို ဒီတစ်သက် မခွဲကြစတမ်းလေ၊ ဘယ်တော့မှ တစ်ကွဲတစ်ပြားစီမဖြစ်စေရဘူး၊ ဒါလောက်အထိ ချစ်လာခဲ့ကြပြီးမှ သန္တာရယ်၊ နိမိတ်မရှိတဲ့ စကားတွေကို မပြောပါနဲ့နော်. ."

သန္တာသည် စံထွေး၏ရင်ခွင်ထဲကို တိုးပြီးတော့ ဝင်လိုက်သည်။

"အစ်ကို. . ဘာမှမသိဘူးနော်၊ သန္တာလေ. . ခုတလောမှာ သိပ်ပြီးတော့ စိတ်လေးတာပဲ သိလား၊ အစ်ကိုနဲ့ အကြောင်းတစ်ခုခုကြောင့် ခွဲကြရလိမ့်မယ်လို့ ထင်နေမိတယ်ကွယ်. ."

"သန္တာကလည်း၊ ဒီလိုစကားမျိုးတွေကို မပြောပါနဲ့လို့ ဆိုနေမှ. . မကြားချင်ဘူးကွာ"

သန္တာ့စကားကြောင့် စံထွေး၏ရင်ထဲမှာ တထိတ်ထိတ်နှင့်ခံစားလာခဲ့ရသည်။ ကံကြမ္မာဟူသည် အစိုးမရပါ၊ မကောင်းသောကံကြမ္မာမျိုး. . မည်သည့်အခါမှ မကျရောက်ပါစေနှင့်ဟု





သာဆုတောင်းနေမိရသည်။ သို့သော်. .

ဆုတောင်းတိုင်းသာ ပြည့်မည်ဟု ဆိုပါလျှင်. .

တစ်ရက်တွင် သန္တာသည် စံထွေးနှင့်အတူတူ ရှိနေရင်း တစ်နေကုန်ကာ မိုးချုပ်သွားခဲ့လေသည်။ ထိုနေ့က မိမိရပ်ရွာကို ပြန်မည်ဟု ဆုံးဖြတ်ထားခဲ့မိသော်လည်း မပြန်ဖြစ်တော့ချေ။ ဤသို့ဖြင့် ကျောက်ဂူကြီးထဲမှာပဲ အတူအိပ်စက်ခဲ့ကြသည်။

မိုးချုပ်လာအပြီး ညဉ့်နက်ပိုင်းကို တဖြည်းဖြည်းနှင့် ရောက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးနှင့် သန္တာတို့သည် ကျောက်ဂူကြီးထဲမှာ အိပ်ငိုက်နေကြစဉ်. .

ပင်လယ်ထဲမှာ လှိုင်းလုံးကြီးများက ပိုမိုထူးခြားစွာဖြင့် လှုပ်ရှားလျက်ရှိနေကြလေသည်။ မကြာမီမှာပင် ကမ်းစပ်မှာ လူတစ်စုက ဘွားကနဲဆို ပေါ်လာခဲ့ကြလေသည်။ ထိုသူများ၏ မျက်လုံးများသည် အရောင်တလက်လက်ထွက်နေကြသည်။ နှာတံတွေက ပိပြားနေကြကာ ပါးစပ်တွေကလည်း အနည်းငယ် ပြဲနေကြသယောင်ပင်။

ရှည်လျားသော မျက်လုံးအိမ်များကို ပိုင်ဆိုင်ထားကြသူတွေများ၊ ကိုယ်ပေါ်မှာလည်း ငါးအကြေးခွံကိုယ်ကြပ်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။ လက်ထဲမှာလည်း ခက်ရင်းခွ မြှန်းများ၊ ပုဆိန်များနှင့် ဓါးတို့ကို ကိုင်ဆောင်ထားကြလေသည်။

ထိုသူများသည် စကားမပြောကြပဲ ကမ်းပေါ်ကို တက်လာခဲ့ကြသည်။ ရွှေ့လျားနေသော မျက်လုံးများသည် တစ်စုံတရာကို လိုက်လံရှာဖွေနေကြဟန်တူသည်။ မကြာမီမှာပင်လျှင် ကျောက်ဂူကြီးဆီကို ရောက်လာခဲ့ကြလေသည်။

ဂူဝတွင် ပေါ်လာကြသော ထိုသူများသည် ဂူထဲမှာ တစ်ယောက်ကိုတစ်ယောက် ဖက်ပြီးတော့ အိပ်နေကြသော သူတို့နှစ်ယောက်ကို မြင်သွားခဲ့ကြသည်။ ထိုသူများသည် အမှောင်ကိုလည်း ကောင်းစွာပင် မြင်နိုင်စွမ်းရှိကြသည်။





တစ်ယောက်က စံထွေးဆီကို လျှောက်သွားပြီး ကြမ်းတမ်းသောလက်ဖြင့် ပခုံးကိုပုတ်ကာ နှိုးလိုက်လေသည်။

"ဟေ့ကောင်. . ထစမ်း"

တင်းမာခက်ထန်သော လေသံဖြင့် နှစ်ယောက်စလုံး လန့်ပြီးတော့ နိုးသွားခဲ့ကြလေသည်။

"ဟင်. ."

ထို့ကြောင့် အထိတ်တလန့်ဖြစ်သွားခဲ့ကြကာ လူးလဲပြီးတော့ထ,လိုက်ကြလေ၏။ သန္တာသည် မမျှော်လင့်ပဲ မိမိ၏ရှေ့မှာ ရောက်လာကြသောသူများကို တွေ့လိုက်ရသောအခါ. .

"ဟင်. . သူတို့ သန္တာတို့ကို ရှာတွေ့သွားခဲ့ကြပြီ၊ ပြေး. . ပြေး. . အစ်ကိုသာ လွတ်အောင်ပြေး၊ သန္တာ့ကို ငဲ့ကွက်မနေနဲ့၊ ပြေးပါ အစ်ကိုရဲ့၊ ဘာကြည့်နေတာလဲ"

စံထွေးသည် အခြေအနေကို ရိပ်စားမိသွားခဲ့ရလေသည်။ ထို့ကြောင့် သန္တာ့လက်ဖဝါးကို ဖျစ်ညှစ်လိုက်ကာ ထိုသူများကို တွန်းဖယ်ပြီး နေရာမှ ထွက်ပြေးလေတော့သည်။

"ဟာ. . ပြေးပြီ၊ လိုက်ကြ. . လိုက်ကြဟေ့"

"အစ်ကို့ကို မဖမ်းပါနဲ့၊ မဖမ်းကြပါနဲ့. ."

သန္တာက အော်ဟစ်ပြီးတော့ တားဆီးလိုက်သော်လည်း မည်သူကမှ သူမ၏စကားကို နားမထောင်ကြပါ။ စံထွေးကို အမိဖမ်းရန် အားလုံးပြေးလိုက်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံတွေးသည် ဦးတည်ရာကို ထွက်ပြေးမိသည်။ ဤကျွန်းကိုမနှံ့စပ်ခဲ့၍ မည်သည့်နေရာမှာ ဘာရှိမှန်းကို မသိခဲ့ပေ။

"ငါ့နောက်ကို လိုက်လာခဲ့ကြပြီ၊ ငါနဲ့ သန္တာကို ခွဲကြမယ့်သူတွေ၊ ငါ့ကို မိလို့မဖြစ်ဘူး. . လွတ်အောင်ပြေးရမယ်. . ပြေးကိုပြေးရမယ်"

ထိုသူများသည် မည်သူတွေမှန်း မသိရပေ။ သန္တာ့မိဘများက လွှတ်လိုက်ကြသည့် သူများပေလား၊ ညကလည်း မှောင်နေသည်။ လမ်းမသိ၍ အမှောင်ထဲမှာ ခလုတ်တိုက်ပြီး တဘိုင်းဘိုင်းနှင့် ပစ်လဲပြီးတော့ ကျခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။

စံထွေးသည် တစ်နေရာတွင် ပစ်လဲပြီးတော့ ကျသွားခဲ့သည်။ နေရာမှလူးလဲပြီးတော့ ထ,လိုက်စဉ်မှာ. . တစ်ယောက်က သူ့ကိုမီလာပြီး လက်ထဲက ခက်ရင်းဖြင့် ထိုးစိုက်ချလိုက်သည်။ စံထွေးက ဘေးကိုလှိမ့်ကာ ရှောင်လိုက်ရာ ခက်ရင်းနှစ်ခွသည် မြေပြင်ကိုသာ စိုက်မိသွားလေ၏။ စံထွေးသည် နေရာမှရုတ်တရက်ထ,ပြီး ထိုသူ၏အရှိုက်ကို လက်သီးဖြင့် ထိုးထည့်လိုက်သည်။

"အွတ်. ."

လက်သီးတစ်လုံးက မေးရိုးဆီကို ဝင်သွားခဲ့သည်။

"ခွပ်"





"အား"

စံထွေး နေရာမှထွက်ပြေးခဲ့ရပြန်သည်။ နောက်မှလိုက်လာကြသောသူများသည် အမှောင်ထဲကိုလည်း ကောင်းစွာပင်မြင်ကြရဟန်တူသည်။ ထူးခြားသော မျက်လုံးများသည် လင်းလက်နေကြသည်။ သူတို့ပြေးလာနေကြသည်ကို လင်းလက်နေသော မျက်လုံးများရွေ့လျားနေကြခြင်းကြောင့် သိမြင်နိုင်သည်။

သန္တာသည် စံထွေးကို စိတ်မချသည်ဖြစ်၍ နောက်မှ ပြေးလိုက်လာခဲ့လေသည်။

"အစ်ကို. . အစ်ကို့ကိုမိသွားရင်တော့ အသက်ချမ်းသာရာပေးကြမှာ မဟုတ်ဘူး. . ဒုက္ခပါပဲ"

သို့သော်. .

စံထွေးမှာ ပြေးစရာမြေမရှိတော့၊ သန္တာကျောက်တန်းကြီးနှစ်ခုကြားထဲကို ဝင်ရောက်ပုန်းခိုလျက်ရှိနေလေပြီ၊ သူ့ကိုရှာတွေ့သွားကြရင်ဟူသော အတွေးကဝင်လာခဲ့ကာ ရင်တထိတ်ထိတ်နှင့်ရှိနေရသည်။

"ဟော့. . ဟော့ ထွက်လာခဲ့တော့၊ မင်း ဘာဖြစ်လို့ အပင်ပန်းခံပြီး လျှောက်ပြေးနေရတာလည်းကွ. . ဟော၊ ငါတို့လက်ကပြေးလို့ မလွတ်ပါဘူးကွ၊ လာ. . လာ ထွက်ခဲ့ကွာ"

သူ့ကို အပြင်ဘက်က ခေါ်ထုတ်နေကြသည်၊ စံထွေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်လျှော့လိုက်ရလေပြီ၊ သက်ပြင်းတစ်ချက်ကိုလည်း လေးပင်စွာပင် ချမိလိုက်သည်။ ဖြစ်လိုရာဖြစ်ပါစေတော့၊ အမိခံလိုက်တော့မည်ဟု . . ထို့ကြောင့် အပြင်ကို အေးဆေးစွာပင် ထွက်လာခဲ့လေသည်။

"ကဲ . . ကျုပ်ကိုမိပြီ၊ ခင်ဗျားတို့ ဘာလုပ်ကြမလဲ"

ထိုစဉ် . .

ပင်လယ်ထဲမှ လှိုင်းလုံးကြီးများက ရှုတ်တရက် ထကြွလာခဲ့ကြလေသည်။ လှိုင်းများနှင့်အတူ လူတစ်ယောက်သည်ကမ်းပေါ်ကို တက်လာခဲ့လေသည်။

* * *

ကမ်းပေါ်ကိုတက်လာသော လူကြီး၏ခန္ဓာကိုယ်သည် ကြီးမားတုတ်ခိုင်လွန်းလှသည်။ ခန္ဓာကိုယ်အထက်ပိုင်းသည် ငါးအကြေးခွံရောင်ပေါက်နေသည်။ ကိုယ်ကြပ်အကျီသည် ငွေရောင်ပြောင်ပြောင်လက်လက်နှင့်ရှိနေသည်။ ထိုလူကြီးသည် စံထွေးဆီကို ရောက်လာပြီး . .

"မင်း . . ဒီလိုလျှောက်ပြီးပြေးနေလို့လည်း မလွတ်နိုင်ပါဘူးကွယ်၊ ငါတို့မှာသာ အလုပ်ရှုပ်ရတယ်၊ မင်းကို ငါတို့က





အသက်အန္တရာယ် မပြုပါဘူး၊ ဒီနေရာကနေ အေးအေးဆေးဆေးပြန်လွှတ်မှာပါ၊ မင်းလည်း လက်မခံဘူးဆိုတဲ့ စကားကို မပြောပါနဲ့၊ လက်မခံလည်း ငါတို့က ပြန်ပြီးတော့ လွှတ်ရမှာပဲ"

"ကျွန်တော် ဒီမှာပဲ အခြေချပြီးတော့ နေမှာပါ ခင်ဗျာ၊ ကျွန်တော့်ရပ်ရွာကို မပြန်ပါရစေနဲ့၊ သန္တာနဲ့လည်း မခွဲပါရစေနဲ့ခင်ဗျာ . ."

"ငါလက်မခံဘူး . . မင်းနဲ့ ငါ့သမီးက ဘယ်လိုအကြောင်းနဲ့မှ ပေါင်းဖက်လို့မရဘူးလို့ ငါပြောပြီးပြီပဲ၊ မင်းထပ်ပြီးတော့ ဈေးမဆစ်ပါနဲ့ . ."

ထိုစဉ် . .

သန္တာသည် သူတို့ဆီကို အပြေးအလွှားပင် ရောက်လာခဲ့လေသည်။

"ဟင် . . သမီး ဘာဖြစ်လို့ လိုက်လာခဲ့ရတာလဲ"

သန္တာသည် ထိုလူကြီး၏ ခြေသလုံးကို ပြေးဖက်လိုက်ပြီး-

"သမီးတို့ရဲ့ ချစ်ခြင်းကို မခွဲပါနဲ့ အဖေရယ်၊ သမီး . . အစ်ကိုကို စွဲစွဲလန်းလန်းနဲ့ကို ချစ်နေမိလို့ပါ အဖေ . ."

"ဟင် . . သမီး၊ ဘယ်လိုပြောလိုက်တာလဲ၊ မျိုးမတူဇာတ်ခြားတဲ့သူကိုမှ သမီးက ချစ်ကြိုက်ရသတဲ့လားကွယ်၊ မဖြစ်နိုင်တာကို မပြောနဲ့ သမီး၊ လူတွေနဲ့ မပတ်သက်ပါနဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



သမီးကို အဖေအကာန်တန့်သတိပေးထားခဲ့တယ်၊ သမီး. . အဖေ့စကားကို နားမထောင်ခဲ့ဘူး. . ”

“သမီး. . အဖေ့စကားကို နားမထောင်တာ မဟုတ်ပါဘူး၊ သမီး သူ့ကို ပင်လယ်ထဲက ကယ်တင်လာခဲ့တာပါ အဖေ၊ သမီး ကယ်တင်ထားလို့ အသက်ရှင်နေတဲ့ ဒုက္ခသည်တစ်ယောက်ပါ. . ”

“အေး. . သူတစ်ပါးရဲ့ အသက်ကိုကယ်ခဲ့ငြီးရင်လည်း. . ပြန်လွှတ်လိုက်တော့ပေါ့ သမီးရယ်၊ ဘာဖြစ်လို့ သံယောဇဉ်တွယ်ရတဲ့အထိ လက်ခံထားရတာလဲ၊ ကြာရင်. . သမီးဒုက္ခလှလှကြီးတွေ့လိမ့်မယ်. . ”

“သမီး သူ့ကိုပြန်မလွှတ်ရက်အောင် သံယောဇဉ်ကြီးမားနေလို့ပါ အဖေ၊ သူပြန်သွားရင် သမီး သေရပါလိမ့်မယ်”

“မဖြစ်ဘူး သမီး၊ အခုအချိန်မှာ ဒါလောက်နဲ့ပဲ ရပ်တန့်လိုက်တာကောင်းတယ်၊ ကြာရင် ပိုပြီးတော့ ဆိုးလာလိမ့်မယ်၊ လာခဲ့. . သမီး”

“ဟင့်အင်း သမီးပြန်မလိုက်ပါရစေနဲ့ သမီးကို သနားပါအဖေ. . တောင်းပန်ပါတယ်”

သန္တာသည် စံထွေးဆီကို ပြေးဝင်သွားပြီး. . အတင်းပင် ဖက်တွယ်ထားလေသည်။

“သမီးမိုက်၊ ငါအလျော့ပေးလို့ မဖြစ်ဘူး”





ဖခင်ဖြစ်သူ ထူးဆန်းသောလူကြီးသည် ခေါင်းကို ယမ်းခါလိုက်ပြီး . .

“ဟော့ကောင်တွေ၊ သမီးကို ခေါ်သွားကြစမ်း”

ဟု အမိန့်ပေးလိုက်ရာ ထိုလူကြီး၏ တပည့်လက်ပါးစေများသည် သန္တာ့ကို အတင်းဆွဲခေါ်သွားခဲ့ကြသည်၊ သန္တာသည် စံထွေး၏ လက်ထဲကို ပစ္စည်းလေးတစ်ခု ထည့်ပေးလိုက်သည်။ ရွှေပုလဲလုံးလေးတစ်လုံးပင်။

“အစ်ကိုရေ. . အစ်ကို”

“သန္တာ့ကို ခေါ်မသွားကြပါနဲ့ဗျာ၊ ကျွန်တော်တို့ချစ်ခြင်းကိုမခွဲကြပါနဲ့. . သူ့ကို ထားခဲ့ကြပါ”

သန္တာသည် ထိုသူများ၏ လက်ထဲက အကြောက်အကန်ပင်ရုန်းကန်ရင်း လွတ်ထွက်သွားခဲ့သည်နှင့် စံထွေးဆီကို ပြေးလာခဲ့သည်။

“အာ်ကို”

“သန္တာ”

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ပင် ဖက်ထားမိလိုက်ကြသည်။ မည်သို့မှ ခွဲ၍မရနိုင်သောအခါ ထိုလူကြီးက မျက်နှာရိပ်မျက်နှာကဲပြလိုက်လေရာ. . တစ်ယောက်က စံထွေး၏ခေါင်းကို တစ်စုံတရာနှင့် ရိုက်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အား"

"အမလေး. . အစ်ကိုသေပါပြီ၊ အစ်ကို. . အစ်ကို"

သန္တာက အလန့်တကြားပင် အော်ဟစ်လိုက်လေသည်။ စံထွေးဒူးထောက်ပြီးတော့ ကျသွားခဲ့ရသည်။ ခေါင်းထဲမှာ အမိုက်တိုက်ကြီးတစ်ခုက ကြီးစိုးသွားခဲ့လေသည်။



## (၁၅)
## သေရွာပြန်

မာန်အောင်မီးပြတိုက်နှင့် မနီးမဝေး၊

သံသောင်ခုံပေါ်မှာ. . လူတစ်ယောက် လဲကျနေလျက်ရှိသည်။ အနီးအနားရှိ ရွာသားတချို့က လာရောက်ပြီး ကြည့်ကြရာ. . ညည်းညူသံကို ကြားလိုက်ကြရလေသည်။

"ဟာ. . ဒီလူ မသေသေးဘူးဟေ့"

"သဘော်ပျက်ပြီးတော့ မျောပါလာတလား မသိဘူး၊ အသက်ရှင်နေသေးတယ်ဟေ့"

သတိလစ်ကာလဲနေသော သူသည် အခြားသူမဟုတ်၊ စံထွေးပင်တည်း၊ ထိုသူများသည် စံထွေကို ရွာထဲသို့ ထမ်းခေါ်သွားခဲ့ကြလေသည်။

ဤရွာကား. . ခလောက်ချိုင့်ရွာပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီး၏အိမ်တွင် လူများက စည်ကားလျက်ရှိနေကြသည်။ စံထွေးကို ဆေးဆရာပင့်၍ ကုသခဲ့ကြရာ ကောင်းစွာပင်သတိရလာခဲ့ပြီဖြစ်သည်။

"သန္တာ. . သန္တာ ဘယ်မှာလဲ"

သတိရရခြင်းပင် သန္တာဟူသော နာမည်ကို မေးလိုက်လေသည်။

"ဘယ်က သန္တာလည်းကွယ့်၊ ငါတို့တော့ မင်းရဲ့အိတ်ထဲက ပုလဲလုံးလေးတစ်လုံးကိုပဲ တွေ့ရတယ်"

ရွာသူကြီးက ပုလဲလုံးလေးကို ထုတ်ပြလိုက်လေသည်။

ချက်ချင်းမှာပင် အဖြစ်အပျက်အားလုံးကို စံထွေးပြန်လည်ပြီးတော့ အမှတ်ရသွားခဲ့ရသည်။ ခေါင်းထဲမှာ မည်သည့်အခါမှ မမေ့ပျောက်နိုင်သော အဖြစ်အပျက်များ။

"ငါ. . သူတို့ရဲ့ ရှေ့မှာစကားကို အရမ်းပြောလို့မဖြစ်ဘူး၊ ဆင်ခြင်မှဖြစ်မယ်၊ ငါ့ရဲ့အဖြစ်အပျက်တွေကို ပြန်ပြောပြရင်လည်း ဘယ်သူကမှ ယုံကြည်ကြမှာ မဟုတ်ဘူး၊ ငါ့ကိုဦးနှောက်ပျက်နေတဲ့သူလို့တောင် ထင်သွားကြမှာ. . အမှန်ပဲ. .

ဒီပုလဲလေးတစ်လုံးသာ ငါ့ဆီကို ပါလာခဲ့တယ်၊ သန္တာငါ့ကို လက်ဆောင်ပေးခဲ့တဲ့ ပုလဲတွေကတော့ ဟိုမှာကျန်ရစ်ခဲ့ပြီ၊ ဒါကို သူသိလို့ ငါ့ကိုအမှတ်ရပေးလိုက်တာပဲ၊ သန္တာ့ကိုသတိရလိုက်တာ"





"ကျွန်တော် လှေပျက်ပြီး ပင်လယ်ထဲမှာ ဒုက္ခရောက်ခဲ့တဲ့သူပါ၊ ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျာ"

"အေးကွယ်၊ သေကံမရောက်သေးလို့ အခုလို ကိုယ့်နေရပ်ကို ပြန်ပြီးတော့ရောက်လာခဲ့တာ ကုသိုလ်ကံကောင်းလို့ပဲကွယ့်၊ မင်းရဲ့မိဘတွေကိုလည်း ချက်ချင်းအကြောင်းကြားလိုက်ပါပြီကွယ်၊ မင်းကို ငါတို့ရွာသားတွေထဲက တချို့ သိကြတယ်ကွယ့်၊ ဒါကြောင့်မို့ အကြောင်းကြားနိုင်ခဲ့တာ"

စံထွေး၏သတင်းသည် သပြေတောရွာအထိ ရောက်ခဲ့သည်။ ထိုအခါ စံထွေး၏မိဘများဖြစ်ကြသော ဦးအောင်ဘွားနှင့်ဒေါ်မှိန်တို့သည် လှည်းတစ်စီးဖြင့် ခလောက်ချိုင့်ကျေးရွာကို ရောက်လာခဲ့ကြလေသည်။ လှည်းမောင်းသူကား အခြားသူမဟုတ်၊ မောင်မှတ်ပင်တည်း. .

"သားရယ်၊ အမေတို့ကတော့ သားကို သေသွားပြီထင်လို့. . တစ်နေ့ကပဲ ရက်လည်ဆွမ်းတောင် သွပ်ပြီးခဲ့ပြီကွယ့်"

မိခင် ဒေါ်မှိန်မှာ စံထွေးကိုဖက်ပြီးတော့ ငိုလေတော့သည်။ စံထွေးကလည်း ဝမ်းနည်းဝမ်းသာဖြစ်လာကာ မျက်ရည်များ ကျလာခဲ့ရလေသည်။ ဦးအောင်ဘွားကတော့ လေသမားပီပီ စကားမပြောနိုင်သေး၊ သားကိုကြည့်ပြီး ရင်ထဲမှာဆို့တက်လာခဲ့ရသည်။ တခဏကြာမှပဲ. .



www.burmeseclassic.com

www.burmeseclassic.com



"မသေလို့ ပြန်တွေ့ရတာ ဝမ်းသာစရာပါကွာ၊ သားလေး တုံးကျော်သွားတယ်လို့ ဆိုရမှာပေါ့လေ. . "

စံထွေးသည် မောင်မှတ်ကိုကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ရသည်။

"မောင်မှတ်. . မင်း ဘာမှမဖြစ်ဘူးနော်"

"အေး. . ငါလည်း သေကံမရောက်ခဲ့ဘူးပေါ့ စံထွေး၊ မင်းနဲ့တကွဲတပြားစီဖြစ်သွားခဲ့ပြီး ပင်လယ်ထဲမှာ မျောနေခဲ့တာ၊ သစ်တုံးကြီးကိုဖက်လို့ပေါ့ကွာ၊ မုန်တိုင်းလည်း ငြိမ်သွားရော ငါလည်းသစ်တုံးကြီးကိုဖက်ပြီး အိပ်ပျော်သွားခဲ့တာ တစ်နေ့နဲ့ တစ်ညအကြာမှာ ကမ်းရိုးတန်းသွား သင်္ဘောကြီးတစ်စင်းက တွေ့သွားပြီး ကယ်တင်ခဲ့တာပဲကွာ. .

ပင်လယ်ထဲမှာ မင်းကို မတွေ့ရတော့ သေကျန်ခဲ့ပြီဆိုပြီး ချုံးပွဲချငိုမိခဲ့တာကွ၊ တော်ပါသေးရဲ့. . မင်းလည်း ပြန်ရောက်လာပေလို့ ငါဝမ်းသာလိုက်တာ စံထွေးရာ. . "

မောင်မှတ်က စံထွေးကိုဖက်ကာ မျက်ရည်တွေကျရင်း ပြောသည်။ စံထွေးလည်း မျက်ရည်မဆည်နိုင်။

"ဒါနဲ့ တခြားလူတွေကော. . မောင်မှတ်"

"အင်း တချို့လည်း ပြန်ရောက်လာကြတယ်၊ ပြန်မလာကြတဲ့သူတွေလည်းရှိကြတာပေါ့ကွာ၊ သေရွာပြန်ထဲမှာ မင်းဟာ ရက်အကြာဆုံးပဲ. . မင်းကော ပင်လယ်ထဲမှာ ဘာတွေ





ဖြစ်ခဲ့သေးသလဲ. . "

"နောက်မှ အေးအေးဆေးဆေးပြောတော့မယ်ကွာ၊ ဒါနဲ့ ဦးငှက်ကြီးကော. . "

မောင်မှတ်က ခေါင်းကိုခါယမ်းလိုက်ပြီး. .

"သူလည်း ပြန်ရောက်မလာတော့ပါဘူးကွာ၊ မင်းကို တောင်သေစာရင်းသွင်းထားခဲ့ကြတာ၊ မပြောချင်တော့ပါဘူးကွာ. . "

"ကဲ. . ကဲ ရွာကိုပြန်ပြီးတော့ အနားယူပြီး ဆေးကုပါဦး၊ အေးအေးဆေးဆေးလည်း အနားယူပါစေ. . ဒီကလေးဟာ စိတ်ပါပင်ပန်းလာတယ်. . "

ရွာလူကြီးက သတိပေးသည်။ ထို့ကြောင့် ရွာလူကြီးနှင့် တကွရွာသားများကို ကျေးဇူးတင်စကားပြောပြီး သပြေတောရွာကိုပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသေကံမရောက်ပဲ သပြေတောရွာကိုပြန်ပြီး တော့ရောက်လာခဲ့သည့်အတွက် တစ်ရွာလုံးက အံ့အားသင့်သွား ခဲ့ကြလေသည်။

အထူးသဖြင့်. .

တင်မောင်နှင့် ငမှိန်းတို့သည် စံထွေးကို ဝမ်းသာအားရ စွာနှင့်ပင် လာပြီးတော့ တွေ့ဆုံကြသည်။

"စံထွေးရာ၊ မင်းအတွက် ငါတို့မှာ သောကရောက်ခဲ့ ရတာကွာ၊ ငါတို့သူငယ်ချင်းတစ်ယောက်ကတော့ ဆုံးပြီ၊ ဒီတစ် သက်မှာပြန်ပြီးတော့ မတွေ့နိုင်တော့ဘူးလို့ ယူဆထားခဲ့ကြတာ၊ ခုတော့ မင်းပြန်ရောက်လာတဲ့အတွက် ငါတို့ရဲ့မျက်စိကိုတောင် မယုံနိုင်ကြတော့ဘူး၊ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ. ."

ငမှိန်းကလည်း စံထွေးကို ဖက်လဲတကင်းနှင့်ရှိနေသည်။

"မင်းအတွက် ငါတို့တော်တော့်ကို စိတ်ထိခိုက်သွားခဲ့ ကြတာကွ. . မင်းကို အရှင်လတ်လတ်ပြန်ပြီးတွေ့လိုက်ရတော့ အိပ်မက်မက်နေသလားလို့တောင် ထင်မိရတယ်. ."

"အေးပါကွာ၊ ငါကလည်း မင်းတို့နဲ့ သေကွဲကွဲပြီး ခွဲခွာချိန်မတန်သေးလို့ သေရွာက ပြန်လာတယ်လို့ပဲ ဆိုရတော့မှာ ပေါ့ကွာ. ."

သူငယ်ချင်းတွေက စံထွေးကို အားပါးတရနှင့် ပြောလိုက်ပေမယ့် စိတ်ကတော့ သန္တာ့ဆီကိုသာ ရောက်နေလေ





သည်။ မိဘနှစ်ပါးကလည်း စံထွေးကို တံငါအလုပ် မလုပ်ခိုင်း တော့ပေ။

"သား. . ဒီအလုပ်ကို မလုပ်ပါနဲ့တော့ကွယ်၊ နားလိုက် ပါတော့. . မသေကောင်းမပျောက်ကောင်း ပြန်ပြီးတော့ ရောက်လာတာ. . ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးပဲ. ."

"ဟုတ်ပါတယ် သားရယ်၊ မေမေတို့ စုဆောင်းထား တာလေးတွေကို ထုခွဲပြီး တခြားအသက်မွေးဝမ်းကြောင်း အလုပ်တွေကို လုပ်လို့ရပါတယ်ကွယ်၊ ဒါနဲ့ သားဘယ်လို ဖြစ်ပြီး ပင်လယ်ထဲမှာ တစ်ပတ်တိတိကြာခဲ့တာလည်းဆိုတာ အမေတို့ ကိုရှင်းပြပါဦး. ."

"တစ်ပတ်. . ဟုတ်လား အမေ၊ ကျွန်တော် လှေပျက်ပြီး ပင်လယ်ထဲမှာ ကြာခဲ့တာ ၇-ရက်ပဲလားဟင်. ."

"ဟုတ်တယ်လေ၊ သားရဲ့၊ သားသေပြီဆိုပြီးတော့ ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာ ပြန်ပြီးရောက်လာ ခဲ့တာပဲ၊ အဲ့ဒီရက်ပါ ထည့်ပြီးတော့ ပေါင်းရင်တော့ ရှစ်ရက်ပေါ့"

"ရှစ်ရက်. . ဟုတ်လား"

စံထွေးသည် ခေါင်းကိုမသိမသာခါရမ်းလိုက်လေ သည်။

"သား ဘာဖြစ်သွားတာလဲဟင်၊ ပင်လယ်ထဲမှာ သား ခုနှစ်ရက်၊ ခုနှစ်လီမျှောပါနေတာဆို၊ ဒီ့အပြင် ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့လာခဲ့သေးလို့လဲ"

"ဘာ. . ဘာမှ မဟုတ်ပါဘူး အမေ၊ သားရက်ကို တွက်မထားမိလို့ပါ"

စံထွေး သက်ပြင်းပူတစ်ချက် မှုတ်ထုတ်လိုက်သည်ကို မည်သူမှ မသိလိုက်ကြပါ။

စံထွေးသည် ရွာကိုပြန်ရောက်ပြီးသည့်နောက် သိပ်ပြီးတော့ ရွှင်ရွှင်လန်းလန်းမရှိခဲ့ပေ။ တစ်ခါတရံမှာ ကမ်းစပ်တွင် ထွက်ပြီးထိုင်ကာ ပင်လယ်ပြင်ကြီးဆီကို ငေးရီပြီးတော့ ကြည့်နေတတ်သည်။

"စံထွေး. . မင်းက ဒီကိုရောက်နေတာကိုး၊ ငါက ရွာထဲမှာ လိုက်ပြီးတော့ ရှာနေမိတာ၊ ငါထင်တဲ့အတိုင်းပဲ ဖြစ်နေပါလား. ."

"ဪ. . မောင်မှတ်၊ ထိုင်ကွာ. ."

"စံထွေး. . မင်းနေ့တိုင်းပဲ ဒီကိုလာလာပြီး ပင်လယ်ကြီးကိုကြည့်နေတယ်၊ မင်းရဲ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ၊





ငါ့ကိုပြောပြပါလားကွာ. ."

"မင်းကို ငါစကားတစ်ခွန်းတော့ ပြောချင်တယ်၊ ဒါပေမယ့် မယုံမှာကိုလည်း ငါစိုးရိမ်မိတယ်ကွာ. ."

"ဘာစကားမို့လို့လည်းကွာ၊ ငါတို့ဟာ ညီအစ်ကိုတွေပဲ မဟုတ်လား၊ ပွင့်ပွင့်လင်းလင်းပြောလို့ ရပါတယ်ကွ၊ ငါချိန်ဆပြီးတော့ စဉ်းစားပေးပါ့မယ်. ."

"ကောင်းပြီ၊ ဒါဆို. . မင်းကို ငါတစ်ခုမေးမယ်၊ ငါတို့ လှေမှောက်ခဲ့တဲ့အချိန်နဲ့ ငါ့ကို အခုပြန်တွေ့ရတဲ့အချိန်အထိ ဘယ်နှစ်ရက်ကြာခဲ့သလဲ. ."

"တစ်ပတ်လေကွာ၊ မင်းပျောက်နေတာ ၇-ရက်ရှိပြီ၊ အဲ. . မင်းကိုပြန်ပြီးတွေ့တဲ့ ရက်မပါပေါ့. ."

"မဟုတ်ဘူး. . ငါရွာကိုပြန်ပြီးရောက်တဲ့အထိဆိုရင် တစ်ပတ်မကတော့ဘူး၊ ၂၁-ရက်တိတိကြာခဲ့တယ်၊ ငါသေသေချာချာကို မှတ်ထားခဲ့တာ"

"ဟင်. . စံထွေး၊ မင်းဘာတွေလျှောက်ပြောနေတာလဲ၊ မင်းပျောက်နေတာ တစ်ပတ်ပါကွ. . တစ်ပတ်. ."

စံထွေးသည် ခေါင်းကို ခါရမ်းလိုက်သည်။

"မဟုတ်ဘူး၊ အများသိတာ လက်ခံထားတာက ၇-ရက်၊ တစ်ပတ်၊ ငါမှတ်ထားခဲ့တာ ၂၁-ရက်တိတိကြာခဲ့တယ်ကွ. ."

စံထွေးသည်ပြောပြီး ခေါင်းကိုခါယမ်းလိုက်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူလည်း နားမလည်နိုင်တော့ချေ။

"မင်းက ရန်ကုန်မှာ ဆယ်တန်းအထိ ပညာသင်လာခဲ့တဲ့ကောင်ပါကွာ၊ ငါ့ထက်အသိဉာဏ်ပိုပြီးတော့ ရှိပါတယ်၊ ပင်လယ်ထဲက တစ်ခေါက်ပြန်ရောက်လာပြီးကတည်းက စကားကို ထူထူးဆန်းဆန်းတွေ ပြောနေပြီ. ."

"ကောင်းပြီ၊ ငါမေးပါဦးမယ်. . မင်းက ၂၁-ရက်လို့ ပြောနေတော့ မင်းပင်လယ်ထဲမှာ ကမ်းမမြင်လမ်းမမြင်နဲ့ ၂၁-ရက်လုံးလုံး ရှိနေတာလား"

"မဟုတ်ဘူး. . အဲ့ဒီ ၂၁-ရက်လုံးလုံး ငါရေသူမကျွန်းပေါ်မှာပဲရှိနေခဲ့တာ. ."

"ဘာ. . ရေသူမကျွန်းပေါ် ဟုတ်လား၊ ဘယ်က ရေသူမကျွန်းလဲ. ."

"ပင်လယ်ထဲက ရေသူမကျွန်းပေါ့ကွ. . မင်းကလဲ"

"ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူးကွာ၊ ပင်လယ်ထဲမှာ ရေသူမကျွန်းရှိတယ်လို့ လူကြီးသူမတွေလည်း စကားစပ်မိလို့တောင် မပြောကြဖူးပါဘူး"

မောင်မှတ်သည် စံထွေးကိုကြည့်ပြီး သံသယတွေ ဝင်လာခဲ့ရလေသည်။

"ဒီကောင်. . ကျွန်းတစ်ကျွန်းပေါ်မှာ သောင်တင်ပြီး တစ်ခုခုဖြစ်လာခဲ့ပြီထင်တယ်၊ အမြီးအမောက်မတည့်တဲ့





စကားတွေကိုပဲ ပြောနေပါလား. ."

"ရေသူမကျွန်းဆိုတာ ငါဘာသာငါပေးတဲ့ နာမည်ပါ၊ ကွာ၊ ငါပင်လယ်ထဲမှာ လှေပျက်တော့ အင်မတန်ချောမောလှပတဲ့ရေသူမတစ်ဦးက ငါ့ကို ကမ်းပေါ်ရောက်အောင် ကယ်တင်သွားခဲ့တယ်ကွ. ."

စံထွေး၏စကားကြောင့် မောင်မှတ်သည် ဟက်ဟက်ပက်ပက်ပင် ရယ်မိလိုက်လေသည်။

"စံထွေး. . မင်းက ငါ့ကို အတည်ပေါက်နဲ့ လာနောက်နေပြန်ပြီကွာ၊ ရေသူမဆိုတာ ပုံပြင်ထဲမှာသာရှိတာကွ၊ မင်းကို ရေသူမကယ်ဆယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ဟား. . ဟား ဟား"

"ငါအတည်ပြောနေတာ မောင်မှတ်၊ ငါ. . မင်းကို ဘယ်တုန်းက နောက်ပြောင်ဖူးလို့လဲ၊ အဲ့ဒီရေသူမလေးရဲ့ နာမည်က သန္တာတဲ့၊ သန္တာ့ကို ငါသတိရလိုက်တာ သူငယ်ချင်းရာ. ."

"ဟင်. . မင်း မင်း ငါ့ကို တကယ်ပြောနေတာလား၊ နောက်နေတာ မဟုတ်ဘူးပေါ့၊ ဟုတ်လား. . စံထွေး"

မောင်မှတ်သည် စံထွေး၏စကားအတိုင်း မျှောပြီးတော့ လိုက်သွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

"ဒီစကားကို မင်းကလွဲပြီး ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ မင်းက ငါ့ကို ယုံချင်မှယုံမယ်၊ ဒါပေမယ့် ငါ့ရဲ့ခံစားချက်တ



www.burmeseclassic.com

www.burmeseclassic.com



ခုထက်ထိ ရင်ထဲမှာ နွေးထွေးနေဆဲပဲ၊ ငါ သမ္ဘာန်ပေါ်က လိမ့်ကျသွားခဲ့တော့ လှိုင်းထဲ၊ လေထဲမှာ ငါ့အနားကိုရောက်လာတဲ့ ရေသူမချောချောလေးကွ. . "

"အင်း. . ဆက်စမ်းပါဦး၊ ရေသူမချောချောလေးက မင်းကို ဘာလုပ်သွားသေးသလဲ"

မောင်မှတ်က စိတ်ပေါက်ပေါက်နှင့် မေးလိုက်သော်လည်း စံထွေးက ဆက်၍ ရင်ဖွင့်ပါတော့သည်။

မောင်မှတ်သည် စံပျှေးပြောပြနေသော ရေသူမလေးနှင့် သူ၏အချစ်ဇာတ်လမ်းကို ပုံပြင်၊ ဒဏ္ဍာရီတစ်ပုဒ် နားထောင်နေရသလို နားထောင်ကောင်းကောင်းနှင့် ရှိနေလေတော့သည်။

"အင်း. . ပင်လယ်ထဲမှာ မုန်တိုင်းမိခဲ့တုန်းက သူ့ခေါင်းမှာ ထိခိုက်ဒဏ်ရာရခဲ့တယ်တဲ့၊ ဒါကြောင့်များ စိတ်ရောဂါရသွားခဲ့တာလား၊ ဒါမှမဟုတ် ကျွန်းတစ်ကျွန်းပေါ်မှာ သောင်တင်ခဲ့ပြီး ထိတ်လန့်စရာတွေကိုများ ကြုံခဲ့လို့လား"

စံထွေးပြောပြသည့် ဇာတ်လမ်းသည် မည်သို့မှ ယုံနိုင်စရာ၊ ဖြစ်နိုင်စရာအကြောင်းမရှိ။

"ငါက မယုံဘူးလို့ပြောလိုက်ရင်လည်း သူ့ရဲ့ စိတ်က ပိုပြီးတော့ ကစဉ့်ကလျားဖြစ်သွားနိုင်တယ်. . "

စံထွေးသည် ဇာတ်လမ်းကို အစမှသည် အဆုံးအထိ ပြောပြလိုက်သည်။





"ငါ့ဇာတ်လမ်းကတော့ အဲ့ဒါပဲ၊ မင်းယုံသလား၊ မယုံဘူးလား. . ပြောစမ်းကွာ. . မောင်မှတ်၊ မင်းက ငါ့ကို ဘာကြည့်နေတာလဲ"

"ဟာ. . ဘာလို့ မယုံရမှာလည်းကွ၊ မင်းကို သနားလို့ ငါကကြည့်နေမိတာပါကွာ၊ တကယ်တော့ မင်းတို့ရဲ့ အဖြစ်ကကြေကွဲစရာပါပဲလား. . "

"မင်းတောင် ခံစားရတယ်ဆိုရင် ကာယကံရှင်ဖြစ်တဲ့ ငါဘယ်လောက်အထိ ခံစားရမလဲဆိုတာ စဉ်းစားကြည့်ပေါ့ကွာ"

"အင်း. . ဒီကောင် ငါ့ကို အတည်ပေါက်နဲ့လျှောက်ပြောနေတာလား"

စံထွေးကား ပင်လယ်ပြင်ကြီးကို မျှော်မှန်းပြီးကြည့်ကာ ငေးနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသည် တစ်ခါတရံမှာ မိုးချုပ်ပြီးမှ အိမ်ကို ပြန်လာတတ်လေသည်။

"သား. . ကမ်းစပ်ဘက်ကို နေ့တိုင်းသွားပြီး ဘာလုပ်နေတာလဲ၊ သားကိုကြည့်ရတာ မျက်နှာလည်း မရွှင်မပျနဲ့၊ စကားလည်း နည်းနေတယ်၊ ဘာဖြစ်နေတာလည်း သား. "

"သား. . ဘာမှမဖြစ်ပါဘူး အမေ၊ ခါတိုင်းလိုပါပဲ၊ အမေ စိတ်ထင်လို့ပါ. . "

"အင်း. . သားဟာ ပင်လယ်ထဲက ပြန်လာပြီးကတည်းက အရင်ကလို မဟုတ်တော့ဘူး၊ နေတာထိုင်တာလည်း ငိုင်တိ ငိုင်တိုင်နဲ့. . ကမ်းနားဘက်ကိုလည်း ခဏ ခဏသွားတယ်"

စံထွေးသည် ရင်ထဲမှာ ဖွဲ့မီးပမာလောင်ကျွမ်းနေသော ခံစားချက်ကို မြိုသိပ်ထားရသည်။ မိမိ၏အပူကို ဖုံးကွယ်ထားသော်လည် မျက်နှာပြင်ထက်မှာ အထင်းသားပင် ပေါ်လွင်လျက် ရှိနေလေသည်။

"သန္တာ. . ငါ့ဆီကို တစ်နေ့နေ့မှာ ရောက်လာလိမ့်မယ် ငါဘယ်မှာနေတယ်ဆိုတာ သူသိတယ်၊ ငါ့ကိုရှာပြီးတော့ ရောက်လာမှာပဲ"

မျှော်လင့်ချက်ထားသည်။ ယုံကြည်လျက်ရှိသည်။ ဒေါ်မှိန်းက သားနှင့်ပတ်သက်ပြီး ဦးအောင်ဘွားကို တိုင်ပင်ရာ-

"သားက သေကံမရောက်၊ သက်မပျောက်ဆိုတော့





ထိတ်လန့်မှုတွေ ဖြစ်ခဲ့တာ မပြေသေးဘူးနဲ့တူပါကယ်ကွာ၊ သူ့ဘာသာသူ စိတ်ဖြေသာသလို လွတ်လွတ်လပ်လပ်နေပါစေ"

"ရိုးမှရိုးရဲ့လားတော်၊ လှေမှောက်တုန်းက ပင်လယ်ထဲမှာတစ်ခုခုများဖြစ်ခဲ့သလား"

"မဟုတ်တာကွာ၊ သားက နဂိုကတည်းက အေးအေးဆေးဆေးနေတတ်လို့ပါ၊ တောင်တွေး. . မြောက်တွေးလျှောက်ပြီးတော့တွေးမနေပါနဲ့. "

တစ်ဦးတည်းသောသားမို့ မိခင်ဖြစ်သူမှာ စိတ်ပူနေရသည်။ သူ့သားတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေသည်။ ဦးအောင်ဘွားကတော့ လေဖြတ်ထားသောရောဂါသည်မို့ သားအပေါ်မှာ ခံစားချက်ရှိသော်လည်း ဒေါ်မှိန်းလောက် လေးနက်မှုမထားတတ်ပေ။ ပေါ့လျော့နေသည်။

တစ်ခါတရံမှာ စံထွေးသည် မောင်မှတ်နှင့်အတူ ရှိနေခဲ့သော်လည်း ရေသူမဇာတ်လမ်းကို ပြောမပြတော့ပါ။

"ဒီကောင်. . အရင်က ပင်လယ်ထဲမှာ စိတ်ကယောက်ကယက်ဖြစ်ဖူးခဲ့လို့ ပြောချင်ရာကို ပြောခဲ့တာ နေမှာပါ၊ အခုတော့ စိတ်မှန်သွားပြီထင်ပါရဲ့လေ. . "


မောင်မှတ်က ထိုသို့ပင်. . ယူဆမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







## (၁၆)
## ငိုကြွေးနေသော ဧရသူမလေး

တစ်ရက်တွင် . .

ဦးဖြူသီးသည် ခရီးသွားနေရာမှ သပြေတောရွာကို ပြန်ရောက်လာခဲ့သည်။ ခရီးရောက်မဆိုက်၊ တံငါလှေ. . သမ္ဗာန်များပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ဒုက္ခရောက်ကုန်ကြသည့် သတင်းကို ကြားလိုက်ရသည်။

ရွာကိုအသက်ရှင်လျက်နဲ့ ပြန်ရောက်လာကြသူများ၊ သေဆုံးသွားကြသူများ၏ အကြောင်းကိုလည်း စိတ်မချမ်းသာအောင် သိကြားလိုက်ရလေသည်။

ထို့အပြင်. .

မြေးဖြစ်သူ သေရွာပြန်စံထွေးနှင့်ပတ်သက်ပြီးတော့လည်း သတင်းစုံကို သိသွားခဲ့ရသည်။ ဦးဖြူသီးသည် မြေးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘွား၏အိမ်ကို ပေါက်ချလာခဲ့သည်။ သတင်းကို မေးမြန်းသည်။

"ဦးရဲ့ မြေးက ပင်လယ်ထဲကပြန်ပြီးတော့ ရောက်လာကာမှ တစ်မျိုးဖြစ်လာတယ်"

"စံထွေးက ဘယ်လိုတစ်မျိုးဖြစ်လာခဲ့တာလည်းကွယ့်"

"လှေပျက်ပြီး တစ်ပတ်အကြာမှာ ရွာကိုပြန်ရောက်လာတယ်၊ အဲ့ဒီကတည်းက ပြောင်းသွားတယ်၊ ကမ်းစပ်ဘက်ကိုအမြဲသွားပြီး ပင်လယ်ကြီးကို မှန်းဆငေးယောင်ပြီးတော့ ကြည့်နေတတ်တယ်"

"နေ့တိုင်းပဲလား"

"နေ့တိုင်းတော့ မဟုတ်ဘူး၊ သုံးရက်တစ်ခါလောက်တော့ . . သွားတတ်တယ်"

"အင်း . . မုန်တိုင်းကို တစ်ခါမှ မကြုံဖူးတဲ့ဒဏ်၊ လှေပျက်တဲ့ဒဏ်ကြောင့် အကြောက်ကြီးကြောက်သွားပြီး သည်းခြေနည်းနည်းပျက်သွားတယ် ထင်ပါရဲ့၊ ဒါမျိုးဟာ ဖြစ်တတ်ပါတယ်လေ၊ နောက်တော့ ပြန်ပြီးတော့ ကောင်းသွားမှာပါ၊ ငါ . . သူနဲ့တွေ့ပြီး စကားစမြည်ပြောကြည့် . . တီးခေါက်ကြည့်ပါဦးမယ်"





တစ်ရက်တွင် . .

ဦးဖြူသီးသည် စံထွေးနှင့်တွေ့ဆုံပြီး စကားအေးအေးဆေးဆေးပြောသည်။

"လူလေး . . မင်းကွာ၊ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး လှေပျက်ခဲ့တဲ့အတွေ့အကြုံကို မကြာခဏပြန်ပြီးတော့ စဉ်းစားနေသလား"

"ဟင် . . ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုမေးတာလဲ အဘ . ."

"သြော် . . မင်းက ကမ်းစပ်မှာ မကြာခဏ သွားသွားထိုင်တတ်ပြီး ပင်လယ်ကြီးဘက်ကို ငေးနေတတ်တယ်ဆိုလို့ပါ၊ ပင်လယ်ကြီးက မင်းကို ဒုက္ခတွေပေးခဲ့လို့ ဒီလိုခံစားနေရတာလား၊ ဒါကြောင့် နာကျည်းချက်နဲ့ ကြည့်နေတတ်တာလား"

"မဟုတ်ပါဘူး အဘရယ်၊ အဘပြောတာ မှားနေပြီ၊ ကျွန်တော် ပင်လယ်ကို မမုန်းပါဘူး၊ ချစ်ပါတယ်၊ အရင်ကထက် တောင်ပိုပြီးတော့ ချစ်လာသေးတယ်"

"ဟေ"

ဦးဖြူသီးသည် စံထွေးဆီက မထင်မှတ်သော စကားကို ကြားလိုက်ရသည့်အတွက် အံ့အားသင့်သွားခဲ့ရလေသည်။

ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဒုက္ခပေးခဲ့တဲ့ ပင်လယ်ကြီးကို မင်းကချစ်နေသေးတယ်ဆိုတော့ အကြောင်းတစ်ခုခုတော့ ရှိနေပြီ"

ဦးဖြူသီးက စံထွေးဆီက သဲလွန်စတစ်ခုခုကို ရလိုရငြား စကားတီးခေါက်ကြည့်လိုက်ရာ. .

"ပင်လယ်ကြီးဟာ ကျွန်တော်တို့ကို ဝမ်းစာအတွက် အထောက်အပံ့ပြုတယ်၊ ငါးတွေပေးတယ်၊ ကျေးဇူးရှင်ပါ အဘ၊ မုန်တိုင်းကျတာတို့ ဘာတို့ဆိုတာကလည်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါ၊ မဆန်းပါဘူး. . ကံတရားကြောင့် ပင်လယ်ထဲမှာ ဒုက္ခရောက်ဖူးခဲ့တာနဲ့ သူ့ကိုမုန်းတီးသွားရမှာလား၊ ကျွန်တော် ကမ်းစပ်မှာ လာလာထိုင်ပြီး ကြည့်နေမိတာက ပင်လယ်နဲ့ ဝေးသွားပြီဖြစ်တဲ့အတွက် လွမ်းလို့. . အလုပ်မလုပ်ရတော့လို့"

"ဟေ"

ဦးဖြူသီးသည် သူမျှော်လင့်ထားသော စကားမဟုတ်၍ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ရလေသည်။

ထိုစဉ်. .

တင်မောင်နှင့် ငမိုန်းတို့သည် ဦးဖြူသီးဆီကို ရောက်လာခဲ့ကြလေ၏။

"မင်းနဲ့ အဘစကားပြောနေကြတာတွေ့လို့ ငါတို့ ဝင်လာခဲ့ကြတာကွ. ."

"အေး. . အေး. . လာကြဟေ့၊ မင်းတို့ရဲ့သူငယ်ချင်းက





ဒီကိုရောက်နေတာကွ"

ထို့ကြောင့် စကားဝိုင်းသည် စည်ကားသွားခဲ့လေ၏။ ရောက်တတ်ရာရာကို ပြောဆိုနေကြရင်း တင်မောင်က စပြီးတော့ အမှတ်မထင်ပြောလိုက်သည့် စကားက. .

"စံထွေးက ပင်လယ်ထဲ ငါးဖမ်းထွက်သွားတာ၊ ရေသူမကို ရှာလာခဲ့မယ်လို့ ပြောခဲ့တယ် အဘရေ၊ ကံကောင်းလို့ သူတစ်ယောက်တည်း အသက်ရှင်လျက်နဲ့ ပြန်ပြီးရောက်လာခဲ့တာ. ."

"ဟုတ်လား စံထွေး၊ မင်းက ရေသူမကို ရှာခေါ်လာခဲ့မယ်လို့ ပြောသွားသလား"

စံထွေးအတွက် တိုက်ဆိုင်သွားသည့်စကား၊ မျက်နှာပျက်သွားမယောင်ဖြစ်သွားမိသော်လည်း. .

"ဟာ. . မှန်တာပေါ့၊ ကျွန်တော်က ရေသူမနဲ့အတူ နေခဲ့တာ၊ ကျွန်တော်ပြန်တော့ သူကမလိုက်ချင်ဘူးဆိုတာနဲ့ ထားခဲ့ရတာ. ."

"မင်းကွာ၊ ခေါ်လာရောပေါ့. . ငါတို့တစ်ရွာလုံး အထူးအဆန်းကြည့်ရတာပေါ့ကွ"

"ဟ. . သူကမှ မလိုက်တာ၊ ငါက ဘာတတ်နိုင်မှာလဲ ငမိုန်းရ. . ခက်တော့တာပဲ၊ ဒါပေမယ့်. . ငါတွေ့ခဲ့တဲ့ ရေသူမဟာ ချောလိုက်တာမှ နတ်သမီးလေးလိုပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"အောက်ပိုင်းက ငါးကိုယ်လား"

"မဟုတ်ဘူး. . တို့လိုပဲ၊ ခြေထောက်နှစ်ချောင်းနဲ့. . "

"ဟာကွာ၊ ငါက အဟုတ်မှတ်လို့ နားထောင်နေတာ၊ ရေသူမဆိုမှ ငါးကိုယ်နဲ့ပေါ့ကွ၊ ခြေထောက်ပါရမလား. . "

ငမှိန်းက မျက်နှာကြီးရှုံ့မဲ့သွားခဲ့လေသည်။ စံထွေးကတော့ ပြောင်ပြက်ပြက်စကားကို ခပ်တည်တည်နှင့် ပြောလိုက်ခြင်းသာ၊ ထိုအခါ ရယ်ပွဲလေးဖြစ်သွားခဲ့လေ၏။

"အေး. . မင်းတို့ပြောပြောနေကြတဲ့ ရေသူမတို့၊ ရေသူထီးတို့ဆိုတာက ကျမ်းဂန်တွေထဲမှာ အတိအကျမပါရှိပေမယ့် ဝေမာနိကပြိတ္တာမျိုးနွယ်ဝင်တွေလို့ ဆိုကြတယ်ကွယ့်၊ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းလို့လည်း ဆိုကြတယ်၊ ကမ္မဇိဒ္ဓိတန်ခိုးရှိပြီး လူယောင်လည်းဖန်ဆင်းနိုင်တယ်တဲ့. . "

"ကမ္မဇိဒ္ဓိတန်ခိုးဆိုတာ ဘာကိုခေါ်တာလည်း အဘ"

တင့်မောင်က မေးလိုက်လေရာ. .

"ကံကြောင့် ဖြစ်ပေါ်လာတဲ့ တန်ခိုးကိုခေါ်တာကွယ့်၊ သူတို့မှာ ကိုယ့်ကိုကိုယ် အမျိုးမျိုးဖန်ဆင်းနိုင်ကြတဲ့ အစွမ်းသတ္တိမျိုးကို ပိုင်ဆိုင်ကြတယ်လေ"

"ဪ. . ဟုတ်လား၊ အဘပြောမှပဲ ရှင်းရှင်းလင်းလင်းသိရတော့တယ်၊ နာနာဘာဝတွေကို အမှတ်မထင်မြင်လိုက်ကြတဲ့သူတွေကလည်း သူတို့က ကမ္မဇဒ္ဓိတန်ခိုးနဲ့ ဖန်ဆင်းပြကြရ





လို့ပေါ့ဟုတ်လား. . အဘ. . "

"ဟုတ်တယ်. . ငမှိန်း၊ လူတွေကို သူတို့က ဖန်ဆင်းပြတိုင်းမြင်ကြရတာ မဟုတ်ဘူး၊ ရတနာသုံးပါးနဲ့ဝေးပြီး ကံနိမ့်တဲ့သူတွေမှသာ မြင်ကြရတာကွယ့်"

ဦးဖြူသီး၏ စကားကြောင့် ရင်ကို နွေးကျွင်ကျင်ဖြင့် ပွတ်တိုက်သွားခဲ့လေသည်။

အချိန်ကား. .

ညဥ့်သန်းကောင်ယံကာလကို ရောက်လာခဲ့လေပြီ။ လပြည့်ညလည်းဖြစ်၍ ကောင်းကင်ထက်မှာ လမင်းကြီး ထိန်ထိန်သာလျက်ရှိနေသည်။ စံထွေးသည် မိဘများက အိပ်ပျော်နေကြသည့်တိုင် သူကတော့ အိပ်မပျော်နိုင်သေး။

အိပ်ယာထက်မှာ ပုလဲလုံးလေးကို ကိုင်ကာကြည့်နေသည်။ လရောင်အောက်တွင် ဝင်းသန့်ကာ ပြောင်လက်နေသည့် ပုလဲလုံးလေး။

"ငါ့ကို သန္တာက အလျှင်စလိုနဲ့ ပေးလိုက်တာ တော်တော့်ကို တန်ဖိုးရှိမှာပဲ"

ပုလဲလုံးလေးကို တယုတယဖြင့် ဆုပ်ကိုင်ကာ စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ကြီးကို ကျော်လွန်၍ ရောက်သွားလေ၏။

ထိုစဉ် . .

စံထွေးသည် တစ်စုံတခုကို သတိရသွားခဲ့လေ၏။

"ဟင် . . ငါမေ့နေလိုက်တာ"

ကိုယ့်ကိုကိုယ် အပြစ်တင်မိလိုက်သည်။ သေတ္တာထဲမှ ပုလဲနက်လက်စွပ်လေး ထည့်ထားသော ပုဝါထုတ်လေးကို စမ်းကြည့်မိလိုက်သည်။ သူ . . ထားခဲ့သည့်အတိုင်းပင် တွေ့လိုက်ရသည်။ ဝမ်းသာသွားမိသည်။ ပုဝါကို ဖြည်ကာ လက်စွပ်လေးကိုယူလိုက်သည်။ လရောင်အောက်မှာ ထောင်ပြီးတော့ ကြည့်လိုက်လေ၏။

ပုလဲနက်လေးထဲမှာ ရေသူမရုပ်လေးကို မြင်တွေ့လိုက်ရသည်။ ကျောက်ဆောင်ပေါ်မှာ ထိုင်နေလျက်သားပင်။ ထူးခြားချက်မှာ ရေသူမလေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားခြင်းပင်၊ ငိုကြွေးနေသည့် အမူအရာမျိုးပင်တည်း။

"ဟင် . . ပုလဲနက်ထဲက ရေသူမလေးရဲ့ဟန်က ပြောင်းသွားပါလား၊ သူငိုနေတယ် . . ငိုနေတယ် ထင်တယ်၊ ဟုတ်ရဲ့လား၊ ငါတကယ်မြင်တာကော ဟုတ်ရဲ့လား၊ ငါ့ရဲ့အထင်မှားဖြစ်နေမလား"

စံထွေးသည် ရင်ထဲမှာ မကောင်းဖြစ်သွားခဲ့ရသည်။ ပုလဲနက်လက်စွပ်လေးထဲက ရေသူမရုပ်လေးသည် . . အမျိုးမျိုး





ပြောင်းလဲနေပါလား . .

"သန္တာရယ် . . မင်းကို ကိုယ်ပိုပြီးတော့ သတိရသွားပြီကွယ်၊ မင်းဘယ်လိုနေ . . နေရှာမလဲ၊ ငါ့လိုပဲ ပူဆွေးသောကနဲ့ သတိရတမ်းတပြီးနေနေသလား၊ ငါ့လိုပဲ ခံစားနေရသလားကွယ်"

တော်တော်ကလေးညဉ့်နက်မှ စံထွေးအိပ်ပျော်သွားခဲ့ရသည်။ မကြာမီမှာပင် သန္တာသည် သူ့ဆီကို ရောက်လာခဲ့လေသည်။

"အစ်ကို . . ဒါလောက်ကြီးလည်း သောကရောက်မနေပါနဲ့၊ သန္တာလည်း အစ်ကို့ကို မေ့လို့မရပါဘူး၊ အစ်ကိုနဲ့ သန္တာ တစ်နေ့ကျပြန်ပြီးတော့ ဆုံဆည်းကြမှာပါ၊ ယုံကြည်မှုကို ထားပါနော် . . အစ်ကို . .

အစ်ကို့ကိုပေးလိုက်တဲ့ ပုလဲလုံးလေးက တန်ဖိုးရှိပါတယ်၊ မိဘတွေကို ပေးလိုက်ပါ၊ ရောင်းချပြီး တစ်သက်လုံးနေသွားလို့ရပါတယ် . . ဒီမှာ အစ်ကို သန္တာလေ အစ်ကို့ဆီကို မရောက်ရောက်အောင် လာခဲ့မယ်၊ အစ်ကိုနဲ့အတူတူ နေဖို့ပဲပေါ့၊ သန္တာရောက်လာမယ့် ရက်ကို အတိအကျမပြောနိုင်ပေမယ့် တစ်ရက်မပြတ် အစ်ကိုမျှော်နေပါနော်"

သန္တာသည် ပင်လယ်ကမ်းခြေမှာရပ်ကာ တဖွဖွ ပြောနေသည်။ သူမ၏ရှည်လျားသော ဆံပင်များသည် လေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ဝဲကာ လွှင့်မျောလျက်ရှိနေသည်။ စံထွေးသည် သူမဆီကို သွားရန် ကြိုးစားသော်လည်း မရ၊ ကိုယ်ကို လှုပ်ရှား၍မရ၊ ထိုစဉ်မှာပင်. . သန္တာသည် ပင်လယ်ကြီးဘက်ကို မျက်နှာမူကာ ရေစပ်ဆီကို တရွေ့ရွေ့ဖြင့် ရောက်သွားခဲ့လေသည်။

"သန္တာ. . သန္တာ"

စံထွေးသည် အိပ်ယာထဲမှာ ယောင်ယမ်းပြီးတော့ ခေါ်မိလိုက်လေတော့၏။

(၁၇)

## မှန်တိုင်းခေါ်သံ

ငါးကြီးအိုင်ဘက်တွင် ကျောက်ဆောင်များကို လှိုင်းများက ပုတ်ခတ်နေသံများမှအပ အခြားမည်သည့်အသံမှ မကြားရ။

စံထွေးသည် ထိုနေရာကို တစ်ကိုယ်တည်းပင် ရောက်နေခဲ့သည်။ သူသည် ကိုတက်လူကို အလိုလိုနေရင်းနှင့် သတိရနေမိသည်။ ထို့ကြောင့် တွေ့လိုတွေ့ငြား ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ ခါတိုင်းလိုပင် ကျောက်ဆောင်ထက်မှာ ထိုင်ကာ. . ရေပြင်ကို ငေးရီပြီးတော့ ကြည့်နေမိလေသည်။

"ဒီလူ. . ဘယ်မှာနေမှန်း မသိပါဘူး၊ တွေ့ဖို့ဆိုတာကလည်း မျှော်လင့်ချက်မရှိပါဘူး"

စိတ်ကူးထဲမှာပင် ကိုတက်လူနှင့် တွေ့ဖို့မလွယ်ချေ၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို လျှော့ထားမိလိုက်သည်။

"ငါ့ညီက အစ်ကို့ကို မျှော်နေတယ်နဲ့ တူတယ်"

ထိုစဉ်. .

အသံတစ်သံက မမျှော်လင့်ပဲထွက်ပေါ်လာခဲ့လေသည်။ စံထွေးအံ့အားသင့်သွားသည်။ နောက်ကို လှည့်ကြည့်လိုက်လေ၏။

"ဟင်. . အစ်ကို"

ကိုတက်လူသည် သူ့ကျောဘက်မှာ ရောက်နေသည်။ သန္တာကျောက်တန်းကျောက်ဆောင်များပေါ်ကို သူမည်ကဲ့သို့ ရောက်လာမှန်းမသိလိုက်ချေ။

ညနေခင်းကာလမို့ ကျနေခြည်သည် ကိုတက်လူ၏ အပေါ်မှာ ရောင်ပြန်ဟပ်နေလျက်ရှိသည်။ သျှောင်တစ်စောင်းထုံးထားပြီး ပုဝါကို ပေါင်းမထားပေ။ ပိုးသားပျော့ပျော့အကျီလက်ရှည်အသားရောင်နှင့် ဘောင်းဘီပွပွတစ်ထည်ကို ဝတ်ဆင်ထားသည်။ နဂါးခေါင်းပါသော ငွေခါးပတ်ကြီးကို ပတ်ထားလေသည်။ ကျောပြင်ထက်မှာ အအိမ်ပါသော ဓါးတစ်လက်ကို ပိုးထား၏။

"အစ်ကိုက မိုးပေါ်ကနေ ဘွားကနဲကျလာသလိုပဲဗျာ၊ ထင်တယ်၊ ဟိုတစ်ခါက ဟိုလူကြီးနဲ့ သတ်ပုတ်ပြီးရေထဲကို ကျသွားပြီးကတည်းက အစ်ကို သေနိုင်မှာမဟုတ်ဘူးလို့ ဒါ





ကြောင့်မို့ ကျွန်တော်လာခဲ့တာပေါ့"

"အဲဒီတုန်းက ငါ့ညီက အစ်ကို့ကို ဝင်ပြီးကူညီခဲ့တဲ့ ကျေးဇူးကို မမေ့ပါဘူးကွာ၊ ဒီလူကြီးသာ လက်ဦးသွားရင် အစ်ကို့ ဒုက္ခကောင်းကောင်းရောက်ပြီကွ၊ အင်း. . အဲ့ဒီလူကတော့ ကံမကောင်းဘူး၊ ဆရာယောင်ယောင်. . ဘာယောင်ယောင်နဲ့ သူ့တရားသူစီရင်သွားပြီပေါ့ကွာ၊ သူ့တပည့်တွေလည်းပဲပေါ့"

"ဒါနဲ့ ငါ့ညီက အစ်ကို့ကို မျှော်နေတယ်၊ ဟုတ်လား၊ မျက်နှာလည်းမကောင်းပါလား၊ ဘာတွေအခက်အခဲရှိသလဲ ပြောပါ၊ အစ်ကိုတစ်နိုင်ရင် ကူညီပါ့မယ်"

"အစ်ကို. . ကျွန်တော့်အကြောင်းကို မကြားမိလိုက်ဖူးထင်တယ်၊ မသေဖြစ်သေးလို့ ဒီရွာကို ပြန်ပြီးတော့ ရောက်လာခဲ့တာ"

"ဟုတ်လား မင်းဘာတွေဖြစ်ခဲ့သလဲ အစ်ကိုခရီးဝေးကိုသွားနေရလို့ ဘာမှမသိလိုကဘူးကွာ"

"ပင်လယ်ထဲ ငါးဖမ်းထွက်တယ်၊ မုန်တိုင်းမိပြီး လှေမှောက်တယ်"

"ဟင်. . ဟုတ်လား၊ နောက်. . ဘာတွေဆက်ပြီးတော့ ဖြစ်သေးသလဲ. . ပြောပါ၊ ငါ့ညီမှာ ပြောစရာအကြောင်းတွေ ရှိလိမ့်ဦးမယ်. ."

စကားရပ်သွားသော စံထွေးကို ကိုတက်လူ၏



www.burmeseclassic.com

www.burmeseclassic.com



ရေလာမြောင်းပေးလိုက်လေ၏။

"ဟာဗျာ၊ ကျွန်တော်ပြောလည်း အစ်ကိုက ယုံမှာ မဟုတ်ပါဘူး"

"ပြောမှာသာပြောပါကွာ၊ အခက်အခဲရှိရင်လည်း ဝိုင်းကူပြီး ဖြေရှင်းပေးရတာပေါ့"

"ဒီလိုဆိုရင်လည်း ပြောပြပါ့မယ်၊ တံငါလှေတွေနဲ့ ကျွန်တော် ပင်လယ်ထဲကို လိုက်သွားတယ်၊ မကြာမီမှာပဲ မုန်တိုင်းက ဝင်ပြီးဒုက္ခပေးပါလေရော၊ ကျွန်တော် မုန်တိုင်းမိတာ. . ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ လှေမှောက်ပြီး ပင်လယ်ထဲကိုကျသွားတဲ့အချိန်မှာ. . "

စံထွေးသည် ကိုတက်လူကို သူ၏အဖြစ်အပျက်အားလုံး တစ်လုံးမကျန်ဖွင့်ပြောပြလိုက်လေ၏။ တက်လူက စံထွေးပြော သမျှကို ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေ၏။

"ဖြစ်မှဖြစ်ရလေကွာ. . ဒါဆိုရင် မင်းဆွေးပြီး ကျန်ရစ်နေတာပေါ့. . ဟုတ်လား"

စံထွေးက ကိုတက်လူကို စူးစမ်းသော မျက်လုံးများဖြင့် ေ[illegible]ည့်ကြည့်လိုက်ပြီး. .

"အစ်ကိုက ကျွန်တော်ပြောတာကို ယုံလို့ ဒီလိုမေး ခွန်းမျိုးမေးတာလား"

"မင်းက လိမ်ညာပြီးပြောမယ့်သူမှ မဟုတ်ပဲကွာ၊





အစ်ကိုက အကြွင်းမဲ့ယုံပြီးသားပါ"

"ဟင်. . အကြွင်းမဲ့ယုံပြီးသား ဟုတ်လား၊ ဟာ အစ်ကိုတစ်ယောက်တည်း ကျွန်တော့်ကို ဒီလိုပြောဖူးသေးတယ်၊ ဒါပေမယ့် အစ်ကိုက ကျွန်တော့်ကို ယုံပေမယ့်လည်း မထူးတော့ပါဘူးလေ၊ ကျွန်တော့်အတွက် အဆင်ပြေလာမှာ မဟုတ်တော့ တာ. . "

"ငါ့ညီက ယောကျ်ားတစ်ယောက်ဖြစ်ပြီး တကယ် အားမလျှော့တာကိုးကွ"

စံထွေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ပစ္စည်း လေးတစ်ခုကို အိတ်ထဲကထုတ်ယူကာ ကိုတက်လူ၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ပုလဲလက်စွပ်လေးပင်. .

"ဟင်. . ဒီလက်စွပ်ကို ဘာဖြစ်လို့ ပြန်ပေးရတာလဲ၊ ဒါ. . ငါ့ညီကို အပိုင်ပေးထားတာပဲ"

"ကျွန်တော် မယူချင်တော့ဘူး အစ်ကို၊ ဒီပုလဲနက်ထဲက ရေသူမလေးကိုမြင်ရတိုင်း ကျွန်တော် ခံစားရတယ်၊ ဆက်ပြီး တော့ မခံစားနိုင်တော့ဘူး"

"ဒီပုလဲနက်လေးထဲက ရေသူမလေးဟာ သဘာဝ အလျောက်ဖြစ်နေတဲ့အရာပါ၊ ငါ့ညီကို အလှကြည့်ဖို့ပေးထား တဲ့ လက်ဆောင်ပစ္စည်းပဲလေ"

"ဟင်. . သဘာဝရုပ်တုလေး၊ ဟုတ်လား၊ မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ကြိမ်ကြည့် . . တစ်ခါပြောင်းလဲနေတာ၊ ပုံစံအမျိုးမျိုးနဲ့ပဲ အခုအချိန်မှာ ဒီပုလဲနက်လက်စွပ်လေးဟာ ကျွန်တော်စိတ်ကို ပိုပြီးတော့ ဖိစီးလာခဲ့စေတယ်၊ အစ်ကိုပြန်ယူပါ၊ မယူဘူးဆိုရင် ရေထဲကို လွှင့်ပစ်မိလိုက်လိမ့်မယ်"

စံထွေးက ပြောသည့်အတိုင်း တကယ်လုပ်မည့်ဟန်ပြုရာ . .

"ကဲပါလေ . . ဒီလက်စွပ်လေးဟာ ငါ့ညီအတွက် စိတ်ဖိစီးမှုကိုဖြစ်စေတယ်ဆိုရင်လည်း အစ်ကိုပြန်ယူပါ့မယ်၊ ဒါပေမယ့် ဟောဒီရွှေပုလဲလေးကိုကော့ အစားပြန်ယူလိုက်ပါ၊ နောင်ဆိုရင် အသက်မွေးဝမ်းကြောင်းအတွက် အသုံးဝင်လာခဲ့လိမ့်မယ်"

ကိုတက်လူက ပုလဲနက်လက်စွပ်လေးကို ပြန်ယူလိုက်သည်။ ရွှေပုလဲလုံးလေးတစ်လုံးကို ပြန်ပေးသည်။ စံထွေးကအံ့အားသင့်သွားခဲ့ရလေသည်။ ရွှေပုလဲလုံးလေးသည် သူ့ဆီမှာရှိနေသည့် ရွှေပုလဲလုံးလေးနှင့် ရွယ်တူဖြစ်ကာ အရောင်ကမှအစ အားလုံးတူညီနေလေသည်။

"ဟင် . . ဒီရွှေပုလဲလုံးလေးက ကျွန်တော့်ဆီက ရွှေပုလဲလုံးလေးနဲ့ လုံးဝကို တူညီနေပါလား၊ ဒီပုလဲနက်လက်စွပ်လေးကို ပြန်ပေးလိမ့်မယ်ဆိုတာ အစ်ကိုသိနေသလား . . "

"သိတယ်လည်း မဟုတ်ပါဘူးကွာ၊ ငါ့ညီက မယူတော့





လို့ . . ရွှေပုလဲလေးကို အပိုလက်ဆောင်ပြန်ပေးလိုက်တာပါ . . ဒါပေမယ့် မင်းအတွက် နှလုံးသားနဲ့ပတ်သက်ပြီး ခံစားရမှုတွေ မကြာမီမှာ ပြေပျောက်သွားရတော့မှာပါလေ၊ ဘယ်သူမဆို အဆိုးချည်းပဲလည်း မကြုံတွေ့ရပါဘူး၊ ဘဝဆိုတာ ဒီလိုပါပဲလေ၊ ကောင်းကွက်ကလေးတွေလည်း ရှိလာရဦးမှာပါ"

"အစ်ကိုက နိမိတ်ဖတ်ဆရာလား၊ ဒီလိုပြောနိုင်တာ အင်းလေ . . လူတွေပြောပြောနေကြတာ၊ ဘဝဆိုတာ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံတဲ့၊ အပြောင်းအလဲကတော့ ရှိဦးမှာပါလေ"

နေလည်းအတော်ညိုလာခဲ့ပြီ၊ နေစွယ်လျှားကာလပေမို့ . . အမှောင်ရိပ်သည်လည်း ယှက်သန်းခဲ့လေပြီ၊ သူတို့နှစ်ယောက်မှာ စကားကောင်းနေကြဆဲ။

"ကဲ . . အစ်ကို၊ ကျွန်တော်ပြန်တော့မယ်၊ ခုတလောမှာ ကျွန်တော့်ကို အဖေနဲ့ အမေတို့က သိပ်ပြီးတော့ အလစ်ပေးကြတာ မဟုတ်ဘူး၊ သူတို့ ကျွန်တော့်ကို ထင်နေကြတာကတော့ တစ်မျိုးပေါ့လေ၊ ဒါပေမယ့် ကျွန်တော့် ခံစားချက်အမှန်ကိုတော့ သူတို့မသိကြဘူး . . အိုဗျာ ဘယ်သူမှ မသိကြပါဘူးလေ"

"ငါ့ညီရဲ့ခံစားချက်ကို အစ်ကိုသိရင် လုံလောက်တယ် မဟုတ်လား၊ ဩော် . . ဒီရွှေပုလဲလုံးလေးက တန်ဖိုးရှိပါတယ်၊ မိဘတွေကို ပေးလိုက်ပါ၊ ရောင်းချပြီး တစ်သက်လုံးနေသွားလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ကျောက်ဆောင်ထက်မှ ဆင်းသွားခဲ့လေသည်။ စံထွေး မျက်မှောင်ကျုံ့သွားမိရသည်။ အကြောင်းမှာ ညက အိပ်မက်ထဲမှာ သန္တာပြောခဲ့သည့် စကားနှင့်တူနေသောကြောင့်ပင်တည်း။

တစ်ညနေ. .

နေဝင်ရီတရောအချိန်တွင် အနောက်ဖက်မိုးကောင်းကင်ထက်၌ နီရဲလျက်ရှိနေသည်။ ပင်လယ်ပြင်မှာ မုန်တိုင်းကျနေဟန်တူသည်။ လေသည် ခပ်ကြမ်းကြမ်းပင် တိုက်ခတ်နေလျက်ရှိသည်။

စံထွေးသည် အုန်းဆံကြိုးကျစ်နေရာမှ သတိထားမိလိုက်လေ၏။

"လေတွေ တအားတိုက်နေတယ် အဖေ"

"ပင်လယ်ဘက်မှာ မုန်တိုင်းကျနေပြီထင်တယ်"

"မုန်တိုင်း. . မုန်တိုင်းဆိုပါလား"

စံထွေး၏ကိုယ်သည် ဆတ်ကနဲဆိုဖြစ်သွားခဲ့ရလေသည်။ မုန်တိုင်းသည် သူ့အတွက်ကြောက်စရာမဟုတ်တော့။

မုန်တိုင်းကြောင့်ပင်လျှင် သန္တာနှင့် ဆုံဆည်းခွင့်ရခဲ့





သည်မဟုတ်ပါလား။

"မုန်တိုင်းဟာ ငါ့ရဲ့ ဖူးစာရေးနတ်ပဲ"

သူပျော်သွားခဲ့သည်။ သူ့ကို မုန်တိုင်းက ခေါ်နေလေပြီ။ မုန်တိုင်းခေါ်သံကြောင့် တက်ကြွသွားခဲ့ရသည်။ သူနေ၍မရတော့၊ ထို့ကြောင့် မယောင်မလည်နှင့် ထွက်လာခဲ့သည်။ ကမ်းစပ်ဆီကို ပြေးသွားခဲ့သည်။ လေက သိသာအောင်ပင် ခပ်ကြမ်းကြမ်း တိုက်ခတ်နေလျက်။

"ဟုတ်တယ်. . မုန်တိုင်းပဲ ပင်လယ်ထဲမှာ မုန်တိုင်းကျနေပြီ. ."

ကြည့်လိုက်သောအခါ ငါးကြီးအိုင်၏ ဟိုမှာဘက်ရှိ မိုးကုပ်စက်ဝိုင်းတစ်လျှောက်ရဲရဲနီလျက်ရှိနေသည်။ အတော်ပင်ကြီးမားသည့် မုန်တိုင်းပဲဖြစ်ရမည်။ ပင်လယ်ကို ကျော်လွန်၍ ဒီဘက်မှာလာပြီးတော့ အဖျားခတ်နေသည်။ လေပြင်းကြောင့် မြင့်မားသော သစ်ပင်ကြီးများက ယိမ်းထိုးနေကြသည်။ ကွင်းထဲမှာ ဖုံတွေက ထောင်းထောင်းထနေလျက် ရှိနေကြသည်။

စံထွေးသည် ရှူးသွပ်သွားသူပမာ ငါးကြီးအိုင်ဘက်ဆီကို တန်းပြီးတော့ ပြေးသည်။ လေကိုဆန်ပြီးတော့ ပြေးနေရသည်။ လေတိုးသံတွေက တဝူးဝူး၊ တဝေါဝေါဖြင့် အော်မြည်တင်းလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

"အစ်ကို. . အစ်ကိုရေ"

နားထဲမှာ အသံတစ်သံကို မမျှော်လင့်ပဲ ကြားလိုက်ရသည်။

"ဟင်. . ဒီ. . ဒီအသံဟာ"

နှလုံးသားသည် ဆတ်ဆတ်ခါသွားခဲ့ရသည်။ ထိုခေါ်သံကြောင့် ခြေလှမ်းများပျက်ကာ ဒယိမ်းဒယိုင်ပင်ဖြစ်သွားခဲ့ရလေ၏။

"ဒါ. . ဒါ သန္တာ့အသံပဲ၊ ငါ့ကိုခေါ်တာ. . သူ့အသံကို ငါကောင်းကောင်းမှတ်မိတယ်"

"အစ်ကို. . အစ်ကို"

"ဟော. . ဟုတ်တယ်၊ သန္တာမှ သန္တာအစစ်ပဲ၊ ဘယ်မှာလဲ. . သန္တာ. . ဘယ်မှာလဲ"

နားကိုစွင့်ပြီး သေချာစွာ နားထောင်လိုက်ရာ ငါးကြီးအိုင်ဘက်ဆီက ဆိုသည်ကို ကျိန်းသေသွားခဲ့လေ၏။ သူ. . ဆက်ပြီးတော့ ပြေးလေသည်။ စိတ်ကဆောင်နေလားမသိ. . ငါးကြီးအိုင်ဆီက တခဏလေးနှင့် ရောက်သွားခဲ့သည်။

ငါးကြီးအိုင်ထဲမှာ ထူးခြားမှုတစ်ခုဖြစ်နေသည်။ လှိုင်းလုံးကြီးများက ပိုပြီးတော့ ထကြွနေကြခြင်းပင်၊ လေထန်၊ လှိုင်းထန်နေကာ ကြီးမားသော လှိုင်းများက သန္တာကျောက်





တန်းများ၊ ကျောက်ဆောင်များကို တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြသည်။

"ဝုန်း. . ဝုန်း"

နေကလည်း အတော်ကျလာပြီဖြစ်၍ မှောင်ရိပ်ကလည်း မသိမသာပင် ကျလာခဲ့လေသည်။ စံထေါ်းသည် စောစော ကခေါ်သံကြောင့် မွန်ထူလျက်ရှိနေဆဲပြီ။ သူ. . ထိုင်နေကြ သန္တာကျောက်တန်းထက်ဆီကို ကုပ်ကပ်ပြီးတော့ တက်သွားခဲ့ လေသည်။ ထို့နောက် ကျောက်တန်းထက်မှာရပ်ကာ လှိုင်းထ နေသောရေပြင်ကြီးကို ကြည့်နေမိသည်။

စိတ်ထဲမှာ ထူးခြားမှုတစ်ခုခု ဖြစ်လာလိမ့်မည်ဟု ထင်နေမိသည်။

ထိုစဉ်. .

တလိမ့်လိမ့်နှင့်တက်လာသော လှိုင်းလုံးကြီးများကြားတွင် မည်းမည်းသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။ ထိုသဏ္ဌာန်သည် မြုပ်ချီပေါ်ချီဖြင့် လှိုင်းစီးပြီး ပါလာခဲ့သည်။ စံထွေးသည် ယင်းအရာကို စူးစိုက်ပြီးတော့ ကြည့်နေမိသည်။

ထိုအရာသည် ကမ်းစပ်ကျောက်ဆောင်တွေကြားထဲကို ရောက်သွားခဲ့လေသည်။ စံထွေးသည် ကျောက်တန်းထဲမှ ဆင်းကာ ယင်းကျောက်ဆောင်များဆီကို ပြေးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်နှစ်ခုကြားထဲမှာ ရေတွေက စီးဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်နှင့် ရှိနေကြသည်။

ရေစီးနှင့်အတူ ပါလာသောသူကို စံထွေးမြင်လိုက်ရသောအခါ. . ပိန်းကနဲဆို ရင်ခုန်သွားခဲ့ရပါတော့သည်။

"ဟင်. . သန္တာ. . "



## (၁၈)

## လိုက်လာသူ ပင်လယ်သူ

စံထွေးသည် ရေထဲမှာ ဖြတ်ပြေးသွားသည်။ သူ. . တွေ့လိုက်ရသောသူမှာ အခြားသူမဟုတ်၊ သန္တာပင်တည်း။

"အစ်ကို. . "

"သန္တာ"

နှစ်ယောက်စလုံးဝမ်းသာအားရနှင့် ခေါ်မိလိုက်ကြသည်။ သန္တာသည် ရေထဲမှ ထရပ်လိုက်ကာ စံထွေးဆီကို ပြေးလာခဲ့သည်။ ရေသံတဝုန်းဝုန်းဖြင့် ညံသွားခဲ့လေသည်။ တစ်ယောက်ကိုတစ်ယောက် နှင့်ကနဲနေအောင် ဝမ်းသာအားရ ဖက်ထားမိလိုက်ကြလေသည်။

"သန္တာရယ်. . "

သန္တာသည် ပါးစပ်လေးကိုဟကာ မောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မပြောနိုင်သေး၊ ဖက်တွယ်ထားကြပြီး အတန်ကြာမှ..

"အစ်ကိုရယ်..အစ်ကို့ကို သတိရလွန်းလို့ သန္တာ မဖြစ်မနေစုံစမ်းပြီးတော့ လိုက်လာခဲ့ရတာပါ။ အစ်ကိုကတော့ သန္တာ့ကို သတိရသေးရဲ့လားဟင်"

"မေးရက်လိုက်တာ သန္တာရယ်၊ သတိရလွန်းလို့ သေမလောက်ကို ခံစားနေရတာ၊ ကိုယ့်ကိုကိုယ် ရူးသွပ်သွားပြီလားတောင် မသိဘူး"

"အမလေး..အစ်ကိုရယ်၊ ရူးတော့ ရူးမသွားပါနဲ့၊ တော်ကြာ သန္တာ့ကိုပါ မမှတ်မိတော့ပဲ ဖြစ်သွားဦးမယ်"

"သန္တာက ရေထဲကို ရောက်နေတာ မကြောက်ဘူးလား"

"ဩော်..အစ်ကိုကလည်း သန္တာလေ စောစောက ကျောက်ဆောင်ပေါ်မှာရှိနေတာ အစ်ကိုလာနေတာ မြင်နေရလို့ လှမ်းခေါ်နေတာ၊ ပြီးတော့ တစ်ခြားတစ်ယောက်ယောက်လည်း ပါလာလိမ့်မယ်ထင်လို့ ရေထဲမှာ ဆင်းပြီးတော့ ပုန်းနေတာပေါ့"

"သန္တာက ပင်လယ်သူပဲလေ ရေကိုလည်း မကြောက်ဘူး၊ လှိုင်းကိုလည်း မကြောက်ဘူး၊ အစ်ကိုသိသားနဲ့.."

"ဩော်..ဒီလိုလား"

"အစ်ကို..သန္တာလေ..ဟိုးအဝေးကြီးကနေ လာခဲ့ရတာ၊ လမ်းမှာ အနှောင့်အယှက်တွေကိုလည်း ရင်ဆိုင်





ခဲ့ရသေးတယ်"

"ဟုတ်လား၊ အစ်ကို စိတ်မကောင်းလိုက်တာကွယ်"

သန္တာ့မျက်နှာထက်မှ ရေစက်လေးများကို သုတ်ပေးရင်း..ပြောလိုက်သည်။ အကြာကြီး ခွဲခွာပြီး နေကြရ၍လား မသိ၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍မဝနိုင်အောင် ပင်ရှိနေကြသည်။ သန္တာ့တစ်ကိုယ်လုံးသည် ရေတွေရွှဲရွှဲစိုကာ နစ်နေသည်။

"အစ်ကို..သန္တာနဲ့ အတူပြန်လိုက်ခဲ့ပါ၊ သန္တာလေ.. အစ်ကို့ကို ဘယ်လိုမှ မခွဲနိုင်တော့ဘူး..လိုက်ခဲ့မယ် မဟုတ်လားဟင် အစ်ကို"

"သန္တာ ဒီမှာပဲ အစ်ကိုနဲ့အတူတူနေပါတော့လားကွယ်၊ အစ်ကိုက သန္တာ့နောက်ကို လိုက်ခဲ့ရင် သန္တာ အဖေက အစ်ကိုနဲ့ သဘောမတူဘူးဆိုပြီး ထပ်ခွဲနေပါဦးမယ်"

"အို..အစ်ကိုနဲ့ သန္တာ သူတို့နဲ့ဝေးရာမှာသွားပြီးတော့ နေကြမှာပေါ့၊ ဒီတစ်ခါ သန္တာတို့ ပုန်းနေကြမယ့် နေရာကို ဘယ်သူမှ သိနိုင်ကြမှာ မဟုတ်ပါဘူး၊ လိုက်ခဲ့မယ် မဟုတ်လားဟင်..အစ်ကို"

"အင်း..သန္တာနဲ့သာ နှစ်ယောက်တည်းအတူနေရမယ်ဆိုရင် လိုက်မှာပေါ့..ဒါပေမယ့်"

"ဒါပေမယ့် ဆိုတာ ဘာလဲဟင်၊ အစ်ကို့မှာ ဖနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆံတင်းစရာများရှိသေးလို့လား. . ချစ်သူအသစ်ရှာတွေ့နေပြီ မို့လားဟင်. . ”

“ဟာ. . ဒီလိုမဟုတ်ရပါဘူး သန္တာရယ်၊ ကိုယ်က သန္တာကလွဲပြီးတော့ ချစ်ရမယ့်သူ မရှိပါဘူး”

“ဒါဖြင့်ရင် ဘာကိုလည်းပြော၊ အစ်ကိုနော်. . အနေ ဝေးလို့ သွေးအေးသွားတာမျိုးဖြစ်သွားရင်တော့ ဟွန်း. . သန္တာ့အကြောင်းသိတယ် မဟုတ်လား”

“သိပါတယ်ဗျာ. . သိပါတယ်၊ သန္တာ့ ကိုယ့်အပေါ်မှာ ဘယ်လောက်အထိအချစ်ကြီးတယ်ဆိုတာ ကိုယ်ဆန္ဒက တစ်မျိုးပြောင်းပြီး စဉ်းစားကြရင် ကောင်းမလားလို့ပါ. . ”

“ဘယ်လိုတစ်မျိုးလည်းဟင်. . ”

“အစ်ကို့မိဘတွေကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောလိုက်ရင် ကောင်းမလားလို့ပါ”

“အမလေး. . မ. . မပြောပါနဲ့ အစ်ကိုရယ်၊ အင် ကို့ မိဘတွေသာသိသွားခဲ့ကြရင် ပိုဆိုးကြမှာ၊ သန္တာ့ကို ဖမ်းချ် တောင်ဖမ်းကြမှာ. . ”

“အင်း. . သန္တာသဘောမတူရင် မပြောတော့ပါဘူး လေ. . ”

“ဘာလဲ. . အစ်ကိုက မိဘနဲ့ခွဲပြီး နေရမှာကို နောက်ဆံ တင်းနေသလား၊ သန္တာ့ကို တစ်ကယ်ချစ်ရင် အားလုံးကို





စွန့်လွှတ်ရမှာပဲ၊ သန္တာတောင်. . အားလုံးကို ရင်ဆိုင်ပြီး စွန့်လွှတ်ရဲသေးတာပဲ”

စံထွေးသည် သက်ပြင်းတစ်ချက်ချမိလိုက်သည်။ သန္တာလို မိန်းကလေးတစ်ယောက်က အန္တရာယ်များသော ပင်လယ်ကြီးကို ကျော်ဖြတ်လာရဲသော သတ္တိရှိခဲ့ရင် မိမိကကော သူမ၏နောက်ကို ဘာ့ကြောင့် မလိုက်နိုင်ရမှာလည်းဟူ၍။

ထိုစဉ်. .

အသံတစ်သံကို မမျှော်လင့်ပဲ ကြားလိုက်ကြရလေ သည်။

“စံထွေးရေ. . စံထွေး”

“ဟာ. . ဒါ. . ဒါမောင်မှတ်ရဲ့ အသံပဲ၊ အိမ်က လွှတ်လိုက်လို့ နောက်ကလိုက်လာခဲ့တာ ထင်တယ်၊ သန္တာ့ကို မြင်သွားလို့ မဖြစ်ဘူး၊ ခဏပုန်းနေနော်. . အစ်ကို မနက်ကျရင် ပြန်လာခဲ့မယ်”

“ဟင်. . ဟုတ်လား၊ တကယ်ပြန်လာခဲ့နော် အစ်ကို၊ သန္တာ့ကို ညာမသွားနဲ့နော်၊ အစ်ကိုသာညာသွားခဲ့ရင် သန္တာ သေသွားလိမ့်မယ်. . သိလား”

“မညာရက်ပါဘူး သန္တာရယ်၊ အစ်ကို့ကို ဒါလောက် တောင်အထင်သေးရသလား၊ ဆက်ဆက်ပြန်လာမယ်. . စိတ်ချ သန္တာသာ ဘယ်သူမှ မတွေ့အောင် ပုန်းနေ. . သိလား”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ အစ်ကို၊ သန္တာ့အတွက် မပူနဲ့နော်၊ သန္တာ့ကိုကူညီမယ့်သူရှိနေလို့ . . သိလား"

"ကူညီမယ့်သူ ဟုတ်လား၊ သူ . . သူက ဘယ်သူလဲ သန္တာ . ."

"စံထွေးရေ . . စံထွေး"

မောင်မှတ်၏ ခေါ်သံကို ထပ်ပြီးတော့ ကြားလိုက်ကြရပြန်သည်။ သန္တာသည် စံထွေး၏ အမေးကို မဖြေနိုင်တော့၊ ထိုနေရာမှ ပြေးထွက်သွားခဲ့လေတော့သည်။

"သန္တာ . . သန္တာ"

သန္တာကား နောက်ကိုပင် လှည့်မကြည့်တော့ပါ။

လေက အတော်ကလေးကို ထန်နေသည်။ ကျောက်ဆောင်နားကို ရောက်လာသော မောင်မှတ်၊ သူ့နားထဲမှာ စကားပြောသံလိုလို ကြားလိုက်ရသည်။ ထို့ကြောင့် အသံလာရာဆီကို ခန့်မှန်းပြီး ကျောက်ဆောင်ပေါ်ကို တက်လာခဲ့လေသည်။ ထို့နောက် ကျောက်ဆောင်နှစ်ခုကြားထဲသို့ ငုံ့ကြည့်လိုက်လေ၏။

စံထွေးကို တွေ့လိုက်ရသည်။ သူ့နှုတ်မှ တစ်စုံတစ်ရာကို ရေရွတ်နေသလိုလိုပင်၊ တစ်ယောက်ယောက်နှင့် စကားပြောနေသည့်ဟန်၊ မောင်မှတ် . . အံ့အားသင့်သွားခဲ့ရလေသည်။

"ဟေ့ကောင် စံထွေး၊ မင်းတစ်ယောက်တည်း





ဘယ်သူနဲ့ စကားပြောနေတာလဲ၊ လေတွေ ဒါလောက်ထန်နေတာ . . မိုးလည်း ရွာလာနိုင်တယ်၊ လာ . . အိမ်ကိုပြန်ကြရအောင် . . မင်းမိဘတွေက စိတ်ပူပြီး ငါ့ကိုလိုက်ရှာခိုင်းလို့ကွ . ."

စံထွေးသည် မောင်မှတ်၏အသံကြောင့် ထိတ်ကနဲဆိုဖြစ်သွားခဲ့ရလေသည်။ မောင်မှတ်က မထင်မှတ်ပဲ ကျောက်ဆောင်ထက်ကအော်ပြီး ပြောလိုက်သောကြောင့်ပင်။

"ဟင် . . မောင်မှတ်၊ ငါ့ကို ကျောက်ဆောင်ပေါ်ကနေ တိတ်တိတ်လေးချောင်းပြီးတော့ ပြောနေတာကိုး၊ သန္တာ . . သန္တာ၊ သူ . . သန္တာကို မတွေ့လိုက်ဘူးထင်တယ်၊ တော်ပါသေးရဲ့ . ."

စံထွေးက ကျောက်ဆောင်ထက်ကို မော့ကြည့်လိုက်ပြီး-

"ငါ . . ငါ သန္တာ၊ အဲ . . ဘယ်သူနဲ့မှ စကားမပြောမိပါဘူးကွာ၊ ဒါလောက်လေတွေထန်နေတာ . . မင်းနားကြားလွဲလို့ဖြစ်ပါလိမ့်မယ်"

"အင်း . . သန္တာဆိုပါလား၊ ငါကြည့်တော့ ဘယ်သူမှလည်း မတွေ့ရဘူး၊ ဒီကောင်ပြန်ပြီး ဖောက်လာပြန်ပြီထင်တယ် ဒါပေမယ့် ငါအလိုက်သင့်ပြန်ပြီးတော့ ပြောမှ . ."

"အေးပါကွာ၊ ငါ့စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ သစ်ပင်ကို လေတိုးနေကြတဲ့ အသံတွေက တစ်ခုခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွ. . လူစကားပြောသံလိုပဲ”

သူတို့နှစ်ယောက်သည် မှောင်ထဲမှာပင် ရွာလမ်းဆီကို လှမ်းခဲ့ကြသည်။ လေအတိုက်ကလည်း မလျော့သေးပေ။

စံထွေးသည် မသိမသာနောက်ချန်ကာ လျောက်ရင်း ငါးကြီးအိုင်ဘက်ဆီကို လှမ်းကြည့်မိလိုက်သေးသည်။ သန္တာ၏ အရိပ်အယောင်ကို သဲ့မှ မမြင်ရတော့၊ သူမတစ်ယောက်တည်း . ထားခဲ့ရသည့်အတွက် ပူပန်စိတ်က ဝင်နေမိလေ သည်။



(၁၉)

## လာပြန်ပြီဆရာဖြူတဲ့

စံထွေးသည် မောင်မှတ်နှင့်အတူ အိမ်ကို ပြန်ရောက်လာခဲ့သည်။ မိဘနှစ်ပါးဖြစ်ကြသော ဦးအောင်ဘွားနှင့် ဒေါ်မှိန် တို့က သား၏မျက်နှာရိပ်၊ မျက်နှာကဲကိုကြည့်နေကြသည်။ ဘာမှတော့ မပြောကြပေ။ သို့သော်. . သားအတွက် ပူပန်စိတ် တွေတော့ ၂ပဲနေကြသည်။

“ကျွန်တော်. . ငါးကြီးအိုင်ဘက်ကိုသွားတာပါ၊ မိုးချုပ် သွားတယ်. .”

“သြော်. . အပြင်မှာလေတွေက တအားတိုက်နေဘာယ် လေ၊ သားဘယ်ကို ထွက်သွားမှန်း မသိလိုက်ဘူး၊ အဲ့ဒီအတွက် စိုးရိမ်ပြီး မောင်မှတ်ကို ရှာခိုင်းလိုက်တာပါ”

“ဟုတ်ကဲ့ လေတွေက တအားပဲ တိုက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ပြန်လာတော့မလို့ပါပဲ၊ မောင်မှတ်က အရင်ရောက်လာလို့"

စံထွေးက မောင်မှတ်ရှေ့မှာပင် အိတ်ထဲက ပုလဲလုံးလေးကိုထုတ်ကာ မိခင်ဒေါ်မှိန်ကို ပေးလိုက်သည်။

"ရော့ အမေ၊ ဟိုရွှေပုလဲလုံးလေးနဲ့ပေါင်းရင် နှစ်လုံးပေါ့။ နောင်အခါ . ဒါတွေကို ထုခွဲရောင်းချပြီး အရင်းအနှီးရတာပေါ့"

ဦးအောင်ဘွားနှင့် ဒေါ်မှိန်တို့သည် ရွှေပုလဲလုံးလေးကို တစ်ယောက်တစ်လဲစီ ကိုင်ကြည့်ကြပြီး အံ့အားသင့်နေမိကြလေသည်။

"ဒီရွှေပုလဲလုံးလေးက ဘယ်ကရလာခဲ့တာလဲ သား"

"ကျွန်တော့်ရဲ့မိတ်ဆွေ ကိုတက်လူဆိုတဲ့လူက လက်ဆောင် ပေးလိုက်တာပါ အမေ"

"ကိုတက်လူ ဟုတ်လား၊ ဘယ်ကများလည်းကွယ့်၊ အမေတို့လည်း ဒီနာမည်ကို တစ်ခါမှ မကြားဖူးပါလား . ."

"ဟုတ်တယ် . . အဖေလည်း မကြားဖူးဘူး"

"သူက ပုလဲကုန်သည်တစ်ဦးတဲ့၊ ငါးကြီးအိုင်ဘက်မှာ သုံးလေးခါလောက်တော့ တွေ့ဖူးတယ်၊ ကျွန်တော်နဲ့ခင်သွားတာပေါ့။ အခု . . သူက ကျွန်တော့်ကို ခင်လို့ ဒီရွှေပုလဲလုံးလေးကိုပေးလိုက်တာ၊ ယူထားလိုက်ပါ . ."





ထို့နောက် . .

မောင်မှတ်နှင့်အတူ မိဘများနှင့် အတန်ကြာခဏ ပြောပြီး အိမ်ပေါ်ကို တက်သွားခဲ့လေသည်။

ညဦးပိုင်းလောက်တွင် မောင်မှတ်က အိမ်ကို တစ်ခေါက်ပြန်လာခဲ့သည်။ ပင်လယ်ဘက်က မုန်တိုင်း၏ အရှိန်ကမပြေသေး၊ လေက အဖျားခတ်ကာ တဟူးဟူး တဝူးဝူး ဖြင့်တိုက်နေဆဲပင်။

မောင်မှတ်လာမည်ကိုသိ၍ ဦးအောင်ဘွားနှင့် ဒေါ်မှိန်တို့က မအိပ်ကြသေးပဲ တမင်ပင် စောင့်နေကြသည်။ အိမ်ပေါ်မှာမဟုတ်ပဲ ခြံထဲရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဖြစ်သည်။ ကွပ်ပျစ်ပေါ်မှာ ထိုင်နေကြလေသည်။

"လာ . . မောင်မှတ်၊ မင်းလာမယ်ဆိုလို့ ငါတို့တမင် စောင့်နေကြတာ"

ဦးအောင်ဘွား၏ဘေးမှာ မောင်မှတ်က ဝင်ပြီးတော့ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စံထွေး အိပ်သွားပြီလား ဦး"

"အေး. . သူ့ခင်ဗျာ ဘာတွေများစိတ်မောလူမောဖြစ်လာသလည်းမသိပါဘူးကွာ၊ ထမင်းစားပြီးတာနဲ့ အိပ်ယာထဲ ဟန်းဝင်သွားတယ်၊ ငါစောစောက တစ်ခေါက်သွားကြည့်တော့ အိပ်မောကျနေပြီကွ မောင်မှတ်၊ မင်း သူ့အကြောင်း ဘာသိထားသလဲကွ. . မင်းမှာ ပြောစရာတွေရှိနေတယ်ထင်တယ်"

"ဟုတ်တယ်. . ကျွန်တော်လည်း မပြောမဖြစ်လို့ ပြောရမှာပါ။ သူကတော့ ဘယ်သူ့ကိုမှ ပြန်ပြီးမပြောပြပါနဲ့လို့ ပိတ်ထားတာပဲ. . "

"အေးပါကွာ၊ ဘာပဲဖြစ်ဖြစ်လေ. . သူ့အတွက် အန္တရာယ်ဖြစ်မယ့် ကိစ္စမျိုးဆိုရင် မင်းပြောရမှာပေါ့၊ ညီအစ်ကိုတွေပဲ မဟုတ်လား"

ဒေါ်မှိန်ကတော့ ဘာတစ်ခွန်းမှ ဝင်မပြော မောင်မှတ်၏ စကားကိုသာ ငုံ့လင့်နေလေသည်။

"ဒီလိုပါ. . စံထွေးဟာ ကျွန်တော်နဲ့အတူ လှေပျက်ပြီး ပင်လယ်ထဲမှာ ကျန်ခဲ့တယ်၊ ဒါအားလုံးအသိပဲ၊ သူရွာကို ပြန်ရောက်လာတော့ ကျွန်တော့်ကို သူ့ရဲ့အဖြစ်အပျက်တွေ အားလုံးကိုပြန်ပြောပြတယ်. . "

"ဟင်. . သားရဲ့အဖြစ်အပျက်တွေ ဟုတ်လား၊ ထူးခြားချက်တွေရှိလို့လား. . သားက ဘာတွေများပြောသလဲဟင်"





"မမှိန်မလောပါနဲ့လေ၊ မောင်မှတ်ပြောတာကို. . အေးအေးဆေးဆေးနားထောင်ပါကွယ်"

ဦးအောင်ဘွားက ဒေါ်မှိန်ကို ဖြောင့်ဖျလိုက်သည်။

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်လည်း သူ့စကားတွေကို နားလည်ပေးချင်ယောင် ဆောင်ခဲ့ပါတယ်၊ ဒါပေမယ့် ယုတ္တိမတန်တာတွေ ဖြစ်နေလို့ သူ့အတွက် စိုးရိမ်လာမိတာနဲ့ အခုလို ဖွင့်ပြောရတာပါ"

မောင်မှတ်သည် စံထွေးမရှိခိုက်မှာ သိသမျှအားလုံးကို ပြောပြလိုက်လေသည်။

"ဟင်. . ဒီလိုဆိုရင် ကျွန်မရဲ့သားလေးဟာ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီးပျောက်နေခဲ့တာ ရေသူမနဲ့တွေ့နေလို့ပေါ့ ဟုတ်လား၊ အမလေး. . ကိုယ်ကျိုးတော့ နည်းဟုန်ကြပါပြီတော်၊ ကြည့်လုပ်ကြပါဦး. . "

ဒေါ်မှိန်သည် ရင်ဘတ်စည်တီးမတတ်ဖြစ်သွားခဲ့လေရာ. .

"မမှိန်. . မင်းသားပြောတာကို လျှောက်ပြီးတော့ ယုံမနေနဲ့၊ ငါကြားခဲ့တာကတော့ သားဟာ ပင်လယ်ထဲမထွက်မီမှာ တင်မောင်တို့နဲ့ ရေသူမအကြောင်းနောက်ပြောင်ပြီးတော့ ပြောခဲ့ကြတယ်လို့ သိရတယ်၊ ပင်လယ်ထဲမှာ လှေပျက်တော့ ကြောက်စိတ်တွေဝင်သွားပြီး ရေသူမအကြောင်းခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတော့ စွဲသွားသလားမှ မသိတာ၊ ပြီးတော့ ခေါင်းကိုလည်း သစ်တုံးတစ်တုံးက ဆောင့်မိသွားပြီး ထိခိုက်သွားသေးသတဲ့. .

ဒဏ်ရာကြောင့် စွဲမိစွဲရာဖြစ်ပြီး သူ့ဘာသာသူ ဇာတ်လမ်းဆင်၊ မဟုတ်ကို အဟုတ်ထင်ပြီး ပြောသလားမှ မသိတာ"

"အို. . ရေသူထီးတို့ ရေသူမတို့ဆိုတာ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းပဲ၊ သူတို့ဟာ မကောင်းတဲ့ မိစ္ဆာတွေပဲ၊ ကမ္ဘာဗိဒ္ဓိ တန်ခိုးရှိကြတယ်၊ လူယောင်ဖန်ဆင်းပြီး ဖြားယောင်းသွေးဆောင်နိုင်ကြတယ်တဲ့တော်ရေ၊ သားကိုဖြားယောင်းသွေးဆောင်ခဲ့ပြီးပြီထင်တယ်၊ ဒါကြောင့်မို့ သားက အရူးအမူးဖြစ်နေတာ. ."

"မဟုတ်သေးဘူး မမှိန်၊ ရေသူမအကြောင်းကို သူပြော၊ ကိုယ်ပြောနဲ့သာသိကြရတာ၊ တကယ်ဆိုရင် ရေသူမကို မမြင်ဖူးတဲ့သူတွေချည်းပဲ၊ သားဟာ စိတ်ကူးယဉ်နေတာပါကွယ်"

"အို. . သူတကယ်တွေ့ခဲ့၊ ကြုံခဲ့လို့သာ သတိရပြီး ပြောပြောနေတာဖြစ်မှာပေ့ါ၊ ဒီလို အဟိတ် တိရစ္ဆာန်တစ်ပိုင်း၊ လူတစ်ပိုင်းမနဲ့ ညားတောင်ညားခဲ့ပြီလား မသိပါဘူး၊ သားလေးကိုကယ်ကြပါဦး. ."

"ဒါလောက်ကြီးလည်း အစိုးရိမ်မကြီးစမ်းပါနဲ့ကွာ၊ သားက အခုဘာဖြစ်နေသေးလို့လဲ၊ သူ့ဘာသာသူ အေးအေးဆေးဆေးနေနေတာပဲ. . မဟုတ်လား"





ဒေါ်မှိန်က သားအတွက် ရင်ထဲမှာ မီးတောက်နေသလောက် ဦးအောင်ဘွားကတော့ အေးဆေးစွာပင် ပြောလိုက်လေသည်။

စံထွေးသည် တစ်ညလုံး နှစ်ခြိုက်စွာနှင့် အိပ်ပျော်သွားခဲ့သည်။ စိတ်ပင်ပန်းမှုဒဏ်ကြောင့် စိတ်မောလူမောဖြစ်ကာ တစ်ရေးမှမနိုးဘဲတောက်လျှောက် အိပ်ပျော်သွားခဲ့ခြင်းပင်။

ဖြတ်ကနဲနိုးလာသောအခါ မိုးစင်စင်လင်းလျက်ရှိနေလေပြီ။ သူပထမဦးဆုံး သတိရမိလိုက်သူက. .

"သန္တာ. . သန္တာဆီကိုငါသွားရမှာပါလား၊ တစ်ညလုံး သူတစ်ယောက်တည်း ဘယ်လိုနေနေရှာမလဲ"

မျက်နှာကို အလျင်စလိုသစ်နေမိသည်။ မလှမ်းမကမ်းတွင် ဖခင်ဖြစ်သူ ဦးအောင်ဘွားက စံထွေးကို မသိမသာ အကဲခတ်လျက်ရှိသည်။

"ဒီကောင်က မျက်နှာသစ်တာ အလောတကြီးနဲ့ပါလား"

စံထွေးသည် ဖခင်က သူ့ကို အကဲခတ်နေသည်ကို သိသွားခဲ့လေသည်။

"အဖေက ငါ့ကို မသိမသာ အကဲခတ်နေတာပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြံအစည်ကို သိနေသလား မပြောတတ်ဘူး"

ထို့ကြောင့်. .

"အင်း. . ငါ. . ငါးကြီးအိုင်ဆီကို သွားလို့မဖြစ်သေးဘူး၊ ငါ့ကို အလစ်မပေးကြတော့ဘူး၊ သတိထားပြီးနေမှ ဖြစ်တော့မယ်၊ သန္တာကတော့ ငါ့ကို မျှော်နေတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ်. . ဒီနေ့ကတော့ ရောက်အောင်ကို သွားရမယ်"

စံထွေးသည် မျက်နှာအမူအရာ ကိုယ်အံမူအရာတို့ကို လျော့ပစ်လိုက်ကာ ဖခင်ယုံကြည်အောင် နေပြလိုက်သည်။

"အမေလည်း မရှိဘူး၊ ဘယ်သွားသလည်း မသိဘူး"

ဖခင်ဖြစ်သူကို မေးမည်ကြံသော်လည်း မမေးဖြစ်တော့၊ စံထွေးသည် တစ်နေ့လုံးခြံထဲမှာ ရှိနေသော်လည်း စိတ်ကတော့ တစ်နေရာကို ရောက်လျက်ရှိသည်။ နေမသိထိုင်မသာဖြစ်လျက် ရှိနေသည်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားရသည်။

"သန္တာရေ. . အစ်ကို သန္တာဆီကို မရောက်ရောက်အောင်လာခဲ့ပါ့မယ်ကွယ်၊ သန္တာသာ တစ်ခြားဘယ်နေရာကိုမှ ထွက်မသွားနဲ့ပါနော်"

ရင်ထဲမှာ သောကမီးကပွားနေလျက်ရှိနေလေသည်။





ဒေါ်မှိန်သည် ထိုနေ့မနက်မိုးမလင်းမီကပင်လျှင်. . ရွာတစ်ရွာသို့ ထွက်သွားသည်။ ဦးအောင်ဘွားပင် မသိလိုက်၊ သူနေဘက်ပြန်လာသော်အခါ ဆရာတစ်ယောက် ပါလာခဲ့လေသည်။

"ဒီမှာ. . ဖအေကြီး၊ သားဟာ ပင်လယ်ထဲက မကောင်းဆိုးရွားကပ်ပါလာတယ်လို့ ပြောတယ်၊ ဟောဒီ ဆရာက ပရောဂကို အတော်နိုင်တယ်တဲ့၊ သားကို ကုဖို့ ကျွန်မရှာပြီး ပင့်လာခဲ့တာ"

ဦးအောင်ဘွားသည် ဒေါ်မှိန်၏စကားကြောင့် အံ့အားတသင့်ဖြစ်သွားခဲ့ရလေ၏။

ထိုအခါ ဆရာဖြစ်သူက. .

"ဟုတ်ပါတယ်. . ခင်ဗျားတို့ရဲ့သားဟာ ပင်လယ်ထဲမှာ မကောင်းတဲ့ နာနာဘာဝတွေကပ်ပြီး ငြိလာခဲ့တာ၊ ရေသူမ ယောင်ဆောင်ပြီး ချစ်ကြိုက်ကြတယ်၊ အဲ. . ခင်ဗျားတို့ရဲ့ သားက ဟိုဘက်ကို စိတ်က ညွတ်သွားခဲ့တာနဲ့ သူ့အသက်ကိုပါ နှုတ်ယူသွားမှာပဲ"

"ကဲ. . ကြားလား၊ ဆရာပြောတာကို သားကို ဒီအတိုင်း ပစ်ထားလို့ မရတော့ဘူး"

ဒေါ်မှိန်က ဦးအောင်ဘွားကို ပြောလိုက်လေသည်။

"အဲ. . ဒါပေမယ့် ဘာမှမပူပင်ကြပါနဲ့၊ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် ဒီမကောင်းဆိုးရွားကောင် ထွက်ပြေးစေရမယ်၊ ကျုပ် ဒီလို ပရောဂမျိုးတွေကို ကုလာခဲ့တာ များလှပြီ။ ဆရာဖြိုးတဲ့ ရန်ဟူသမျှကို ဖြိုလာခဲ့တာ၊ မနိုင်မရှိစေရဘူး၊ ဘယ်မှာလဲ. . ခင်ဗျားတို့ရဲ့ သား ပူးနေတဲ့ ပရောဂကို ခွဲထုတ်ပစ်ရမယ်"

ဆရာဖြိုးကလည်း လက်သီးလက်မောင်းတန်းကာ တစ်ကြိမ်တည်း ကြိမ်းဝါးနေလေတော့သည်။

ထိုအခါ ဦးအောင်ဘွားသည် ဇနီးဖြစ်သူကို တစ်နေရာဆီကို ခေါ်သွားပြီး. .

"မင်း. . ဘယ်လို လုပ်လိုက်တာလဲ၊ သားကို ပရောဂကပ်နေတယ်လို့ ဘယ်သူက ပြောလဲ၊ အရမ်းတွေ လျှောက်လုပ်နေပြန်ပြီကွာ"

"ဆရာကပြောတာ ရှင်လည်းကြားသားပဲ မဟုတ်လား၊ သားဟာ သွေးရိုးသားရိုးမဟုတ်ဘူးလေ၊ ပရောဂက ရေသူမယောင်ဆောင်ပြီး ပူးကပ်နေတာပဲ"

"ဒါက မင်းရဲ့ အထင်ကိုး၊ ဒီဆရာဆိုတဲ့ လူပြောတိုင်း လျှောက်ပြီးတော့ယုံနေ၊ တချို့က သမားတော်အစစ်မဟုတ်ဘဲနဲ့ ခြိမ်းခြောက်၊ ဟိန်းဟောက်ပြီး ပိုက်ဆံလိုချင်လို့ ကြံစည်ကြတာ မဟုတ်ကို အဟုတ်လုပ်ကြံဖန်တီးကြတာ"

"အို. . တော်. . တိုးတိုးပြောပါ၊ ဆရာကြားသွားပါဦးမယ်၊ သူက နာမည်ကြီးပရောဂဆရာ. . ရှင်ပြောသလို ညာဝါး





ဖြီးဖြန်းတဲ့ ဆရာမျိုးတော့ မဖြစ်နိုင်ပါဘူး"

"ကျွန်မကလည်း သားလေးအတွက်ပါ သူပြန်ပြီး စိတ်မှန်လာရင် ပြီးရောဆိုပြီး လုပ်မိတာပါ"

"ခက်ကုန်ပြီကွာ၊ ငါက သားကို ချော့မော့ပြီး တဖြည်းဖြည်းနဲ့ဖြောင့်ဖျယူမလို့၊ မင်းအခု ဒီဆရာနဲ့လုပ်တာကို သားက ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူးကွ"

သူတို့ပြောနေကြသည့် စကားများကို အိမ်အပြင်ခြေရင်းဘက်ထရံမှ ကပ်ပြီးတော့ နားထောင်နေသော စံထွေးက ကြားသွားခဲ့လေသည်။

"ဟင်. . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါ့ကို ပရောဂဆရာနဲ့ ကုကြမှာတဲ့၊ ငါက ဘာမှ,မှ မဖြစ်တာ၊ ငါဒီနေရာကနေ အမြန်ဆုံး ထွက်သွားမှ ဖြစ်တော့မယ်"

စံထွေးသည် တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့ရသည်။ ထို့ကြောင့် ချက်ချင်းပင် ခြံအနောက်ဖက်မှ လစ်ထွက်သွားခဲ့လေတော့၏။ သူထွက်သွားသည့်နေရာမှာ ငါးကြီးအိုင်ဘက်ဆီသို့လွှဲ၍ တခြားဖြစ်နိုင်တော့မည်နည်း။

စံထွေးသုတ်သီးသုတ်ပျာနှင့် ထွက်သွားခဲ့သည်ကို တင်မောင်နှင့် ငမိုန်းတို့က အမှတ်မထင်ပင် တွေ့သွားခဲ့လေသည်။

"ဟင်. . မိုးချုပ်ကာနီးမှ စံထွေးတစ်ယောက် ဘယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



တကြီးအမူအရာမျိုးနဲ့ ဘယ်ကိုထွက်သွားမလို့လည်း မသိဘူး တင်မောင်၊ ဒီကောင်. . ငါးကြီးအိုင်ဘက်ကို သွားနေတာကွ”

ထိုစဉ်. .

မောင်မှတ်လည်း သူတို့၏ အနားကိုရောက်လာခဲ့လေရာ. .

“မင်းတို့နှစ်ယောက် ဘာတွေဖြစ်နေကြတာလည်းကွ”

“ဟာ မောင်မှတ်၊ အတော်ပဲ. . ဟိုမှာလေ စံထွေး ဒီကောင်မိုးချုပ် မှ ဘယ်ကိုသွားမလို့လည်း မသိဘူး”

“ဟေ. . ဟာ ဟုတ်. . ဟုတ်ရဲ့လားကွာ”

မောင်မှတ်သည် ပျပျလေးသာမြင်လိုက်ရတော့သော စံထွေးကိုကြည့်ပြီး မျက်လုံးပြူးသွားခဲ့ရလေသည်။



(၂၀)

## ချစ်၍ခေါ်ရာ

မုန်တိုင်းသည် တစ်ကျော့ပြန်လာခဲ့ပြီဖြစ်သည်။

ပင်လယ်ကမ်းစပ်တွင် လှိုင်းလုံးကြီးများက တဝုန်းဝုန်း ဖြင့်ရိုက်ခတ်နေကြသည်။

သစ်ပင်ကြီးငယ်တို့သည်လည်း လေဒဏ်ကြောင့် လဲပြိုကြတော့မတတ်ရှိနေကြသည်။ လွင့်ပါးနေကြသော သဲမှုန်များသည် လေတိုက်ခတ်ရာတစ်လျှောက် ထောင်းထောင်းထ အောင်လိုက်ပါနေကြလေ၏။

သပြေတောအပါအဝင် အခြားသော ရွာများဘက်ဆီမှာလည်း မုန်တိုင်း၏အရှိန်ကြောင့် လေပြင်းများကျနေလျက်ရှိကြလေသည်။ သို့သော် ပင်လယ်ကမ်းခြေနှင့် နီးသော ရွာများဖြစ်ကြ၍ ဤလိုအတွေ့အကြုံများသည် ရိုးနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စံထွေးသည် ငါးကြီးအိုင်ဘက်ဆီကို ရောက်လာခဲ့သည်။ ယင်းဘက်ဆီမှာလည်း ရေလှိုင်းများက တဝုန်းဝုန်းနှင့် ထကြွလျက်ရှိနေကြလေသည်။

"ဝုန်း. . ဝုန်း"

"သန္တာ. . သန္တာ. . ဘယ်မှာလဲ"

"သန္တာရေ. . သန္တာ"

လေတိုးသံ တဝေါဝေါ တဟူးဟူးကြားထဲမှာ စံထွေက အသံကိုမြှင့်ပြီးတော့ ခေါ်လိုက်လေသည်။ မကြာမီ သူနှင့် သန္တာတို့ နောက်ဆုံးတွေ့ခဲ့ကြသည့် နေရာကို ရောက်လာခဲ့လေသည်။ ကျောက်ဆောင်ပေါ်ကို ကုပ်ကတ်ပြီးတော့ တက်သွားခဲ့သည်။

မြင့်မားသော ကျောက်ဆောင်ကြီး၏ ထိပ်ကို ရောက်သောအခါ အပေါ်စီးကနေ၍ အောက်ကို ငုံ့ကြည့်လိုက်မိသည်။

"သန္တာကိုလည်း မတွေ့ရဘူး၊ သူဘယ်ကို ရောက်နေသလဲ၊ ငါရောက်မလာလို့များ ပြန်သွားခဲ့ပြီလား"

ရင်ထဲမှာ စိုးထိတ်သွားခဲ့ရသည်။ သန္တာသာ ပြန်သွားခဲ့ရင်တော့ ဟူသော အတွေးက သူ့ကိုခြောက်လှန့်နေသည်။ မိုးကောင်းကင်တစ်ခုလုံးသည်လည်း မည်းတက်လာခဲ့လေပြီ။

"ဂျိမ်း. . ဂျိမ်း"

မိုးခြိမ်းသံများကို နားကွဲမတတ်ပင် ကြားလာခဲ့ရသည်။





လျှပ်နွယ်၊ လျှပ်ပန်းတွေကလည်း ဝင်းကနဲ၊ ထင်းကနဲဖြင့် ဖြိုးဖြက်လင်းလက်သွားခဲ့ကြလေ၏။ မကြာမီမှာ မိုးပါရွာတော့မည့်လက္ခဏာပင်တည်း။

"သန္တာ. . သန္တာရေ"

စံထွေးသည်း ကျောက်တုံးထက်ဆီက အသံကုန်ဟစ်ပြီးတော့ ခေါ်မိလိုက်ပြန်သည်။ သူ့အသံသည် မိုးခြိမ်းသံများနှင့် ရောနှောသွားခဲ့လေ၏။

ထိုစဉ်. .

ကျောက်ဆောင်နှစ်ခုကြားမှ သဏ္ဌာန်တစ်ခုက အမှတ်မထင်ထွက်လာခဲ့လေသည်။ [စံထွေး၏မျက်လုံးထဲမှာတော့] သူမသည် သန္တာပင်တည်း။

"ဟော. . သန္တာ၊ သန္တာ ရောက်လာပြီ. ."

စံထွေးသည် ကျောက်တုံးနှစ်ခုကြားထဲကို ခုန်ချလိုက်လေ၏။ ေ...က်မှာ တလိမ့်လိမ့်ဖြင့် ဝင်လာသော ရေလှိုင်းများက ဆီးပြီးတော့ ခံနေသည်။

"ဝုန်း. ."

စံထွေးရေထဲကို ကျသွားသည်။ ရေထဲမှာပြေးလာသော သန္တာက စံထွေးကို ဆီးပြီးတော့ ထိန်းထားလိုက်လေသည်။

"အစ်ကိုရယ်၊ မနက်လာမယ်ဆိုလို့ သန္တာတစ်နေ့လုံးစောင့်နေရတာ၊ ခုကျမှ ဘာဖြစ်လို့လာခဲ့ရတာလဲဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က အစ်ကို့ကို အလစ်မပေးပဲ စောင့်ကြည့်နေကြလို့ သန္တာ၊ သူတို့က ဆရာတစ်ယောက်ခေါ်လာပြီး အစ်ကိုနဲ့ သန္တာ့ကို ခွဲကြတော့မယ်"

"ဟင်. . ဟုတ်လား အစ်ကို၊ ဒီလိုဆိုမဖြစ်ဘူး၊ သန္တာတို့ ဒီနေရာကနေ အမြန်ဆုံးထွက်ခွာသွားကြမှ ဖြစ်တော့မယ်"

"မုန်တိုင်းကျနေတာ. . ဘယ်လိုသွားလို့ဖြစ်ပါ့မလဲ သန္တာ. ."

"အို. . သန္တာလည်း မုန်တိုင်းထဲကနေ လာခဲ့ရတာပဲ သန္တာနဲ့ အတူသွားရင် အစ်ကို ဘာမှမဖြစ်စေရဘူး"

စံထွေးတွေဝေနေမိသည်။ သို့သော် သန္တာသည် စံထွေးကို လက်ဆွဲပြီးတော့ ခေါ်သွားခဲ့လေသည်။

မှောင်ရီသန်းလာခဲ့ပြီဖြစ်၍ လမ်းကို ကောင်းစွာ မမြင်ရတော့၊ ကျောက်ဆောင်တွေကြားထဲမှာ ရေသံတွေ တဝုန်းဝုန်းနှင့် သူတို့ပြေးသွားနေကြသည်။ သန္တာက ဦးဆောင် နေသည်။ သူ့ကို မည်သည့်နေရာဆီကို ခေါ်သွားလေသနည်း၊ ငါးကြီးအိုင်ထဲမှာ ရေတွေက ပြည့်လျှံနေကြပြီဖြစ်သည်။ ထို့ကြောင့် ကျောက်ဆောင်တွေကြားထဲကို တိုးပြီးတော့





ဝင်လာနေကြလေသည်။ ဒူးဆစ်မက ပေါင်လည်လောက်ပင် မြင့်တက်လာခဲ့လေပြီ။

သန္တာသည် တစ်နေရာကို ရောက်သွားသောအခါ ရပ်တန့်သွားခဲ့ရသည်။ ရှေ့မှာ တွင်းကြီးတစ်ခုက ဆီးပြီးတော့ ခံနေသောကြောင့်ပင်၊ စံထွေးသည် ထိုတွင်းကြီးကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။ ငါးပါးစပ်တွင်းကြီးပင်တည်း၊ သူ. . နောက်ထပ်ရှာ၍ မရတော့သော ငါးခေါင်းကြီးနှင့်တူသည့် တွင်းကြီးပါတည်း။

တွင်းကြီး (ငါးပါးစပ်ကြီး)ထဲကို ရေတွေက တဝေါဝေါဖြင့်ဆီးပြီးဝင်နေလျက်ရှိကြသည်။ သန္တာသည် ဤတွင်းကြီးကို မည်သို့သိရှိခဲ့လေသနည်း၊ တွေးတောချိန်မရလိုက်ပါ၊ သန္တာက အရင် တွင်းကြီးထဲကို ဆင်းသွားသောကြောင့်ပင်တည်း၊ ရေတွေက တဝေါဝေါဖြင့် တိုးပြီးဝင်နေသောကြောင့် လှေကားထစ်များကို မမြင်ရတော့သော်လည်း စမ်းပြီးတော့ ဆင်းသွားနိုင်ခဲ့ကြသည်။

စံထွေးသည် ဤနေရာကို တစ်ကြိမ်ရောက်ဖူးခဲ့ပြီမို့ ကောင်းစွာ မှတ်မိနေခဲ့လေ၏။ ငါးပါးစပ်ဂူကြီး၏ အောက်ခြေကို ရောက်သွားခဲ့ကြသည့်တိုင် ရေတွေက ဂူပေါက်မှသည် အောက်ကို တဝေါဝေါဖြင့် စီးကျလာနေကြဆဲပင်။

စံထွေးသည် ရတနာများထားရှိသည့်အခန်းကို သွားရင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရှာကြည့်ရာ မတွေ့တော့ပေ၊ နေရာပဲ အမှတ်မှား၍ပဲလား မပြောတတ်ပါ။ သူတွေ့လိုက်ရသည်ကား ဂူလိုဏ်လမ်းကြောင်း အသစ်တစ်ခုပင်၊ ပထမအကြိမ် ငါးပါးစပ်တွင်းကြီးထဲကို ဝင်ရောက်ခဲ့စဉ်က တွေ့မြင်ခဲ့ရသည်များနှင့် မြင်ကွင်းများက လုံးဝ မတူကြတော့ပေ။

ရေများကို ကျော်ဖြတ်နင်းပြီး တောက်လျှောက်ပင် ဝင်လာခဲ့ကြသည်။ သန္တာသည် ဤနေရာကို မည်သို့မျှ သိနေခဲ့သနည်း။ ထူးခြားသည်က ဂူထဲကို ရောက်ကာမှ ပတ်ဝန်းကျင် မြင်ကွင်းကို ကောင်းစွာပင် မြင်တွေ့နေရလေသည်။ မှောင် မနေပေ။ မည်သည့်ကြောင့်လဲ။

ထိုစဉ်. .

ရှေ့မှာရပ်နေသော လူတစ်ယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ ထိုသူကား အခြားသူမဟုတ်၊ ကိုတက်လူ ပင်တည်း၊ ကိုတက်လူကို မမျှော်လင့်ဘဲ မြင်လိုက်ရသည့်အတွက် စံထွေးအံ့အားသင့်သွားခဲ့ရလေသည်။

"အစ်ကို. . အစ်ကို"

ကိုတက်လူက စံထွေးကို ပြုံးပြီးတော့ ကြည့်နေ၏။

"ကဲ. . ဂါ့ညီကို အစ်ကိုပြောခဲ့တယ် မဟုတ်လား၊ ဘယ်သူမဆို အဆိုးချည်းပဲ မကြုံတွေ့ရပါဘူးဆိုတာလေ၊ ကဲ. . အခုကော့ သက်ခံပြီမဟုတ်လား"





"အ. . အစ်ကိုက သန္တာနဲ့ ဘယ်လိုများ ပတ်သက် နေသလဲ. . ကျွန်တော်. . နားမလည်နိုင်တော့ဘူး"

"ဒီလိုပေါ့လေ၊ ပတ်သက်ရာပတ်သက်ကြောင်းတွေ ပေါ့ကွာ၊ အရေးကြုံရင် မောင်နှမတွေလိုပဲ သဘောထားပြီး တော့ကူညီရမှာပဲ မဟုတ်လား"

ကိုတက်လူ၏ စကားက ပုစ္ဆာတစ်ပုဒ်ကို ပဟေဠိ ဆန်သော အဖြေပေးသည်။ စံထွေးဆက်ပြီး မမေးတော့။

"ကဲ. . ဒီက အစ်ကိုကြီး၊ သန္တာတို့ ဒီကနေထွက်သွား နိုင်ကြအောင် ကူညီမယ်ဆို"

"အေးပါ သန္တာရယ်၊ အားလုံးပြင်ဆင်ပြီးပါပြီ၊ လာကြ လာကြ. ."

ကိုတက်လူက ရှေ့ဆောင်ပြီး တစ်နေရာကို ထွက်သွား သည်။ မကြာမီ. . လှေတစ်စီးကို တွေ့လိုက်ကြရသည်။ လူနှစ် ယောက်ကောင်းကောင်းလိုက်ပါနိုင်သည်။ လှေ၏ပုံသဏ္ဍာန်မှာ ငါးကြီးတစ်ကောင်နှင့်တူနေပြီး ဦးပိုင်းက ငါးခေါင်းကြီးပုံစံ၊ ပဲ့ပိုင်းက ငါးကြီး၏ အမြီးပိုင်းကဲ့သို့ပင်တည်း။

"ဒီလမ်းအတိုင်းဆက်ပြီးသွားရင် ပင်လယ်ထဲကို သွားတဲ့ထွက်ပေါက်ကို တွေ့လိမ့်မယ်. . ငါ့ညီ၊ မုန်တိုင်းကော ဘာကော. . ဘာကိုမှ မကြောက်နဲ့ ရဲရဲဝံ့ဝံ့ အံတုရင်ဆိုင်ပြီး တော့ လိုက်သွားလိုက်ပါ၊ ကဲ. . သန္တာ၊ ညီမလေးမင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးလိုရာဆန္ဒနဲ့ ပြည့်မြောက်ကြပါစေ"

"ကျေးဇူးပဲ အစ်ကို၊ ဒီလိုကူညီတာမျိုးကို တစ်သက် မမေ့ပါဘူး၊ အမှတ်တရနဲ့ ရှိနေပါ့မယ်"

"ကျေးဇူးမလိုပါဘူးကွယ်. . ဘဝချင်းပေါင်းစပ်ကြ မယ့်. . ချစ်သူတွေအတွက် အစ်ကိုတတ်နိုင်တဲ့ဘက်က ကူညီ တာပါ၊ အစ်ကိုလည်း နောက်ကနေလိုက်လာခဲ့မှာပါ၊ ဒီမှာက နေရတာစိတ်မချနိုင်ပါဘူး၊ ကိုယ့်အတွက်လည်း အန္တရာယ်များ နေပြီ၊ ငါ့ညီသိပါတယ်လေ. ."

ငါးလှေကြီးပေါ်ကို နှစ်ယောက်စလုံးတက်လိုက်ကြ သည်။ လှေက သူတို့နှစ်ယောက်ကိုတင်ပြီး ရေစီးကြောင်း အတိုင်းလိုက်ပါသွားခဲ့လေသည်။ ကိုတက်လူက နောက်မှာ ရပ်ကြည့်နေရင်း ကျန်ရစ်ခဲ့လေသည်။ စံထွေးက တက်ကို ကိုင်ကာ ဂူနံရံနှစ်ဖက်ကို ထောက်ကာ. . ထောက်ကာ ထိန်းရင်း လိုက်ပါသွားခဲ့သည်။ ဂူလိုဏ်သည် တဖြည်းဖြည်းနှင့် ကျဉ်း မြောင်းသွားခဲ့လေ၏။

မကြာမီ. .

လှေသည် ရုတ်တရက်လျင်မြန်လာသော ရေစီးအား ဖြင့်. . ဝေါကနဲဆို ထွက်သွားခဲ့လေ၏။ ဂူပေါက်ဝ၏ အပြင် ဘက်ကို ရောက်သွားခဲ့လေသည်။ လှေသည် လှိုင်းတစ်လုံး၏ ပင့်ရိုက်လိုက်မှုကြောင့် မြောက်တက်သွားပြီး ကျယ်ပြန့်သော





ပင်လယ်ကြီးထဲသို့ ရောက်သွားခဲ့လေတော့၏။ ဤနေရာသည် ကား. . ငါးကြီးအိုင်နှင့် ပင်လယ်ဘက် တစ်ဆက်တည်း တစ်ဆက်တည်းရှိသော နေရာပင်တည်း။

"ဂျိမ်း. . ဂျိမ်း"

မိုးခြိမ်းသံများကိုပါ ကြားလာခဲ့ရသည်။ ဝင်းကနဲ ပြက်ကနဲလက်လိုက်ကြသော လျှပ်နွယ်၊ လျှပ်ပန်းတွေ၏ အောက်မှာ လှိုင်းလုံးကြီးတွေက ယိမ်းထိုးလူပ်ရှားနေလျက် ရှိနေကြသည်။

လှေသည်လည်း လှိုင်းတက်၊ လှိုင်းကျမှာ မြင့်တက် သွားလိုက်၊ နိမ့်ဆင်းလာလိုက်ကြနှင့်ပင်။

"သန္တာရေ. . လှိုင်းကြမ်းနေတယ်"

"ဘာမှမပူနဲ့ အစ်ကို၊ ပင်လယ်ထဲကိုရောက်မှတော့ သန္တာ့ တာဝန်ပဲသာ မှတ်လိုက်ပေတော့၊ အစ်ကိုဘာမှ မဖြစ်စေ ရဘူး"

လှေကား အထိန်းရခက်နေလေသည်။ လူးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်၊ ငမိုန်းနှင့် မောင်မှတ်တို့သည် စံထွေး ပြေးထွက်သွားသည့် အခြေအနေကို တွေ့လိုက်ကြရသောအခါ-

"တင်မောင်၊ ငါ စံထွေးရဲ့ အစ်ကိုပြေးသွားပြီး အကြောင်းကြားလိုက်ဦးမယ်၊ မင်းနဲ့ ငမိုန်းက စံထွေးရဲ့နောက်ကို လိုက်သွားကြနှင့်ကွာ၊ မျက်ခြည်မပြတ်ကြစေနဲ့"

"အေး. . ငါတို့လည်း မင်းပြောမှ ဒီကောင့်အကြောင်း ကိုသိရတော့တယ်၊ စံထွေးက ရေသူမနဲ့ပတ်သက်ပြီး တော်တော် စွဲလန်းနေတာကွ၊ တော်ကြာ မလိုလားအပ်တဲ့ကိစ္စကွေဖြစ် လာလိမ့်ဦးမယ်၊ ငါနဲ့ ငမိုန်းတို့ လိုက်သွားနှင့်ကြမယ်"

တင်မောင်နှင့် ငမိုန်းတို့က စံထွေး၏ နောက်ကို လိုက်သွားခဲ့ကြလေသည်။ လေက တဟူးဟူး. . တဝေါဝေါဖြင့် တိုက်ခတ်လျက်ရှိနေသည်။ သူတို့သည် ပြေးပြီးတော့ လိုက်လာ ခဲ့ကြသော်လည်း စံထွေးကို မမြင်နိုင်ကြတော့ပါ။

"တင်မောင်. . စံထွေးကို မတွေ့ရတော့ပါလားကွ"

"ဆက်လိုက်ကွာ၊ ဒီကောင် ပျောက်သွားလို့ မဖြစ်ဘူး၊ စံထွေး. . စံထွေး၊ သူတော်တော် သွေးပျက်နေပြီပဲ"

တင်မောင်က စိတ်မကောင်းကြီးစွာဖြင့် ပြောလိုက် လေ၏။

ငါးကြီးဒိုင်ကို. .

သူတို့နှစ်ယောက် ရောက်လာခဲ့ကြသည်။





"ဂျိမ်း. . ဂျိမ်း"

မိုးခြိမ်းသံများက ထွက်ပေါ်လသည်။ လျှပ်စီးကြောင်း တွေကလည်း ပြိုးပြက်လင်းလက်လို့ လာကြသည်။ မိုးသားတိမ် မည်းကြီးများတက်လာကြ၍ ကောင်းကင်ရော၊ မိုးအောက် မြေပြင်ပါ. . မည်းမှောင်ပြီးတော့ ကျသွားခဲ့ရလေ၏။

"ဟာ. . မုန်တိုင်းက တော်တော်လေးကို အဖျားခတ် နေပါလားကွ၊ လာဟေ့. . ဒီကောင့်ကို မတွေ့တွေ့အောင် ရှာရမယ်ကွ"

လှိုင်းလုံးကြီးများက တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေကြ သည်။ လေသံ. . လှိုင်းသံများက ဆူညံနေလျက်ရှိကြလသေည်။

"ငမိုန်း. . ဟိုမှာ ကြည့်စမ်း"

တင်မောင်က မြေပြင်တစ်နေရာကို လက်ညိုးထိုးပြ လိုက်သည်။ ခြေရာများပင်၊ စံထွေး၏ ခြေရာများမှလွဲ၍ မည်သူမှ မဖြစ်နိုင်။

"စံထွေးရဲ့ ဖိနပ်ရာတွေ"

ခြေရာခံပြီးတော့ လိုက်သွားခဲ့ကသည်။ တဖြည်းဖြည်း နှင့် ကျောက်ဆောင်ကြီးနှစ်လုံးကြားထဲကို ရောက်သွားကြ လေ၏။

"စံထွေး၊ ဒီအထဲကသွားတာ ဖြစ်နိုင်မလားကွ"

"ငမိုန်း၊ ခြေရာတွေက ဒီအထဲကို ဦးတည်နေတာပဲကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဘယ်လို အကြောင်းနဲ့ ဝင်သွားသလဲ မသိဘူး.. လိုက်သာလိုက်ကွာ.."

နွှစ်ယောက်စလုံး ဝင်လိုက်သွားကြသည်။ ရေတွေက တရဟောဖြင့် ဘိုးဝင်လာခဲ့ကြသည်။ မှောင်ရီဝိုးတဝါးဖြစ်နေခဲ့လေပြီ၊ အရေးကြီးသည်က စံထွေးကို တွေ့ဖို့ပင်။

ငါးကြီးအိုင်ထဲက လျှံတက်လာသော ရေလှိုင်းများသည် ကျောက်ဆောင်တွေကြားထဲကို တိုးဝင်လာခဲ့လေရာ မမျှော်လင့်ပဲ မည်းမည်းရိပ်ရိပ်သဏ္ဍာန်များကို မြင်တွေ့လိုက်ရလေ၏။ အလုံးအရင်းနှင့် တိုးဝင်လာခဲ့ကြခြင်းပင်တည်း၊ ထိုသတ္တဝါများသည် သူတို့၏ ခြေသလုံးတွေကို တိုးဝှေ့ပြီးတော့ ထွက်သွားခဲ့ကြသည်။

"ဟ.. ဘာကောင်တွေလည်းကွ"

"ကိုက်တယ်ကွ.. ကိုက်တယ်"

သေသေချာချာကြည့်လိုက်ကြသောအခါ ငါးကြီးများပင်တည်း၊ ရေမျက်နှာပြင်ထက်ကို ပေါ်လာကြတိုင်းမှာ ပါးစပ်ကြီးတွေကို ဖြဲဟထားလိုက်ကြသည်မှာ အစွယ်ဖွေးဖွေးထသည် အထိပင်၊ ပြီးတော့ ထိုငါးကြီးများသည် ကြောက်စရာမျက်နှာထားများရှိနေကြခြင်းပင်တည်း၊ တစ်ကိုယ်လုံး မီးစုန်းရောင်များလည်းတောက်နေကြသည်။

"ဟာ.. ဘယ်လိုငါးကြီးတွေလည်းဟ မျက်နှာပေါက်





ကြီးတွေ ဆိုးဆိုးနဲ့ပါလားဟေ့.. ငမှိန်း"

"အေး... ဟုတ်တယ်၊ ရှေ့မှာလည်း အများကြီးပဲကွ၊ လာ.. လာနေကြပြီ၊ ဟာ.. ဟို.. ဟိုမှာ"

ငမှိန်းသည် ချောက်ချားသော အသံကြီးဖြင့် ရှေ့ကို လက်ညှိုးထိုးပြလိုက်လေရာ..

"ဟာ.."

နှစ်ယောက်စလုံး မျက်လုံးတွေ ပြူးသွားခဲ့ကြရလေ၏။ သူတို့ တွေ့လိုက်ကြရသည်ကား လက်မောင်းခန့်တုတ်ပြီး ရှည်လျားသော ခန္ဓာကိုယ်များရှိကြသည့် ငါးရှဉ့်ဖြူကြီးများပင်တည်း၊ တစ်ကောင်ချင်းမဟုတ်ပဲ၊ အစုလိုက် အထွေးလိုက်ပင်၊ တိုးဝင်ပြီး ရောက်လာခဲ့ကခြင်းပင်၊ ထိုသတ္တဝါများ၏ ကိုယ်သည်လည်း မီးစုန်းရောင်များ တလက်လက်နှင့် တောက်ပနေကြလေသည်။

ထိတ်လန့်စရာမျက်နှာမျိုးရှိကသည့် ငါးကြီးများသည်လည်းကောင်း၊ မြွေဖြူလိုလို၊ ငါးရှဉ့်လိုလို ကောင်များသည်လည်းကောင်း၊ သူတို့၏ ခြေထောက်များကို တိုးဝှေ့ကြကာ ကိုက်ခဲကြလေတော့သည်။

"အား.. အား ကိုက်တယ်၊ ကိုက်တယ်ဗျ"

"တင်မောင်၊ နောက်ကြောင်းကို ပြန်လှည့်၊ ပြေးပြေးကြမယ်၊ အား.. သေပါပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး နောက်ကြောင်းကို လှည့်ကာ ပြန်ပြေးကြလေတော့သည်။ ကမ်းစပ်ဆီသို့ ပြန်ရောက်လာကြသောအခါ ခြေသလုံး၊ ခြေဖမိုးများတွင် သွေးချင်းချင်းနီရဲလျက်ရှိနေကြလေတော့သည်။

"မဟန်ဘူးဟေ့၊ ဒီအတိုင်းဆိုရင် စံထွေးကိုလည်း ရှာတွေ့နိုင်ဖို့ မလွယ်တော့ဘူး၊ ပြန်ကြမယ်ဟေ့"

မိုးကလည်း ရွာချတော့မည်ဖြစ်သည်။ မိုးခြိမ်းသံများ၊ လေတိုက်သံများက တင်မောင်နှင့် ငမိုန်းတို့ကို ခြိမ်းခြောက်နေကြလေသည်။





မောင်မှတ်သည် စံထွေး၏ မိဘနှစ်ပါးဆီကို ရောက်သွားပြီး . .

"စံထွေးကို လမ်းမှာတွေ့လိုက်ရတယ်၊ သူဘယ်ကို သွားသလည်းဆိုတာသိလား . . ဦး"

"ဟင် . . စောစောက ဒီမှာရှိနေသေးတာပဲ၊ မင်းဘယ်မှာတွေ့လိုက်တာလဲ မောင်မှတ်"

"ကျွန်တော်ထင်တာကတော့ ငါးကြီးအိုင်ဘက်ကို သွားတာလို့ထင်တယ်"

"ဟင် . . ကျွန်မသားလေး ထွက် . . ထွက်သွားပြန်ပြီ၊ ဒီမှာ . . ဆရာ့ကို ခေါ်ထားတာ သိ . . သိသွားပြီထင်တယ်၊ လိုက် . . လိုက်ရှာကြပါဦး"

ဒေါ်မိုန်မှာ သားအတွက် ရတက်မအေးအောင်ပင် ဖြစ်သွားခဲ့ရလေတော့သည်။ အိမ်ပေါ်ကို ရောက်နေသော ပရောဂဆရာ . . ဆရာဖြိုးမှာ ကြားလိုက်ရသည့်သတင်းကြောင့် ထိုင်ရတော့မလို . . ထရတော့မလို ဖြစ်သွားခဲ့ရလေသည်။

"ဦးနဲ့ ဒေါ်ဒေါ်တို့ နေခဲ့ကြပါ၊ ကျွန်တော်ပဲ လိုက်သွားပါ့မယ်"

"အေး . . အေးကွာ၊ ငါကလည်း မသန်မစွမ်းကြီးနဲ့ ဘယ်လိုမှ အလျင်စလိုနဲ့ လိုက်နိုင်မှာ မဟုတ်ဘူးကွယ့်"

"ကျ . . ကျွန်မလိုက်သွားမယ် . . ကိုအောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်သွားလို့ဖြစ်မလား . . လမ်းမှာ ဒုက္ခရောက်နေဦးမယ်ကွာ"

"ဟုတ်ပါတယ် . . ဒေါ်ဒေါ်နေခဲ့ပါ၊ ကျွန်တော်ပဲလိုက်သွားပါ့မယ်၊ လမ်းမှာ တွေ့တဲ့သူတစ်ယောက် . . နှစ်ယောက်ကို အကျိုးအကြောင်းပြောပြီးတော့ ခေါ်သွားမယ်"

"မောင်မှတ် . . ငါးကြီးအိုင်ဘက်ကို မသွားနဲ့တော့၊ ကမ်းခြေဘက်ကိုသွား၊ အဲ့ဒီကနေစောင့်ကြည့် . . ဒီလိုအချိန်မျိုးမှာ . . ငါးကြီးအိုင်ဘက်ကိုသွားလို့ မကောင်းဘူး"

"ဟုတ်ကဲ့"

မောင်မှတ် ပြန်ပြေးထွက်သွားပြန်သည်။ ဒေါ်ဂိုန်မှာ ရင်ဘတ်ကို လက်ဖြင့်ဖိကာ . .

"သားလေး . . သားလေး . . ငါ့သားလေး"

တုန်ရင်သော အသံဖြင့် သားဖြစ်သူကိုသာ တမ်းတရင်း ကျန်ရစ်ခဲ့လေတော့သည်။





တင်မောင်နှင့် ငမိုန်းတို့သည် ရွာဘက်ဆီကို ပြန်ပြီးတော့ ပြေးလာခဲ့ကြရာ . . လမ်းတွင် မောင်မှတ်နှင့် မမျှော်လင့်ပဲ ဆုံမိရလေတော့၏။

"ဟင် . . တင်မောင်နဲ့ ငမိုန်းတို့၊ မင်းတို့ ဘယ်လိုဖြစ်လာခဲ့ကြတာလဲ"

"စံထွေးကိုလည်း ရှာမတွေ့ခဲ့ဘူးကွ၊ ငါတို့လည်း အန္တရာယ်နဲ့ တွေ့ခဲ့ရလို့ မနည်းပဲပြန်ပြီးတော့ ပြေးလာခဲ့ရတယ်"

"အန္တရာယ် . . ဟုတ်လား၊ ဘာအန္တရာယ်လည်းကွ"

"နောက်မှပြောတော့မယ်ကွာ၊ စံထွေးကိစ္စ . . ဘယ်လိုလုပ်ကြမလဲ"

"ငါ . . သူ့မိဘတွေကို ပြောပြီးခဲ့ပြီ တင်မောင်၊ သူ့အဖေက . . ကမ်းနားဘက်ကို လိုက်လို့ပြောတယ်၊ သူ့သားဟာ အဲ့ဒီဘက်ကနေ ထွက်သွားလိမ့်မယ်လို့ ထင်နေသလား မသိပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ လိုက်ကြမယ်၊ အချိန်လည်း မရှိတော့ဘူးကွ"

ကမ်းစပ်ဆီကို ပြေးလာခဲ့ကြရပြန်သည်။

"ဂျိမ်း . . ဂျိမ်း"

မိုးကလည်း မကြာခဏပင် ထစ်ချုန်းနေလေတော့သည်။ လျှပ်နွယ်တွေကလည်း တဝင်းဝင်းနှင့် လေကျ၊ မိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ချလာတော့မည်ကို ကျိန်းသေနေလေတော့သည်။ ကမ်းစပ်မှာ လှေတစ်စင်းကို တွေ့လိုက်ရသည်။

"ဒါ. . ငါ့လှေပဲကွ. . လာကွာ၊ ဒီနားတစ်လျှောက် လိုက်ပြီးတော့ ကြည့်ကြမယ်၊ မင်းတို့နှစ်ယောက်. . ငါနဲ့ကော လိုက်ကြမလား. . "

"ဟာ. . လိုက်မှာပေါ့ကွာ"

"ဒါဖြင့် တက်ကြကွာ"

လှေပေါ်ကို တက်လိုက်ကြပြီး တင်မောင်နှင့် မောင်မှတ်က တက်တစ်ချောင်းစီဖြင့် ထွက်လာခဲ့ကြလေသည်။ ကျောက်ဆောင်များကို ကွေ့ဝိုက်ပြီး လှော်ခတ်လာခဲ့ကြသည်။ ဒီလိုနေရာမျိုးကို ညအမှောင်ထဲမှာလည်း သွားလာနေကြမို့. . ကြောက်ရွံ့ထိတ်လန့်ခြင်းတော့ မရှိကြပါ။ လေတိုက်ခတ်နေသောကြောင့် လှိုင်းကတော့ အနည်းငယ် ထန်လျက်ရှိသည်။ မိုးကလည်း ရွာတော့မှာ ကျိန်းသေသည်။





"ဂျိမ်း. . ဂျိမ်း"

မိုးထစ်ချုန်းသံများက အဆက်မပြတ်ပင် ထွက်ပေါ်လာပြီး မကြာမီမှာပင်. . တဝေါဝေါတသောသောဖြင့် ရွာချပါလေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ"

မောင်မှတ်တို့လှေသည် ကမ်းစပ်တစ်လျှောက်မှာ လှော်ခတ်နေရင်းက လှိုင်းထနေသော ရေပြင်ကြီးကို အားတင်းပြီးတော့ ကြည့်နေကြသည်။

"မှောင်မည်းနေတာပဲကွာ၊ ဘာမှလည်း မမြင်ရဘူး မောင်မှတ်. . "

"မိုးက ရွာချလိုက်တာကိုးကွ၊ ပိုပြီးတော့ ဆိုးသွားတာပေါ့. . လှေကလည်း ထိန်းရခက်လာပြီ၊ စံထွေးလည်း ရွာကို ပြန်ရောက်ချင် ရောက်နေမှာ၊ ပြန်လှည့်ကြရင် ကောင်းမယ်"

"အေးကွာ၊ ငါတို့က ဘယ်အထိလိုက်ရှာနိုင်မှာလဲ၊ ပြန်ကြမယ်ကွာ. . "

တစ်ယောက်တစ်ပေါက်နှင့် လှေကို ပြန်လှည့်ကြမည်ပြုစဉ်. . လျှပ်ရောင်များက ပြိုးကနဲ ပြက်ကနဲ တစ်ချက်ပင် လက်အသွားမှာ. .

ခပ်ဝေးဝေးတွင် လှေတစ်စင်းလိုလို. . အရာဝတ္ထုခုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေ၏။ သိပ်ပြီးတော့ သဲကွဲ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဟော့၊ ဟို. . ဟိုမှာ လှေတစ်စင်း မဟုတ်လား၊ သေသေချာချာ ကြည့်စမ်း၊ လှေပေါ်မှာ လူ. . လူကွ၊ တစ်ယောက်လား. . နှစ်ယောက်လားပဲ. . "

ငမိုန်းက လက်ညှိုးထိုးပြီးတော့ ပြောလိုက်သည်။

"သိပ်မသဲကွဲဘူးကွာ၊ ငါကတော့ တစ်ယောက်ပဲလို့ ထင်တယ်. . "

တင်မောင်က ပြောလိုက်သည်။ နောက်ထပ်တစ်ကြိမ် လျှပ်အပြက်မှ. .

"ဟာ. . လှေပုံစံက တစ်မျိုးကြီးပါလားကွ၊ မင်းတို့ သေသေချာချာကြည့်ကြစမ်း၊ ငါးကြီးတစ်ကောင်လိုပဲ. . "

လျှပ်က မကြာခဏပြက်နေ၍ မြင်နေကြရသည်။ လှေကို ကြည့်ပြီး ခန့်မှန်းနေမိကြသည်။ မောင်မှတ်က. .

"အေးကွ၊ ငါက ငါးကြီးတစ်ကောင်များဖြစ်နေမလား လို့. . ဒီလိုပုံစံနဲ့ လှေမျိုးကို တစ်ခါမှ မမြင်ဖူးပါဘူးကွာ. . ဟော့. . ဟော့. . လှေပေါ်မှာ လူတစ်ယောက်ဆိုတာ ကျိန်းသေတယ်ကွ၊ စံထွေးပဲဖြစ်မှာပဲ. . "

"ဟုတ်ရဲ့လား. . စံထွေးဖြစ်နိုင်ပါ့မလား မောင်မှတ်၊ ငါကတော့ နှစ်ယောက်လိုလိုမြင်နေရတယ်ကွ၊ သိပ်ပြီးတော့ မသဲကွဲဘူး၊ မင်းခေါ်ကြည့်ကွာ. . "

"အေး. . ငါခေါ်ကြမည့်မယ်၊ ဟော့. . စံ. . စံထွေး၊ စံထွေးရေ. . မင်း ဘယ်ကိုသွားမလို့လဲ၊ ပြန်လှည့်လာခဲ့ပါကွ"

မောင်မှတ်၏အသံကို လှေပေါ်မှ စံထွေးက ကြားသွားခဲ့လေသည်။

"ဟင်. . ဒါ. . ဒါ မောင်မှတ်ရဲ့ အသံပဲ၊ ဒီ. . ဒီ ကောင်ငါ့နောက်ကို လိုက်. . လိုက်လာပြီ"

"အို. . အစ်ကို ပြန်မလှည့်ပါနဲ့၊ သန္တာ့ကို ချစ်တယ်ဆိုရင်. . သန္တာနဲ့ပဲ လိုက်ခဲ့ပါ၊ သန္တာ့စကားကို နားထောင်ပါနော်"

သန္တာက အလူးလူးအလိမ့်လိမ့်ဖြစ်နေသော လှေထက်မှာ စံထွေး၏လက်မောင်းကို ဖက်တွယ်ကာ တားဆီးလျက်ရှိနေလေသည်။

"မဟုတ်ဘူး သန္တာ၊ အစ်ကိုပြန်လိုက်သွားမလို့ မဟုတ်ဘူး၊ သူ. . သူဘာပြောချင်လို့လည်း မသိဘူး"

"အို. . သူဘာမှ ပြောစရာမရှိဘူး၊ အစ်ကို့ကို လာပြန်ခေါ်တာ၊ သန္တာသိတယ်၊ အစ်ကို. . စိတ်ပြန်လည်ပြီး ပြန်လိုက်သွားမှာကိုလည်း သိတယ်၊ နောက်ကြောင်းကို ပြန်လှည့်ကြည့်မနေပါနဲ့တော့ အစ်ကိုရယ်၊ သန္တာနဲ့ပဲ အတူတူနေဖို့ ဆုံးဖြတ်လိုက်ပါတော့. . "

သန္တာကလည်း ငိုမတတ်ပင် စံထွေးကို တောင်းပန်လျက်ရှိနေသည်။

"စံထွေးရေ. . စံထွေး"





www.burmeseclassic.com

www.burmeseclassic.com



လေသံ . . မိုးသံ . . လှိုင်းထန်ထန်ကြားထဲမှာ မောင်မှတ်၏အသံက တကြော်ကြော်ဖြင့် အော်ခေါ်ရင်း ပျောက်ကွယ်သွားခဲ့လေ၏။

သို့ရှိနေစဉ်မှာ . .

လှိုင်းလုံးကြီးတစ်လုံးက လှေပေါ်ကို ဝင်ပြီး ဆောင့်လိုက်ရာ ရုတ်တရက် တိမ်းမှောက်သွားခဲ့လေတော့သည်။

လျှပ်နွယ်တွေက ဝင်းကနဲ၊ လက်ကနဲအပြက်မှာ . . လှေပေါ်မှ မောင်မှတ်တို့သည် ထိုမြင်ကွင်းကို ကောင်းစွာပင် မြင်လိုက်ကြရလေ၏။

သူတို့ပဲ မျက်စိမှားကြသလား မသိ၊ ရေထဲမှာ လုံးထွေးကာ ကျသွားကြသူမှာ နှစ်ဦးဟု ထင်လိုက်ရသည်။ တစ်ဦးမှာ ဆံပင်ဖားလျားနှင့် မိန်းကလေးတစ်ယောက်ပင်၊ တစ်ယောက်ကို တစ်ယောက် ဖက်တွယ်ထားကြသည်ဟု ထင်လိုက်ကြရသည်။

"တင်မောင် . . ကြည့်စမ်း၊ သေသေချာချာကြည့်လိုက်ကြစမ်း၊ ငါ . . ငါတို့ပဲ ထင်ယောင်ထင်မှား ဖြစ်နေကြသလား၊ သူ . . သူတို့ဟာ . ."

"အေး . . ငါတို့လည်း သိပ်ပြီးသဲသဲကွဲကွဲ မမြင်ကြရဘူးကွ၊ ရေထဲမှာ လုံးထွေးနေကြတာပဲ"

ညအမှောင်ကြောင့် . .

တစ်ခါတရံမှာ အမြင်သွေလွဲမှုကို ဖြစ်စေနိုင်သည်။





လေရော . . မိုးပါကျနေကြ၍ မြင်ကွင်းက မသဲကွဲ၊ ပြတ်တောင်း ပြတ်တောင်းနှင့် လျှပ်ရောင်တွေ အပြက်မှာသာ တစ်ချက်၊ တစ်ချက်မြင်လိုက်ကြရခြင်းသာ။

"ဂျိမ်း . . ဂျိမ်း"

မိုးခြိမ်းသံတွေက နားကွဲမတတ်ပင် ထွက်ပေါ်နေကြသည်။ မောင်မှတ်တို့သည် အလူးလူးအလဲလဲဖြစ်နေသော လှေကို ထိန်းနေကြရသည်။ စောစောက မြင်ကွင်းကိုလည်း စူးစိုက်ပြီးတော့ မျက်ခြေမပြတ်ကြည့်နေကြရသေးသည်။

ထိုစဉ် . .

သူတို့၏နောက်မှာ လာနေသော သင်္ဘောန်တစ်ခု၊ လွန်စွာမှ ကြီးမားသော ငါးကြီးတစ်ကောင်ပင်တည်း၊ တစ်ကိုယ်လုံးဝင်းလက်နေပြီး ခေါင်းထိပ်တည့်တည့်မှလည်း အလင်းရောင်တစ်မျိုးထွက်နေသည်ဟု ထင်နေရလေသည်။

လှေ၏နောက်ဆုံးမှာရှိနေသော ငမိုန်းက လှေတစ်ချက်လည်ထွက်အသွားမှာ နောက်ကို လှည့်ကြည့်မိလိုက်ရာ . .

"ဟာ . . ငါးကြီး၊ ငါးကြီးတစ်ကောင်ကွ၊ ငါတို့ဆီကို တည့်တည့်ဝင်လာနေပြီ . ."

ငမိုန်းက အလန့်တကြားဖြင့် အော်လိုက်သည်။ တင်မောင်ရော . . မောင်မှတ်ပါ နောက်ကို လှည့်ကြည့်မိလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟာ"

အမှတ်မထင်မြင်ကွင်းကြောင့် မျက်လုံးပြူးသွားခဲ့ကြရလေတော့၏။ ရွှေရောင်ငါးကြီးကား တဲတစ်လုံးပမာဏလောက်အထိ ကြီးမားလွန်းလှသည်။ သူတို့ဆီကို တည့်တည့်ပင်တိုးဝင်လာလေတော့ရာ. . ရှောင်ချိန်မရလိုက်ကြတော့၊ လှေကလည်း လှိုင်းအပုတ်မှာ တစ်ချက်လူးသွားခဲ့လေရာ. .

"ဖျန်း"

"အား"

"အား"

ငါးကြီးသည် လှေကို သူ၏အမြီးကြီးဖြင့် ရိုက်ထည့်လိုက်လေတော့၏။ လှေသည် အရှိန်ဖြင့် မြောက်ကာလွင့်တက်သွားခဲ့ရသည်။ လှေပေါ်ပါသူ အားလုံး ကမ်းစပ်ရေပြင်ပေါ်ကို တစ်ယောက်ပြီးတစ်ယောက် ပစ်ပြီးတော့ ကျသွားကုန်ကြလေတော့သည်။

"ဘွမ်း"

"ဘွမ်း"

ရေထဲမှာ သုံးယောက်စလုံး အလုအယက်နှင့် ကူးခတ်နေကြကာ မကြာမီ ကမ်းပေါ်ကို ရောက်သွားခဲ့ကြလေတော့သည်။



မောင်မှတ်က ကုန်းပေါ်ကို အရင်ရောက်သွားသည်။ သတိထားပြီး ရေပြင်ဆီကို လှမ်းပြီးကြည့်လိုက်လေရာ. .

"ဂျိမ်း. . ဂျိမ်း"

မိုးခြိမ်းသံတွေကြား လျှပ်စီးပြိုးပြက်အလင်းရောင်တွေအောက်မှာ ကြီးမားသော လှိုင်းလုံးကြီးတွေကလွဲလို့ ဘာဆိုဘာမှမမြင်ကြရတော့ပါ။ လှေရော. . လူပါ၊ ရွှေရောင်ငါးကြီးတစ်ကောင်ပါ အားလုံးပျောက်ကွယ်သွားခဲ့ကြလေပြီတည်း။

နောက်တစ်နေ့နံနက်. .

မိုးကောင်းကင်ထက်ရော. . ပင်လယ်ထဲမှာပါ ရာသီဥတုလှိုင်းလေတို့က ကြည်လင်အေးဆေးလျက်ရှိနေလေသည်။ မုန်တိုင်း၏ အရိပ်အယောင်လည်း မရှိတော့။

သပြေတောရွာ၏ ကမ်းခြေကို ငါးပုံသဏ္ဍာန်ရှိသည့် ထူးဆန်းသော လှေလေးတစ်စင်းက အလိုလိုပင်. . ဆိုက်ကပ်လာခဲ့လေသည်။ လှေပေါ်မှာ မည်သူတစ်ဦးတစ်ယောက်မှ မပါကြ။

ထိုသတင်းကြောင့်. .

ရွာသားများက ကမ်းခြေဆီကို ပြေးလာပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြသည်။ မောင်မှတ်သည် ဦးအောင်ဘွားနှင့် ဒေါ်မှိန်တို့ကိုလည်း ခေါ်လာခဲ့သည်။ ဦးအောင်ဘွားသည် လေဖြတ်ထား၍ ခြေတစ်ဖက်မသန်၊ မြေမှာ တရွတ်တိုက်ဆွဲနေသည်။ သားဇောကြောင့် အားတင်းပြီးတော့သာ သွားနေရသည်။

"သား . . သားလေး၊ ငါ့သားလေး"

ဒေါ်မှိန်သည် ရင်ထဲမှာ သောကအပြည့်နှင့်ရှိနေကာ ခြေဖဝါးနှင့် မြေပြင်ထိလို့ထိမှန်းပင် မသိ၊ အပြေးတစ်ပိုင်းပင် လိုက်လာရှာသည်။

ထိုသူတွေထဲမှာ ဦးဖြူသီးလည်း ပါလေသည်။

ကမ်းစပ်ကို ရောက်နှင့်နေကြသူတွေ အထဲမှာ တင်မောင်နှင့် ငမှိန်းတို့လည်း ပါဝင်နေကြလျက်။

ထိုလှေကို သူတို့က ကောင်းကောင်း မှတ်မိထားကြသည်။ အဖြစ်အပျက်များကိုလည်း စံထွေး၏ မိဘနှစ်ပါးအား ညတွင်းချင်းပင် အသိပေးပြီးဖြစ်ကြသည်။

ဒေါ်မှိန်သည် လှေကိုကြည့်ကာ တစ်စုံတရာကို သဘောပေါက်သွားသလိုနှင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ကြုံကြုံပါအောင်ပင် ငိုကြွေးပါလေတော့သည်။ စကားပင် မပြောနိုင်တော့ပါ။

ဦးအောင်ဘွားကတော့ မျက်ရည်တွေဝေ့နေကာ အံကို တင်းတင်းပင် ကြိတ်ထားမိသည်။





"မင်းတို့ရဲ့ သားဟာ မိဘရဲ့ ရင်ခွင်ထဲကို တစ်နေ့ကျရင် ပြန်ရောက်လာမှာပဲ၊ သူ. . မသေနိုင်ပါဘူး၊ ဒါလောက်ကြီးလည်း. . ပူဆွေးသောက ရောက်မနေကြပါနဲ့. .

ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ကြရသူတွေတိုင်းဟာ နောက်ဆုံးမှာတော့ အိမ်ကို ပြန်လာကြစမြဲပါပဲလေ. ."

ဦးဖြူသီးက မည်သည့်အဓိပ္ပါယ်နှင့် ပြောလိုက်သလည်း တော့မသိကြပါ၊ ထိုစကားကို နားလည်နိုင်ကြရန် ခက်ခဲကြပေလိမ့်မည်။

စံထွေးသည် ရေနစ်သေဆုံးခဲ့ပြီလား. . ?

သူတကယ်ချစ်မြတ်နိုးသော ချစ်သူနှင့် အမှန်တကယ်တွေ့ပြီး လိုက်သွားခဲ့သည်ပဲလား. . ?

မည်သူမှ မသိနိုင်ကြတော့ပါ၊ ကာယကံရှင် စံထွေးမှလွဲ၍ ဤအဖြစ်အပျက်များကို ပြောပြနိုင်သောသူရှိကြမှာ မဟုတ်၊ ယခု သူလည်း မရှိတော့။ -

ထိုနေ့မှစ၍. .

ရွှေဝါရောင်ငါးကြီးနှင့် ပတ်သက်ပြီးတော့လည်း မည်သူကမှ မပြောကြတော့၊ ငါးကြီးအိုင်သည် အမည်သာကျန်ရစ်ခဲ့လေတော့သည်။

စံထွေး၏ မိဘနှစ်ပါးနှင့် သူငယ်ချင်းများကတော့ ပြန်မလာသေးသော သူကို ယနေ့ထက်တိုင် မျှော်နေကြဆဲပါ။



www.burmeseclassic.com

အချစ်ကြီးသူ စံထွေးတစ်ယောက်၊ ရေသူမလေး၏ ခေါ်ဆောင်ရာကို တကယ်လိုက်ပါသွား . . မသွား၊ စိတ်ကူးထဲက ဝိုးတဝါးစိတ်တစ္ဆေခြောက်လှန့်ခံရကာ၊ မရှိကို အရှိ . . ထင်မိယောင်မှားအသိနှင့် စွဲထင်သွားခဲ့တာလား . . ဆိုသည်ကိုလည်း မည်သူမှ မသိနိုင်ကြပါ။

ဤသို့ဖြင့် . .

နှစ်ကာလများစွာ ကြာလာခဲ့လေရာ . .

ပို့ဦးတောင်းအောင်

ကြိုးစားပါဦးမည်

မင်းခက္ကာ

www.burmeseclassic.com

